
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**Our three main national causes**

- Non-disintegration of the Union - Our cause !
- Non-disintegration of the National Solidarity - Our cause !
- Perpetuation of National sovereignty - Our cause !

**People's Desire**

- Oppose those relying on external elements, acting as stooges, holding negative views
- Oppose those trying to jeopardize stability of the State and progress of the nation
- Oppose foreign nations interfering in internal affairs of the State
- Crush all internal and external destructive elements as the common enemy

BURMESE CLASSIC .com

**ဒို့တာဝန် အရေးသုံးပါး**

| | | |
|---|---|---|
| ထောင်စုမပြိုကွဲရေး | – | ဒို့အရေး |
| ရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | – | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | – | ဒို့အရေး |

"နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ တာဝန်ဖြစ်သည်။"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

### Four Political Objectives

* Stability of the State, community peace and tranquillity, prevalence of law and order.
* National reconsolidation.
* Emergence of a new enduring State Constitution.
* Buildingof a new modern developed nation in accord with the new State Constitution.

### Four Economic Objectives

* Development of agriculture as the base and all-round development of other sectors of the economy as well.
* Proper evolution of the market-oriented economic system.
* Developement of the economy inviting participation in terms of technical know-how and investments from sources inside the country and abroad.
* The initative to shape the national economy must be kept in the hands of the State and the national peoples.

### Four Social Objectives

* Uplift of the morale and morality of the entire nation.
* Uplift of national prestige and integrity and preservation and safe-guarding of cultural heritage and national character.
* Uplift of dynamism of patriotic spirit.
* Uplift of health, fitness and education standards of the entire nation.

BURMESE CLASSIC .com

PYI ZONE PUBLISHING HOUSE
PYI ZONE

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မြန်မာ့သမိုင်းဆိုင်ရာစာအုပ်

# ကုန်းဘောင် မင်းဆက် ရုပ်ပုံလွှာ

တင်နိုင်တိုး

PYI ZONE PUBLISHING HOUSE

ပြည့်စုံစာအုပ်တိုက်

အမှတ် (၇၈)၊ မြေညီထပ်နှင့် ပထမထပ်
လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၆၀၈၂၊ ၂၂၄၃၇၅
email : myoaunginnwa@mptmail.net.mm

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာ မှတ်တမ်း
၂၀၀၃ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်
အုပ်ရေ (၁၀၀၀)
စာမူခွင့်ပြုချက်အမှတ်
[၃၁ / ၂၀၀၂ (၆)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
[၂၉/ ၂၀၀၂ (၉)]
❏
မျက်နှာဖုံးဒီဇိုင်း
ဇော်မောင်
မျက်နှာဖုံးကာလာခွဲ
Prestige
❏
အတွင်းအပြင်အဆင်နှင့် တစ်
KMK + NNY
❏
ပုံနှိပ်သူ
ဦးမြတ်ကျော်၊ စာလုပ်ငန်းပုံနှိပ်တိုက် (၀၅၅၁)
၁၉၄၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
❏
ထုတ်ဝေသူ
ဦးမျိုးအောင်၊ ပြည့်စုံစာအုပ်တိုက်၊ (ယာယီ ၇၁၃)
အမှတ်(၇၈)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
❏
အတွင်းဖလင် – ခင်ဦးနှင့် ညီများ
စာအုပ်ချုပ် – ကိုမြင့်၊ ညီဝင်းမြင့်
❏

စာမူ မူပိုင် © – ပြည့်စုံစာအုပ်တိုက်
မျိုးအောင် (ရုက္ခဗေဒ)၏ စီစဉ်ကက်လုပ်မှု

[ တန်ဖိုး – 2700



## မာ တိ ကာ


စာရေးသူ၏အမှာ ၈
ကုန်းဘောင်မင်းဆက် ၉
သက္ကရာဇ်စဉ် ၁၁

(၁) အလောင်းမင်းတရား
မျိုးရိုးဆက်နွယ် ၁၇
မွေးချင်းများ ၁၈
ဘဝဖြစ်စဉ်အကျဉ်း ၁၉
မိသားစုရေးရာ ၁၉
ထီးနန်းအရိုက်အရာ ၂၁
ဥညအော်မြည်၊ ကုန်းဘောင်တည် ၂၂
အင်းဝမြို့သိမ်းပိုက်ပွဲ ၂၅
မြန်ပြည်တစ်ခွင်စည်းရုံးရေးခရီးစဉ် ၂၆
မြို့တော်ရန်ကုန် ၂၉
သန်လျင်တိုက်ပွဲ ၃၁
မဏိပူရသို့ ၃၃
ဟိုင်းကြီးကျွန်းအရေး ၃၅
ယိုးဒယားစစ် ၃၇
နတ်ရွာစံလွန်ခြင်း ၃၉

(၂) ဒီပဲယင်းမင်း
မျိုးရိုးဆက်နွယ် ၄၀
မွေးချင်းများ ၄၁
ငယ်စဉ်ဘဝ ၄၂
မိသားစုရေးရာ ၄၂
ထီးနန်းအရိုက်အရာ ၄၃


www.burmeseclassic.com

www.burmeseclassic.com




| | |
|---|---|
| မင်းခေါင်နော်ရထာ၏ပုန်ကန်မှု | ၄၄ |
| သတိုးသိခ်သူအရေး | ၄၅ |
| ဇင်းမယ်စစ်ကြောင်း | ၄၆ |
| နတ်ရွာစံလွန်ခြင်း | ၄၆ |
| **(၃) မြေဒူးမင်း** | |
| မျိုးရိုးဆက်နွယ် | ၄၇ |
| မွေးချင်းများ | ၄၈ |
| ဘဝဖြစ်စဉ်အကျဉ်း | ၄၈ |
| မိသားစုရေးရာ | ၄၈ |
| ထီးနန်းအရိုက်အရာ | ၅၀ |
| ဇင်းမယ်စစ်ကြောင်း | ၅၁ |
| ထားဝယ်အရေး | ၅၁ |
| မဏိပူရသို့ | ၅၂ |
| အင်းဝမြို့တော်သစ် | ၅၃ |
| တရုတ်မြန်မာစစ်ပွဲများ | ၅၄ |
| ဆင်ဖြူရှင် | ၅၆ |
| သီရိပဝေသနဘိသိက် | ၅၇ |
| ရွှေတိဂုံစေတီတော်ထီးတင်ခရီး | ၅၇ |
| ဗန်ကောက်သို့ | ၅၈ |
| နတ်ရွာစံလွန်ခြင်း | ၅၈ |
| **(၄) စဉ့်ကူးမင်း** | |
| မျိုးရိုးဆက်နွယ် | ၅၉ |
| မွေးချင်းများ | ၆၀ |
| ဘဝဖြစ်စဉ်အကျဉ်း | ၆၀ |
| မိသားစုရေးရာ | ၆၀ |
| ထီးနန်းအရိုက်အရာ | ၆၂ |





| | |
|---|---|
| ယိုးဒယားရောက်မြန်မာတပ်များ | ၆၂ |
| နန်းတွင်းအရှုပ်တော်ပုံ | ၆၃ |
| သာသနာရေးဆောင်ရွက်ချက် | ၆၄ |
| အညာဘုရားဖူး | ၆၅ |
| နတ်ရွာစံလွန်ခြင်း | ၆၅ |
| **(၅) ဖောင်းကားစားမောင်မောင်** | |
| မျိုးရိုးဆက်နွယ် | ၆၆ |
| မွေးချင်းများ | ၆၆ |
| ငယ်စဉ်ဘဝ | ၆၇ |
| မိသားစုရေးရာ | ၆၇ |
| ခုနစ်ရက်ဓာတ်လမ်းစုံ | ၆၇ |
| နတ်ရွာစံလွန်ခြင်း | ၆၉ |
| **(၆) ဗဒုံမင်း** | |
| မျိုးရိုးဆက်နွယ် | ၇၀ |
| မွေးချင်းများ | ၇၁ |
| ဘဝဖြစ်စဉ်အကျဉ်း | ၇၁ |
| မိသားစုရေးရာ | ၇၁ |
| ထီးနန်းအရိုက်အရာ | ၇၇ |
| နန်းတက်စအခြေအနေ | ၇၇ |
| အမရပူရမြို့တော်သစ် | ၇၉ |
| ရန်ကုန်အရေး | ၈၀ |
| စစ်တမ်း | ၈၀ |
| ရခိုင်စစ်ကြောင်း | ၈၀ |
| ယိုးဒယားသို့ | ၈၁ |
| ဆည်မြောင်းတာတမံ | ၈၂ |
| မင်းကွန်း | ၈၃ |


www.burmeseclassic.com

www.burmeseclassic.com



ကျောက်စာစုလုပ်ငန်း ၈၄
မိုက်ကယ်ဆိုင်း၏သံအဖွဲ့ ၈၄
တောင်ငူဒေသစည်းရုံးရေးခရီး ၈၅
ဗြိတိသျှသံအဖွဲ့ ၈၆
ဆင်ဖြူတော် ၈၇
မဇ္ဈိမဒေသကျမ်းစာစုခရီး ၈၈
အာသံမဏိပူရအရေး ၈၉
နတ်ရွာစံလွန်ခြင်း ၉၀

(၇) စစ်ကိုင်းမင်း
မျိုးရိုးဆက်နွယ် ၉၁
မွေးချင်းများ ၉၂
ငယ်စဉ်ဘဝ ၉၂
မိသားစုရေးရာ ၉၂
ထီးနန်းအရိုက်အရာ ၉၄
နန်းတွင်းရေး ၉၄
မဏိပူရသို့ ၉၅
အင်းဝမြို့တော်သစ် ၉၆
အာသံစစ်ကြောင်း ၉၆
ရှင်မဖြူကျွန်းအရေး ၉၇
အင်္ဂလိပ်မြန်မာပထမစစ်ပွဲ ၉၉
ကာလကတ္တားသွား မြန်မာသံအဖွဲ့ ၁၀၂
မှန်နန်းမဟာရာဇဝင်တော်ကြီး ၁၀၃
သံအပြန်အလှန်ထားရှိရေး ၁၀၄
နန်းတွင်းရေးအရှုပ်အထွေး ၁၀၆
နန်းကျခြင်းနှင့်နတ်ရွာစံလွန်ခြင်း ၁၀၈



(၈) သာယာဝတီမင်း
မျိုးရိုးဆက်နွယ် ၁၀၉
မွေးချင်းများ ၁၁၀
ငယ်စဉ်ဘဝ ၁၁၀
မိသားစုရေးရာ ၁၁၀
ထီးနန်းအရိုက်အရာ ၁၁၂
ရန်စွယ်ဟူသမျှကို ရှင်းလင်းဖယ်ရှားခြင်း ၁၁၃
ရွှေဗားမင်းသား၏ပုန်ကန်မှု ၁၁၄
အမရပူရမြို့တော်သစ် ၁၁၅
ရန်ကုန်ခရီးစဉ် ၁၁၆
တရုတ်နိုင်ငံသွား မြန်မာသံအဖွဲ့ ၁၁၇
ပြည်မင်းသားအရေးတော်ပုံ ၁၁၇
နတ်ရွာစံလွန်ခြင်း ၁၁၉

(၉) ပုဂံမင်း
မျိုးရိုးဆက်နွယ် ၁၂၀
မွေးချင်းများ ၁၂၀
ငယ်စဉ်ဘဝ ၁၂၀
မိသားစုရေးရာ ၁၂၁
ထီးနန်းအရိုက်အရာ ၁၂၁
အိမ်တော်ရာဘုရား ၁၂၂
ဦးပိန်တံတား ၁၂၃
တရုတ်မြော်မင်းသားအရေး ၁၂၃
ချန်ပီယံသင်္ဘောကပ္ပတိန်၏အမှု ၁၂၃
ရေနန်းယာဉ်သာ ၁၂၅
အင်္ဂလိပ်မြန်မာဒုတိယစစ်ပွဲ ၁၂၇
နန်းကျခြင်းနှင့်နတ်ရွာစံလွန်ခြင်း ၁၂၉

www.burmeseclassic.com

www.burmeseclassic.com



**(၁၀) မင်းတုန်းမင်း**

မျိုးရိုးဆက်နွယ် ၁၃၀
မွေးချင်းများ ၁၃၁
ငယ်စဉ်ဘဝ ၁၃၁
မိသားစုရေးရာ ၁၃၁
ထီးနန်းအရိုက်အရာ ၁၃၈
စစ်ပြေငြိမ်းရေး ၁၃၉
ပြင်သစ်သို့သံအဖွဲ့ ၁၄၀
မန္တလေး ၁၄၁
သီဟိုဠ်စွယ်တော် ၁၄၂
အင်္ဂလိပ်မြန်မာစာချုပ် ၁၄၃
ဒင်္ဂါးသွန်းစက်ရုံ ၁၄၄
မြင်ကွန်းမြင်းခုံတိုင်အရေး ၁၄၄
ပတိမ်းမင်းသားပုန်ကန်မှု ၁၄၆
ဒုတိယမဟာရာဇဝင်တော်ကြီး ၁၄၇
ဘင်္ဂလားသွားပညာတော်သင်များ ၁၄၈
ရွှေတိဂုံစေတီတော်ထီးတင်ပွဲ ၁၄၉
ပဉ္စမသင်္ဂါယနာတင် ၁၅၀
ဥပရောပမြန်မာသံအဖွဲ့ ၁၅၀
ရတနာပုံနေပြည်တော်သတင်းစာ ၁၅၃
နတ်ရွာစံလွန်ခြင်း ၁၅၄

**(၁၁) သီပေါမင်း**

မျိုးရိုးဆက်နွယ် ၁၅၅
မွေးချင်းများ ၁၅၆
ငယ်စဉ်ဘဝ ၁၅၇
မိသားစုရေးရာ ၁၅၇
ထီးနန်းအရိုက်အရာ ၁၅၉



မင်းညီမင်းသားတို့အား လုပ်ကြံသတ်ဖြတ်ခြင်း ၁၅၉
ထိရုံများ ၁၆၀
ညောင်ရမ်းညောင်အုပ်အရေး ၁၆၁
ဘုရင်ခံချုပ်နှင့်တွေ့ဆုံရန်ကြိုးပမ်းချက် ၁၆၂
ဆင်းမလားသွားသံအဖွဲ့ ၁၆၃
ပြင်သစ်နိုင်ငံသွားသံအဖွဲ့ ၁၆၄
မှန်းနန်းဒုတိယမဟာရာဇဝင်တော် ၁၆၄
ဆယ်ခရိုင်အုပ်ချုပ်ရေးသစ် ၁၆၅
ဘုံဘေဘားမားပြဿနာ ၁၆၆
အင်္ဂလိပ်မြန်မာတတိယစစ်ပွဲ ၁၆၇
ပါတော်မူခန်း ၁၆၉
နန်းကျခြင်းနှင့်နတ်ရွာစံလွန်ခြင်း ၁၇၀

**ကျမ်းကိုးစာရင်း** ၁၇၁

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏အမှာ

ဤ "ကုန်းဘောင်မင်းဆက်ရုပ်ပုံလွှာ" စာအုပ်သည် သမားရိုးကျ ရာဇဝင်ကျမ်းများကဲ့သို့ သမိုင်းစဉ် (chronology) ကိုသာ အလေးပေး ဖော်ပြထားသော သမိုင်းကျမ်း တစ်စောင် မဟုတ်ပါ။ သို့သော် သမိုင်း ဘာသာရပ်ဆိုင်ရာ စာအုပ်တစ်အုပ်ဖြစ်သည့် အားလျော်စွာ ဤစာအုပ်တွင် မင်းစဉ်မင်းဆက်၊ အုပ်ချုပ်သူတို့အကြောင်းနှင့် ထူးခြားသည့် သမိုင်းဖြစ်ရပ်များ ပါဝင်မည်ဖြစ်ပါသည်။

ကုန်းဘောင်ခေတ်သည် မြန်မာနိုင်ငံ ပဒေသရာဇ် ခေတ်နှောင်းကာလ ဖြစ်ပြီး ၁၇၅၂ခုနှစ် မှ ၁၈၈၅ခုနှစ်အထိ ၁၃၃နှစ် ကြာမြင့်ခဲ့သည်။ ယင်း ၁၃၃နှစ် အတွင်းမင်း (၁၁)ပါး အုပ်စိုးခဲ့သည်။ ကုန်းဘောင်ဘုရင်အားလုံးသည် အလောင်းမင်းတရားမှ တိုက်ရိုက်ဆင်းသက်လာကြသူများ ဖြစ်၏။ စာရေးသူသည် ဤစာအုပ်ကို သမိုင်းဆိုင်ရာ အချက်အလက် မှန်ကန်မှုအပေါ် အခြေပြုလျက် သမိုင်းရှုထောင့်မှ ရေးသားထားခြင်းဖြစ်ရာ စာဖတ်သူ အားလုံးအတွက် သင့်တော်မည့်စာအုပ်ဟု မဆိုနိုင်ပါ။ သို့သော် ကုန်းဘောင် ခေတ်နှင့် ပတ်သက်လာလျှင် စံပြုရမည့် စာအုပ်တစ်အုပ် ပီပြင်သော ရုပ်ပုံလွှာတစ်ခုဖြစ်လာစေရန် ကြိုးပမ်းထားပါသည်။

**တင်နိုင်တိုး**



## ကုန်းဘောင်မင်းဆက်

(၁) အလောင်းမင်းတရား
[၁၇ ဧပြီ ၁၇၅၂ – ၁၁ မေ ၁၇၆၀]

(၂) ဒီပဲယင်းမင်း (နောင်တော်ကြီး)
[၇ ဇွန် ၁၇၆၀ – ၂၂ နိုဝင်ဘာ ၁၇၆၃]

(၃) မြေဒူးမင်း (ဆင်ဖြူရှင်)
[၃၀ နိုဝင်ဘာ ၁၇၆၃ – ၉ ဇွန် ၁၇၇၆]

(၄) စဉ့်ကူးမင်း
[၁၀ ဇွန် ၁၇၇၆ – ၅ ဖေဖော်ဝါရီ ၁၇၈၂]

(၅) ဖောင်းကားစား
[၅ ဖေဖော်ဝါရီ ၁၇၈၂ – ၁၁ ဖေဖော်ဝါရီ ၁၇၈၂]

(၆) ဗဒုံမင်း(ဘိုးတော်ဘုရား)
[၁၁ ဖေဖော်ဝါရီ ၁၇၈၂ – ၅ ဇွန် ၁၈၁၉]

(၇) စစ်ကိုင်းမင်း (ဘကြီးတော်)
[၇ ဇွန် ၁၈၁၉ – ၃၀ ဧပြီ ၁၈၃၇]

(၈) သာယာဝတီမင်း
[၃၀ ဧပြီ ၁၈၃၇ – ၁၇ နိုဝင်ဘာ ၁၈၄၆]

(၉) ပုဂံမင်း
[ ၁၈ နိုဝင်ဘာ ၁၈၄၆ – ၁၇ ဖေဖော်ဝါရီ ၁၈၅၃]


(၁၀) မင်းတုန်းမင်း
[ ၁၇ ဖေဖော်ဝါရီ ၁၈၅၃ – ၁ အောက်တိုဘာ ၁၈၇၈]

(၁၁) သီပေါမင်း
[ ၂ အောက်တိုဘာ ၁၈၇၈– ၂၉ နိုဝင်ဘာ ၁၈၈၅]

www.burmeseclassic.com

www.burmeseclassic.com








## သက္ကရာဇ်စဉ်

၁၇၅၂ အလောင်းမင်းတရားနန်းတက်

၁၇၅၃ အလောင်းမင်းတရား၏တပ်များ အင်းဝကို ပြန်လည်သိမ်းပိုက်

၁၇၅၄ သေနတ်ဝန်ဦးကောင်းအား ယော၊ ထီးလင်းဒေသသို့ စည်းရုံးသိမ်းသွင်းရန် စေလွှတ်

၁၇၅၅ ရန်ကုန်မြို့တော်ကို တည်ထောင်

၁၇၅၆ သန်လျင်ကို တိုက်ခိုက်အောင်မြင်

၁၇၅၇ ပဲခူးကို မွန်တို့လက်မှ သိမ်းပိုက်

၁၇၅၈ မဏိပူရသို့ စစ်ချီတိုက်ခိုက်

၁၇၅၉ ဟိုင်းကြီးကျွန်းအခြေစိုက်စခန်းကိုဖျက်ဆီး

၁၇၆၀ ယိုးဒယားသို့ စစ်ချီ၊ အလောင်းမင်းတရား နတ်ရွာစံ၊ ဒီပဲယင်းမင်း နန်းတက်

၁၇၆၁ ဘထွေးတော် သတိုးသိခ်သူ (ဦးရွှေကြူ)၏ ပုန်ကန်မှုဖြစ်ပွား

၁၇၆၂ တောင်ငူကို ပုန်ကန်သူများလက်မှ ပြန်လည် သိမ်းပိုက်

၁၇၆၃ ဒီပဲယင်းမင်းနတ်ရွာစံ၊ မြေဒူးမင်းနန်းတက်

၁၇၆၄ မဏိပူရသို့ စစ်ချီ၊ အင်းဝ၌ မြို့တော်သစ် တည်ထောင်

၁၇၆၅ တရုတ်မြန်မာစစ်ပွဲ စတင်ဖြစ်ပွား

၁၇၆၆ အင်းဝမြို့တော်သစ်သို့ မြေဒူးမင်းပြောင်းရွှေ့နန်းစံ

၁၇၆၇ တရုတ်မြန်မာစစ်ပွဲဆက်လက်ဖြစ်ပွား

၁၇၆၈ ငလျင်ဒဏ်ကြောင့် ရွှေတိဂုံစေတီ ထီးတော်မြေခ

၁၇၆၉ တရုတ်မြန်မာ စစ်ပွဲပြီးဆုံး၊ ကောင်းတုံ၌ စစ် ပြေငြိမ်းရေးစာချုပ် လက်မှတ်ရေးထိုး

၁၇၇၀ ကြက်သွန်ခင်းဆရာတော်အား ဇေတဝန်ရွှေကျောင်းဆောက်လုပ် လှူဒါန်း

၁၇၇၁ မကွေးမှ ဆင်ဖြူတော်ရောက်ရှိ၊ မြေဒူးမင်း ဆင်ဖြူရှင်ဘွဲ့ခံ

၁၇၇၂ လင်းဇင်းသို့စစ်ချီ

www.burmeseclassic.com



၁၇၇၃ ယာယီစံနန်းတော် ဆောက်လုပ်၍ ထို၌ ဘုရင် သီရိပဝေသန ဘိသိက်ခံ

၁၇၇၄ ယိုးဒယားသို့စစ်ချီ

၁၇၇၅ မြေဒူးမင်းရွှေတိဂုံစေတီထီးတင်ရန် ရန်ကုန်သို့ လာရောက်

၁၇၇၆ မြေဒူးမင်းနတ်ရွာစံ၊ စဉ့်ကူးမင်းနန်းတက်

၁၇၇၇ မြောက်နန်းမိဖုရားအားစီရင်

၁၇၇၈ ဘထွေးတော်ဗဒုံမင်းသား (ဦးဝိုင်း)ကို စစ်ကိုင်း၌ အကျယ်ချုပ်နှင့်ထား

၁၇၇၉ ရွှေတိဂုံစေတီရင်ပြင်တွင် ခေါင်းလောင်းလှူဒါန်း

၁၇၈၀ အတင်အရုံဂိုဏ်းများအငြင်းပွား

၁၇၈၁ ပင်းယရွှေစည်းခုံစေတီပြိုကျသည်ကို အသစ်ပြန်လည် တည်ဆောက်

၁၇၈၂ ဖောင်းကားစားနန်းတက်၊ ၇-ရက်အကြာ ဗဒုံမင်းက နန်းသိမ်း

၁၇၈၃ ဗဒုံမင်းအမရပူရမြို့တော်သစ်၌ ပြောင်းရွှေ့နန်းစံ

၁၇၈၄ ရခိုင်သို့ အိမ်ရှေ့မင်းသားဦးပေါ်ချိတက်တိုက်ခိုက်

၁၇၈၅ ယိုးဒယားသို့စစ်ချီ

၁၇၈၆ ဗဒုံမင်းယိုးဒယားစစ်မှ ပြန်လည်ဆုတ်ခွာ

၁၇၈၇ တရုတ်နိုင်ငံသို့ သံအဖွဲ့စေလွှတ်

၁၇၈၈ ဆည်မြောင်းတာတမံများပြုပြင်တည်ဆောက်

၁၇၈၉ မဟာနန္ဒာကန်ကို ဆည်ဖို့ပြုပြင်

၁၇၉၀ ပဲခူးရွှေမော်ဓောစေတီ ထီးတင်၊ စံကျောင်းကို သာသနာပိုင် မောင်းထောင်ဆရာတော်အား တင် လှူ

၁၇၉၁ မင်းကွန်းပုထိုးတော်ကြီး စတင်ဆောက်လုပ်

၁၇၉၂ ထားဝယ်ပုန်ကန်မှုကို နှိမ်နင်းရန်စစ်ချီ

၁၇၉၃ ကျောက်စာများစုဆောင်းရန်နှင့် ပျက်စီးနေပါက အသစ်ပြုပြင် ထုလုပ်ရန် အမိန့်ထုတ်ပြန်

၁၇၉၄ အိမ်ရှေ့မင်းသား ဦးပေါ်နှင့် ကန္နီမင်းသမီးလက်ဆက်

၁၇၉၅ မိုက်ကယ်ဆိုင်း၏သံအဖွဲ့ရောက်ရှိ

BURMESE CLASSIC .com



၁၇၉၆ ဗဒုံမင်းကိုယ်တိုင် မိတ္ထီလာကန်ဆည်ဖို့ လုပ်ငန်း၌ ပါဝင်ဆောင်ရွက်၊ ဗြိတိသျှသံကိုယ်စားလှယ် ဟီရန်ကောက် ( Hiram Cox) အင်းဝသို့ လာရောက်

၁၇၉၇ ဇင်းမယ်သို့ စစ်ချီ

၁၇၉၈ ငွေတောင်စော်ဘွားက သမီးကညာဆက်

၁၇၉၉ ဗဒုံမင်းတောင်ငူဘက်သို့ လှည့်လည်သွားရောက်

၁၈၀၀ သီဟိုဠ်မှ ရဟန်း(၆)ပါးဓာတ်တော်များ ယူဆောင် ကြွရောက်လာ

၁၈၀၁ မိတ္ထီလာ၌ ရွှေမြင်တင်ဘုရားထီးတင်

၁၈၀၂ မိုက်ကယ်ဆိုင်း၏သံအဖွဲ့လာရောက်

၁၈၀၃ မင်းကွန်းတွင် စန္ဒာမုနိဘုရားသွန်းလုပ်၊ ကပ္ပတိန်ကင်းနင်း ( Capt. canning) ၏ သံအဖွဲ့ရောက်ရှိ

၁၈၀၄ လှိုင်မြို့ကျေးမှ ဆင်ဖြူတော်ရောက်ရှိ၊ ၃လ အကြာ၌ ၎င်းဆင်ဖြူ သေဆုံး

၁၈၀၅ ဗဒုံမင်း၏သားများ အဖိုးတန် အဆောင်အရွက် များရရှိ

၁၈၀၆ နိဗ္ဗာန်ရွာမှ ဆင်ဖြူတော်တစ်ကောင် ဆက်သ

၁၈၀၇ မဏိပူရစော်ဘွားက သမီးကညာဆက်

၁၈၀၈ မင်းကွန်းခေါင်းလောင်းစတင်သွန်းလုပ်

၁၈၀၉ ရှင်ဖြူဘုရားတွင် ဗောဓိပင်စိုက်

၁၈၁၀ အိန္ဒိယသွားကျမ်းစာယူအဖွဲ့ပြန်လည်ရောက်ရှိ

၁၈၁၁ မြေဒူးမင်း၏မိဖုရားခေါင်ကွယ်လွန်

၁၈၁၂ သီဟိုဠ်မှ ရဟန်းများစာပေကျမ်းဂန်နှင့်တကွ ရောက်ရှိ

၁၈၁၃ ခရစ်ယာန်သာသနာပြုဆရာ ယုဒသန် (Mr. Judson) မြန်မာနိုင်ငံသို့ ရောက်ရှိ

၁၈၁၄ မဏိပူရသို့ စစ်ချီ

၁၈၁၅ အိန္ဒိယနိုင်ငံသို့ မြိတ်မြို့ဝန် နေမျိုးမင်းလှကျော်အဖွဲ့ကို ကျမ်းစာများ ယူဆောင်ရန်စေလွှတ်

၁၈၁၆ ဗဒုံမင်းသကလာဘိသိက်ခံ

၁၈၁၇ ဝေသာလီမှ မင်းသမီးဆက်သ

www.burmeseclassic.com

www.burmeseclassic.com



၁၈၁၈ အာသံသို့ချီတက်တိုက်ခိုက်
၁၈၁၉ ဗဒုံမင်းနတ်ရွာစံ၊ မြေး စစ်ကိုင်းမင်း နန်းတက်
၁၈၂၀ မဏိပူရသို့စစ်ချီ
၁၈၂၁ အင်းဝမြို့တော်သစ်တည်
၁၈၂၂ အာသံသို့ စစ်ချီ
၁၈၂၃ နတ်မြစ်ဝရှင်မဖြူကျွန်း ပိုင်ဆိုင်မှုပြဿနာဖြစ်ပွား
၁၈၂၄ အင်္ဂလိပ်မြန်မာပထမစစ်ပွဲစတင်ဖြစ်ပွား
၁၈၂၅ ရန်ကုန်စစ်မျက်နှာ၌ တိုက်ပွဲပြင်းထန်စွာဖြစ်ပွား
၁၈၂၆ ရန္တပိုစစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆို
၁၈၂၇ ကာလကတ္တားသို့ မြန်မာသံအဖွဲ့စေလွှတ်
၁၈၂၈ စလင်းမင်းသားကြီး၏ အုတ်ကျောင်းကို မင်း၊ မိဖုရားတို့ ရေစက်ချ လှူဒါန်း၊ စစ်လျော်ကြေးငွေ လက်ခံရန် ဗြိတိသျှကိုယ်စားလှယ် ဗိုလ်ရော်လင် ဆင် (Lt. Rawlinson)အင်းဝသို့ ရောက်ရှိ
၁၈၂၉ မှန်နန်းရာဇဝင် ပြုစုရေးအဖွဲ့ ဖွဲ့စည်း
၁၈၃၀ ဟင်နရီဘားနေး (Henry Burney)၏ သံအဖွဲ့ အင်းဝသို့ရောက်ရှိ
၁၈၃၁ တောင်တွင်းကြီးမြို့ရန်ပယ်ချောင်းမှ ဆင်ရရှိ
၁၈၃၂ အစုအင်းအလိုက် ဝတ်ဆင်ရန် ဝတ်စုံပုံစံပြဋ္ဌာန်း
၁၈၃၃ တရုတ်သံအဖွဲ့ရောက်ရှိ။ သံအကြီးတေလောစုံ နေပြည်တော်၌ ကွယ်လွန်
၁၈၃၄ အလုံဝန်ကြီးဦးရစ်၏ ကျောင်းတိုက်အတွင်း ဗောဓိပင်စိုက်
၁၈၃၅ ဘုံကျော်ကျောင်းတိုက်ကို သာသနာပိုင်ဆရာတော်အား ဆက်ကပ် လှူဒါန်း
၁၈၃၆ ဆည်၊ တာတမံပေါင်းများအား ပြုပြင် တည်ဆောက်
၁၈၃၇ စစ်ကိုင်းမင်းနန်းကျ၊ သာယာဝတီမင်းနန်းတက်
၁၈၃၈ ညောင်ရမ်းမင်းသားအရေး၌ ပါဝင်ပတ်သက်သူ ဆံရှည်ဗိုလ် ဦးရေးနှင့်အဖွဲ့ကို စီရင်
၁၈၃၉ သာသနာပိုင်သဲအင်းဆရာတော်ပျံလွန်



၁၈၄၀ မြို့တော်ကို အမရပူရသို့ ပြောင်းရွှေ့၊ ရွှေတောင်မင်းသား၏ ပုန်ကန်မှုဖြစ်ပွား။
၁၈၄၁ သာယာဝတီမင်းရန်ကုန်သို့ စုန်ဆင်း
၁၈၄၂ ပြည်မင်းသားပုန်ကန်မှုဖြစ်ပွား
၁၈၄၃ တရုတ်ပြည်သို့ မြန်မာသံအဖွဲ့တစ်ဖွဲ့စေလွှတ်
၁၈၄၄ ရေနန်းယဉ်သာသဘော်ကို ကျပ်ဒင်္ဂါး ၄သောင်းဖြင့် ဝယ်ယူ
၁၈၄၅ ဗန်းကျီတိုက်ဝန်ဦးထောင်ဗိုလ်၏ ပုန်ကန်မှုကို နှိမ်နင်း
၁၈၄၆ သာယာဝတီမင်းနတ်ရွာစံ၊ ပုဂံမင်းနန်းတက်
၁၈၄၇ အိမ်တော်ရာဘုရားတည်
၁၈၄၈ ရန်ကုန်တွင် မြန်မာဘုရင်ပိုင် ရတနာယာဉ်မွန် သင်္ဘောတည်ဆောက်
၁၈၄၉ ဦးပိန်တံတားဆောက်လုပ်
၁၈၅၀ တရုတ်မြော်မင်းသား အရေးတော်ပုံဖြစ်ပွား
၁၈၅၁ ရန်ကုန်မြို့ဝန်ဦးအုပ်နှင့် ချန်ပီယံသင်္ဘော ကပ္ပတိန်လူးဝစ် (Lewis) တို့ အမှုဖြစ်ပွား
၁၈၅၂ အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲစတင်
၁၈၅၃ ပုဂံမင်းနန်းကျ၊ မင်းတုန်းမင်းနန်းတက်
၁၈၅၄ နန်းမတော်ဝန်ဦးပသီ၏သံအဖွဲ့ အိန္ဒိယနိုင်ငံသို့ သွားရောက်
၁၈၅၅ အာသာဖယ်ရာ၏ သံအဖွဲ့မြန်မာနိုင်ငံသို့ လာရောက်
၁၈၅၆ မန္တလေးမြို့သစ်တည်ရန် ပြင်ဆင်မှုများပြုလုပ်
၁၈၅၇ မန္တလေးမြို့တော်သစ်စတည်
၁၈၅၈ မြို့တော်တည်ဆောက်ပြီးစီး၊ “ရတနာပုံ”ဟု သမုတ်
၁၈၅၉ သီဟိုဠ်မှစွယ်တော်ပင့်ဆောင်
၁၈၆၀ ဗောဓိပင်စိုက်အခမ်းအနား
၁၈၆၁ မန္တလေးတရုတ်တန်းဦးရွှေလှအိမ်မှစ၍ မီးလောင်
၁၈၆၂ အင်္ဂလိပ် မြန်မာ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုး
၁၈၆၃ မင်းတုန်းမင်းမန္တလေးတောင်အနီး နန်းမြေဘုံသာ ယာယီ စံနန်းတော်၌ ထွက်နေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၁၈၆၄ လူအိုရုံ (၁၀)ခုံ ဆောက်လုပ်ပြီးစီး၊ ဂျာမန်သမားတော် မာဖီ (marfel)ကို ကြီးကြပ်စေ

၁၈၆၅ ဒင်္ဂါးစက်ရုံမှ ဒေါင်းဒင်္ဂါးများ စတင်သွန်းလုပ်

၁၈၆၆ မြင်ကွန်းမြင်းခုန်တိုင်အရေး၊ ပတိမ်းမင်းသား အရေးများဖြစ်ပွား

၁၈၆၇ ဒုတိယ မဟာရာဇဝင်တော်ကြီးခေါ် မှန်နန်းရာဇဝင်အဆက်ကို ရေးသားပြုစု

၁၈၆၈ ဘင်္ဂလားသို့ ပညာတော်သင် ၂၀ဦး စေလွှတ်

၁၈၆၉ ရွှေတိဂုံစေတီထီးတော်တင်

၁၈၇၀ မင်းတုန်းမင်း၏ယောက္ခမဖြစ်သူ သာယာဝတီမင်း၏ မိဖုရားခေါင် ကွယ်လွန်

၁၈၇၁ ပဉ္စမသင်္ဂါယနာတင်

၁၈၇၂ ကင်းဝန်မင်းကြီးဦးကောင်း၏သံအဖွဲ့ အင်္ဂလန်နိုင်ငံသို့ သွားရောက်

၁၈၇၃ မင်းတုန်းမင်း ခရစ်ယာန်သံတဲ ကျောင်းဆောက်လှူဒါန်း

၁၈၇၄ ကင်းဝန်မင်းကြီးဦးကောင်း၏ သံအဖွဲ့ ပြင်သစ် နိုင်ငံသို့သွားရောက်

၁၈၇၅ ရတနာပုံနေပြည်တော် သတင်းစာ စတင်ထုတ်ဝေ

၁၈၇၆ မင်းတုန်းမင်း၏ မိဖုရားခေါင် စကြာဒေဝီ ကွယ်လွန်

၁၈၇၇ မန္တလေးဗန်းမော်ကြေးနန်းသွယ်တန်းပြီးစီး

၁၈၇၈ မင်းတုန်းမင်းနတ်ရွာစံ၊ သီပေါမင်းနန်းတက်

၁၈၇၉ မင်းညီမင်းသားများအား လုပ်ကြံသတ်ဖြတ်

၁၈၈၀ ညောင်အုပ်မင်းသား ဒဂုန်မော် နယ်ခြား ကျောက်တိုင်အနီး မြန်မာနယ်မြေအတွင်း ဝင်ရောက်တိုက်ခိုက်

၁၈၈၁ ရန်ကုန်ရောက် အိန္ဒိယဘုရင်ခံချုပ်နှင့် တွေ့ဆုံရန် မြန်မာအရာရှိ တစ်ဦးကို မန္တလေးမှစေလွှတ်

၁၈၈၂ အိန္ဒိယနိုင်ငံ ဆင်းမလားသို့ မြန်မာသံအဖွဲ့ သွားရောက်

၁၈၈၃ မှန်နန်းရာဇဝင်ဆက်ရေး

၁၈၈၄ ဆယ်ခရိုင်အုပ်ချုပ်ရေးသစ်ချမှတ်

၁၈၈၅ အင်္ဂလိပ်မြန်မာတတိယစစ်ပွဲဖြစ်ပွား။ သီပေါမင်း ရတနာဂီရိသို့ ပါတော်မူ။

www.burmeseclassic.com




www.burmeseclassic.com




## (၁) အလောင်းမင်းတရား

အလောင်းမင်းတရား၏ အမည်ရင်းမှာ ဦးအောင်ဇေယျ ဖြစ်သည်။ ၁၃ ဖေဖော်ဝါရီ ၁၇၁၄ ခုနှစ်တွင် မင်းညိုစံနှင့် စောငြိမ်းဦးတို့မှ ဖွားမြင်ခဲ့၏။ ဖခင် မင်းညိုစံသည် သီရိမဟာဓမ္မရာဇာဘွဲ့ခံ မုဆိုးဘိုမြို့စား ဖြစ်ပါသည်။

အလောင်းမင်းတရားသည် ပုဂံနရပတိစည်သူမင်းမှ တိုက်ရိုက်ဆင်းသက်လာသော အဆက်အနွယ် ဖြစ်သည် ဆို၏။ ဖခင်၊ မိခင်များဘက်မှ မျိုးရိုးဆက်နွယ်ကို လက်လှမ်းမီသမျှ အသေးစိတ် လေ့လာကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

### မျိုးရိုးဆက်နွယ်




www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဇေယျ၏ ဖခင်မျိုးနွယ်မှာ အောက်ပါအတိုင်းဖြစ်သည်။ အင်းဝဘုရင် မိုးညှင်းမင်းတရား၏ ညီဝပါနော်ရထာမှ (၆)ဆက်မြောက် မြင်းစီးဘုရင်ကျော်သူ ဘွဲ့ခံ မင်းဘိုးခင်သည် မှန်သာကြီးရွာစားသမီး မင်းမြကုံးနှင့်စုံဖက်ကာ မင်းနန္ဒိနှင့်မင်းစစ်နိုင်တို့ကို ဖွားမြင်ပါသည်။ မင်းနန္ဒိသည် သီရိသမန္တသူ၏သမီး စောလှကြွယ်နှင့် လက်ဆက်ကာ သားသမီး ၈ ဦး ထွန်းကား၏။ သမီး ခင်ဖြိုးသည် မင်းစစ်နိုင်နှင့် စုံဖက်လျှက် ဦးအောင်ဇေယျ၏ ဖခင် မင်းညိုစံကို ဖွားမြင်ပါသည်။ ၁၇၅၂ ခုနှစ်တွင် မင်းညိုစံ ကွယ်လွန်ခဲ့၏။

ဦးအောင်ဇေယျ၏မိခင်ဘက်မှမျိုးနွယ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ခင်ပွန်းအမည် မသိရသူ စောသာဦးတွင် စည်ပုတ္တရာမြို့ကိုင် ဦးပုကြီးဆိုသူ သားတစ်ဦးရှိ၏။ ဦးပုကြီး သည် မင်းနန္ဒိနှင့်စောလှကြွယ်တို့၏ သမီးခင်မှန်နှင့် စုံဖက်ကာ စောငြိမ်းဦးကို ဖွားမြင်ပါသည်။ စောငြိမ်းဦးမှာ ဦးအောင်ဇေယျ၏မိခင်ဖြစ်ပြီး ၁၇၅၂ခုနှစ်တွင် ကွယ်လွန်ခဲ့၏။

## မွေးချင်းများ

ဦးအောင်ဇေယျတွင် မွေးချင်းညီအစ်ကိုမောင်နှမ (၈)ဦးရှိပါသည်။ ၎င်းတို့မှာ ဦးအောင်မြို့၊ ရှင်ဝင်း၊ ဦးအောင်ဖြိုး၊ ဦးအောင်ဇေယျ၊ ရှင်မင်း၊ ဦးရွှေကြူ၊ ဦးရွှေဂူ၊ ဒေါ်မာတို့ဖြစ်ကြသည်။ အစ်ကိုကြီးဖြစ်သူ ဦးအောင်မြို့သည် ၁၇၅၂–ခုနှစ် ခင်ဦးတိုက်ပွဲ၌ ကျဆုံးခဲ့၏။။ (ရန်ကုန် တက္ကသိုလ် ရက္ခဗေဒကထိကဟောင်း ဒေါက်တာ ကျော်စိုးသည် ဦးအောင်မြို့မှ တိုက်ရိုက်ဆင်းသက်လာသူ ဖြစ်၏။) အစ်မရှင်ဝင်းမှာ ၁၄ မေ ၁၇၉၂–ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ညီမရှင်မင်းမှာမူ ၆ ဒီဇင်ဘာ ၁၇၉၂ခုနှစ်တွင် ကွယ်လွန်ပါသည်။ ဦးအောင်ဇေယျ၏ညီ ဦးရွှေကြူသည် ၁၇၅၇ ခုနှစ်တွင် သတိုးသိခ်သူဘွဲ့ဖြင့် တောင်ငူဘုရင်ခံ ဖြစ်လာ၏။ ၁၇၆၁ ခုနှစ်တွင် ပုန်ကန်မှုဖြင့် ဖမ်းဆီးခြင်းခံရပြီး ၁၇၈၇ ခုနှစ်၌ ကွယ်လွန်ပါသည်။



## ဘဝဖြစ်စဉ်အကျဉ်း

ဦးအောင်ဇေယျသည် (၇)နှစ်သား အရွယ်တွင် သာထွန်းကျောင်း ဆရာတော်ထံ ပညာသင်ကြားခဲ့၏။ (၁၄) နှစ်အရွယ်တွင် ရှင်သာမဏေ ဝတ်ရာ ဘွဲ့မှာ ရှင်သိဒ္ဓိ ဖြစ်သည်။ ၁၈–နှစ်အရွယ်၌ လူထွက်ပြီး ၃၀ အောက်တိုဘာ ၁၇၃၃ ခုနှစ်တွင် ခင်ယွန်းစံနှင့်စုံဖက်ခဲ့သည်။ ဦးအောင်ဇေယျသည် မကြာမီ ဖခင်၏ မြို့သူကြီးရာထူးကို ရရှိခဲ့ဟန်တူ၏။ ဦးအောင်ဇေယျ၏ မြို့သူကြီးဘွဲ့မှာ ဗလနန္ဒကျော်စွာ ဖြစ်ပါသည်။ ထို့နောက် မြို့သူကြီး အဖြစ် တာဝန်ထမ်းရွက် စဉ်အတွင်း အင်းဝကို မွန်တပ်များ သိမ်းပိုက်ကာ ဘုရင် မဟာဓမ္မရာဇာဓိပတိကို ဖမ်းဆီးခေါ်ဆောင်သွားလေသည်။

ဦးအောင်ဇေယျသည် မွန်တို့အား ခုခံတိုက်ခိုက်ရန်နှင့် အင်းဝ နေပြည်တော်ကို ပြန်လည် သိမ်းပိုက်နိုင်ရန်အတွက် မုဆိုးဘိုမြို့အနီးဝန်းကျင်မှ ဒေသခံမြို့သူကြီး၊ ရွာသူကြီးများ အကူအညီဖြင့် အင်အားစုဆောင်းကာ အရန်သင့် ပြင်ဆင်ထားလေသည်။ မိမိအပေါ်ထောက်ခံသူ တစ်စစ များပြားလာသောအခါ ၁၇ ဧပြီ ၁၇၅၂ ခုနှစ်တွင် ဘုရင်အဖြစ်ခံယူခဲ့၏။ သို့သော် စစ်မှုရေးရာများကြောင့် ၂၉ နိုဝင်ဘာ ၁၇၅၄ခုနှစ်တွင်မှ ဥကင်သမင်္ဂလာ ပြုနိုင် တော့၏။

အလောင်းမင်းတရား၏ ပုံပန်းသဏ္ဌာန်မှာ အသားညို၍ မျက်နှာ ရှည်သည်။ နှဖူးကျယ်လျက် ကျောက်ပေါက်မာ သဲ့သဲ့လည်းရှိ၏။ အရပ်မှာ ထောင်ထောင်မောင်းမောင်း ဖြစ်ပြီး ၅ပေ ၁၁လက်မခန့် ရှိလေသည်၊ အလောင်းမင်းတရား၏ ပုံတူအဖြစ် အသိအမှတ်ပြုထားသော ပန်းချီကား တစ်ချပ်ရှိလေရာ ယင်းပန်းချီကားကို ဦးအောင်ညွှန့် ဆိုသူက ရေးဆွဲကြောင်း သိရှိရသည်။

## မိသားစုရေးရာ

အလောင်းမင်းတရား၏ မိဖုရားခေါင်မှာ မဟာမင်္ဂလာ ရတနာ ဒီပတိသီရိရာဇာ စန္ဒာဒေဝီဘွဲ့ခံ ခင်ယွန်းစံ ဖြစ်သည်။ ခင်ယွန်းစံကို စည်ပုတ္တရာရွှေကာ တစ်ထောင်မှူး သီရိရန္တဇေဘွဲ့ခံဦးဖြိုးနှင့် ဒေါ်ညက် တို့မှ ၁၇၁၃ ခုနှစ်တွင် ဖွားမြင်သည်။ အသက် ၂၀နှစ်အရွယ်တွင်

www.burmeseclassic.com



မိဖုရားခေါင် ဖြစ်လာပြီး သားတော်ဘုရင်လက်ထက် ၃၁ ဇူလိုင် ၁၇၇၁ ခုနှစ်၌ ကွယ်လွန်ပါသည်။

အခြားမိဖုရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ကျောက်မြောင်းကတော် သီရိမဟေ**–ကျောင်းမြောင်းဝန်သမီး မြောက်နန်း မိဖုရား

**ပဘာဒေဝီ** – အမည်ရင်း ရှင်ပြေ၊ စည်သာမင်းကြီး ဦးစည်းစိမ်နှင့် မယ်ကောင်းစံတို့သမီး

**ရှင်မင်းသူ**၊ ကိုယ်လုပ်တော် –မုဆိုးဘိုတောင်ဘက်ဇာတိ၊ ဘွဲ့သီရိစန္ဒာမဟေ

**ရှင်လှ**၊ ကိုယ်လုပ်တော်–ဟံသာဝတီရောက်မင်းလက်ထက် ဝန်ကြီး သတိုးတရဖျားသမီး၊ ဘွဲ့– စိတ္တ မဟေ၊ ၁၃ ဇွန် ၁၇၉၈ ခုနှစ်တွင် ကွယ်လွန်

**ရွှေခဲကလေး**၊ မ၊ ကိုယ်လုပ်တော် –စစ်ကိုင်းအတွင်းဝန် သတိုးကျော်သူသမီး

**ရွှေခဲကြီး**၊မ၊ ကိုယ်လုပ်တော်–မြောက်ဘက် မြင်းဝန်သမီး၊ ဘွဲ့–ရစာမဟေ

အလောင်းမင်းတရား၏ မိဖုရားခေါင် အပါအဝင် မိဖုရားများ၊ ကိုယ်လုပ်တော်များမှ ဖွားမြင်သူ သားသမီးများအနက် ထင်ရှားသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ကနီမင်းသမီး** – မယ်သာ၊ မိဖုရားခေါင်မှ ၁၇၃၈ ခုနှစ်ဖွား

**စကုမင်းသမီး** – မယ်အိပ် (၁၇၄၆–၁၇၆၇)၊ မိဖုရားခေါင်မှ ဖွားမြင်

**စည်သာမင်းသား** –မောင်လှ၊ မြောက်နန်းမှ ဖွားမြင်

**ဒီပဲယင်းမင်းသား** –မောင်လှောက်၊ မိဖုရားခေါင် မှ ဖွားမြင်၊ ဘုရင်ဖြစ်

**ပဒုမ္မဝတီ–ရှင်မင်းကောင်း**၊ ကိုယ်လုပ် တော်ရှင်မင်းသူမှ ဖွားမြင်၊ ကြင်ယာတော်မှာ ပထမ တောင်ငူဝန် မောင်ကူး၊ ဒုတိယ ပုဂံဝန် မောင်ပေ

**ပုခန်းမင်းသား–မောင်နီး**(၁၇၄၉–၁၈၀၂)၊ မိဖုရားခေါင်မှ ဖွားမြင်၊

**ပင်းတလဲမင်းသား**–မောင်ဘိုးရှင်၊ မိဖုရားခေါင်မှ ၁၇၅၄ ခုနှစ်တွင် ဖွားမြင်၊ ၁၇၈၅ ခုနှစ် ဇူလိုင်လတွင် စီရင်ခံရ

**ပင်းယမင်းသမီး** –မင်းညိုမြ၊ ကိုယ်လုပ်တော် မရွှေခဲလေးမှ ဖွားမြင်



**ဗဒုံမင်းသား–မောင်ဝိုင်း** မိဖုရားခေါင်မှ ဖွားမြင်၊ ဘုရင်ဖြစ်

**မင်းခင်းမင်းသမီး –မယ်မြတ်လှ**၊မိဖုရားခေါင်မှ ၁၇၄၂ ခုနှစ်တွင် ဖွားမြင် ၁၇၈၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကွယ်လွန်

**မြဝတီမင်းသား**– မောင်ပတောက်၊ ကျောက်မြောင်းကတော်မှ ဖွားမြင်

**မြင်ကွန်းမင်းသား**–မောင်ဗွေ့၊ ကိုယ်လုပ်တော် ရှင်လှမှ ဖွားမြင်၊

**ယင်းခဲမင်းသမီး** – မင်းရွှေမြ၊ ကိုယ်လုပ်တော် မရွှေခဲကြီးမှ ဖွားမြင်

**အမြင့်မင်းသား** – မောင်ပိုး၊ မိဖုရားခေါင်မှ ၁၇၄၀ ခုနှစ်တွင် ဖွားမြင်

အလောင်းတော်မင်းတရားနှင့် မိဖုရားခေါင် ခင်ယွန်းစံမှ ဖွားမြင်သူ သားသမီး ၉–ဦးအနက် ၃–ဦးမှာ ကုန်းဘောင်မင်းဆက်ဘုရင်များ ဖြစ်လာကြ၏။ ကိုယ်လုပ်တော်ရှင်လှမှ ဖွားမြင်သူ မြင်ကွန်းမင်းသား (နောင်မလွန်မင်းသား) မောင်ဗွေ့သည် စစ်ကိုင်းသူဌေး သမီး မယ်ဆက်နှင့် စုံဖက်ကာ ၁၇၇၃ ခုနှစ်တွင် သား မောင်ရွှေသားကို ဖွားမြင်ပါသည်။ ၎င်း မင်းသား မောင်ရွှေသားမှာ ဗဒုံမင်းလက်ထက် မင်းရဲနန္ဒမိတ်ဘွဲ့ခံ ရန်ကုန်မြို့ဝန်ဖြစ်ပါသည်။ ယင်းဦးရွှေသား၏သမီး ရှင်ဆုံသည် မိုးညှင်း မင်းသားနှင့် လက်ဆက်ခဲ့ရာ သမီးထိပ်တင်ကို ဖွားမြင်၏။ ထိပ်တင်မှာ နောင်တွင် မင်းတုန်းမင်းလက်ထက် ပုခန်းဝန်ကြီး ဦးရန်ဝေးကတော် ဖြစ်လာခဲ့သည်။ မင်းသမီးထိပ်တင်သည်လည်း အလောင်းမင်းတရားမှ တိုက်ရိုက် ဆင်းသက်လာသူဖြစ်ပြီး အင်္ဂလိပ်အစိုးရလက်ထက် ၂၈ ဇူလိုင် ၁၈၉၅ ခုနှစ်၌ ကွယ်လွန်ပါသည်။

## ထီးနန်းအရိုက်အရာ

အလောင်းမင်းတရားလက်ထက်တွင် သားအကြီးဆုံး ဒီပဲယင်းမြို့စားမင်းသားအား အိမ်ရှေ့နန်းလျာအဖြစ် ခန့်အပ်ခဲ့သည်။ အိမ်ရှေ့မင်းရာထူးခန့်အပ်သော ရက်စွဲ အတိအကျကိုမူ မသိရပေ။ သို့သော် ၆ ဧပြီ ၁၇၅၆ ခုနှစ် ရက်စွဲပါ အမိန့်တော်တွင် "အလောင်းမင်းတရားကြီး ဘုရားသားတော် မဟာဥပရာဇာမဟာသီရိသုဓမ္မရာဇာ" ဟူ၍ ဖော်ပြပါရှိသဖြင့် ဒီပဲယင်းမင်းသားသည် မဟာဥပရာဇာခေါ် အိမ်ရှေ့ရာထူးကို (မဟာ) သီရိသုဓမ္မရာဇာဘွဲ့ လက်ခံရရှိသည့် ၂၇ ဇွန် ၁၇၅၄ ခုနှစ်တွင် ခန့်အပ်ခြင်းခံခဲ့ရသည်ဟု မှတ်ယူရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထီးနန်းအရိုက်အရာနှင့် ပတ်သက်၍ အလောင်းမင်းတရား၏ သဘောဆန္ဒမှာ မိမိ၏သားတော်များအား အစဉ်လိုက် နန်းတက်ကြရန် ဖြစ်ကြောင်း အစဉ်အလာ မှတ်သားထားကြ၏။ သို့ဆိုပါက အိမ်ရှေ့နန်းလျာအဖြစ် သတ်မှတ်ရာတွင်လည်း သားတော်များအစဉ်အတိုင်းဖြစ်ရန်လိုပေလိမ့်မည်။ သို့သော် လက်တွေ့တွင်မူ ယင်းစည်ကမ်းချက်ကို မလိုက်နာခဲ့ကြကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။

အလောင်းမင်းတရားသည် မြို့သူကြီးရာထူးမှ ဘုရင် ဖြစ်လာခဲ့သူ ဖြစ်၏။ မူလကပင် မင်းဖြစ်ရန် မရည်ရွယ်ကြောင်းကို "ငါသည်ကား မင်းဧကရာဇ်ဘဝကို မက်မော၍မဟုတ်၊ ပြည်သူ့စီးပွားဖြစ်သော ပြည်ကြီးဝန်ကို ထမ်းဆောင်ခြင်းသာဖြစ်ကြောင်း အဓိဋ္ဌာန်ပြုဝံ့သည်ဟု ကပ္ပတိန်ဘေကာ (**Capt. Baker**) အား ပြောပြခဲ့ဖူးပါသည်။ မိမိအနေဖြင့် အခြေအနေ ပေးပါက နန်းကျဘုရင် မဟာဓမ္မရာဇာဓိပတိ သို့မဟုတ် ယင်း၏မျိုးနွယ်ဆက် တစ်ဦးဦးကို ဘုရင်အဖြစ် ပြန်လည်တင်မြှောက်လိုသူ ဖြစ်သည်။ စင်စစ် အားဖြင့် နန်းကျဘုရင်သည် သက်ဆိုးမရှည်ခဲ့ပါ။ ပဲခူးဟံသာဝတီ၌ စီရင်ကွပ်မျက်ခြင်းခံခဲ့ရ၏။ သို့သော် အင်းဝမြို့တော်ကို မွန်တပ်များ ဝန်းရံတိုက်ခိုက်ခဲ့စဉ်က မဟာဓမ္မရာဇာဓိပတိ၏သားတစ်ဦးမှာ ယိုးဒယားနိုင်ငံသို့ ထွက်ပြေး လွတ်မြောက်သွားခဲ့သည်ဆို၏။ အလောင်းမင်းတရားသည် ၎င်း မင်းသားအား ရှာဖွေရန် ယိုးဒယားသို့ မြန်မာတပ်ဖွဲ့ တစ်ဖွဲ့ စေလွှတ်ခဲ့ သေးသည်။ ယင်းသို့ ရှာဖွေ၍ မတွေ့ရှိတော့သည့် အဆုံးမှသာ ထီးနန်း အရိုက်အရာအတွက် သားတော်များအစဉ်လိုက် နန်းတက်ရန်မှုကို ချမှတ်ခဲ့ခြင်း ဖြစ်ပေသည်။

## ဉာဏ်အော်မြည်၊ ကုန်းဘောင်တည်

အင်းဝဘုရင်မဟာဓမ္မရာဇာဓိပတိသည် ညောင်ရမ်း မင်းဆက်၏ ၁၁ ဆက်မြောက် နောက်ဆုံးဘုရင်ဖြစ်၏။ ၃ နိုဝင်ဘာ ၁၇၃၃ ခုနှစ်တွင် ဖခင် တနင်္ဂနွေမင်း၏ အရိုက်အရာကို ဆက်ခံ နန်းတက်လာသည်။ ယင်း ဘုရင် လက်ထက်တွင် အုပ်ချုပ်ရေးညံ့ဖျင်းမှုကြောင့် ပြည်သူပြည်သားများ ငတ်မွတ်ခေါင်းပါးမှုဒုက္ခနှင့် ကြုံတွေ့ကြရ၏။



အင်းဝဘုရင်၏ အားနည်းချက်များအနက် အဓိကကျသော အကြောင်း အချက်အချို့မှာ အုပ်ချုပ်ရေးကဏ္ဍတွင် မလိုအပ်ဘဲ အရာရှိများစွာ ခန့်ထားခြင်း၊ တိုင်းပြည်အတွင်း သူခိုး ဓားပြများ ထကြွသောင်းကျန်းနေသည်ကို မနှိမ်နင်း နိုင်ခြင်း၊ တိုင်းပြည်ရေးရာကို လျစ်လျူရှုလွန်းခြင်း တို့ကြောင့် ဖြစ်ကြောင်း "ဟံသာဝတီပါမင်းအမှားတော်ပုံ" အမည်ပါ ပုရပိုက်တွင် ရာဇဝင်ဆရာတစ်ဦးက မှတ်တမ်းတင်ထားခဲ့၏။ ယင်းသို့ အဖက်ဖက်မှ ယိုယွင်းလာမှုကြောင့်ပင် အင်းဝမင်းလက်အောက်ခံ ဟံသာဝတီ ဒေသမှ တော်လှန်ပုန်ကန်မှု ဖြစ်ပွားခဲ့၏။

အင်းဝဘုရင်သည် ဟံသာဝတီ၏ တော်လှန်ပုန်ကန်မှုကို မနှိမ်နင်း နိုင်ခဲ့ရုံမျှမက ၁၁ မတ် ၁၇၅၂ ခုနှစ်တွင် မိမိကိုယ်တိုင် ပဲခူးဟံသာဝတီသို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရလေသည်။ ထိုသို့သောအခြေအနေတွင် အင်းဝ ဘုရင်၏အမှုထမ်းငယ်တစ်ဦးဖြစ်သူ မုဆိုးဘိုမြို့သူကြီး ဦးအောင်ဇေယျက မွန်တို့၏ရန်ကို ကာကွယ်တွန်းလှန်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ် ထားခဲ့၏။ ၁၇ ဧပြီ ၁၇၅၂ ခုနှစ်တွင် ဦးအောင်ဇေယျသည် မြင်းရည်တက် ၆၈ဦး ဖွဲ့စည်းကာ မိမိကိုယ်တိုင်လည်း ဘုရင်အဖြစ် ကြေညာခဲ့သည်။ သို့ဖြင့်၍ မွန်တပ်များသည် မုဆိုးဘိုသို့ ချီတက် တိုက်ခိုက်လေတော့၏။ အလောင်းမင်းတရားသည် မုဆိုးဘိုသို့ လာရောက် တိုက်ခိုက်သည့် မွန်တပ် များကိုသာမက အောက်ပါတိုက်ပွဲအသီးသီးတွင်လည်း မွန်တို့အား အနိုင်ရ ရှိခဲ့၏။

| | |
|---|---|
| မြောင်းဝန်တိုက်ပွဲ | (၁၉ ဇွန် ၁၇၅၂) |
| ခင်လတ်တိုက်ပွဲ | (၂၃ စက်တင်ဘာ ၁၇၅၂) |
| ခင်ဦးတိုက်ပွဲ | (၁၄ အောက်တိုဘာ ၁၇၅၂) |
| ငါးစိုးတိုက်ပွဲ | (၂၃ အောက်တိုဘာ ၁၇၅၂) |
| ရေဦးကုန်းဘက်တိုက်ပွဲ | (၆ နိုဝင်ဘာ ၁၇၅၂) |
| ကျွန်းတောကြီးတိုက်ပွဲ | (၆ ဧပြီ ၁၇၅၃) |

တို့ဖြစ်ကြသည်။

၁၇၅၃–ခုနှစ် မိုးဦးကျကာလ စစ်နားချိန်တွင် မိမိနေထိုင်ရာ မုဆိုးဘို မြို့ကို ဘုရင်တစ်ပါး၏ နန်းမြို့တော် ဂုဏ်အင်္ဂါရပ်များနှင့် ညီညွတ်မှု

www.burmeseclassic.com

www.burmeseclassic.com



ရှိစေရန် စီစဉ်တည်ဆောက်ခဲ့၏။ သို့ဖြင့် ၂၁ ဇွန် ၁၇၅၃ ခုနှစ်တွင် နန်းမြို့တော် ခုနစ်ဌာနကို စတင်ပန္နက်ချ တည်ထောင်ကာ "ရတနာသိင်္ခ မြို့တော်" ဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့လေသည်။ နေ့သင့် နံသင့်အက္ခရာဖြင့် "ဥဩအော်မြည်၊ ကုန်းဘောင်တည်" ဟူ၍ မှတ်သားထားကြသည်။ နန်းမြို့တော်၏ ထင်ရှားသော အမည်များမှာ–

ကုန်းဘောင်
မုဆိုးဘို
ရတနာသိင်္ခ
ရန်ကြီးအောင်
ရွှေဘို

ဟူ၍ ဖြစ်ကြ၏။ ကုန်းဘောင်ဟူသည် မုဆိုးဘိုမြို့၏ အရှေ့ဘက်၌ ပုဂံခေတ် အလောင်းစည်သူမင်းလက်ထက်က စီရင်ခဲ့သော ကုန်းဘောင်ရိုးကြီး တောင်မြောက်တန်းလျက် ရှိနေသောကြောင့် ခေါ်ဝေါ်ကြောင်း လက်ဝဲ နော်ရထာ၏ "အရေးတော်ပုံ ရာဇဝင်" ကျမ်းက ဆိုပါသည်။ နောင်တွင် ယင်းကုန်းဘောင်မြို့မှ စတင်ခဲ့သော အလောင်းမင်းတရား မင်းဆက်အုပ်စိုးရာ ခေတ်ကြီး တစ်ခုလုံးကို ကုန်းဘောင်ခေတ်ဟုပင် ခေါ်ဝေါ်ကြလေသည်။ ရတနာသိင်္ခမြို့တော်၌ တံခါး (၁၀)ခု ပါရှိသည်။

အရှေ့ – ဣန္ဒာ၊ ဆင်ဖြူ၊ သူဇာ
အနောက် – ဇေယျာ၊ ကရဝိတ်၊ ရန်ကြီးအောင်
တောင် – ကုန်းဘောင်၊ ရန်နိုမ်
မြောက် – လိုင်သာ၊ မုံအာ

တို့ဖြစ်ကြသည်။ နန်းတော်တွင်း၌မူ အဆောင် ၁၈ဆောင်၊ တိုက် ၂တိုက်ရှိ၏။ အလောင်းမင်းတရားသည် နန်းတော်ကို သစ်လုံးရေ (၆၇၈)လုံးဖြင့် ခမ်းနား ထည်ဝါစွာ တည်ဆောက်ခဲ့သော်လည်း ယင်းနန်းတော်ကို ၁၇၅၂ခုနှစ်မှ ၁၇၆၄ ခုနှစ် အထိ ၁၂နှစ်သာ အသုံးပြုခဲ့လေသည်။

## အင်းဝမြို့သိမ်းတိုက်ပွဲ

အင်းဝမြို့အောက်ဘက်ရှိ လောင်သာအရပ်၌ ၁၇၅၃ခုနှစ်၊ ဒီဇင်ဘာ လဆန်းတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲမှာ အင်းဝမြို့တော်ကို သိမ်းပိုက်နိုင်ရန်



ထိုးစစ်ဆင်ခဲ့သည့် အကြိုတိုက်ပွဲ တစ်ပွဲပင် ဖြစ်ပါသည်။ ယင်းတိုက်ပွဲတွင် ပါဝင်စစ်မှုထမ်းခဲ့ကြသည့် တပ်မှူးများမှာ–

ကောင်း၊ ဦး၊ သေနတ်ဝန်
ကျော်မှတ်၊ ဦး၊ ရဲစက်တံခွန်
တွန်၊ ဦး၊ မုဆိုးချုပ်ဗိုလ်
ဗညားဥပရာဇာ၊ တောင်ငူရာဇာ၏ အမှုထမ်းဟောင်း
မြတ်သူ၊ ဦး၊ မင်းကျော်တန်ဆောင်

တို့ဖြစ်ကြသည်။ အစီအစဉ်အရ သေနတ်ဝန် ဦးကောင်းက ချင်းတွင်းမြစ် ဆုံသို့ ဦးစွာ ချီတက်ခဲ့ပြီး မူးဝဋ္ဌ ဗိုလ်တွန် အုပ်ချုပ်သောတပ် (၄)တပ်နှင့် ပေါင်းစည်းကာ လောင်သာရှိ မွန်စစ်သူကြီး ငွေကခန်ဝန်၊ စစ်တောင်းဗိုလ်၊ လက်ျာဗိုလ်တို့ကို တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ တိုက်ပွဲမှာ ပြင်းထန်လွန်း လှပြီး မွန်တို့ အင်းဝမြို့တွင်းသို့ ဆုတ်ခွာလွတ်မြောက်ခဲ့သည်။ မြန်မာတပ်မှ တပ်မှူးဗိုလ်ကျော်မှတ် ကျဆုံးခဲ့၏။

လောင်သာမှ ဆုတ်ခွာလာသော မွန်များ အင်းဝတပ်တွင်း ဝင်မိ သည်နှင့် အင်းဝမြို့ မြောက်ဘက်လေသာနှင့်မာန်အောင်တံခါးများမှ မြန်မာ တပ်တို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးပမ်းခဲ့သည်။ မြို့တွင်းရှိ မွန်တပ်က မြို့ရိုးပေါ်မှ သေနတ်ဖြင့် ပစ်ခတ်နေသဖြင့် ရုတ်တရက် မထိုးဖောက်နိုင်ဘဲ ရှိ၏။ ထိုစဉ် မွန်မြင်းတပ်သည် အရှေ့ဘက် အောင်ထွန်းတံခါးမှထွက်ကာ မြောက်မျက်နှာသို့ ကွေ့ဝိုက် ညှပ်ပိတ်ကာ တိုက်ခိုက်တော့၏။ သို့ဖြင့် သေနတ်ဝန်ဦးကောင်း၏ တပ်များ မြစ်ဆုံသို့ ပြန်လည် ဆုတ်ခွာရသည်။ ဤတွင် အင်းဝမြို့တော်တွင်းမှ မွန်တို့နှင့် ပူးပေါင်းမည် ဖြစ်ကြောင်း မွန် ဘာသာစကားဖြင့် ပြောဆိုခဲ့သူ တပ်မှူးဗညားဥပရာဇာအား သစ္စာဖောက် ဖျက်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စီရင်လုပ်ကြံခဲ့သည်။

အခြေအနေအရပ်ရပ်ကို အလောင်းမင်းတရား ကြားသိရသောအခါ ရတနာသိင်္ခမြို့တော်မှ သား မြေဒူးမင်းသား အုပ်ချုပ်သည့် အင်အား လေးထောင်ရှိတပ်ကို အင်းဝသို့ စေလွှတ်ခဲ့၏။ ကြည်းကြောင်းချီတပ် များသည် မြစ်ဆုံရှိ သေနတ်ဝန်ဦးကောင်း၏တပ်နှင့် ပူးပေါင်းကာ ၁၇ ဒီဇင်ဘာ ၁၇၅၃ ခုနှစ်တွင် အင်းဝသို့ ဆက်လက်ဦးတည် ချီတက်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြက်ယက်၊ သေနတ်ဝန် ၏။ ထို့နောက် မြေဒူးမင်းသားသည် ဦးကောင်းသည် ဆင်တဲစသည်ဖြင့် အင်းဝမြို့ကို ဝန်းရံတပ်စွဲကာ မြို့အနီး သို့ တစ်စစ ချဉ်းကပ်ခဲ့ကြသည်။ သို့သော် မြို့တွင်းရှိ မွန်အင်အားစုသည် ၂၃ ဒီဇင်ဘာ ၁၇၅၃ ခုနှစ်တွင် မြို့တော်တောင်ဘက် ကျော်ဘုံဝင်းမနား တံခါးမှ တစ်ညဥ့်လုံး ထွက်ပြေး လွတ်မြောက်ခဲ့ကြသဖြင့် မြန်မာတပ်များ အင်းဝကို အလွယ်တကူသိမ်းပိုက်နိုင်ခဲ့၏။

အင်းဝမြို့တွင်း၌ မြို့စောင့်တပ်များ ချထားလိုက်ပြီးနောက် ရတနာ သိင်္ခရှိ မင်းတရားထံသို့ အကြောင်းစုံတင်ပြလျှောက်ထားရာ ၂၉ ဒီဇင်ဘာ ၁၇၅၃ ခုနှစ်တွင် အလောင်းမင်းတရားကိုယ်တိုင် ရတနာသိင်္ခမြို့တော်မှ အင်းဝသို့ ထွက်ခွာခဲ့၏။ ၃ ဇန်နဝါရီ ၁၇၅၄ ခုနှစ် တွင် အလောင်းမင်း တရားကြီး သာစည်တံခါးမှ ဝင်ရောက်ကာ အင်းဝမြို့တော်ကို သိမ်း ပိုက်ကြောင်း ကြေညာလေသည်။

## မြန်ပြည်တစ်ခွင်စည်းရုံးရေးခရီးစဉ်

အလောင်းမင်းတရားသည် အင်းဝကို သိမ်းပိုက်ပြီးသည်နှင့် တစ်ပြိုင် နက် ဗိုလ်မှူးဦးညွန့်အား မြို့စောင့်တာဝန် ပေးအပ်ကာ နိုင်ငံတစ်ဝှမ်း စည်းရုံးသိမ်းသွင်းရန် ခရီးစဉ် စတင်တော့၏။ ၁၅ ဖေဖော်ဝါရီ ၁၇၅၄ ခုနှစ်တွင် ဆင်ဘို မုန်ကင်းသို့ ချီတက်သည်။ ယင်းနေ့၌ပင် မင်းရွာစခန်းတွင် ဆားလင်းကုန်းဗိုလ်မှတဆင့် ဆက်သသော ဆင်ဖြူကို လက်ခံရယူသည်။

ကသာမြို့မှ ထွက်ခွာလာပြီးနောက် ၁၁ မတ် ၁၇၅၄ ခုနှစ်တွင် ကသာအထက်စခန်း၌ မိုးမိတ်စော်ဘွားနှင့် ဗန်းမော်စော်ဘွားတို့ လာရောက် တွေ့ဆုံကြသည်။ ၁၆ မတ် ၁၇၅၄ ခုနှစ်တွင် ယင်းစော်ဘွားနှစ်ဦးကို ရွှေပေါကျွန်းဘုရားရင်ပြင်၌ သစ္စာခံစေခဲ့၏။ အလောင်းမင်းတရား ဆင်ဘိုသို့ ရောက်ရှိသောအခါ မိုးညှင်း၊ မိုးကောင်း ဒေသများသို့ ကြိုတင်စေလွှတ် သိမ်းသွင်းစေခဲ့သူ သေနတ်ဝန် ဦးကောင်းနှင့် မိဖုရားခေါင်၏မောင် ဦးအို တို့အား ပြန်လည်ခေါ်ယူခဲ့သည်။ ထို့နောက် မြောက်ဘက်တစ်လွှား ကချင် တောင်တန်းဒေသများအား ငြိမ်ဝပ်အေးချမ်းစေခဲ့ပြီး အလောင်းမင်းတရား နေပြည်တော်သို့ ပြန်လာခဲ့၏။



၂ ဇွန် ၁၇၅၄ခုနှစ်တွင် မြေလတ်ဒေသ ပင်း၊ မဲထီးနယ်သို့ ချီတက် သွားရောက်ပြန်သည်။ ယင်းသို့ သွားရောက်ရာတွင် အလောင်းမင်းတရား နှင့်အတူ သေနတ်ဝန် ဦးကောင်းနှင့် အရှေ့ဝင်းမှူး ဦးညို သူတို့ လိုက်ပါ ခဲ့ကြ၏။ အလောင်းမင်းတရားသည် ပင်းမြို့တွင် ယခင် အင်းဝဘုရင်၏ အမှုထမ်းဟောင်း မြို့ဝန်လက်ဝဲသီဟကျော်ကို သစ္စာခံစေခဲ့သည်။ မြို့ဝန် လက်ဝဲသီဟကျော်နှင့် မြို့ရွာ အုပ်ချုပ်သူအပေါင်းတို့ကလည်း အလောင်းမင်း တရားကို ထောက်ခံခဲ့ကြ၏။ မင်းတရားသည် မဲထီးရွာသူကြီး ဦးမြတ်ကို ပင်းမြို့သူကြီးအရာသို့ တိုးမြှင့်ခန့်ထားခဲ့သည်။ ဦးမြတ်သည် အင်းဝ ဘုရင် မဟာဓမ္မရာဇာဓိပတိ၏ညီတော် အိမ်ရှေ့မင်းသားသတိုးမင်းခေါင်နှင့် ကျောက်ပန်းတောင်း ရှင်မကြီးတို့မှ ဖွားမြင်သူဖြစ်၏။ အလောင်းမင်းတရား သည် နန်းကျဘုရင်၏အမျိုးအနွယ်များအား သင့်တင့်လျောက်ပတ်သော ရာထူးများဖြင့် ဆက်လက်ချီးမြှောက်ခဲ့ခြင်း ဖြစ်ပေသည်။ အလောင်းမင်းတရား သည် ပင်းမြို့ကို ဗဟိုပြုလျက် ပုဂံ၊ ညောင်ဦး၊ ငသရောက် နယ်မြေများမှ မြို့ရွာအကြီးအကဲများကို ဆင့်ခေါ်သစ္စာပေးခဲ့၏။ ထို့နောက် ရတနာသိင်္ခသို့ ပြန်လည်ရောက်ရှိကာ မပြီးဆုံးသော နန်းမြို့တော် တည်ဆောက်ရေးလုပ်ငန်း များကို ဆက်လက်ဦးစီး လုပ်ကိုင်ခဲ့လေသည်။

၂၅ ဩဂုတ် ၁၇၅၄ ခုနှစ်တွင် ယောဒေသ ထီလင်းနယ်သို့ သေနတ်ဝန် ဦးကောင်းကို စေလွှတ် သိမ်းသွင်းစေခဲ့ပြန်သည်။ ထီးလင်း စော်ဘွားဟောင်းကို ဆက်ခံသူ ညီ ဦးကျဲသည် အလောင်းမင်းတရား နန်းတက်ကြောင်း ကြားသိသော်လည်း လာရောက်ဆက်သွယ် သစ္စာ ခံယူခြင်း မရှိပေ။ သို့ဖြင့် အလာင်းမင်းတရားက သေနတ်ဝန်ဦးကောင်း အား ထီးလင်းစော်ဘွားဦးကျဲရှိရာ သစ်ခေါက်တပ်သို့ စေလွှတ် နှိမ်နင်း စေခဲ့၏။ ၂၁ စက်တင်ဘာ ၁၇၅၄ ခုနှစ်တွင် သေနတ်ဝန်၏တပ်များ သစ်ခေါက်တပ်ကို အောင်မြင်ကာ ယောနယ်တစ်ခုလုံးကို စည်းရုံး သိမ်းသွင်း နိုင်ခဲ့၏။

၂ ဇန်နဝါရီ ၁၇၅၅ ခုနှစ်တွင် အလောင်းမင်းတရား မြန်မာနိုင်ငံ တောင်ပိုင်းခရီးစဉ်ကို စတင်သည်။ လိုက်ပါသော တပ်များမှာ-

www.burmeseclassic.com

www.burmeseclassic.com



ကြည်း
ကလေးစော်ဘွား
ထီးလင်းစော်ဘွား
နန္ဒစည်သူ၊ ဆားလင်းကုန်းမိုလ်
ဗန်းမော်စော်ဘွား
မိုးကောင်းစော်ဘွား
မိုးညှင်းစော်ဘွား
မိုးမိတ်စော်ဘွား
သောင်သွပ်စော်ဘွား
ရေ
ဒီပဲယင်းမင်းသား
နေမျိုးနန္ဒမိတ်
နန္ဒကျော်ထင်၊ ဆင်နင်းမိုလ် (ဦးကျော်စံ)
ဗလကျော်ခေါင်၊ ယင်းတောမိုလ်
မင်းကျော်စည်သူ(ဦးရွှေရည်)
မင်းကျော်တန်ဆောင်
မင်းရဲကျော်စွာ (ဦးအို)
မင်းရဲစည်သူ(ဦးနဲ)
မင်းလှမင်းခေါင် (ဦးတွန်)
မင်းလှသီရိ
မြေဒူးမင်းသား
သတိုးသိခ်သူ(ဦးရွှေကြူ)
တို့ဖြစ်ပါသည်။

ပြည်မြို့သို့ ရောက်ရှိစဉ် ဗညားဒလ၏ မွန်တပ်နှင့်တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၆ ဖေဖော်ဝါရီ ၁၇၅၅ ခုနှစ် ဆံတော်ရှင် တပ်တိုက်ပွဲတွင် မိဖုရားကြီး၏မောင် ဦးအို ကျဆုံးသွားပါသည်။ တိုက်ပွဲပြီးစီးအောင်မြင်၍ ဆက်လက် စုန်ဆင်းကြရာတွင် ၄ မှတ် ၁၇၅၅ ခုနှစ်၌ လွန်ဆေးမြို့ကို မြန်အောင်ဟု ခေါ်ဝေါ်သမှတ်လျက် ဦးကလေးဆိုသူကို မြို့သူကြီးရာထူး ပေးအပ်ခဲ့သည်။ ထို့နောက်



ကနောင်၊ ခနဲဖြူ စသည့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသများအား စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။

## မြို့တော်ရန်ကုန်

အလောင်းမင်းတရား စည်းရုံးရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ ဧရာဝတီမြစ်ကြောင်း တစ်လျှောက် စုန်ဆင်းလာခဲ့ရာ ၁၇ ဧပြီ ၁၇၅၅ ခုနှစ်တွင် ဒဂုန်မြို့ဟောင်းသို့ ရောက်ရှိလာပါသည်။ မြို့ဟောင်း၏ အနောက်ဘက် မိုင်ဝက်ခန့်အကွာတွင် ယာယီနန်းစံလျက် ၂ မေ ၁၇၅၅ ခုနှစ်တွင် ရန်ကုန်မြို့သစ်ကို တည်ဆောက် လေသည်။ ထိုစဉ်က ရန်ကုန်မြို့၏ အကျယ်အဝန်းမှာ နှစ်မိုင်ပတ်လည်ခန့်သာဖြစ်ပါသည်။ ယနေ့ခေတ် အမှတ် အသားဖြင့် ဆိုပါလျှင် မြောက်ဘက်တွင် ဆူးလေဘုရား၊ တောင်ဘက်တွင် ရန်ကုန်မြစ်၊ အရှေ့ဘက်တွင် ကုန်သည် လမ်းနှင့် သိမ်ဖြူလမ်းဆုံဝန်းကျင်၊ အနောက်ဘက်တွင် လမ်း (၃၀)ခန့်အထိ ဖြစ်သည်။

အလောင်းမင်းတရားသည် ရန်ကုန်ဟု အမည်ပေးခဲ့သည့် ယင်းမြို့တော်ကို မြို့အင်္ဂါရပ်များနှင့်အညီ ခုနစ်ရက်အတွင်း တည်ဆောက် စေခဲ့ခြင်းဖြစ်၏။ မြို့၏ အရပ်လေးမျက်နှာတွင် မြို့ရိုး ကျုံးတို့ဖြင့် ဝိုင်းပတ်ထားသည်။ မြို့တံခါးများမှာ တောင်ဘက်တွင် သုံးပေါက်၊ မြောက်ဘက်တွင် နှစ်ပေါက်၊ အနောက်ဘက်တွင် တစ်ပေါက်၊ အရှေ့ဘက်တွင် နှစ်ပေါက် အသီးသီး ရှိပါသည်။ အမည်သိရှိရသော တံခါးအချို့မှာ

မသာတံခါး
ဝန်ကြီးတံခါး
အနောက်တံခါး
အရှေ့တံခါး

တို့ဖြစ်ကြ၏။

ရန်ကုန်မြို့တွင် မြို့ဝန်အိမ်၊ ရုံးတော်နှင့် အကောက်ရုံးတို့ကိုလည်း ထားရှိပါသည်။ မြို့ဝန်အိမ်သည် ယနေ့ခေတ် အမြင်အားဖြင့် ဆိမ်းကမ်းသာလမ်းနှင့် မိုလ်အောင်ကျော်လမ်း ကြားရှိ ကုန်သည်လမ်းနေရာနှံ့တွင် ဖြစ်၏။ ရုံးတော်မှာ မြို့ဝန်အိမ်၏တောင်ဘက်တွင် ရှိပါသည်။ အကောက်

www.burmeseclassic.com

www.burmeseclassic.com



ရုံးမှာမူ ယခု မဟာဗန္ဓုလပန်းခြံလမ်း တရားရုံးချုပ်၏ တောင်ဘက် ရန်ကုန်မြစ်နှင့် မလှမ်းမကမ်း နေရာတွင် တည်ရှိသည်။

အလောင်းမင်းတရားသည် ရန်ကုန်မြို့တွင် အုပ်ချုပ်ရေးအရာရှိများ ခန့်ထားရာ၌ အောက်ပါပုဂ္ဂိုလ်များမှာ ပထမဆုံးအုပ်ချုပ်ရေးအဖွဲ့ဝင်များ ဖြစ်ကြ၏။

| | |
|---|---|
| ဇေယနန္ဒ | -မြို့ဝန် |
| သီဟနန္ဒကျော် | -ရေဝန် |
| သီရိဘင်္ဂလွန် | -အကောက်ဝန် |
| ဗလဝေဠုနှင့်လက်ျာနန္ဒ | -အခွန်ဝန် |
| သီဟရာဇကျော်နှင့်ရွှေတောင်ဒေဝ | -စစ်ကဲ |
| ဥဒိန်နန္ဒနှင့်လက်ယာဂုမ္ဘဏ် | -နာခံ |
| ကမ္ဘသိန်းစည်း | -တိုက်စိုး |

တို့ဖြစ်၏။

အလောင်းမင်းတရား၏ ရန်ကုန်မြို့သည် စင်စစ်အားဖြင့် အများ မှတ်ယူကြသကဲ့သို့ ရန်အပေါင်း ကုန်ဆုံးခြင်း ( End of Strife) ဟူသော အဓိပ္ပာယ်ဖြင့် ယင်းအမည်ကို မှည့်ခေါ်ခဲ့ခြင်းမဟုတ်ပေ။ ရန်ကုန်ကို ဗဟို ပြုလျက် မွန်ဒေသ တစ်ခုလုံးကို စည်းရုံးသိမ်းသွင်းနိုင်ရန် ရည်ရွယ်၍ ဤကဲ့သို့ အမည်ပေးခဲ့ခြင် ဖြစ်ပါသည်။ အလောင်းမင်းတရား ရန်ကုန်မြို့ကို တည်ထောင်ချိန်၌ပင် မြို့၏ အရှေ့ဘက် တာမွေတွင် မွန်အင်အားစုများ ရှိနေသကဲ့သို့ တောင်ဘက် ရန်ကုန်မြစ်တစ်ဘက်ကမ်း သံလျင်၌လည်း မွန်တို့ အလုံးအရင်းဖြင့် စစ်ရေး ပြင်ဆင်နေချိန် ဖြစ်ပါသည်။

အလောင်းမင်းတရား ရန်ကုန်၌ ရှိနေစဉ်အတွင်း ၁၈ မေ ၁၇၅၅ ခုနှစ်၌ မွန်တို့၏ တာမွေခံတပ်ကို တိုက်ခိုက် အောင်မြင်ခဲ့သည်။ တစ်ဖန် ရန်ကုန်မြို့နှင့် မလှမ်းမကမ်းရှိ ဘောင်နင်း မလစ်မွန်တပ်ကိုလည်း ၂၇ မေ ၁၇၅၅ ခုနှစ်တွင် တိုက်ခိုက်အောင်မြင်ပြန်၏။ ၁ ဇွန် ၁၇၅၅ ခုနှစ်တွင် ဒလကို သိမ်းပိုက်နိုင်ခဲ့ပြီးနောက် အလောင်းမင်းတရား ရန်ကုန်မြို့တော်မှ ရတနာသိင်္ဃသို့ ပြန်သွားလေသည်။



## သံလျင်တိုက်ပွဲ

အလောင်းမင်းတရားသည် ၄ ဖေဖော်ဝါရီ ၁၇၅၆ ခုနှစ်တွင် ဟံသာဝတီရှိ မွန်အင်အားစုကို အပြီးတိုင် ချေမှုန်းတိုက်ခိုက်ရန်အတွက် ရန်ကုန်သို့ ဒုတိယအကြိမ် စုန်ဆင်းခဲ့ပြန်၏။ ဤအကြိမ်တွင် ဘုရင့် တပ်မတော်ကို ညီဖြစ်သူ ဦးရွှေကြူက အုပ်ချုပ်ကာ ကြည်းကြောင်းမှ လည်းကောင်း၊ သား ဖြစ်သူ မြေဒူးမင်းသားက ရေကြောင်းမှလည်းကောင်း၊ စုစုပေါင်း စစ်သည် အင်အား သုံးသောင်းကျော် လိုက်ပါခဲ့လေသည်။ ရန်ကုန်သို့ ရောက်သည်နှင့် ၉ ဧပြီ ၁၇၅၆ ခုနှစ်တွင် သေနတ်ဝန် ဦးကောင်းကို သံလျင်မြို့အနီးသို့ လည်းကောင်း၊ ၂၅ ဧပြီ ၁၇၅၆ ခုနှစ်တွင် မိုလ်တွန်ကို ပဲခူးဟံသာဝတီသို့ လည်းကောင်း စေလွှတ် တပ်စွဲစေကာ မွန်ဒေသတစ်ခုလုံး စည်းရုံးသိမ်းသွင်း နိုင်ရန် အသင့်ပြင်တော့၏။

သံလျင်အကြိုတိုက်ပွဲအဖြစ် ဒေါပုံတပ်ကို ၁၉ မေ ၁၇၅၆ ခုနှစ်တွင် အောင်နိုင်ခဲ့သည်။ ဒေါပုံတပ် ကျဆုံးသည်နှင့် အလောင်းမင်းတရား၏ တပ်များ သံလျင်ကို ဝန်းရံ တိုက်ခိုက်တော့၏။ မြို့၏အရှေ့နှင့်တောင် မျက်နှာမှ မိုလ်တွန်၊ သေနတ်ဝန်ဦးကောင်းတို့၏တပ်များ အရံသင့် နေရာ ယူကြသည်။ ဟံသာဝတီမှ သံလျင်သို့ ရိက္ခာပေးပို့သည့် ဘော့ချောင်းဝကို ပိတ်ဆို့ထားကြသည်။ ထို့နောက် မြို့ရိုးအနောက်ဘက်နှင့် မြောက်ဘက်ရှိ ဗညားဒလ၏ မွန်ရေတပ်ကို တိုက်ခိုက်ရန် စီစဉ်လေသည်။ မြန်မာ တပ်မတော်မှ သွားရောက်တိုက်ခိုက်သည့် တပ်မှူးများမှာ

- စက္ကယောဓါ
- တုရင်သီဒ္ဓိ
- ပဏ္ဍိကျော်ထင်
- ရဲစက်ကျော်ခေါင်
- လက်ယာသီရိ
- သမြင်တုံမိုလ်
- သူရဥဒိန်
- ဣန္ဒကျော်သူ

တို့ ဖြစ်ကြလေသည်။ တပ်မှူးများသည် မွန်ရေတပ်သင်္ဘောများအား

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ဖျက်ဆီးနေစဉ်တွင် ကြည်းတပ်က မြို့တွင်းသို့ဝင်ရောက်နိုင်ရန် အကြိမ်ကြိမ် ချဉ်းကပ်၏။ မွန်တပ်ကလည်း မြို့ရိုးထိပ်မှ အမြောက်သေနတ်များဖြင့် မရပ်မနား ပစ်ခတ်လေသည်။ သံလျင်မြို့တွင်းသို့ ရိက္ခာ လာရောက်ပေးပို့သည့် စစ်သူကြီးဒလပန်းနှင့် ဈေးငယ်ဗိုလ်တို့ကိုလည်း ဗိုလ်တွန်၏ တပ်များက ဆီးကြိုတိုက်ခိုက်ခဲ့ရာ လှေများပစ်၍ ကမ်းသို့ တက်ပြေး လွတ်မြောက်သွားကြ၏။

သံလျင်မြို့တွင်းမှ ဗညားဒလနှင့် မွန်တပ်မှူးများသည် ရိက္ခာပြဿနာကို ကြိုတင်စဉ်းစားမိကြကာ ဝါတွင်းကာလအတွင်း စစ်မက်ရပ်နားကြရန် မေတ္တာရပ်ခံလေသည်။ သို့သော် ပရိယာယ်ကို ရိပ်စားမိသည့် အလောင်းမင်းတရားသည် ၁၃ ဇူလိုင် ၁၇၅၆ ခုနှစ်တွင် သံလျက်စွန်းသို့ ကိုယ်တိုင်သွားရောက်ကြီးကြပ်ကာ သံလျင်ကို တိုက်ခိုက်စေခဲ့၏။ မြန်မာတပ်မတော်သည် သံလျင်မြို့ကို သိမ်းပိုက်နိုင်ရန်အတွက် အစွမ်းကုန်ကြိုးစားတိုက်ခိုက်ခဲ့ကြ၏။ ၁၄ ဇူလိုင် ၁၇၅၆ခုနှစ်တွင် သံလျင်တိုက်ပွဲ၌ သေနတ်ဝန် မဟာသေနာပတိဘွဲ့ခံ ဦးကောင်း သေနတ်ထိမှန် ကျဆုံးသွားပါသည်။ သေနတ်ဝန်၏တပ်ကို ရှေ့ဝင်းမှူး ဦးညိုသူနှင့် ဦးပန်းညိုတို့အား ဆက်လက်ကြီးကြပ်အုပ်ချုပ်စေခဲ့၏။

ထို့နောက် အလောင်းမင်းတရားသည် ရန်ကုန်သို့ ပြန်သွားကာ သံလျင်မြို့ကို ထိုးဖောက်ရန် စစ်ဗျူဟာ တစ်ရပ်ကို စီစဉ်တော့၏။ ဦးစွာ တပ်မတော်အသီးသီးမှာ လက်ရွေးစင်တပ်သား (၉၃)ဦးကို ရွေးချယ် လိုက်သည်။ ထို့နောက် ၁၅ ဇူလိုင် ၁၇၅၆ ခုနှစ်တွင် စစ်ဝတ်တန်ဆာ အပြည့်အစုံဖြင့် သံလျင်သို့ ချီတက်တိုက်ခိုက်စေလေသည်။ မြို့ရိုးထိပ်ရှိ မွန်တပ်က ခုခံတိုက်ခိုက်သော်လည်း မွန်တို့ ရှုံးနိမ့်ခဲ့ရပြီး လက်ရွေးစင်စစ်သည်များ မြို့တွင်းသို့ ရောက်ရှိသွား၏။ ဗညားဒလမှာ သံလျင်မြို့ ရှမ်းတံခါးမှ ထွက်ပြေး လွတ်မြောက်သွားလေသည်။ ဤသို့ဖြင့် ၂၆ ဇူလိုင် ၁၇၅၆ ခုနှစ်တွင် သံလျင်မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။

သံလျင်တိုက်ပွဲတွင် ရွတ်ရွတ်ချွံချွံတိုက်ခိုက်ခဲ့ကြသည့် လက်ရွေးစင်သူရဲကောင်း အစုဝင်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။



| | |
|---|---|
| ကုလား၊ ဦး | ၁ |
| ချစ်မြ၊ ဦး၊ အဖွဲ့ | ၁၆ |
| ညိုခဲ၊ ဦး၊ အဖွဲ့ | ၁၆ |
| ထွေး၊ ဦး၊ အဖွဲ့ | ၂ |
| နီ၊ ဦး၊ အဖွဲ့ | ၃ |
| ပန်းပင်၊ ဦး၊ အဖွဲ့ | ၆ |
| ပိုက်၊ ဦး၊ အဖွဲ့ | ၁၁ |
| မြတ်၊ ဦး၊ အဖွဲ့ | ၇ |
| မွေး၊ ဦး၊ | ၁ |
| ရာထွန်း၊ ဦး၊ အဖွဲ့ | ၂ |
| ရွှေရည်၊ ဦး | ၁ |
| လုံး၊ ဦး၊ အဖွဲ့ | ၈ |
| ဝေရကျော်သူအဖွဲ့ | ၁၄ |
| ဦး၊ ဦး၊ အဖွဲ့ | ၃ |
| ဦး၊ ဦး | ၁ |
| | ၉၃ |

အလောင်းမင်းတရားသံလျင်ကို သိမ်းပိုက်မိသည်နှင့် မွန်တပ်များက ကမာပီအရပ်သို့ ဆုတ်ခွာသွားကြ၏။ မြန်မာတပ်များသည် ကမာပီခံတပ်ကို ဆက်လက်နှိမ်နင်းရာ ၈ အောက်တိုဘာ ၁၇၅၆ ခုနှစ်တွင် အနိုင်ရရှိလေသည်။ သို့ဖြင့် တစ်စစ ဆုတ်ခွာသွားသော မွန်တပ်ကို တိုက်ခိုက်ရာမှ ၁၂ မေ ၁၇၅၇ ခုနှစ်တွင် မွန်တို့၏ မြို့တော် ပဲခူး ဟံသာဝတီကိုပင် သိမ်းပိုက်နိုင်ခဲ့၏။

## မဏိပူရသို့

အင်းဝ နောက်ဆုံးဘုရင် မဟာဓမ္မရာဇာဓိပတိ လက်ထက် ခရစ်နှစ် ၁၇၄၉ ခုနှစ်ခန့်တွင် မြန်မာမင်း ပိုင်နက် မဏိပူရဒေသရှိ စော်ဘွားများ အချင်းချင်း မသင့်မတင့် ဖြစ်ခဲ့ကြ၏။ အလောင်းမင်းတရားလက်ထက်

www.burmeseclassic.com

www.burmeseclassic.com



၁၇၅၃ ခုနှစ်တွင်လည်း စော်ဘွား ဂျရစ်နဝါ (Gharib Nawaz) နှင့် သျှမ်သျှား (Sham Shah)တို့ ထီးနန်းလုခဲ့သဖြင့် နေပြည်တော်သို့ ဆင့်ခေါ်ခံခဲ့ရသည်။ ၎င်းတို့နှစ်ဦး အလောင်းမင်းတရား၏ အဆုံးအဖြတ် ခံယူရန်သွားရောက် ရာမှ အပြန်လမ်းခရီးတွင် ဂျရစ်နဝါ၏ သားဖြစ်သူ အဂျစ်ရှား (Ajit Shah)က လုပ်ကြံကာ နန်းတက်ရန် ကြံစည်လေသည်။ တဖန် အဂျစ်ရှားကို ၎င်း၏ညီဖြစ်သူ ဘဟာရက်ရှား( Bharat Shah)က နန်းချ၍ မဏိပူရထီးနန်းကို သိမ်းပိုက်ပြန်၏။ ဘဟာရက်ရှား နှစ်နှစ်ခန့်အုပ်စိုးပြီး ကွယ်လွန်သောအခါ ဂေါရည့်ျ (Gour Shah)ကို မှူးမတ်တို့က ထီးနန်း အပ်နှင်းခဲ့ကြသည်။

အလောင်းမင်းတရားသည် မဏိပူရထီးနန်းပြဿနာကို ဖြေရှင်းရန် ၁၂ နိုဝင်ဘာ ၁၇၅၈ ခုနှစ်တွင် မဏိပူရသို့ စစ်ချီခဲ့၏။ မြန်မာတပ်မတော်သည် နတ်ကျွန်း အောင်မြေ စခန်းမှ မြစ်အနောက်ဘက်ကူး၍ ကျိန်းနောစစ်ကြောင်းဖြင့် စစ်ချီလျက် ကက်စိန်တောင်သို့ ရောက်လျှင် အလောင်းမင်းတရားက ကြေညာချက်တစ်စောင် ထုတ်ပြန်လေသည်။ ယင်းကြေညာချက် အမိန့်တော်တွင်

> "...အထက် ကသည်းစော်ဘွားပြုဘူးသူ ဆနာဟံ ညီဇင်းကွဲတာပ်နန်းကကျ၍ ငါ့အထံသို့ ရောက်လာသဖြင့် သူကောင်းပြုမည်ကြံသည်အတွင်း ကံမမီ၊ သေလွန်သည်ကို တစ်ပြည်နှင့် တစ်ပြည်ရောက်လာသည့် သူကောင်းအမျိုးအနွယ်ဖြစ်၍ ရွှေတလားနှင့် ထီးဖြူအုပ်၍ ငါကိုယ်တိုင် သင်္ဂြိုဟ်တော်မူသည်။ ငါတို့မင်းဇကရာဇ်တို့သဘောသည် ရန်သူစစ်စစ် ဖြစ်လင့်ကစား ရန်ငြိုးမထား၊ ရန်တုန့်မမူ၊ ရန်သူမမှတ်၊ ကျင့်မြဲမွေတာ ဖြစ်သည်။ စော်ဘွား အညွှံမခံ၊ သတ္တဝါတို့ စည်းစိမ်အသက်ကိုမရှု၊ စစ်ပြိုင်မည်လော..."

ဟူ၍ ဖော်ပြပါရှိ၏။

ကျိန်းနောတောင်ထိပ် ကျောက်ထရံလမ်းကျဉ်း၌ ဂေါရည့်ျဦးစီးသည့်ကသည်းတပ်များက အသင့်စောင့်ကြို တိုက်ခိုက်ကြသည်။ မြန်မာဘက်မှ ဣန္ဒပျံချီနှင့် ဒိဗ္ဗပျံချီတို့ ရွတ်ရွတ်ချွံချွံ တိုက်ခိုက်ခဲ့ကြ၏။ ယင်းတိုက်ပွဲတွင် ဂေါရည့်ျ ခြေထောက်ကျိုးသွားသဖြင့် ညီဂျေဆင်း (Jai Singh) ခေါ် ရူပရာဇာက ဆက်လက်ဦးစီး တိုက်ပွဲဝင်ခဲ့သည်။ ထို့နောက် မြန်မာတို့က



ဆက်လက် တိုက်ခိုက်ရာ ၁၂ ဇန်နဝါရီ ၁၇၅၉ ခုနှစ်တွင် မဏိပူရမြို့တော်ကို သိမ်းပိုက် နိုင်ခဲ့လေသည်။ အလောင်းမင်းတရားသည် မဏိပူရမြို့လယ်တွင် အထိမ်းအမှတ်ကျောက်တိုင်ကို စိုက်ထူခဲ့၏။ ထို့နောက် မဏိပူရတွင် စန္ဒရော်မော်နီကို စော်ဘွားရာထူး ပေးအပ်ကာ နေပြည်တော်သို့ ပြန်ခဲ့ကြသည်။

## ဟိုင်းကြီးကျွန်းအရေး

ပုသိမ်မြို့ ငဝန်မြစ်ဝရှိ ဟိုင်းကြီးကျွန်းပေါ်တွင် အင်္ဂလိပ် အရှေ့အိန္ဒိယ ကုမ္ပဏီအခြေစိုက်စခန်းကို ၁၇၅၂ ခုနှစ်ကပင် စတင်ဖွင့်လှစ်ခဲ့၏။ ထိုစဉ်က အလောင်းမင်းတရားသည် မွန်တို့နှင့် စတင်စစ်ဖြစ်ပွားနေချိန်ဖြစ်သည်။ ကုမ္ပဏီကိုယ်စားလှယ် သောမတ်စ်တေလာ (Thomas Taylor) သည် ၁၅ စက်တင်ဘာ ၁၇၅၂ ခုနှစ်တွင် ဟံသာဝတီအင်အားစုခေါင်းဆောင် ဥပရာဇာနှင့် တွေ့ဆုံလျက် ကူးသန်းရောင်းဝယ်ရေးစာချုပ်မူကြမ်း တစ်စောင်ကို ချုပ်ဆိုခဲ့သည်။ ထိုအချိန်မှစ၍ ဟိုင်းကြီးကျွန်း အခြေစိုက် စခန်းတွင် ဗြိတိသျှအရာရှိ အဆက်ဆက်အုပ်ချုပ်ခဲ့ကြသည်။
၎င်းတို့မှာ–

- ဒေးဗစ်ဟန့်တား (David Hunter) ၁၇၅၃
- ဟင်နရီဘရွတ် (Henry Brooke) ၁၇၅၃–၅၆
- ကပ္ပတိန်ဂျွန်ဟိုး (Capt. John Howes) ၁၇၅၆
- သောမတ်စ်နယူးတန် (Thomas Newton) ၁၇၅၆–၁၇၅၉
- ဟုပ် (Hope) ၁၇၆၀

တို့ဖြစ်ကြ၏။

၁၇၅၃ ခုနှစ် ဒေးဗစ်ဟန့်တားလက်ထက်တွင် ဟိုင်းကြီးကျွန်းပေါ်၌ အလုပ်ရုံတစ်ရုံ တည်ဆောက်ခဲ့သေး၏။ သို့သော် ဟန့်တားသည်။ အလုပ်ရုံမပြီးစီးမီ ၂၄ ဒီဇင်ဘာ ၁၇၅၃ ခုနှစ် တွင် ဖျားနာကွယ်လွန်သွားပါသည်။ ဟင်နရီဘရွတ် ဟိုင်းကြီးကျွန်းကို အုပ်ချုပ်စဉ်ကာလ၌မူ မွန်မြန်မာ စစ်ပွဲများပြင်းထန်စွာ ဖြစ်ပွားလျက်ရှိပါသည်။ အလောင်းမင်းတရားသည် ဟိုင်းကြီးကျွန်းတွင် ဗြိတိသျှ အခြေစိုက်စခန်းတစ်ခု ဖွင့်လှစ်ထားကြောင်းကို ၁၇၅၅ ခုနှစ် မတ်လအတွင်း အောက်မြန်မာနိုင်ငံသို့ စုန်ဆင်းချိန်မှသာ သိရှိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ဟင်နရီဘရွတ်ကစေလွှတ်သည့် ဂျော့ဘေကာ ( George Baker) ဆိုသူ ပုသိမ်သို့ ရောက်ရှိနေကြောင်း ပုသိမ်မြို့ သူကြီးက မင်းတရားအား လျှောက်ထားခဲ့သည်။

၂၈ ဖေဖော်ဝါရီ ၁၇၅၆ ခုနှစ်တွင် ဟင်နရီဘရွတ်ကို ကပ္ပတိန်ဂျွန်ဟိုးက ဆက်ခံခဲ့၏။ သို့သော် ဂျွန်ဟိုးသည် ဟိုင်းကြီးကျွန်းသို့ ရောက်ရှိလာပြီးနောက် မကြာမီ ကွယ်လွန်သွားသဖြင့် သောမတ်စ်နယူတန်က အုပ်ချုပ်ရေးတာဝန် ဆက်လက်ယူခဲ့ရပြန်၏။ သောမတ်စ်နယူတန် လက်ထက်တွင် ရန်သူ မွန်တပ်အား စစ်ကူမပေးရန်နှင့် မိမိတို့အား စစ်လက်နက် ထောက်ပံ့ပေးရန် အလောင်း မင်းတရားက အမိန့်ထုတ်ပြန်ခဲ့၏။ သို့သော် ဗြိတိသျှတို့သည် လိုက်နာခြင်းမရှိဘဲ ဟံသာဝတီသားတို့အား အကူအညီပေးခဲ့လေသည်။ အလောင်းမင်းတရား သံလျင်မြို့ကို သိမ်းပိုက်ပြီးနောက် သံလျင်သို့ ရောက်ရှိလာသည့် အင်္ဂလိပ်သင်္ဘောတစ်စင်းပေါ်တွင် အမြောက်ကြီး သုံးလက်၊ အမြောက်လတ် ၃၅ လက်၊ သေနတ် ၁၃၀၀၊ ယမ်းမှုန့် ၃၅ စည်၊ အမြောက်ငယ်ကျည်ဆံ ၃၀၀၀၊ လုံ့စွပ်သေနတ် ၃၀၀ တို့ကို သိမ်းဆည်း ရရှိခဲ့သည်။

သောမတ်စ်နယူတန်သည် မွန်တို့အား စစ်ကူပေးခဲ့သည့်အတွက် အန္တရာယ်ကို ကြိုတင်သိမြင်ခဲ့ဟန်တူ၏။ ၄ ဇန်နဝါရီ ၁၇၅၉ ခုနှစ်တွင် ဟိုင်းကြီးကျွန်း၌ လုံခြုံရေး အစောင့် တပ်ပေးပို့ချထားရန် ဘင်္ဂလားအစိုးရသို့ တင်ပြခဲ့သည်။ သို့သော် ၁၇၅၉ ခုနှစ် စက်တင်ဘာလအတွင်း နယူတန်၏ အုပ်ချုပ်ရေး တာဝန်ကုန်ဆုံးချိန်အထိ အစောင့်တပ်များ ရောက်ရှိလာခြင်း မရှိပေ။ ထို့နောက် နယူတန်ကို "ဟုပ်"က ဆက်ခံခဲ့၏။ ဟုပ်အကြီးအကဲ ရာထူးရရှိချိန်၌ ဟံသာဝတီသားတို့ အလောင်းမင်းတရားအား တော်လှန်ပုန်ကန်ရန် ကြိုးပမ်းအားထုတ်ခဲ့ပြန်၏။ ထိုစဉ်က ဟိုင်းကြီးကျွန်း ဗြိတိသျှ အခြေစိုက်စခန်းသည် ရန်သူမွန်တပ်တို့ကို စစ်ရေးအကူအညီ များစွာ ပေးခဲ့လေသည်။

ဤကဲ့သို့ဖြင့် အလောင်းမင်းတရားသည် ဟိုင်းကြီးကျွန်းရှိ ဗြိတိသျှ အခြေစိုက်စခန်းကို တိုက်ခိုက်ဖျက်ဆီးရန် အမိန့်ထုတ်ပြန်လိုက်၏။ သို့ဖြင့် မင်းရဲကောင်းပုံနှင့် ကလံပွား မြင်းစီးသိခ်နရာတို့သည် လက်ရွေးစင်တပ်သား



၂၀ဖြင့် ၆ အောက်တိုဘာ ၁၇၅၉ ခုနှစ်တွင် ဟိုင်းကြီးကျွန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့၏။ ထိုစဉ်က ညစာစားရန် စီစဉ်နေကြသည့် ဆောဘီ (Southby)၊ ဂျိန်းရောဘတ်ဆန် (James Robertson)၊ ဟုပ်(Hope)နှင့် ဘရစ်ချ် (Brigge)တို့မှာ သတ်ဖြတ်ခြင်းခံခဲ့ရကာ အဆောက်အအုံ အများစုမှာလည်း မီးရှို့ဖျက်ဆီးခံခဲ့ရလေသည်။

ဗြိတိသျှတို့သည် ဟိုင်းကြီးကျွန်းရှိ အလုပ်ရုံပျက် နံရံအနီး၌ ကျောက်စာရေးထိုး စိုက်ထူခဲ့ရာတွင် ခံတပ်နေအိမ် အပေါ်ထပ်၌ ညစာစားရန် စုဝေးနေစဉ် ရုတ်တရက် တိုက်ခိုက်ခံရပြီး မတရားအသတ်ခံကြရကြောင်း၊ အသက်မသေကျန်ရစ်သူ ၅ဦးကို ရန်ကုန်မြို့သို့ အကျဉ်းသားအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ မြန်မာပြည်တွင်းသို့ စွန့်စားကုန်သွယ်မှုတွင် ရှေ့ဆောင်လမ်းခင်းသူများအဖြစ် ပါဝင်ခဲ့သော ဖော်ပြပါ ဗြိတိသျှအရာရှိနှင့် တပ်သားများအား သတိရအထိမ်းအမှတ်အဖြစ် ဤကျောက်စာတိုင်ကို စိုက်ထူပါကြောင်း စသည်ဖြင့် ရေးထိုးထားပေသည်။ အလောင်းမင်းတရားနှင့် သဘောတူချုပ်ဆိုခဲ့သည့် စာချုပ်ကို ချိုးဖောက်လျက် ရန်သူတပ်များအား စစ်ကူပေးခဲ့ခြင်းကိုမူ ဖော်ပြထားခြင်း မရှိပေ။

## ယိုးဒယားစစ်

အလောင်းမင်းတရား မဏိပူရသို့ စစ်ချီစဉ် အောက်မြန်မာနိုင်ငံ၌ ပုန်ကန်မှုတစ်ရပ် ဖြစ်ပွားခဲ့၏။ ယင်း ပုန်ကန်မှုကြောင့် ရန်ကုန်မြို့ဝန် ဦးရွှေရည်ပင် ဟင်္သာတမြို့သို့ ဆုတ်ခွာခဲ့ရသည်။ တော်လှန်ပုန်ကန်စဉ် အတွင်း ထားဝယ် မြို့စားသည် ယိုးဒယားနိုင်ငံအားကိုးဖြင့် မြန်မာဘုရင် အလောင်းမင်းတရား ပိုင်ဆိုင်သည့် သင်္ဘောတော်ကို တနင်္သာရီကမ်းခြေသို့ ယူဆောင်သွားခဲ့၏။ သို့ဖြင့် ၁၉ ဇူလိုင် ၁၇၅၉ ခုနှစ်တွင် အလောင်းမင်းတရား၏တပ်များ အောက်မြန်မာနိုင်ငံသို့ စစ်ချီလေသည်။

ကြည်းကြောင်းချီတပ်တွင် ပါဝင်သော တပ်မှူးများမှာ
ကလေးစော်ဘွား
ညောင်ရွှေစော်ဘွား
တိန်ညင်စော်ဘွား

www.burmeseclassic.com

www.burmeseclassic.com



ထီးလင်းစော်ဘွား

ဗန်းမော်စော်ဘွား

မိုးကောင်းစော်ဘွား

မိုးညှင်းစော်ဘွား

မိုးနဲစော်ဘွား

မိုးဗြဲစော်ဘွား

မိုးမိတ်စော်ဘွား

သီပေါစော်ဘွား

သောင်သွပ်စော်ဘွား

တို့ဖြစ်ကြ၏။ ရေကြောင်းချီတပ်များတွင်မူ ရှေ့ချီ (၁၀)တပ်ကို မြေဒူး မင်းသားအုပ်ချုပ်၍လည်းကောင်း၊ နောက်ချီ (၂၄)တပ်ကို ဗိုလ်တွန် အုပ်ချုပ်၍လည်းကောင်း လိုက်ပါလာသည်။

အလောင်းမင်းတရား၏ တပ်ပေါင်းစုသည် ရန်ကုန်သို့ ၂၁ ဒီဇင်ဘာ ၁၇၅၉ ခုနှစ်တွင် ရောက်ရှိခဲ့ကြသည်။ ထို့နောက် ဟံသာဝတီ၊ စစ်တောင်း၊ ဇင်းကျိုက်မှ မုတ္တမသို့ ချီတက်ကြ၏။ မုတ္တမတွင် တော်လှန်ပုန်ကန်ရန် ကြံစည်သော မွန်မြို့စောင့်တပ်မှူး “ဒေါ်ဖွယ်ယစက်” ကို စီရင် ကွပ်မျက်သည်။ ၄ ဇန်နဝါရီ ၁၇၆၀ ပြည့်နှစ်တွင် မုတ္တမမှ ထားဝယ်သို့ ချီတက်ထွက်ခွာသည်။ ထိုစဉ် ထားဝယ်သို့ ရောက်ရှိနေပြီဖြစ်သည့် ရှေ့ဦးချီတပ်မှူးသိခ်စက်နှင့် သီဟပျံထင်တို့ကို တနင်္သာရီစားထံမှ ဘုရင့်လေတော် ပြန်လည် ပေးအပ်ရန် စာကို သွားရောက် ပေးပို့စေခဲ့၏။ ထားဝယ်စစ်ကြောင်းမှ စတင်ကာ တပ်မတော်ကို ရွှေတိုက်ဝန်မင်း လုရာဇာက ဦးစီးအုပ်ချုပ်ပါသည်။

မြန်မာတပ်များသည် မြိတ်၊ တနင်္သာရီတို့မှ တစ်ဆင့် ယိုးဒယား နိုင်ငံ ကွီးမြို့သို့ ချီတက်ကြ၏။ ကွီးမြို့တွင် တိုက်ပွဲဖြစ်ပွားကာ မြန်မာတို့ အနိုင်ရရှိခဲ့၏။ ထို့နောက် ရတ်ဘူရီ(ရပ်ဘီး)၊ ဗန်ကျောက် (ယခုဗန်ကောက်)၊ သုဖန် ဘူရီ (သဖန်းပုံ)အရောက်ချီတက်တပ်စွဲကြ၏။ တာလန်ချောင်းအနီး သို့ ရောက်ရှိသောအခါ ယိုးဒယားတပ်များက ကူးမလာနိုင်စေရန် ပိတ်ဆို့ ထားကြလေသည်။ အလောင်းမင်းတရား၏တပ်များ ရှေ့ပြေးတပ်ကို မီလာ ပြီးနောက် တိုက်ပွဲ ဖြစ်ပွားခဲ့၏။ မြန်မာတို့ အောင်ပွဲခံကာ ၁၁ ဧပြီ ၁၇၆၀



ပြည့်နှစ်တွင် အယုဒ္ဓယမြို့တော်အနီးသို့ ရောက်ရှိလာ၏။

ယိုးဒယားဘုရင်သည် မြန်မာဘုရင် အလောင်းမင်းတရားထံ အမတ် သုံးဦးကိုစေလွှတ်ကာ ငြိမ်းချမ်းရေးအတွက် စကားကမ်းလှမ်းခဲ့၏။ သို့သော် အလောင်းမင်းတရားက လက်မခံခဲ့ပေ။ မကြာမီ အယုဒ္ဓယမြို့စောင့်တပ်နှင့် မြန်မာ ရှေ့ပြေးတပ်တို့ တိုက်ပွဲငယ်တစ်ခု ဖြစ်ပွားခဲ့သည်။ ဤတွင် အလောင်းမင်းတရား ကျန်းမာရေးအခြေအနေ ဆိုးဝါးလာမှုနှင့် သားတော် မြေဒူး မင်းသားနှင့် တပ်မှူးဗိုလ်တွန် တို့၏ လျှောက်ထားမှုတို့ကြောင့် ၁၇ ဧပြီ ၁၇၆၀ ခုနှစ်တွင် ယိုးဒယားစစ်ကို ရပ်ဆိုင်းကာ နေပြည်တော်သို့ ပြန်လာခဲ့ကြ၏။

## နတ်ရွာစံလွန်ခြင်း

အလောင်းမင်းတရား နတ်ရွာစံလွန်ခြင်းနှင့်ပတ်သက်၍ အမှတ်အသား ကွဲပြားနေပါသည်။ ယိုးဒယားမင်းသားကြီး ဓမ္မရောင်း( Prince Damrong) ၏ မှတ်တမ်းမှာမူ အခြား အမှတ်အသားများနှင့်မတူ တစ်မူထူးခြားနေ ပေသည်။ ယင်းမှတ်တမ်းအရ အလောင်းမင်းတရားနှင့်တပ်များ အယုဒ္ဓယ မြို့တော်ကို ရက်အတန်ကြာ ဝန်းရံထားကြပါသည်။ ထို့နောက် ယိုးဒယား နန်းတော်သို့ချိန်၍ အမြောက်ကြီးများဖြင့် ပစ်ခတ်ကြ၏။ တစ်နေ့တွင် မြန်မာများ အမြောက် ပစ်ခတ်ရာနေရာသို့ အလောင်းမင်းတရားကိုယ်တိုင် သွားရောက် အမိန့်ပေးခဲ့သည်။ ကိုယ်တိုင်လည်း စနက်တံကို မီးရှို့ပေးခဲ့ရာ ကံမကောင်းစွာပင် အမြောက်ကြီး ပွင့်ထွက် ပေါက်ကွဲသွားပါသည်။ အလောင်းမင်းတရားလည်း ဒဏ်ရာပြင်းထန်စွာ ရရှိသွားသဖြင့် မြန်မာတပ်များ ရုတ်တရက် ထွက်ခွာသွားပါသည်။ မင်းတရားကြီးသည် မဲလဖော်ကင်းစခန်းမှ ဆုတ်ခွာသွားရာ တာ့ခ်ရိုင်နယ်ခြား မရောက်မီ နတ်ရွာစံလွန်ပါသည်။ နတ်ရွာစံချိန်၌ အသက် ၄၆နှစ် ရှိပြီ ဖြစ်၏။

မြန်မာရာဇဝင်ကျမ်းများ၌မူ အလောင်းမင်းတရား၏ တပ်များ ပြန်လည်ဆုတ်ခွာလာကြရာ ၁၁ မေ ၁၇၆၀ခုနှစ် မုတ္တမနယ် “ကင်း” ရွာ အရောက်တွင် အလောင်းမင်းတရား နတ်ရွာစံလွန်ကြောင်းဆိုကြ၏။

www.burmeseclassic.com


www.burmeseclassic.com



## (၂) ဒီပဲယင်းမင်း

ဒီပဲယင်းမင်း၏အမည်ရင်းမှာ ဦးလောက် ဖြစ်ပါသည်။ ၁၀ ဩဂုတ် ၁၇၃၄ ခုနှစ်တွင် အလောင်းမင်းတရားနှင့် မိဖုရားခေါင် ခင်ယွန်းစံ တို့မှ ဖွားမြင်ခဲ့၏။

### မျိုးရိုးဆက်နွယ်




ဒီပဲယင်းမင်း၏ဖခင် အလောင်းမင်းတရား၏ မိဘများဘက်မှ မျိုးနွယ်ဆက်ကို အခန်း(၁) အလောင်းမင်းတရားကဏ္ဍတွင် ဖော်ပြခဲ့ပြီး



ဖြစ်ရာ ယခု ဒီပဲယင်းမင်းမှစ၍ ကျန် ကုန်းဘောင်မင်းများ၏ မျိုးရိုးဆက်နွယ်ကို အထူးသဖြင့် မိခင်ဘက်မှတော်စပ်သည့် ဆွေမျိုးစုများအား ဦးစားပေးဖော်ပြရေးသားသွားပါမည်။

ဒီပဲယင်းမင်း၏ မိခင်ဘက်မှ အဘိုးတော်စပ်သူ ဦးဖြိုးမှာ ၁၄၆၈ ခုနှစ်တွင် အင်းဝ၌ နန်းတက်သော ပြည်စုန်မင်း မဟာသီဟသူရ၏ အဆက်အနွယ်ဖြစ်သည်။ ပြည်စုန်မင်း၏ မြစ်တော်စပ်သူ မင်းနေဝန်းသည် မင်းပတ္တမြားနှင့် စုံဖက်ကာ ခင်မျိုးကြွယ်ကို ဖွားမြင်ပါသည်။ ခင်မျိုးကြွယ်သည် စည်သာမြို့စား သိုဟန်ဘွား(မင်းရဲစော) နှင့် လက်ဆက်ရာမှ သမီး ချစ်မရဲကို ဖွားမြင်၏။ ချစ်မရဲနှင့် ကြင်ရာတော်မင်းကြီးရွှေတို့၏ စတုတ္ထသမီး စောသာထွေးနှင့် ခင်ပွန်းမုဆိုးဘိုမြို့ အစီရင် သီရိသမန္တသူတို့မှာ မိခင်ဘက်မှတော်စပ်သည့် ဘိုးဘွားများ ဖြစ်ကြပေသည်။

### မွေးချင်းများ

ဒီပဲယင်းမင်းတွင် မွေးချင်းညီအစ်ကိုမောင်နှမ(၈)ဦးရှိပါသည်။

(၁) ဒီပဲယင်းမင်းသား-မောင်လောက်၊ ဘွဲ့-သီရိမဟာဓမ္မရာဇာ

(၂) မြေဒူးမင်းသား - မောင်ရွှ၊ ဘွဲ့-သီရိသုဓမ္မရာဇာ၊ ကုန်းဘောင် (၃)ဆက် မြောက်မင်း၊

(၃) ကန္နီမင်းသမီး-မယ်သာ၊ ဘွဲ့-သီရိမဟာမင်္ဂလာဒေဝီ၊ ၁၇၃၈ ခုနှစ်ဖွား။

(၄) အမြင့်မင်းသား-မောင်ပိုး၊ ဘွဲ့-သုဓမ္မရာဇာ၊ ၁၇၄၀ ခုနှစ် ဖွားမြင်ပြီး ၂၆ စက်တင်ဘာ ၁၇၇၇ ခုနှစ်တွင် လုပ်ကြံစီရင်ခံရ။

(၅) မင်းခင်းမင်းသမီး - မယ်မြတ်လှ၊ ဘွဲ့-သီရိမဟာရတနာဒေဝီ၊ ၁၇၄၂-ခုနှစ်တွင် ဖွားမြင်ပြီး ၁၇၈၈ ခုနှစ် နိုဝင်ဘာလတွင် ကွယ်လွန်။

(၆) ဗဒုံမင်းသား - မောင်ဝိုင်း၊ ဘွဲ့-သတိုးမင်းလှရွှေတောင်၊ ကုန်းဘောင် (၆)ဆက်မြောက်မင်း၊

(၇) စကုမင်းသမီး-မယ်အိမ်၊ ဘွဲ့-သီရိမင်္ဂလာရတနာဒေဝီ (၁၇၄၆-၁၇၆၇)

www.burmeseclassic.com

www.burmeseclassic.com



(၈) ပုခန်းမင်းသား–မောင်စိုး၊ ဘွဲ့–သတိုးမင်းလှမင်းရဲကျော်စွာ (၁၇၄၉–၁၈၀၂)

(၉) ပင်းတလဲမင်းသား– မောင်ဘိုးရှင်၊ ဘွဲ့–သတိုးမင်းလှမင်းရဲကျော်ထင်၊ ၁၇၅၄ ခုနှစ်တွင် ဖွားမြင်ပြီး ၁၇၈၅ ခုနှစ် ဇူလိုင်လတွင် လုပ်ကြံစီရင်ခံရ။

## ငယ်စဉ်ဘဝ

ဒီပဲယင်းမင်းသားသည် မွေးဖွားပြီး ခုနစ်ရက်မြောက် ပုခက်တင် မင်္ဂလာပြုစဉ် ကိုယ်ပေါ်တွင် ပိုးလောက်များတွယ်နေသဖြင့် 'မောင်လောက်' ဟု ငယ်မည်တွင်သည်ဆို၏။ သို့သော် ရာဇဝင်ကျမ်းအချို့၌ 'မောင်လှောက်' ဟူ၍သာ ရေးထုံးတွေ့ရှိရပါသည်။

ဒီပဲယင်းမင်းသားသည် ငယ်စဉ်ကပင် ဖခင်၏အားကိုးအားထား ပြုမှုကို ခံခဲ့ရပြီး အလောင်းမင်းတရားမင်းဖြစ်ချိန်၌ သတိုးဓမ္မရာဇာဘွဲ့ကို ရရှိခဲ့သည်။ (၁၇)နှစ်သားအရွယ်ကပင် ဖခင်နှင့်အတူ တိုက်ပွဲပေါင်းစုံကို ဆင်နွှဲ တိုက်ခိုက်ခဲ့သူဖြစ်သည်။ ထို့နောက် ၂၇ နှစ် ၁၇၅၄ ခုနှစ်တွင် သီရိသုဓမ္မရာဇာဘွဲ့ဖြင့် အိမ်ရှေ့နန်းလျာအဖြစ် ခန့်အပ်ခံခဲ့ရ၏။ အလောင်းမင်းတရား နတ်ရွာစံပြီးနောက် ၇ နှစ် ၁၇၆၀ ခုနှစ်တွင် ထီးနန်းဆက်ခံပါသည်။ မင်းဖြစ်ချိန်တွင် အသက်(၂၆)နှစ်ရှိပြီးဖြစ်ပြီး နန်းသက်(၃)နှစ်အကြာ၌ နတ်ရွာစံခဲ့၏။

ဒီပဲယင်းမင်းကို ရဲရင့်တည်ကြည်သူ၊ အမှုထမ်းအရာထမ်းတို့အပေါ် အရည်အသွေးအလိုက် ချီးမြှင့်မြှောက်စားတတ်သူ၊ လှူဒါန်းပေးကမ်းမှု ရက်ရောသူအဖြစ် မှတ်တမ်းပြုကြပါသည်။

## မိသားစုရေးရာ

ဒီပဲယင်းမင်း၏ မိဖုရားခေါင်မှာ မဟာမင်္ဂလာရတနာဒေဝီဘွဲ့ခံ ရှင်ဖြိုးဦးဖြစ်သည်။ ရှင်ဖြိုးဦးသည် ရွှေဘိုနယ် ယင်းတောရွာဇာတိဖြစ်ပြီး ဖခင်မှာယင်းတောဝန်ကြီးဖြစ်၏။

အခြားမိဖုရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မြောက်နန်း–အမည်ရင်း ရှင်ယွန်း၊ ဘွဲ့–မင်္ဂလာဒေဝီ၊ မဲထီးရွာစားဖြစ်ပြီး မင်းရွာမိုလ် မင်းလှပျံချီ၏နှမလည်းဖြစ်၊



ရှင်မှန်း၊ ကိုယ်လုပ်တော်–မြောက်ဘက်မြင်းဝန်သမီး၊ ဘွဲ့–သီတာဒေဝီ

ရှင်ရွှေပု၊ ကိုယ်လုပ်တော် – ကျောက်ဆည်ဝန်နေမျိုးကျော်ထင်တရဖျား သမီး၊ ဘွဲ့–ရာဇဒေဝီ၊

ရှင်ရွှေသား၊ ကိုယ်လုပ်တော်–မတ္တရာဆည်ဝန်ကျော်ခေါင် ကျော်သူ သမီး၊ ဘွဲ့–မလ္လာဒေဝီ။

အလယ်နန်း–အမည်ရင်း မင်းရွှေကြာ၊ ဘွဲ့–သီရိရတနာဒေဝီ၊ ဟံသာဝတီရောက်မင်း၏ သမီး ခဲပေါင်မြို့စား။

## သားသမီးများမှာ

ချင်းအိုးမောင်– မြောက်နန်းမှဖွားမြင်၊ ဗဒုံမင်းနန်းတက်စတွင် ထောင်တွင်း၌ကွယ်လွန်၊

မောင်မောင်– ဖောင်ကားစား၊ မိဖုရားခေါင်မှဖွားမြင်၊ ကုန်းဘောင် (၅)ဆက်မြောက်ဘုရင်ဖြစ်လာ၊

မယ်ဘွား– အလယ်နန်းမှဖွားမြင်၊ ဘွဲ့–သီရိနန္ဒာဝတီ၊ ချောင်းဆုံကြီး ရွာစားဖြစ်၊ ကြင်ရာတော်မှာ ဖောင်ကားစားမောင်မောင်တို့ ဖြစ်ကြပါသည်။

ဒီပဲယင်းမင်းနှင့် မိဖုရားခေါင်တို့မှ ဖွားမြင်သူ ဖောင်ကားစား မောင်မောင်မှာ ကုန်းဘောင် မင်းဆက်၏ (၅)ဆက်မြောက်ဘုရင်ဖြစ်ပါ၏။ မိဖုရားခေါင် ရှင်ဖြိုးဦး၌ 'ဦးဝန်'ဆိုသူ မောင်တစ်ဦးရှိရာ ဟံလင်းကျောင်း ဒကာသမီး ရှင်ရောင်နှင့်စုံဖက်ကာ သမီးဒေါ်စုကိုဖွားမြင်ပါသည်။ ဒေါ်စုနှင့် မုတ္တမမင်းကြီး၏အစ်ကို ပြည်လုံးယူလှေတော်မှူး ဦးရ တို့လက်ဆက်ကာ အမရပူရမြို့ဝန် ဦးရောက်ကြီးကိုဖွားမြင်၏။

## ထီးနန်းအရိုက်အရာ

ဒီပဲယင်းမင်းသည် ၂၉ မတ် ၁၇၆၃ ခုနှစ်တွင် ညီမြေဒူးမင်းသား သီရိဓမ္မရာဇာကို အိမ်ရှေ့ဥပရာဇာရာထူးပေးအပ်ကာ ထီးနန်းအရိုက်အရာ

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့၏။ ဤသည်မှာ ဖခင် အလောင်းမင်းတရားချမှတ်ခဲ့သည့် ထီးနန်းဆက်ခံရေးမူဝါဒကို အတိအကျလိုက်နာခဲ့ခြင်းဖြစ်ပေသည်။

## မင်းခေါင်နော်ရထာ၏ပုန်ကန်မှု

ဒီပဲယင်းမင်းနန်းတက်စဉ်ပင် မင်းခေါင်နော်ရထာ၏ ပုန်ကန်မှုဖြစ်ပွားခဲ့သည်။ မင်းခေါင်နော်ရထာသည် အလောင်းမင်းတရား၏ မြင်းရည်တက်သူရဲကောင်း(၆၈)ဦးအဝင် မုဆိုးချုံဗိုလ် ဗိုလ်တွန်ဟု ထင်ရှားသူဖြစ်သည်။ ၁၇၁၇ ခုနှစ်ခန့်တွင် ရွှေဘိုမြို့အနီး မုဆိုးချုံရွာ၌ဖွားမြင်ခဲ့သူဖြစ်၏။ အလောင်းမင်းတရား၏ တတိယမြန်မာနိုင်ငံပြန်လည်ထူထောင်ရေး စစ်ပွဲများတွင် အကြိမ်ကြိမ် ပါဝင် ဆင်နွှဲခဲ့ပြီး မင်းလှရွှေတောင်၊ မင်းလှမင်းခေါင်၊ မင်းလှနော်ရထာဘွဲ့များ ရရှိခဲ့သည်။ ၁၇၅၆ ခုနှစ် သံလျင်တိုက်ပွဲနှင့် ၁၇၅၉ ခုနှစ် ယိုးဒယားစစ်ပွဲများကို ဗိုလ်တွန် ကိုယ်တိုင်ဦးစီးတိုက်ခိုက်ခဲ့ရ၏။

မင်းခေါင်နော်ရထာ၏ ပုန်ကန်မှုမှာ ၁ ဒီဇင်ဘာ ၁၇၅၃ခုနှစ်တွင် အလောင်းမင်းတရားက ဂုဏ္ဍာအိန်ကိုသွားရောက်တိုက်ခိုက်ရန် တပ်များစေလွှတ်ခြင်းမှ အစပျိုးခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဘုရင့်တပ်မတော်တွင် သားဒီပဲယင်းမင်းသား (အိမ်ရှေ့မင်း)၏တပ်များနှင့်အတူ ဗိုလ်တွန်၏ တပ်လည်း လိုက်ပါခဲ့ရသည်။ ရှမ်းတောင်တန်းတစ်နေရာတွင် မြန်မာတပ်မှာ ချုံခိုတိုက်ခိုက်ခြင်းခံရ၍ စစ်သည်အများအပြား ကျဆုံးခဲ့၏။ ထိုစဉ် အိမ်ရှေ့မင်းသားသည် ဗိုလ်တွန်၏တပ်အား အရှေ့မှကာဆီးတိုက်ခိုက်ရန် အမိန့်ပေးညွှန်ကြားခဲ့သည်။ သို့သော် ဗိုလ်တွန်က တိုက်ခိုက်ခြင်း မပြုရုံမျှမက အခြားတစ်နေရာသို့ပင် ရှောင်ထွက်သွားလေသည်။ သို့ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသောအခါ အိမ်ရှေ့မင်း၏တိုင်ကြားချက်အရ ဗိုလ်တွန်မှာ သံခြေချင်းခတ် အကျဉ်းချထားခြင်းခံခဲ့ရ၏။ ဗိုလ်တွန်သည် ထိုစဉ်ကပင် ဒီပဲယင်းမင်းသားအပေါ် အငြိုးထားခဲ့သည် ဆိုပါသည်။

၁၇၅၉ ခုနှစ် ယိုးဒယားမှတပ်ပြန်လည်ဆုတ်ခွာစဉ် မင်းခေါင်နော်ရထာ၏တပ်မှာ တာဝန်အရ နောက်ချန်၍ ခံစစ်ဖြင့်ဆုတ်ခွာခဲ့ရ၏။ ဤသည်ကိုပင် ပုန်ကန်ရန်အကြံအစည်ဖြင့် တမင်နှောင့်နှေးစွာချီတက်နေသည်ဟု မြေဒူးမင်းသားက ယူဆကာ ရိက္ခာဖြတ်တောက်ခဲ့သည့်အပြင် အစ်ကို ဒီပဲယင်းမင်းကိုလည်း တိုင်ကြားခဲ့သည်။ သို့ဖြင့် မင်းခေါင်နော်ရထာသည်



နေပြည်တော်သို့ တိုက်ရိုက်မပြန်တော့ဘဲ တောင်ငူသို့ဆက်လက်ချီတက်ကာ ပုန်ကန်ခြားနားရန် ပြင်ဆင်တော့၏။ တောင်ငူရှိ ဘထွေးတော် သတိုးသိန်ခ်သူနှင့် ဗလမင်းထင်တို့က ဗိုလ်တွန်ကို ဖမ်းဆီးရန် ကြိုးပမ်းသော်လည်း မအောင်မြင်ခဲ့ပေ။ ၂၈ ဇွန် ၁၇၆၀ ခုနှစ်တွင် မင်းခေါင် နော်ရထာ၏တပ်များ အင်းဝကို သိမ်းပိုက်လိုက်သည်။ အင်းဝမြို့ဝန်ရာဇမွှေသည် ထွက်ပြေးလွတ်မြောက်သွားပြီး မြန်မာဘုရင်လက်အောက်ခံ ပြင်သစ်စစ်ဗိုလ်'လီဗင်'မှာမူ ကျဆုံးခဲ့၏။

မြန်မာတပ်သည် အင်းဝကို ရက်အတန်ကြာဝန်းရံထားသော်လည်း သိမ်းပိုက်နိုင်ခဲ့ခြင်း မရှိပေ။ မြို့တွင်းရှိ ဗိုလ်တွန်၏တပ်များသည်လည်း တစ်စတစ်စ ရိက္ခာပြတ်တောက်ကာ ၇ ဒီဇင်ဘာ ၁၇၆၀ ခုနှစ်ညတွင်မြို့ကို ဖောက်ထွက်ခဲ့ကြ၏။ ပန်းလောင်မြစ်တစ်ဖက်ကမ်း အရောက်တွင် မက္ခရာဗိုလ် သီရိရွှေတောင်၏တပ် လိုက်လံတိုက်ခိုက်ရာမှ ကျောက်ဆည်နယ် ဝက်လဲတောင်အနီးတွင် သေနတ်ထိမှန်ကာ မင်းခေါင်နော်ရထာကျဆုံးသွားပါသည်။

## သတိုးသိန်ခ်သူအရေး

သတိုးသိန်ခ်သူ၏ အမည်ရင်းမှာ ဦးရွှေကြူဖြစ်ပါသည်။ အလောင်းမင်းတရား၏ညီ တစ်ဦးဖြစ်သောကြောင့် ဒီပဲယင်းမင်းက 'ဘထွေးတော်'ဟု ခေါ်ဆိုပါသည်။ ဒီပဲယင်းမင်း နန်းတက်စ ၂၈ ဧပြီ ၁၇၆၁ ခုနှစ်တွင် တောင်ငူမြို့စားသတိုးသိန်ခ်သူက ဒီပဲယင်းမင်းကို တော်လှန်ပုန်ကန်ခဲ့၏။ သတိုးသိန်ခ်သူသည် တောင်ငူအနီးဝန်းကျင်တွင် လက်နက်လူသူတို့ကို စနစ်တကျ စုရုံးသိမ်းသွင်းထားလေသည်။

၂၅ စက်တင်ဘာ ၁၇၆၁ ခုနှစ်တွင် ဒီပဲယင်းမင်းကိုယ်တိုင် လိုက်ပါလျက် ကြည်းတပ်၊ ရေတပ်စုံညီစွာဖြင့် တောင်ငူသို့ချီတက်ခဲ့ကြ၏။ စစ်သူကြီးဒလပန်းနှင့် ဗညားကျော်တို့ကလည်း တောင်ငူစား သတိုးသိန်ခ်သူကို စစ်ကူပေးရန် စစ်တောင်းမြို့သို့ချီတက်ခဲ့ကြသည်။ သို့သော် အင်အားကြီးမားလှသော ဘုရင့်တပ်မတော်သည် တော်လှန်ပုန်ကန်သူများအားလုံးကို ချေမှုန်းတိုက်ခိုက်နိုင်ခဲ့လေသည်။ ၃ ဖေဖော်ဝါရီ ၁၇၆၂ ခုနှစ်တွင် တောင်ငူကို ပြန်လည် သိမ်းယူကာ သတိုးသိန်ခ်သူကို ဖမ်းဆီးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒီပဲယင်းမင်းသည် ဘထွေးတော်ကို အပြစ်မှခွင့်လွှတ်ကာ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်၍ သီတင်းသီလဆောက်တည်နေစေခဲ့၏။ စင်စစ်အားဖြင့် သတိုးသိခ်သူအရေးမှာ မထူးခြားလှသည့် ပဒေသရာဇ်ခေတ် နန်းတွင်းပုန်ကန်မှု တစ်ခုသာ ဖြစ်ပေသည်။

## ဇင်းမယ်စစ်ကြောင်း

ဒီပဲယင်းမင်းသည် ဘထွေးတော် တောင်ငူမြို့စား၏ တော်လှန်ပုန်ကန်မှုပြီးဆုံးသည်နှင့် ဇင်းမယ်ဒေသကို သွားရောက်တိုက်ခိုက်ရန် စီစဉ်တော့၏။ မွန်စစ်သူကြီးဒလပန်းသည် နှစ်အတန်ကြာ ပျောက်ဆုံးနေပြီး ဇင်းမယ်ဘုရင်ထံ၌ ဝင်ရောက် အမှုထမ်းနေကြောင်း သိရှိရသဖြင့် ယင်းသို့ စစ်ချီရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ဟန် တူပေသည်။

ရေကြောင်းချီတပ်တွင် အောက်ပါဗိုလ်(၅)ဦးအုပ်ချုပ်သည့် တပ်များ ပါဝင်ပါသည်။

ခေါသန္တီဗိုလ် ငရနဲဗိုလ်
စည်ပုတ္တရာဗိုလ် ထန်းတပင်ဗိုလ်
လမိုင်းဝန်ဗိုလ်

တို့ဖြစ်ကြသည်။ ယင်းတပ်များသည် ဒလပန်းရှိရာ မုတ္တ-မြို့အရှေ့ဘက် ကော့ကွန်းဒေသကို သိမ်းပိုက်ခဲ့ပြီး စစ်သူကြီးဒလပန်းနှင့်မိသားစုကိုလည်း ဖမ်းဆီးခေါ်ဆောင်လာနိုင်ခဲ့၏။ ဒီပဲယင်းမင်းသည် စစ်သူကြီးဒလပန်းအား အပြစ်မှခွင့်လွှတ်ပြီး အမှုတော်ထမ်းစေခဲ့သည်။ ဇင်းမယ်ကြောင်းချီရေတပ် အပြင် အခြားကြည်းတပ်မှချီတက်သူ နေမျိုးလက်ဝဲကျော်၊ အဘယ ဂါမဏိနှင့် မင်းလှသီရိတို့၏တပ်များမှာမူ မူလရည်ရွယ်ရင်းဖြစ်သည့်အတိုင်း ဇင်းမယ်မြို့တော်သို့ ဆက်လက်ချီတက်ခဲ့ကြပြီး ဒီပဲယင်းမင်းနတ်ရွာမစံမီလပိုင်း အလို ၂၄ ဩဂုတ် ၁၇၆၃ ခုနှစ်တွင် ဇင်းမယ်အားသိမ်းပိုက်နိုင်ခဲ့သည်။

## နတ်ရွာစံလွန်ခြင်း

ဒီပဲယင်းမင်းသည် နန်းစံ(၃)နှစ်အကြာ ၂၂ နိုဝင်ဘာ ၁၇၆၃ ခုနှစ်တွင် နတ်ရွာစံလွန်ပါသည်။ နတ်ရွာစံချိန်၌ အသက် ၂၉နှစ်ရှိပြီဖြစ်၏။



# (၃) မြေဒူးမင်း

မြေဒူးမင်း၏အမည်ရင်းမှာ ဦးရှုဖြစ်သည်။ ၁၉ ဩဂုတ် ၁၇၃၆ ခုနှစ်တွင် အလောင်းမင်းတရားနှင့် မိဖုရားခေါင် ခင်ယွန်းစံတို့မှ ဖွားမြင်ခဲ့၏။

## မျိုးရိုးဆက်နွယ်

မုဆိုးဘိုစမြင်းကြီး — သီရိသမန္တသူ + စောသာထွေး
? — (သား) ဘုမ္မသာရ + (သမီး) စောလှမျိုး
(သား) ထွန်းဦး — (သမီး) မယ်ညက် + ဦးမြိုး — (သမီး) မယ်ဘက်
(သမီး) ခင်ယွန်းစံ
အလောင်းမင်းတရား + ခင်ယွန်းစံ
(သား) မြေဒူးမင်း

မြေဒူးမင်း၏မယ်တော်ခင်ယွန်းစံ၏ မိခင်ဒေါ်ညက်တွင် မောင်နှမ သုံးဦးရှိရာ ဦးထွန်းဦး၊ ဒေါ်ညက်နှင့် ဒေါ်ဘက်တို့ဖြစ်ကြသည်။ ဒေါ်ညက်၏ ခမိုးမှာ မုဆိုးဘိုစမြင်းကြီးဖြစ်ပြီး အမည်ကိုမသိရပါ။ ၎င်းစမြင်းကြီး၏သား ဘုမ္မ သာရသည် ဖခင်၏အရိုက်အရာကို ဆက်ခံသူဖြစ်ပြီး ဘုမ္မသာရနှင့် စောလှ မျိုးတို့၏ သားဖြစ်သူ ဦးထွန်းဦးသည်လည်း သီရိသမန္တရာဇာဘွဲ့ခံ မုဆိုးဘို စမြင်း ဖြစ်သည်။ ‘စမြင်း’ဟူသည် မြို့ရွာအုပ်ချုပ်ရေးဆိုင်ရာ ရာထူးတစ်ခု ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## မွေးချင်းများ

မြေဒူးမင်းသည် အလောင်းမင်းတရားနှင့် မိဖုရားခေါင်ခင်ယွန်းစံတို့မှ ဖွားမြင်သည့် မွေးချင်း(၉)ဦးအနက် ဒုတိယသားဖြစ်သည်။ ညီအစ်ကိုမောင်နှမများမှာ ဒီပဲယင်းမင်းသား မောင်လှောက်၊ မြေဒူးမင်းသား မောင်ရွှေ၊ ကနီမင်းသမီး မယ်သာ၊ အမြင့်မင်းသား မောင်ပိုး၊ မင်းခင်းမင်းသမီး မယ်မြတ်လှ၊ ဗဒုံမင်းသား မောင်ဝိုင်း၊ စကုမင်းသမီးမယ်အိမ်၊ ပခန်း မင်းသား မောင်စိုး၊ ပင်းတလဲမင်းသား မောင်ဘိုးရှင်တို့ဖြစ်ကြသည်။

## ဘဝဖြစ်စဉ်အကျဉ်း

မြေဒူးမင်းသားကို မွေးဖွားစက 'မောင်ရွှေ'ဟု အမည်ပေးခဲ့သည်။ မင်းသား၏ဘွဲ့မည်မှာ သီရိသုဓမ္မရာဇာ ဖြစ်သည်။ မြေဒူးမင်းသားသည် ငယ်စဉ်ကာလကပင် ဖခင် အလောင်းမင်းတရားနှင့်အတူ တိုက်ပွဲများစွာ ဆင်နွှဲခဲ့သူဖြစ်၏။ စစ်မက်လိုလားသူဖြစ် သည်ဟု ဆိုကြသည်။ အသက်(၂၇)နှစ်အရွယ်တွင် အိမ်ရှေ့ဥပရာဇာ ရာထူး ခန့်အပ်ခံခဲ့ရကာ မကြာမီကုန်းဘောင်မင်းဆက်၏ တတိယမြောက် ဘုရင်ဖြစ်လာ၏။ နန်းစံကာလမှာ (၁၃)နှစ်ဖြစ်ပါသည်။ ထီးနန်းစိုးစံစဉ်အတွင်း မကွေးမြို့မှ ဆင်ဖြူတစ်ကောင်ရရှိသဖြင့် ဆင်ဖြူရှင်ဘွဲ့ခံယူခဲ့သည်။

မြေဒူးမင်းသား၏ အသွင်အပြင်ကို အမှတ်အသားမတွေ့ရသော်လည်း ၁၇၇၄ ခုနှစ် တွင် ရွှေတိဂုံစေတီတော်သို့ ကိုယ်အလေးချိန်နှင့်ညီမျှသော ရွှေစင် ၄၇ပိဿာ ၃၅ကျပ်သားကို လှူဒါန်းခဲ့သဖြင့် ကိုယ်အလေးချိန် ၁၇၀ပေါင် ၇.၃၆အောင်စ ရှိကြောင်း သိရှိရသည်။

## မိသားစုရေးရာ

မြေဒူးမင်း၏ မိဖုရားခေါင်မှာ သီရိအတုလမဟာပဒုမ္မာဒေဝီဘွဲ့ခံ ဒေါ်လှ ဖြစ်သည်။ ဒေါ်လှကို ရွှေဘိုမြို့ဝန် ဦးမြင့်နှင့် မယ်နှိုင်းစံတို့မှ ၁၇၃၄ ခုနှစ်တွင် ဖွားမြင်ပါသည်။ မိဖုရားခေါင်သည် ၁၄ နှစ် ၁၈၁၀ ခုနှစ်တွင် ကွယ်လွန်ခဲ့၏။



အခြားထင်ရှားသော မိဖုရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မင်္ဂလာဒေဝီ- အမည်ရင်းရှင်မင်း၊ ဟံသာဝတီရောက်မင်းလက်ထက် ဝန်ကြီးသတိုးသီရိ၏ သမီး

မင်းရွှေပွင့်-သံလျင်မြို့စား၊ ဟံသာဝတီရောက်မင်း၏ သမီးဖြစ်ပြီး မြေဒူးမင်းနန်းမတက်မီ ကွယ်လွန်

မြောက်နန်း-အမည်ရင်း မင်းရွှေဥ၊ ဘွဲ့-ထွန်းချာဒေဝီ၊ သရက်မြို့စားဖြစ်ပြီး ၁၈၀၆ ခုနှစ်တွင် ကွယ်လွန်

မြို့သာ-ဘွဲ့-မဟာသီရိအတုလဒေဝီ၊ လွန်တောင်းစား၏ သမီး

ရတနာဒေဝီ-အမည်ရင်း မင်းထိပ်ပန်း၊ ဟံသာဝတီရောက်မင်းနှင့်မိဖုရားတို့မှ ၁၇၃၀ခုနှစ်တွင် ဖွားမြင်၊ ဧချင်းဘွဲ့ခံဖြစ်ပြီး ၁၇၈၃ ခုနှစ်တွင် ကွယ်လွန်

ရှင်မင်းလှ၊ ကိုယ်လုပ်တော်-အဆောင်မြဦးကျိုင်း၏ သမီး၊ ပခန်းကြီးမြို့စားဇာတိ

ရှင်မင်းအောင်၊ ကိုယ်လုပ်တော်-သူရဲဝန်ကျော်ထင်သီဟသူ သမီး

ရှင်ရွှေဥ၊ ကိုယ်လုပ်တော်- ဝန်းကျင်ဝန်သီရိကျော်သူ သမီး

သီရိပဒုမ္မဝတီ- သီပေါစော်ဘွားသမီး

သီရိမဟာဒေဝီ- အမည်ရင်းမယ်ရှင်ကလေး၊ ရွှေဘိုမြို့ဝန်ဦးမြင့်နှင့်မယ်နှိုင်းစံတို့၏ သမီး၊ ဖိုရားခေါင်၏ ညီမရင်း၊ ဗဒုံမင်းလက်ထက် ၁၉ နှစ် ၁၇၈၅ ခုနှစ်ကွယ်လွန်

အလယ်နန်း(ပ)- အမည်ရင်းမယ်ပြေ၊ ဘွဲ့-သီရိနန္ဒာပဘာဒေဝီ၊ စည်သာမင်းကြီး ဦးစည်းစိမ် နှင့် မယ်ကောင်းစံတို့သမီးဖြစ်ပြီး ၁၇၆၆ ခုနှစ်တွင်ကွယ်လွန်

အလယ်နန်း(ဒု)- ရွှေတိုက်ဝန်မဟာကျော်ထင်သမီး၊ ရှိမ္မကားရွာဇာတိဖြစ်ပြီး ၁၁ နှစ် ၁၇၇၆ ခုနှစ်တွင်ကွယ်လွန်

မြေဒူးမင်း၏ မိဖုရားခေါင်အပါအဝင် မိဖုရားကိုယ်လုပ်တော်အသီးသီးမှ ဖွားမြင်သော ထင်ရှားသည့် သား၊ သမီးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

နဂါး၊ မောင်၊ ပြင်စည်မင်းသား-သန်လျင်မြို့စားမိဖုရားမှ ၁၇၇၁ ခုနှစ်ဖွား၊ ဘွဲ့-မင်းရဲသီဟကျော်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းချောင်၊ မောင်၊ စလင်းမင်းသား- မိဖုရားမင်းရွှေပွင့်မှ ၁၇၆၁ ခုဖွား၊ စာဆိုရွှေတောင် နန္ဒမိတ်ကချေင်းစပ်ဆိုခဲ့သူ၊ ၂၆ ဇွန် ၁၇၇၆ ခုနှစ် ကွယ်လွန်

မင်းပုလု၊ ရေနံ့သာမင်းသမီး-အလယ်နန်း(ပ)မှ ၁၇၆၅ ခုနှစ်ဖွားမြင်၊ ၁၇၉၁ ခုနှစ်တွင် ဗဒုံမင်း၏သား တောင်တွင်းချောင်မင်းသားနှင့်စုံဖက်၊ ၁၈၄၁ ခုနှစ် ရန်ကုန်၌ကွယ်လွန်

မင်းမိ၊ မင်းခင်းမင်းသမီး- မိဖုရားမင်းရွှေပွင့်မှ ၁၇၈၅ ခုနှစ်ဖွား၊ ဘွဲ့-သီရိပဘာဒေဝီ၊ ၁၇၈၇ ခုနှစ်တွင် ဗဒုံမင်း၏သား တောင်ငူမင်းသားနှင့် စုံဖက်၊ ၁၈၀၄ ခုနှစ်ကွယ်လွန်

မင်းရွှေငါး- ပြင်စည်မင်းသား မောင်နဂါး၏ကြင်ရာတော်၊ ၁၈၀၉ ခုနှစ်ကွယ်လွန်

မင်းရွှေနှန်း- ချောင်းဘွဲ့ခံ မင်းထိပ်ဦးဟုလည်းထင်ရှား၊ မိဖုရားခေါင်မှ ၆ ဇွန် ၁၇၇၂ ခုနှစ် ဖွားမြင်၊ ၁၇၉၁ ခုနှစ်တွင် ဗဒုံမင်း၏သား ပုဂံမင်းသားနှင့်စုံဖက်၊ ၂ စက်တင်ဘာ ၁၈၁၆ ခုနှစ်တွင် ကွယ်လွန်

မင်းရွှေရေး-မြို့သာမိဖုရားမှ ၁၇၇၄ ခုနှစ်ဖွားမြင်၊ ၁၇၉၇ ခုနှစ်တွင် ပတိမ်းမင်းသားနှင့် စုံဖက်ခဲ့ပြီး ၁၈၅၂ ခုနှစ်၌ကွယ်လွန်

မင်းရွှေဥ- ကနီမင်းသမီးဟု ထင်ရှားသူ၊ မိဖုရားခေါင်မှ ၁၇၅၄ ခုနှစ်တွင်ဖွားမြင်ပြီး ၁၇၈၇ ခုနှစ်၌ကွယ်လွန်

ရဲလှ၊ မောင်၊ စဥ့်ကူးမင်းသား- မိဖုရားခေါင်မှ ဖွားမြင်ပြီး ကုန်းဘောင်(၄)ဆက်မြောက် ဘုရင်ဖြစ်လာ

ရွှေဥ၊ မောင်၊ ပဋ္ဌနဂိုရ်မင်းသား- ကိုယ်လုပ်တော် ရှင်မင်းအောင်မှ ဖွားမြင်ပြီး ၁၇၈၉ ခုနှစ်၌ ကွယ်လွန်

## ထီးနန်းအရိုက်အရာ

မြေဒူးမင်းသည် ဖခင်အလောင်းမင်းတရား၏ ကြိုးစဥ်ငယ်လိုက် ထီးနန်းဆက်ခံရေးမှုကို ပထမဆုံးဆန့်ကျင်ခဲ့သူဖြစ်သည်။ ဖခင်၏မူအရ မြေဒူးမင်းကိုဆက်ခံရမည့်သူမှာ ညီဖြစ်သူ အမြင့်မင်းသားကြီး ဦးပိုး ဖြစ်ပါသည်။ သို့သော် မြေဒူးမင်းသည် ညီအမြင့်မင်းသားကို နန်းလျာမထားဘဲ



မိဖုရားခေါင်မှဖွားမြင်သည့်သား စဥ့်ကူးမင်းသားကိုရဲလှကိုသာလျှင် အိမ်ရှေ့ဥပရာဇာအဖြစ် ခန့်အပ်ခဲ့၏။

စဥ့်ကူးမင်းသားအိမ်ရှေ့အရာရရှိခဲ့သည့် ရက်စွဲကို ရာဇဝင်ကျမ်းများတွင် တိကျစွာ ဖော်ပြထားခြင်းမရှိပေ။ သို့သော် မြေဒူးမင်းနတ်ရွာမစံမီ (၂)နှစ်အလို နောက်ဆုံးဘွဲ့မည် 'သီရိပဝရသုဓမ္မမဟာရာဇိန္ဒာဓိပတိ'ဘွဲ့ခံယူချိန် ၂၃ မေ ၁၇၇၄ ခုနှစ်၌ဖြစ်မည်ဟု မှန်းဆရ၏။

## ဇင်းမယ်စစ်ကြောင်း

ဒီပဲယင်းမင်းလက်ထက်က ဇင်းမယ်သို့ စေလွှတ်ခဲ့သူ အဘယဂါမဏိနှင့် တပ်များသည် မင်းရဲသီရိကို မြို့စောင့်ထားကာ နေပြည်တော်သို့ ပြန်လာခဲ့ကြရာ ၁၅ ဇန်နဝါရီ ၁၇၆၄ ခုနှစ် တွင် ရောက်ရှိပါသည်။ ယင်းတပ်များနှင့်အတူ အင်းဝမြို့ပျက်စဥ်က ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည့် နန်းတွင်းအနွယ်တော်အချို့နှင့် ပဲခူး ဟံသာဝတီသား ဆင်ကြားရှင်ဆိုသူတို့ ပါလာပါသည်။

ဇင်းမယ်မှ အဘယဂါမဏိ (ယိုးဒယားမှတ်တမ်း၌ **Aphai Khamani**)၏တပ်များ ပြန်လည်ထွက်ခွာသွားသည်နှင့် ယိုးဒယားမြို့စားအချို့ အချင်းချင်းပူးပေါင်းကာ မြန်မာဘုရင်ကို တော်လှန်ပုန်ကန်တော့၏။ လင်းဇင်းနယ်စားသည်လည်း ပုန်ကန်မှုတွင်ပါဝင်ခဲ့သည်။ သို့ဖြင့် နေမျိုးသီဟပတေ့ဘွဲ့ခံ မြင်းစုကြီးဝန်ဦးတုတ်ကြီး ဦးစီးသော မြန်မာတပ်များသည် ၆ ဖေဖော်ဝါရီ ၁၇၆၄ ခုနှစ်တွင် ဇင်းမယ်စစ်ကြောင်းချီတက်ခဲ့ကြရပြီး ဇင်းမယ် (၅၇) ခရိုင်နှင့်တကွ လင်းဇင်းစားကိုပါ တိုက်ခိုက်ချေမှုန်းနိုင်ခဲ့လေသည်။

## ထားဝယ်အရေး

ထိုအတောအတွင်း ထားဝယ်မြို့စားရွှေတောင်စား၏ ပုန်ကန်မှု ပေါ်ပေါက်ခဲ့သည်။ ရွှေတောင်စားသည် ယိုးဒယားတို့နှင့်ပူးပေါင်းကာ မြေဒူးမင်းကို တော်လှန်ပုန်ကန်သဖြင့် ၃၀ နိုဝင်ဘာ ၁၇၆၄ ခုနှစ်တွင် မဟာနော်ရထာ ဦးစီးသော မြန်မာတပ်မတော် နေပြည်တော်မှ ထားဝယ်စစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ချီတက်ခဲ့သည်။ ထားဝယ်သို့ရောက်သောအခါ ရွှေတောင်စား၏တပ်များ မြိတ်မြို့သို့ ထွက်ခွာသွားကြပြီဖြစ်၏။ မဟာနော်ရထာသည် အလောင်းမင်းတရားလက်ထက် တပ်ဆုတ်ခွာစဉ်ကပင် ယိုးဒယားသားတို့ ပြန်လည်သိမ်းပိုက်ထားသည့် မြိတ်မြို့ကို ချီတက် တိုက်ခိုက်ရန် စီစဉ်ခဲ့သည်။ မြိတ်မြို့ရှိ ယိုးဒယားဘုရင်ခံထံသို့လည်း ပုန်ကန်သူ ရွှေတောင်စားကို မြန်မာတို့လက်သို့ ပြန်အပ်ရန်တောင်းဆိုခဲ့၏။ မြိတ်ဘုရင်ခံက ငြင်းဆန်မှုပြုသဖြင့် ၁၇၆၄ ခုနှစ် ဒီဇင်ဘာလအတွင်း တိုက်လှေ ၆၀ဖြင့် ထားဝယ်မှ မြိတ်မြို့သို့ ရေကြောင်းခရီးချီတက် တိုက်ခိုက်ခဲ့သည်။ ထိုစဉ် ရွှေတောင်စားသည် လှေတစ်စင်းဖြင့် မြိတ်မြို့မှ ယိုးဒယားနယ်မြေ အတွင်းသို့ထွက်ပြေးလွတ်မြောက်သွား၏။ ယိုးဒယားတို့က ရွှေတောင်စားကို ချွန်ဗူရီမြို့၌ ထိန်းသိမ်းထားခဲ့လေသည်။

သို့ဖြင့် မဟာနော်ရထာ၏တပ်များ ယိုးဒယားနိုင်ငံအတွင်းဝင်ရောက်တိုက်ခိုက်တော့သည်။ ယိုးဒယားစစ်ပွဲများတွင် မြန်မာတို့အောင်ပွဲခံခဲ့ကြပြီးနောက် မြေဒူးမင်းသည် အယုဒ္ဓယ မြို့တော်ကို ချီတက်တိုက်ခိုက်ရန် အမိန့်ထုတ်ပြန်ခဲ့၏။ ဤတစ်ကြိမ်တွင် ဇင်းမယ်စစ်ကြောင်းမှ ချီတက်သူ နေမျိုးသီဟပတေ့၏တပ်များသည် မြောက်ဘက်မှလည်းကောင်း၊ မဟာနော်ရထာ၏ တပ်များသည် တောင်ဘက်မှလည်းကောင်း အယုဒ္ဓယမြို့တော်သို့ ချဉ်းကပ်ခဲ့ကြ၏။ ထိုစဉ် အတွင်း ဗိုလ်ချုပ်မဟာနော်ရထာ နာမကျန်းဖြစ်ကာ ကွယ်လွန်သွားသဖြင့်စစ်ကြောင်းနှစ်ကြောင်းလုံးကို နေမျိုးသီဟပတေ့ကပင် ဦးစီးခဲ့ရသည်။ ၁၇၆၆ ခုနှစ် ဇန်နဝါရီလတွင် စစ်ကြောင်း နှစ်ကြောင်း ပူးပေါင်းကာ မြို့ကိုဝန်းရံလိုက်ကြပြီး တစ်နှစ်နှင့်သုံးလအကြာ ၂၈ မတ် ၁၇၆၇ ခုနှစ်တွင်မှ အပြီးသတ်ချေမှုန်းတိုက်ခိုက်ခဲ့လေသည်။

## မဏိပူရသို့

အလောင်းမင်းတရားလက်ထက် ၁၇၅၉ ခုနှစ် နှစ်ဦးပိုင်းကာလ မြန်မာတပ်များ မဏိပူရမှ ပြန်လည်ထွက်ခွာသွားသောအခါ မဏိပူရမြို့ကော်ကို ဂေါ်ရသျှ (Gour Shah) ၏ညီ ဂျေဆင်း(Jai Singh) ကပင် ပြန်လည်သိမ်းပိုက်အုပ်ချုပ်ခဲ့၏။ မြန်မာဘုရင်က ခန့်ထားသူ စော်ဘွား



ခွေရော်မော်နီကိုမှု ထိုးနှက်းမှဖယ်ရှားပစ်လေသည်။ ဂျေဆင်းသည် မြေဒူးမင်း နန်းတက်စဉ်၌ မြန်မာဘုရင်အား အခွန်တော်မဆက်သသည့်အပြင် ဗြိတိသျှတို့နှင့်ပူးပေါင်းကာ တော်လှန်ပုန်ကန်ရန်ပင် ကြံစည်ခဲ့၏။ သို့ဖြင့် မြေဒူးမင်း ကိုယ်တိုင်လိုက်ပါသော မြန်မာ တပ်မတော်သည် ၁၆ ဒီဇင်ဘာ ၁၇၆၄ ခုနှစ်တွင် မဏိပူရသို့ချီတက်ခဲ့ကြတော့သည်။

ကြိုတင်ချီတက်ရသူ (၃၂)တပ်မှာ–

| | | | |
|---|---|---|---|
| ကျော်ထင်ဒေဝ | ဇယ်ရစက် | မိုးကောင်းစော်ဘွား | ရန်နိုင်စက် |
| ကျော်ထင်မိုး | တုရင်သစ် | မိုးညှင်းစော်ဘွား | လေးတောစား |
| ကျော်ထင်ရန်အောင် | တုရင်သိပ္ပ | မင်းငယ်ကျော် | လက်ယာပျံချီ |
| ကွေ့ဗိုလ် | တစ်လုံးစား | မင်းရဲမင်းလှဥစ္စနာ | လက်ဝဲဝင်းမှူး |
| ဂဇရန်အောင် | ထီးလင်းစော်ဘွား | မင်းရဲအောင်ထင် | ဝန်းသိုစော်ဘွား |
| ဆားလင်းကုန်းဗိုလ် | နေမျိုးဂါမဏိ | မင်းရဲအောင်ဒေဝ | သူရိန်စကြာ |
| ဒေယျဂါမဏိ | နေမျိုးပျံချီ | ယောစော်ဘွား | သူရိန်တေဇ |
| ဒေယျဝမှနာ | နေမျိုးသီရိ | ရဲထင်အာကာ | သူရိန်ရာဇာ |

တို့ဖြစ်ကြသည်။ မြေဒူးမင်းနှင့်အတူတကွ လိုက်ပါရသော တပ်(၂၀)မှာ–

| | | | |
|---|---|---|---|
| ကျောက်ကာဗိုလ် | မဏိကျော်ခေါင် | မြစ်ခြေစား | အရေးလွန် |
| ငွေတောင်ကြီး | မဏိစက် | ရေတွင်းခေါင်းဗိုလ် | အာကာကျော်စွာ |
| စလေစား | မင်းရဲရန်နောင် | ရွာသစ်ကြီးဗိုလ် | အောင်သာဗိုလ် |
| တရေးဗိုလ် | မြေထဲစား | ရွှေတောင်ဝေရကျော်ထင် | အဂ္ဂကျော်စွာ |
| တုရင်သာရကျော် | မြင်းမွေးဗိုလ် | သမန်သာဗိုလ် | အိန္ဒပျံချီ |

တို့ဖြစ်သည်။ မြေဒူးမင်းသည် နတ်ကျွန်းအောင်မြေစခန်းအထိ ချီတက်လိုက်ပါကာ စစ်ရေး ဆိုင်ရာတို့ကို အသေးစိတ်ကွပ်ကဲညွှန်ကြားခဲ့၏။ သို့ဖြင့် မဏိပူရကိုအောင်မြင်ကာ စော်ဘွားနှင့်တကွ မိသားတစ်စုလုံးကို ဖမ်းဆီးခေါ်ဆောင်လာနိုင်ခဲ့လေသည်။ ၇ ဧပြီ ၁၇၆၅ ခုနှစ်တွင် မြေဒူးမင်းနှင့်တပ်များ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြ၏။

## အင်းဝမြို့တော်သစ်

မြေဒူးမင်းလက်ထက် ၃ မတ် ၁၇၆၄ ခုနှစ်တွင် အင်းဝမြို့တော်ဟောင်းကို ပြန်လည် ပြုပြင်မွမ်းမံခဲ့သည်။ ထို့နောက် ၂၀ မတ် ၁၇၆၆ ခုနှစ်တွင် မြို့တော်ကိုသိမ်းပိုက်စိုးစံခြင်းဖြင့် အင်းဝသည် တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



မင်းနေပြည်တော်ဖြစ်လာခဲ့၏။ မြေဒူးမင်းသည် မြို့တော်အတွင်း မှူလရှိပြီး တံခါး(၉)ရပ်အပြင် တံခါးသစ်(၁၄)ရပ်ထပ်မံစီစဉ်ခဲ့၏။ ၎င်းတို့မှာ–

| အရှေ့ | အနောက် | တောင် | မြောက် |
|---|---|---|---|
| ဇင်းမယ် | ဂန္ဓာလရာဇ် | ကိုင်းမား | တနင်္သာရီ |
| မုတ္တမ | ကျိုင်းရဲ | ဟံသာဝတီ | ယိုးဒယား |
| မိုးကောင်း | စန္ဒပူရီ | မျဉ်းကဲ | |
| စိတ္တကုန် | ကျိုင်းရုံး | အုန်းဘောင် | |

တို့ဖြစ်ကြသည်။

မြေဒူးမင်းသည် အင်းဝမြို့ကို မြို့သစ်ပြန်လည်တည်ဆောက်ရာ၌ ပုဏ္ဏားပညာရှိ မဟာသီရိအဂ္ဂမေဓာဇေဂုရ၏ အကြံဉာဏ်ကို ရယူခဲ့သည်။ ပုဏ္ဏားပညာရှိက ဗုဒ္ဓဟူးနံအရပ်သို့ ပြောင်းရွှေ့မြို့သစ်တည်ထောင်လျှင် ထီးဆောင်းမင်းတကာတို့၏ အထွဋ်ဖြစ်လိမ့်မည်ဟူ၍ လျှောက်တင်ခဲ့ရာ မြေဒူးမင်းက များစွာကျေနပ်မှုရှိခဲ့သည်ဆို၏။ မြေဒူးမင်းသည် ကုန်သန်းရောင်းဝယ်ရေးနှင့်စစ်ရေးဆိုင်ရာများအတွက် အချက်အချာကျသောကြောင့်လည်း အင်းဝကို မြို့တော်အဖြစ် ရွေးချယ်ပြောင်းရွှေ့ခဲ့ဟန်တူပေသည်။ မြို့သစ်တည်ဆောက်ရေးဆိုင်ရာ ကိစ္စ အဝဝကို ကြီးကြပ်လုပ်ဆောင်ရသူမှာ မင်းလှနော်ရထာဖြစ်ကြောင်း သိရှိရ၏။

## တရုတ်မြန်မာစစ်ပွဲများ

မြေဒူးမင်းလက်ထက်တွင် မန်ချူးတရုတ်တို့နှင့် စစ်လေးကြိမ်ဖြစ်ပွားခဲ့သည်။ လတ်တလောအကြောင်းရင်းမှာ ၁၇၆၄ ခုနှစ်တွင် တရုတ်ကုန်သည် လောလီသည် နံဘာရွာအထက် တပိန်မြစ်ကို ဖြတ်၍ တံတားဆောက်လုပ်ရန် ဗန်းမော်မြို့ဝန်ထံ ခွင့်တောင်းရာမှ စတင်ခဲ့ခြင်း ဖြစ်သည်။ ဗန်းမော်မြို့ဝန်သည် ဘုရင့်အမိန့်တော်အရသာ တံတားဆောက်လုပ်နိုင်မည်ဖြစ်ကြောင်း ဖြေကြားရာ လောလီက မချေမင်ပြန်လည်ဆက်ဆံခဲ့ပြီး အခြားသံသယဖြစ်ဖွယ်အခြေအနေ အချို့ကိုပါတွေ့ရှိရသဖြင့် လောလီကို ဖမ်းဆီးကာ နေပြည်တော်သို့ပေးပို့ခဲ့သည်။ နေပြည်တော်မှ စစ်ဆေးမေးမြန်းပြီးနောက် ဗန်းမော်သို့ပြန်ခွင့်ပြုခဲ့သော်လည်း မိမိ၏ကုန်ပစ္စည်းများ ပျောက်



ဆုံးနေကြောင်း မြန်မာစစ်ကဲတို့ကိုသာမက ယူနန်ဘုရင်ခံကိုပင် တိုင်ကြားခဲ့၏။ ကျိုင်းတုံတွင် တရုတ်ကုန်သည် လောတာရည်နှင့် မြန်မာအချို့ အကြေးကိစ္စကြောင့် ဖြစ်ပွားခဲ့သောရန်ပွဲ၌လည်း တရုတ်တစ်ဦးသေဆုံးခဲ့ရာ တရုတ်ဘက်မှထုံးတမ်းစဉ်လာမဟုတ်သည့် တောင်းဆိုချက်အချို့ကို တောင်းဆိုခဲ့၏။ လောတာရည်သည် ယင်းကိစ္စကို မိုင်းဆည်ရှိ အကြီးအကဲတို့ထံ တိုင်ကြားခဲ့သည်။ ဤသို့ဖြင့် မန်ချူးတပ်များ မြန်မာနိုင်ငံအတွင်း ကျူးကျော် ဝင်ရောက်လာရာမှ စစ်ပွဲများဖြစ်ပွားခဲ့လေသည်။

### ပထမစစ်

၁၇၆၅ ခုနှစ် ပထမစစ်တွင် ကျိုင်းတုံသို့ကျူးကျော်ဝင်ရောက်လာကြသူ မန်ချူးတပ်များကို ဗိုလ်ချုပ်ရည်တာလောရဲ ၊ ဗိုလ်မှူးဟိုချန်ချောင်နှင့် မင်ဟောင်တို့အုပ်ချုပ်ခဲ့ကြ၏။ မြန်မာဘက်မှ ကျိုင်းတုံစစ်ကဲ ရွှေတောင်တက်က ဆီးကြိုလျက် ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့သည်။ ၂၇ ဒီဇင်ဘာ ၁၇၆၅ ခုနှစ်တွင် လက်ဝဲဝင်းမှူးနေမျိုးစည်သူ၏(၁၁)တပ် နေပြည်တော်မှ ကျိုင်းတုံသို့ ချီတက်တိုက်ခိုက်ရာ ဗိုလ်ချုပ်ရည်တာလောရဲ ကျဆုံးပြီး ဆုတ်ခွာသွားကြ၏။

### ဒုတိယစစ်

၁၇၆၆ ခုနှစ်တွင် တရုတ်မြန်မာဒုတိယစစ်ပွဲဖြစ်ပွားခဲ့သည်။ ဒုတိယစစ်ပွဲအတွင်း ဗန်းမော်ဈေးမြို့ကို ချောင်ဟုန်ဖန်၏တပ် ဝင်ရောက်တိုက်ခိုက်ကြ၏။ ဗိုလ်ချုပ်ဂူအာတင်အိ၏ တပ်က သိန္နီသို့ ချီတက်ကာ ဗိုလ်ချုပ်ချုပ်လွှန်က ဆဒ္ဒုံးဘက်သို့ ဦးတည်လာရောက်ခဲ့သည်။ မြန်မာဘက်မှ ကောင်းတုံမြို့ဝန် ဗလမင်းထင်နှင့် နေပြည်တော်မှ လာရောက်သူဝန်ကြီး မဟာစည်သူ၏တပ်များ၊ လက်ဝဲဝင်းမှူး နေမျိုးစည်သူ၏တပ်များက ခုခံတိုက်ထုတ်နိုင်ခဲ့၏။ ယင်းစစ်ပွဲတွင် မန်ချူး တို့ရှုံးနိမ့်ခဲ့မှုကြောင့် မန်ချူးစောရာဇ်က ယူနန်ဘုရင်ခံ ယန်ယင်ချူ၊ စစ်သေနာပတိလီရှီရှင်းနှင့် ဗိုလ်ချုပ်များကို သေဒဏ်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## တတိယစစ်

၂၂ ဒီဇင်ဘာ ၁၇၆၇ ခုနှစ်တွင် အာရှအလယ်ပိုင်း စစ်ပွဲများ၌ အောင်ပွဲရခဲ့သူ စစ်သူကြီးမင်ယွီကိုယ်တိုင် သိန္နီသို့ ချီတက်လာ၏။ ဗိုလ်ချုပ် အာတင်အော၏ တပ်များက ကောင်းတုံသို့ ချီတက်ကြသည်။ မြေဒူးမင်းသည် ဝန်ကြီးမဟာစည်သူ၊ ဝန်ကြီးမဟာသီဟ သူရနှင့် လက်ဝဲဝင်းမှူး နေမျိုး စည်သူတို့၏ တပ်များဖြင့် ချေမှုန်းတိုက်ခိုက်စေခဲ့ရာ စစ်သူကြီးမင်ယွီ သာမက ကိုယ်ရံတပ်မှူး ချာလဖန်နှင့် ကွမ်ယင်ပေါင်တို့ပါ ကျဆုံးခဲ့၏။

## စတုတ္ထစစ်

၂၁ ဩဂုတ် ၁၇၆၉ ခုနှစ်တွင် မန်ချူးတရုတ်တို့ မိုးကောင်းကို ကျူးကျော်ဝင်ရောက်လာပြန်၏။ မန်ချူးဧကရာဇ် ချင်းလုံသည် စစ်သူကြီး မင်ယွီကျဆုံးမှုကြောင့် အမျက်ဒေါသထွက်ကာ အင်းဝကို သိမ်းပိုက်ရန် ယူနန်ပြည်နယ် စစ်သေနာပတိချုပ် ဖူဟန်၊ လက်ထောက်စစ်သေနာပတိ ချုပ်များဖြစ်ကြသော အကွီနှင့် အလီကွန်၊ ယူနန်ဘုရင်ခံချုပ် မင်တေးတို့ကို ဦးစီးတိုက်ခိုက်စေခဲ့၏။ မြန်မာဘက်မှ ဝန်ကြီးမဟာသီဟသူရ၊ တိမ်ကြား မင်းခေါင်၊ ဗလမင်းထင်၊ အမြောက်ဝန် နေမျိုးသီဟသူတို့ ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့ကြသည်။ စစ်ပွဲငယ်များ (၅)ကြိမ်ခန့်ဖြစ်ပွားပြီးနောက် ၂၉ နိုဝင်ဘာ ၁၇၆၉ ခုနှစ်တွင် တရုတ်တပ်များ စစ်ပြေငြိမ်းရန် ကမ်းလှမ်းခဲ့ကြ၏။ သို့ဖြင့် ၁၃ ဒီဇင်ဘာ ၁၇၆၉ ခုနှစ်တွင် ကောင်းတုံမြို့၌ စစ်ပြေငြိမ်းရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြလေသည်။

## ဆင်ဖြူရှင်

မြေဒူးမင်းသည် ကုန်းဘောင်ခေတ် သမိုင်းတွင် 'ဆင်ဖြူရှင်' ဟူ၍ အမည်ထင်ရှားခဲ့၏။ မြေဒူးမင်းလက်ထက် ၇ ဇွန် ၁၇၇၁ ခုနှစ်တွင် မကွေးဒေသမှ ဆင်ဖြူတော် ဖမ်းဆီးရမိ၍ ပွဲလမ်းသဘင် ကြီးကျယ်စွာ ဆင်ယင်ကျင်းပခဲ့၏။ မြေဒူးမင်းသည် ဇွန်လ (၁၇)ရက်နေ့တွင် ဆင်ဖြူ တော်အား၊ 'ဆန္ဒန်ပြောင်ကျော်'ဘွဲ့ပေးအပ်လျက် ဆင်ဖြူရှင်ဘွဲ့ခံယူလိုက် လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## သီရိပဝရသနဘိသိက်

မြေဒူးမင်းသည် ၁၅ ဒီဇင်ဘာ ၁၇၇၃ ခုနှစ်တွင် ဝါးရုံကျောင်းဆရာ၊ နန်းကျောင်းဆရာ နှင့် ပုဏ္ဏားမဟာရာဇိန္ဒာဂုရု၊ မဟာဒေဝရာဇဂုရုတို့၏ လျှောက်ထားချက်အရ မြို့တော်မြောက်ဘက် မာန်အောင်တံခါးအနီးတွင် ယာယီစံနန်းတော်ကို ဆောက်လုပ်စေခဲ့၏။ ထို့နောက် ၁၅ ဧပြီ ၁၇၇၄ ခုနှစ်တွင် ယာယီနန်းသို့ပြောင်းရွှေ့နန်းစံကာ သီရိပဝေသနဘိသက်ခံယူခဲ့၏။ ဘွဲ့မည်ကိုလည်း 'သီရိပဝရသုဓမ္မမဟာရာဇာဇိန္ဒာဓိပတိ' ဟူ၍ ခံယူခဲ့သည်။

## ရွှေတိဂုံစေတီတော်ထီးတင်ခရီး

၁၂ ဇွန် ၁၇၆၈ ခုနှစ်တွင် မြေငလျင်ဒဏ်ကြောင့် ရွှေတိဂုံစေတီတော် ထီးတော်အပါအဝင် ပထမဖောင်းရစ်တိုင်ပြိုကျပျက်စီးသွားကြောင်း ရန်ကုန်မြို့ဝန်ဦးပုံက မြေဒူးမင်းထံ တင်ပြလျှောက်ထားခဲ့သည်။ သို့ဖြင့် ဘုရင့်အမိန့်တော်အရ ထီးတော်သစ်နှင့် စေတီတော် ပြင်ဆင်မွမ်းမံမှုများပြုလုပ်ခဲ့ကြရာ ခြောက်နှစ်မျှကြာမြင့်ခဲ့၏။ ပြုပြင်မွမ်းမံမှုများအပြီး ၈ ဇန်နဝါရီ ၁၇၇၅ ခုနှစ်တွင် မြေဒူးမင်းကိုယ်တိုင် နေပြည်တော်မှ အခမ်းအနားဖြင့် ရန်ကုန်မြို့သို့ လာရောက်ခဲ့သည်။ ၁ မတ် ၁၇၇၅ ခုနှစ်တွင် ရန်ကုန်မြို့သို့ရောက်ရှိလာရာ မြို့၏အနောက်မြောက်ယွန်းယွန်း တာခြောက်ရာခန့်အကွာ (ယခုပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရုံးဝန်းကျင်တစ်ဝိုက်)တွင် ယာယီနန်းစံခဲ့၏။ ထီးတော်ကိုလည်း သဘင်နန်းရှေ့တွင် ဘုံ၅ဆင့်ပြာသာဒ်နှင့်ထားကာ အများပြည်သူ အပူဇော်ခံစေခဲ့၏။

ထို့နောက် ၅ မတ် ၁၇၇၅ ခုနှစ် (တပေါင်းလပြည့်နေ့)တွင် ထီးတော်တင်ပွဲကျင်းပပါသည်။ မြေဒူးမင်းသည် ရွှေတိဂုံစေတီတော်သို့ မိမိကိုယ်အလေးချိန်နှင့်ညီမျှသော ရွှေစင် ၄၇ပိဿာ ၃၅ကျပ်သားကိုလည်း လှူဒါန်းခဲ့သည်။ ထီးတင်ပွဲပြီးစီးသွားပြီးနောက် ၃ မေ ၁၇၇၅ ခုနှစ်တွင် မြေဒူးမင်း နေပြည်တော်သို့ ပြန်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘန်ကောက်သို့

မြေဒူးမင်း အယုဒ္ဓယကိုအောင်မြင်ပြီးသည့်နောက် မြန်မာဘုရင်ကို သစ္စာမခံဘဲ တိမ်းရှောင်နေသူ ဘယားတက်သေဉ်(      )သည် အင်းအားစုဆောင်းလျက် ဇင်းမယ်မြို့ဝန် သတိုးမင်းထင်နှင့် မြန်မာမြို့စောင့်တပ်ကို တိုက်ထုတ်ခဲ့၏။ ထို့နောက် ယိုးဒယားတစ်နိုင်ငံလုံးကို ပြန်လည်စုရုံးလျက် အယုဒ္ဓယမြို့တော်ကိုစွန့်လွှတ်ကာ တောင်ဘက်ပင်လယ်ကမ်းခြေအနီး တွင် ဘန်ကောက်မြို့သစ်ကို တည်ထောင်မင်းပြုတော့၏။

မြေဒူးမင်းသည် ယိုးဒယားနိုင်ငံကို တိုက်ခိုက်ချေမှုန်းရန် နေပြည်တော်မှ မြင်းစုကြီးဝန် ဦးတုတ်ကြီး ဦးစီးသည့် တပ်များကို စေလွှတ်ခဲ့သည်။ ဦးတုတ်ကြီးသည် ယခင် အယုဒ္ဓယတိုက်ပွဲတွင် ဦးဆောင်တိုက်ခိုက်ခဲ့ဖူးသူဖြစ်၏။ သို့သော် ယခုတစ်ကြိမ်တွင် လက်အောက်ငယ်သားများ ညီညွတ်မှုမရှိ၍ အောင်မြင်မှု မရရှိခဲ့ပေ။ သို့ဖြင့် ၇ နိုဝင်ဘာ ၁၇၇၄ ခုနှစ်တွင် မန်ချူး တရုတ်စစ်ပွဲများ၌ အနိုင်ရရှိခဲ့ဖူးသူ ဝန်ကြီးဦးသာ၏ တပ်များကို ယိုးဒယားသို့ထပ်မံစေလွှတ်ခဲ့ပြန်၏။ ဝန်ကြီး၏ တပ်များသည် ဘန်ကောက်မြို့တော်သို့ ထားရိုက်စစ်ကြောင်းမှချီတက် တိုက်ခိုက်ခဲ့သော်လည်း စည်းလုံးညီညွတ်မှုနည်းပါးသဖြင့် အစီအမံနှောင့်နှေးလျက်ရှိလေသည်။ ထိုအတောအတွင်း မြေဒူးမင်း နတ်ရွာစံသွားသဖြင့် နေပြည်တော်သို့တပ်ဆုတ်ပြန်ခဲ့ကြရတော့၏။

## နတ်ရွာစံလွန်ခြင်း

၉ ဇွန် ၁၇၇၆ ခုနှစ်တွင် မြေဒူးမင်း နတ်ရွာစံလွန်ပါသည်။ နတ်ရွာစံချိန်၌ အသက် ၄၀နှစ်ရှိပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com







## ၄။ စဉ့်ကူးမင်း

စဉ့်ကူးမင်း၏ အမည်ရင်းမှာ ဦးရဲလှ ဖြစ်သည်။ ၁၀ မေ ၁၇၅၆ ခုနှစ်တွင် မြေဒူးမင်းနှင့် မိဖုရားခေါင် သီရိအတုလရတနာပဒုမ္မဒေဝီဘွဲ့ခံ ဒေါ်လှတို့မှ ဖွားမြင်ပါသည်။

### မျိုးရိုးဆက်နွယ်




စဉ့်ကူးမင်း၏မိခင် မြေဒူးမင်း၏ မိဖုရားခေါင်ဒေါ်လှကို ရတနာသိယ်မြို့ဝန် ဦးမြင့်နှင့် ခင်နှိုင်းစံတို့မှ ဖွားမြင်ပါသည်။ ခင်နှိုင်းစံသည် အလောင်းမင်းတရား၏ မိဖုရားခေါင် ခင်ယွန်းစံ၏ ညီမရင်းဖြစ်၏။ ဒေါ်လှတွင် မွေးချင်းညီအစ်ကိုမောင်နှမငါးဦးရှိရာ ဒေါ်တလိုင်း၊ ဒေါ်လှ၊ မောင်ဝင်း၊ မောင်မင်း၊ ဒေါ်ရှင်ကလေး (မြေဒူးမင်း၏ သီရိမဟာဒေဝီ ဘွဲ့ခံ မိဖုရား)တို့ ဖြစ်ကြသည်။ ဒေါ်လှ၏ဖခင် စဉ့်ကူးမင်း၏ အဘိုးဖြစ်သူ ဦးမြင့်သည် ၁၇ ဩဂုတ် ၁၇၉၇ ခုနှစ်၌ ကွယ်လွန်ခဲ့ကြောင်း သိရှိရ၏။

www.burmeseclassic.com

www.burmeseclassic.com



## မွေးချင်းများ

စဥ့်ကူးမင်းတွင် အစ်မတစ်ယောက်၊ ညီမတစ်ယောက် ရှိပါသည်။ အစ်မမှာ ကန္နီမင်းသမီး မင်းရွှေ(၁၇၅၄–၁၇၈၇)ဖြစ်ပြီး ညီမမှာ မင်းရွှေနန်း ဖြစ်ပါသည်။ မင်းရွှေနန်းကို ၆ ဖွန် ၁၇၇၂ ခုနှစ်တွင် ဖွားမြင်ပြီး ချေင်းဘွဲ့ခံ မင်းထိပ်ဦးဟူ၍လည်း ထင်ရှားသည်။ ၁၇၉၁ ခုနှစ်တွင် ပုဂံမင်းသားနှင့် လက်ဆက်ကာ ၂ စက်တင်ဘာ ၁၈၁၆ ခုနှစ်၌ ကွယ်လွန်ပါသည်။

## ဘဝဖြစ်စဥ်အကျဥ်း

စဥ့်ကူးမင်းသည် မင်းသားဘဝကပင် လွတ်လပ်စွာနေလိုသူဖြစ်၏။ အိမ်ရှေ့နန်းလျာအဖြစ် ခန့်အပ်ခံရစဥ်က အသက် ၁၈ နှစ်အရွယ်သာရှိသေးပြီး အသက် ၂၀နှစ်အရွယ်တွင် ဖခင်၏အရိုက်အရာကိုဆက်ခံလျက် ဘုရင်ဖြစ်လာပါသည်။ မိမိလက်ထက်တွင် သဿမေခွန်၊ ဈေးပွဲ၊ကင်း၊ ကူတို့ခွန် စသည့် အကောက်အခွန်မှန်သမျှကို လွတ်ငြိမ်းခွင့်ပြုခဲ့၏။ ဘုံသာဝေယန်ကဲ့သို့သော ငါးထပ်ကျောင်းတော်ကြီးဆောက်လုပ်၍ သာသနာစည်ပင် ထွန်းကားရေးကို အားပေး အားမြှောက်ပြုခဲ့သည်။ ဘုရင်သည် ပြည်သူ ပြည်သား တစ်ဦးသာဖြစ်၍ နန်းစည်းစိမ်ခံစားရန် မလို၊ ဆင်းရဲသားတို့နှင့် တန်းတူရည်တူနေထိုင် နိုင်ရမည်ဟူသောမူကို ချမှတ်ခဲ့၏။

သို့သော် နန်းတက်ပြီး လေးနှစ်အကြာ ၁၇၈၀ခုနှစ်မှစ၍ သွင်ပြင် လက္ခဏာများ ပြောင်းလဲလာသည်။ စဥ့်ကူးမင်းသည် မြေနန်းတော်မှ ပေါ်တူဂီလူမျိုး အမြောက်အမှုထမ်းများနှင့် ပေါင်းသင်းကာ အရက်သေစာ သောက်စားမူးယစ်နေတတ်လေသည်။ တစ်ကြိမ်တွင် နန်းတွင်း ဇာတ်သဘင် ပွဲ၌ ဘုရင်ကိုယ်တိုင် အရုပ်ခေါင်းဆောင်း၍ ပါဝင်ကပြခဲ့ပြီး ဇာတ်အဖွဲ့ သို့လည်း ရတနာစီခြယ်ထားသော မိမိ၏အဝတ်လဲတော်ကို ငှားရမ်းသုံးစွဲ စေခဲ့၏။ ဘုရင်သည် အပျော်အပါးလိုက်စားမှုတစ်စစ များပြားလာကာ ၁၇၈၂ ခုနှစ် အသက် ၂၆ နှစ်အရွယ်တွင် နန်းကျသွား၏။

## မိသားစုရေးရာ

စဥ့်ကူးမင်း၏မိဖုရားခေါင်မှာ မဟာရတနာစန္ဒာဒေဝီဘွဲ့ခံ ရှင်မင်း ဖြစ်သည်။ ရှင်မင်းကို ကျီဝန်အတွင်းဝန်မင်းကြီး နန္ဒကျော်ထင်(ဦးထွန်း)နှင့်



မြင်းစုကြီးဝန်ဦးတုတ်ကြီး၏သမီး ရှင်ဘွားတို့မှ ၁၇၅၈ ခုနှစ်တွင် ဖွားမြင် သည်။ ၁၇၇၆ ခုနှစ် စဥ့်ကူးမင်းနန်းတက်စဥ် မိဖုရားခေါင် ဖြစ်လာပြီး ၁၇၈၁ ခုနှစ် ဗဒုံမင်းနန်းသိမ်းချိန်၌ အသည်ဝန်ကြီးဦးသာ၏ ဝန်ကတော် ရှင်တလိုင်းထံ အပ်နှံကာ အကျယ်ချုပ်ဖြင့်နေစေခဲ့၏။ ထို့နောက်ထွက်ပြေး လွတ်မြောက်သွားရာမှ စမွယ်နဂိုရ်မြို့သူကြီး၏ နေအိမ်တွင် ပြန်လည်ဖမ်းဆီး ရမိကာ ၁၇၈၁ ခုနှစ်၌ပင် စီရင်ကွပ်မျက်ခံရလေသည်။

စဥ့်ကူးမင်း၏ အခြားထင်ရှားသောမိဖုရားများမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

မြနန်း– အမည်ရင်း သခင်မင်းမိ၊ ဘွဲ့–သီရိပဘာဒေဝီ၊ မြေဒူးမင်းနှင့် ဟံသာဝတီရောက်မင်း၏ သမီး မင်းရွှေပွင့်တို့မှ ၁၇၅၈ ခုနှစ်တွင်ဖွားမြင်၊ မင်းကင်းမြို့စားဖြစ်ပြီး ၁၇၈၁ ခုနှစ်၌ စဥ့်ကူးမင်းက မြနန်းရှင်အမည်ဖြင့် မိဖုရားမြှောက်၊ ၁၈၀၄ ခုနှစ်ကွယ်လွန်၊

မြောက်နန်း(ပ)–အမည်ရင်းရှင်မင်းပေါင်း၊ ဘွဲ့–သီရိမဟာမင်္ဂလာ ဒေဝီ၊ အသည်ဝန်ကြီးဦးသာ နှင့် ဒေါ်တလိုင်းတို့၏သမီး၊ ၁၈ ဇွန် ၁၇၇၇ ခုနှစ်တွင်ကွယ်လွန်

မြောက်နန်း(ဒု)– အဆောင်မြို့ဦးကျိုင်း၏သမီး၊ ၁၇၈၂ ခုနှစ်တွင် ကွယ်လွန်

အနောက်နန်း–အမည်ရင်းရှင်မင်းဖြူ၊ ဘွဲ့–သီရိစန္ဒာရတနာဒေဝီ၊ မြောက်နန်း(ဒု)၊ အလယ်နန်း တို့၏ညီမရင်း

အလယ်နန်း– အမည်ရင်းရှင်မင်းသာ၊ ဘွဲ့–သီရိမဟာနန္ဒာဒေဝီ

စဥ့်ကူမင်း၏ မိဖုရားခေါင်အပါအဝင် မိဖုရားကိုယ်လုပ်တော် အသီးသီးမှ ဖွားမြင်သည့် ထင်ရှားသောသားသမီးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကလယ်၊ မောင်၊ ပဥ္စနဂိုရ်မင်းသား–ကိုယ်လုပ်ဝဏ္ဏာဝတီမှဖွားမြင်

ကျယ်၊ မောင်၊ စကုမင်းသား– ကိုယ်လုပ်ပဒုမ္မမဟေသီမှဖွားမြင်

ကြီး၊ မောင်၊ ဇရွှံမင်းသား– ကိုယ်လုပ်မြတ်စွာဒေဝီမှဖွားမြင်

မင်းရွှေချစ်၊ ပင်းယမင်းသမီး– မိဖုရားခေါင်မှဖွားမြင်

ဖမောင်ကလေး၊ တောင်ခွင်မင်းသား– ကိုယ်လုပ်သီရိဒေဝီမှဖွားမြင်

မျိုးစစ်၊ မောင်၊ ပြင်စည်မင်းသား– အလယ်နန်းမှဖွားမြင်

www.burmeseclassic.com

www.burmeseclassic.com



## မွေးချင်းများ

စဥ့်ကူးမင်းတွင် အစ်မတစ်ယောက်၊ ညီမတစ်ယောက် ရှိပါသည်။ အစ်မမှာ ကန်မင်းသမီး မင်းရွှေဥ(၁၇၅၄–၁၇၈၇)ဖြစ်ပြီး ညီမမှာ မင်းရွှေနန်း ဖြစ်ပါသည်။ မင်းရွှေနန်းကို ၆ နှစ် ၁၇၇၂ ခုနှစ်တွင် ဖွားမြင်ပြီး ချောင်းဘွဲ့ခံ မင်းထိပ်ဦးဟူ၍လည်း ထင်ရှားသည်။ ၁၇၉၁ ခုနှစ်တွင် ပုဂံမင်းသားနှင့် လက်ဆက်ကာ ၂ စက်တင်ဘာ ၁၈၁၆ ခုနှစ်၌ ကွယ်လွန်ပါသည်။

## ဘဝဖြစ်စဥ်အကျဥ်း

စဥ့်ကူးမင်းသည် မင်းသားဘဝကပင် လွတ်လပ်စွာနေလိုသူဖြစ်၏။ အိမ်ရှေ့နန်းလျာအဖြစ် ခန့်အပ်ခံရစဥ်က အသက် ၁၈ နှစ်အရွယ်သာရှိသေးပြီး အသက် ၂၀နှစ်အရွယ်တွင် ဖခင်၏အရိုက်အရာကိုဆက်ခံလျက် ဘုရင်ဖြစ်လာပါသည်။ မိမိလက်ထက်တွင် သဿမေဓခွန်၊ ဈေးပွဲကင်း၊ ကူတို့ခွန် စသည့် အကောက်အခွန်မှန်သမျှကို လွတ်ငြိမ်းခွင့်ပြုခဲ့၏။ ဘုံသာဝေယန်ကဲ့သို့သော ငါးထပ်ကျောင်းတော်ကြီးဆောက်လုပ်၍ သာသနာစည်ပင်ထွန်းကားရေးကို အားပေး အားမြှောက်ပြုခဲ့သည်။ ဘုရင်သည် ပြည်သူပြည်သား တစ်ဦးသာဖြစ်၍ နန်းစည်းစိမ်ခံစားရန် မလို၊ ဆင်းရဲသားတို့နှင့် တန်းတူရည်တူနေထိုင် နိုင်ရမည်ဟူသောမူကို ချမှတ်ခဲ့၏။

သို့သော် နန်းတက်ပြီး လေးနှစ်အကြာ ၁၇၈၀ခုနှစ်မှစ၍ သွင်ပြင်လက္ခဏာများ ပြောင်းလဲလာသည်။ စဥ့်ကူးမင်းသည် မြေနန်းတော်မှ ပေါ်တူဂီလူမျိုး အမြောက်အမှုထမ်းများနှင့် ပေါင်းသင်းကာ အရက်သေစာ သောက်စားမှုးယစ်နေတတ်လေသည်။ တစ်ကြိမ်တွင် နန်းတွင်း ဇာတ်သဘင်ပွဲ၌ ဘုရင်ကိုယ်တိုင် အရုပ်ခေါင်းဆောင်း၍ ပါဝင်ကပြခဲ့ပြီး ဇာတ်အဖွဲ့သို့လည်း ရတနာစီခြယ်ထားသော မိမိ၏အဝတ်လဲတော်ကို ငှားရမ်းသုံးစွဲစေခဲ့၏။ ဘုရင်သည် အပျော်အပါးလိုက်စားမှုတစ်စစ များပြားလာကာ ၁၇၈၂ ခုနှစ် အသက် ၂၆ နှစ်အရွယ်တွင် နန်းကျသွား၏။

## မိသားစုရေးရာ

စဥ့်ကူးမင်း၏မိဖုရားခေါင်မှာ မဟာရတနာစန္ဒာဒေဝီဘွဲ့ခံ ရှင်မင်း ဖြစ်သည်။ ရှင်မင်းကို ကျီဝန်အတွင်းဝန်မင်းကြီး နန္ဒကျော်ထင်(ဦးထွန်း)နှင့်



မြင်းစုကြီးဝန်ဦးတုတ်ကြီး၏သမီး ရှင်ဘွားတို့မှ ၁၇၅၈ ခုနှစ်တွင် ဖွားမြင်သည်။ ၁၇၇၆ ခုနှစ် စဥ့်ကူးမင်းနန်းတက်စဥ် မိဖုရားခေါင် ဖြစ်လာပြီး ၁၇၈၁ ခုနှစ် ဗဒုံမင်းနန်းသိမ်းချိန်၌ အသည်ဝန်ကြီးဦးသာ၏ ဝန်ကတော် ရှင်တလိုင်းထံ အပ်နှံကာ အကျယ်ချုပ်ဖြင့်နေစေခဲ့၏။ ထို့နောက်ထွက်ပြေးလွတ်မြောက်သွားရာမှ စမွယ်နဂိုရ်မြို့သူကြီး၏ နေအိမ်တွင် ပြန်လည်ဖမ်းဆီးရမိကာ ၁၇၈၁ ခုနှစ်၌ပင် စီရင်ကွပ်မျက်ခံရလေသည်။

စဥ့်ကူးမင်း၏ အခြားထင်ရှားသောမိဖုရားများမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

မြနန်း– အမည်ရင်း သခင်မင်းမိ၊ ဘွဲ့–သီရိပဘာဒေဝီ၊ မြေဒူးမင်းနှင့် ဟံသာဝတီရောက်မင်း၏ သမီး မင်းရွှေပွင့်တို့မှ ၁၇၅၈ ခုနှစ်တွင်ဖွားမြင်၊ မင်းကင်းမြို့စားဖြစ်ပြီး ၁၇၈၁ ခုနှစ်၌ စဥ့်ကူးမင်းက မြနန်းရှင်အမည်ဖြင့် မိဖုရားမြှောက်၊ ၁၈၀၄ ခုနှစ်ကွယ်လွန်၊

မြောက်နန်း(ပ)–အမည်ရင်းရှင်မင်းပေါင်း၊ ဘွဲ့–သီရိမဟာမင်္ဂလာဒေဝီ၊ အသည်ဝန်ကြီးဦးသာ နှင့် ဒေါ်တလိုင်းတို့၏သမီး၊ ၁၈ နှစ် ၁၇၇၇ ခုနှစ်တွင်ကွယ်လွန်

မြောက်နန်း(ဒု)– အဆောင်မြဲဦးကျိုင်း၏သမီး၊ ၁၇၈၂ ခုနှစ်တွင် ကွယ်လွန်

အနောက်နန်း–အမည်ရင်းရှင်မင်းဖြူ၊ ဘွဲ့–သီရိစန္ဒာရတနာဒေဝီ၊ မြောက်နန်း(ဒု)၊ အလယ်နန်း တို့၏ညီမရင်း

အလယ်နန်း– အမည်ရင်းရှင်မင်းသာ၊ ဘွဲ့–သီရိမဟာနန္ဒာဒေဝီ

စဥ့်ကူမင်း၏ မိဖုရားခေါင်အပါအဝင် မိဖုရားကိုယ်လုပ်တော် အသီးသီးမှ ဖွားမြင်သည့် ထင်ရှားသောသားသမီးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကလယ်၊ မောင်၊ ပဋ္ဌနဂိုရ်မင်းသား–ကိုယ်လုပ်ဝဏ္ဏာဝတီမှဖွားမြင်
ကျယ်၊ မောင်၊ စကုမင်းသား– ကိုယ်လုပ်ပဒုမ္မမဟေသီမှဖွားမြင်
ကြီး၊ မောင်၊ ဇရွှံမင်းသား– ကိုယ်လုပ်မြတ်စွာဒေဝီမှဖွားမြင်
မင်းရွှေချစ်၊ ပင်းယမင်းသမီး– မိဖုရားခေါင်မှဖွားမြင်
မောင်ကလေး၊ တောင်ခွင်မင်းသား– ကိုယ်လုပ်သီရိဒေဝီမှဖွားမြင်
မျိုးဇစ်၊ မောင်၊ ပြင်စည်မင်းသား– အလယ်နန်းမှဖွားမြင်

www.burmeseclassic.com



## ထီးနန်းအရိုက်အရာ

စဥ့်ကူးမင်းသည် နန်းတက်စဉ်ကာလ၌ အသက်(၂၀)အရွယ်သာ ရှိသေးခြင်း၊ နန်းသက် မှာလည်း(၆)နှစ်သာကြာမြင့်ခြင်းနှင့် မိဖုရားများမှ ဖွားမြင်သူဟူ၍ အလယ်နန်းမိဖုရား ရှင်မင်းသာမှ ဖွားမြင်သည့် ပြင်စည် မင်းသားတစ်ဦးသာ ရှိခြင်းတို့ကြောင့် မိမိလက်ထက်တွင် ထီးနန်း အရိုက် အရာဆက်ခံမည့် နန်းလျာအဖြစ် လျာထားခန့်အပ်နိုင်ခဲ့ခြင်းမရှိပေ။

## ယိုးဒယားရောက်မြန်မာတပ်များ

စဥ့်ကူးမင်း နန်းတက်စတွင် ဖခင်မြေဒူးမင်း လက်ထက်က ဘန်ကောက်မြို့တော်ကို သိမ်းပိုက်ရန် စေလွှတ်ထားသော မြန်မာတပ်များ ယိုးဒယားနယ်မြေအတွင်း ရှိနေဆဲဖြစ်၏။ ထိုစဉ်က ဝန်ကြီးဦးသာသည် မြန်မာတပ်(၆၀)ကို ဦးစီးလျက် မုတ္တမသို့ ပြန်လည်ရပ်နား မိုးခိုခဲ့ပြီး ရှာဟိုင်းကြောင်း စစ်ချီချိန်ဖြစ်သည်။ ဝန်ကြီးဦးသာ၏တပ်များသည် ရှာဟိုင်း၊ သောက္ကတဲ၊ ပိသလောက် စသည့်မြို့များကို သိမ်းယူကာ မြစ်ဆုံတွင် ယိုးဒယားဘုရင့်တပ်နှင့်တွေ့ဆုံ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ယိုဒယားတပ်များ ဆုတ်ခွာသောအခါ ပျံချီရဲကျော်၊ ပုဂံဗိုလ်နှင့် ကျော်ဂသူတို့ စစ်ကြောင်း သုံးကြောင်းဖြင့် လိုက်လံတိုက်ခိုက်လေသည်။ ယိုးဒယားဘုရင် ဘယား တက်သေဥ်သည် မြန်မာစစ်ကြောင်းများအား အင်အားသုံး၍နှိမ်နင်းနေစဉ် စဥ့်ကူးမင်းအမိန့်တော်ဖြင့် အမြောက်ဝန် နေမျိုးသီဟသူ လာရောက်ခေါ် ဆောင်သဖြင့် မြန်မာတပ်များ ရပ်သိမ်းရလေသည်။

ဝန်ကြီးဦးသာသည် စစ်ကြောင်းများအား လိုက်လံညွှန်ကြား ဆုတ်ခွာ စေခဲ့သော်လည်း ပျံချီရဲခေါင်ကျော်၏တပ်များမှာမူ အဆက်အသွယ်မရရှိ တော့ပေ။ ရက်အတန်ကြာမှ ယိုးဒယားတပ်တို့၏ ဝန်းရံတိုက်ခိုက်မှုမှ လွတ်မြောက်ကာ လင်းဇင်းမှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့၏။ ဇင်းမယ်ကြောင်းချီ မြင်းစုကြီးဝန်ဦးတုတ်ကြီး၏ တပ်များမှာမူ ဇင်းမယ်မှ ဆုတ်ခွာ၍ ဝန်ကြီးဦးသာ၏တပ်များနှင့် ပူးပေါင်းရန်ချီလာစဉ် စစ်တောင်း မြို့၌ နေပြည်တော်မှစေလွှတ်သူများနှင့်တွေ့ဆုံကာ တပ်ဆုတ်ခွာလျက် ပြန်လည်ရောက်ရှိခဲ့ကြသည်။ ဝန်ကြီးဦးသာနှင့် မြင်းစုကြီးဝန် ဦးတုတ်



ကြီးတို့သည် ယိုးဒယားနိုင်ငံ သွားရောက်တိုက်ခိုက်ခဲ့ကြသူများအနက် နောက်ဆုံးသွားရောက်ခဲ့ကြသူ တပ်မှူးများဖြစ်ကြပေသည်။ ယင်းနောက် ပိုင်းတွင် မြန်မာနေပြည်တော်မှ ယိုးဒယားနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက် ခိုက်ခြင်း မရှိတော့ပေ။

## နန်းတွင်းအရှုပ်တော်ပုံ

စဥ့်ကူးမင်းသားသည် ဖခင်အရိုက်အရာကိုဆက်ခံလျက် နန်းတက် လာချိန်တွင် ထီးနန်းကို အန္တရာယ်ပြုနိုင်သည့် အလောင်းမင်းတရား၏ သားတော်များဖြစ်ကြသော အမြင့်မင်းသားဦးပိုး၊ ဗဒုံမင်းသားဦးဝိုင်း၊ ပခန်း မင်းသားဦးစိုး၊ ပင်းတလဲမင်းသားဦးဘိုးရှင်တို့ကို ကွမ်းရေကိုင် ၂၅ဦးစီနှင့် အိမ်တော်များ၌သာ နေထိုင်စေခဲ့၏။ ဝန်ကြီး မဟာဇေယျဥတ္တမသင်္ကြံကို ရာထူးမှ ဖယ်ရှားခဲ့သည်။ ၁၇၇၇ ခုနှစ် ဇွန်လတွင် အသည်ဝန်ကြီးဦးသာကို ရာထူးမှထုတ်ပယ်ကာ စစ်ကိုင်းသို့ ပို့ထား၏။ သမီးဖြစ်သူ မြောက်နန်းမိဖုရား ရှင်မင်းပေါင်းကိုလည်း အရာချကာ အလယ်နန်းမိဖုရား ရှင်မင်းသာအား မြောက်နန်းမိဖုရားအဖြစ် အစားထိုးခန့်အပ်ခဲ့သည်။ စစ်ကိုင်း၌ အကျယ်ချုပ် ချထားသူ မြောက်နန်းမိဖုရားဟောင်းကို ၁၈ ဇွန် ၁၇၇၇ ခုနှစ်တွင် စီရင် ကွပ်မျက်ခဲ့၏။

ဘထွေးတော် အမြင့်မင်းသားဦးပိုးသည် အလောင်းမင်းတရား၏ မှာဝါဒအရ မြေဒူးမင်းအား ဆက်ခံရမည့်သူဖြစ်ပေသည်။ သို့သော် မြေဒူး မင်းသည် သားတော် စဥ့်ကူးမင်းသားအား နန်းလျာထားခဲ့သဖြင့် စဥ့်ကူးမင်း နန်းတက်စ၌ပင် အမြင့်မင်းသား၏ ပုန်ကန်မှုပေါ်ပေါက်လာ၏။ အမြင့် မင်းသားသည် နတ်စုဗိုလ်သိခ်ပျံချီ၊ လက်ယာဒူတတို့နှင့်ပူးပေါင်းကာ စဥ့်ကူး မင်းကို ပုန်ကန်ခြားနားခဲ့သည်။ စဥ့်ကူးမင်းသည် အမြင့်မင်းသား၏ပုန်ကန် မှုကို နှိမ်နင်းနိုင်ခဲ့ပြီး ၂၆ စက်တင်ဘာ ၁၇၇၇ ခုနှစ်တွင် အမြင့်မင်းသားနှင့် ကြံရာပါတို့ကို စီရင်ကွပ်မျက်ခဲ့၏။ စဥ့်ကူးမင်းသည် ၁၇၇၈ခုနှစ် မေလတွင် ဘထွေးတော်ဗဒုံမင်းသားအား စစ်ကိုင်းမြို့၊ ပခန်း မင်းသားအား ပင်းယမြို့၊ ပင်းတလဲမင်းသားအား ရွာသစ်ကြီးသို့ပို့ထားလိုက်၏။ ဗဒုံမင်းသားသည် စစ်ကိုင်းမြို့တွင် ဆင်းရဲပင်ပန်းစွာ နေထိုင်ခဲ့ရလေသည်။ ၁၇၈၀ ခုနှစ်တွင် ဒီပဲယင်းမင်း၏သား မောင်မောင်ကိုလည်း ဖောင်းကားရွာသို့ပို့ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



## သာသနာရေးဆောင်ရွက်ချက်

စဉ့်ကူးမင်းလက်ထက် သာသနာရေးဆောင်ရွက်ချက်အချို့အနက်
စဉ့်ကူးမင်းလက်ထက် သာသနာရေးဆောင်ရွက်ချက်အချို့အနက် မှတ်တမ်း
'မင်္ဂလာရွှေဘုံ' ကျောင်းတော် ဆောက်လုပ် လှူဒါန်းခဲ့ခြင်းမှာ မှတ်တမ်း
ပြုဖွယ် ဖြစ်ပါသည်။ မင်္ဂလာရွှေဘုံ (၄)ထပ် ဇေတဝန်ကျောင်းတော်ကို
စစ်ကိုင်းမြို့ အနောက်ဘက်ကိုးထပ်ကြီးဘုရားအနီး တောင်ဖီလာကျောင်း
ယောင်းနေရာ၌ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၂ မတ် ၁၇၇၇ ခုနှစ်တွင်
မင်းအိုဆရာတော်အား ရေစက်ချလှူဒါန်းခဲ့သည်။

စဉ့်ကူးမင်း၏ အခြားထင်ရှားသော သာသနာရေး ဆောင်ရွက်ချက်
တစ်ခုမှာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ "မဟာဂဏ္ဍ"ခေါင်းလောင်းတော်
လှူဒါန်းခြင်းပင်ဖြစ်သည်။ ယင်းခေါင်းလောင်းကြီးသည် ကြေးပိဿာချိန်
၁၅၅၅၅ ရှိပြီး အချင်း ၇' ၆", အမြင့် ၁၀'ကျော်ရှိ၏။ ခေါင်းလောင်းကို
ဖခင်မြေဒူးမင်းလက်ထက် စတင်သွန်းလုပ်ခဲ့ပြီး မပြီးပြတ်သေးသဖြင့် မိမိ
လက်ထက်တွင် အပြီးသတ်သွန်းလုပ်ခဲ့ခြင်းဖြစ်သည်။ ၁၇ ဇန်နဝါရီ ၁၇၇၉
ခုနှစ်တွင် ရွှေတိဂုံရင်ပြင် ရာဟုထောင့်သို့တင်လှူခဲ့သည်။ ခေါင်းလောင်းကြီး
အကြောင်းကို ကဗျာဆရာ **Harold V Lucas**က ကဗျာရှည်ရေးဖွဲ့ခဲ့ဖူး၏။

စဉ့်ကူးမင်းသည် အတင်၊ အရုံဆိုင်ရာသာသနာရေးပြဿနာကိုလည်း
သုဓမ္မဇရပ်၌ ဆရာတော်အများပင့်ဖိတ်၍ ကျမ်းဂန်အထောက်အထားများ
နှင့်တကွ တင်ပြရှင်းလင်း စေခဲ့၏။ ယင်း သာသနာရေးဆိုင်ရာ အစည်း
အဝေးတွင် အောက်ပါဆရာတော်တို့ပါဝင် တက်ရောက် ဆွေးနွေးခဲ့ကြ၏။

ကတိုး–အရုံ
ဆုံတား–အရုံ
တောင်ဘီလူး–အတင်
ပျိုးကန်–အတင်
ဗားကရာ–အရုံ
မန်လည်–အရုံ
ရတနာစံလွှတ်–အတင်

ယင်းဆွေးနွေးပွဲတွင် အရုံဂိုဏ်းက ကျမ်းဂန်အထောက်အထား တင်ပြနိုင်
သဖြင့် အနိုင်ရရှိကာ မန်လည်ဆရာတော်ကို သာသနာပြုအပ်ကြ၏။



## အညာဘုရားဖူး

စဉ့်ကူးမင်း၏ မလေ့ဝါသနာတစ်ခုမှာ မကြာခဏ ဘုရားဖူးသွား
ရောက်တတ်ခြင်းဖြစ်သည်။ ယင်းသို့သွားရောက်ခြင်းသည် အပျော်အပါးကို
ပိုမိုလိုက်စားလို၍ ဖြစ်ဟန်တူ၏။ ၂၀ အောက်တိုဘာ ၁၇၈၁ ခုနှစ်တွင်
ပင်းယမြို့ ရွှေစည်းခုံစေတီတော်ပြိုကျပျက်စီးနေသည်ကို အသစ်ပြန်လည်
တည်ဆောက်ခဲ့သည်။ စဉ့်ကူးမင်းကိုယ်တိုင်မြောက်ဘက်၌ ယာယီနန်းတော်
ဆောက်လုပ်စေကာ စံနေခဲ့သည်။ ဗိုလ်လူအများအုတ်ပေါင်းတို့ သယ်ယူ
ရှုလင်းနေစဉ် စဉ့်ကူမင်းသည် အရက်သေစာ သောက်စားလျက် မှုးမတ်
တို့နှင့် ပျော်ရွှင်မြူးထူးစွာ ကစားခုန်စားလျက်ရှိသည်ဆို၏။

၂၉ ဇန်နဝါရီ ၁၇၈၂ ခုနှစ်တွင် စဉ့်ကူးမင်းနှင့် ဘုရားဖူးအဖွဲ့
ပင်းယမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြပါသည်။ စဉ့်ကူးမင်းသည်
နန်းတွင်းသို့ မဝင်သေးဘဲ မြောက်ဘက် မာန်အောင်တံခါးရှိ ရေနန်းတော်၌
စံကာ ၂ ဖေဖော်ဝါရီ ၁၇၈၂ ခုနှစ်တွင် ရေနန်းတော်မှပင် အညာသီဟတော
ဘုရားသို့ ဘုရားဖူးပြန်လည်ထွက်ခွာသွားလေသည်။

## နတ်ရွာစံလွန်ခြင်း

စဉ့်ကူးမင်း၏မလေ့စရိုက် အမူအကျင့်တို့ကိုသိရှိသည့် ဖောင်းကား
ရွာသို့ အပို့ခံထားရသူ ဒီပဲယင်းမင်း၏သား မောင်မောင်သည် ဖောင်းကား
ရွာမှ ဂါမဏိဦးကြာ၏အဖွဲ့နှင့် ပုံးပေါင်းကာ ၅ ဖေဖော်ဝါရီ ၁၇၈၂ ခုနှစ်
တွင် မာန်အောင်တံခါးမှ ဘုရင်ဟန်ဆောင်၍ ဝင်ရောက်လျက် ထီးနန်း
သိမ်းပိုက်လိုက်၏။ စဉ့်ကူးမင်းသည် အညာသီဟတော ဘုရားဖူးနေစဉ်
ဖောင်းကားစား မောင်မောင် ထီးနန်းသိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း ကြား
သိလျှင်သိရခြင်း အင်းဝသို့ ပြန်လည် ရောက်ရှိလာရာ ၁၄ ဖေဖော်ဝါရီ
၁၇၈၂ ခုနှစ်တွင် ဗဒုံမင်းက စီရင်ကွပ်မျက်လိုက်လေသည်။ နတ်ရွာစံချိန်၌
အသက် ၂၆နှစ်ရှိပြီဖြစ်သည်။

www.burmeseclassic.com


www.burmeseclassic.com



## ၅။ ဖောင်းကားစားမောင်မောင်

ဖောင်းကားရွာစားမောင်မောင်ကို ၁၂ စက်တင်ဘာ ၁၇၆၃ ခုနှစ်တွင် ဒီပဲယင်းမင်းနှင့် မိဖုရားခေါင် မဟာမင်္ဂလာရတနာဒေဝီဘွဲ့ခံ ရှင်ဖြူးဦးတို့မှ ဖွားမြင်ခဲ့သည်။

### မျိုးရိုးဆက်နွယ်




ဖောင်းကားစားမောင်မောင်၏ မိခင် ရှင်ဖြူးဦးသည် ယင်းတောဝန်ကြီးနှင့် ဝန်ကတော်တို့မှ ဖွားမြင်သူဖြစ်၏။ ရှင်ဖြူးဦးတွင် ဦးဝန်ဆိုသူ မောင်တစ်ဦးလည်းရှိပါသည်။ ဦးဝန်သည် "မင်းရဲ"ဘွဲ့ခံ မင်းမှုထမ်းတစ်ဦးဖြစ်ပြီး ဟန်လင်းကျောင်းတကာ၏သမီး ရှင်ရောင်နှင့် စုံဖက်ကာ သမီး ဒေါ်စုကို ဖွားမြင်သည်။ ဒေါ်စုသည် မုတ္တမမင်းကြီး၏အစ်ကို ပြည်လုံးယူလေတော်မှူးဦးရနှင့်လက်ဆက်ကာ အမရပူရမြို့ဝန်ဦးရောက်ကြီးကို ဖွားမြင်ပါသည်။

### မွေးချင်းများ

ဖောင်းကားစားမောင်မောင်တွင် ခင်ဖွားဆိုသူနှမတစ်ဦးရှိပါသည်။ ခင်ဖွား၏ မြစ်တော်စပ်သူ ဒေါ်သင်သည် မင်းတုန်းမင်းလက်ထက်တွင် သူဌေးဦးမှိုနှင့် လက်ဆက်ကာ တောင်ငူမြို့ ဒုတိယမြို့နိစ်ပယ်ဥက္ကဋ္ဌ ဦးဖိုးကာကို ဖွားမြင်ပါသည်။



### ငယ်စဉ်ဘဝ

ဖောင်းကားစားမောင်မောင်၏ ငယ်စဉ်ဘဝကို မသိရပါ။ မိခင်ဖြစ်သူ ရှင်ဖြူးဦးအား အကျဉ်းချထားစဉ်က မောင်မောင်တို့သားအမိ ညိုးငယ်စွာနေထိုင်ခဲ့ရသည်ဆို၏။ မင်းဖြစ်ချိန်တွင် အသက်(၁၉)နှစ်အရွယ်သာရှိသေးပြီး အင်းဝနန်းတော်တွင်လည်း ခုနစ်ရက်သာ ထီးနန်းစိုးစံခဲ့ရ၏။

### မိသားစုရေးရာ

ဖောင်းကားစားမောင်မောင်၏ မိဖုရားခေါင်မှာ ရှင်မိုင်းတုတ် ဖြစ်ပါသည်။ ရှင်မိုင်းတုတ်သည် ကျီဝန်အတွင်းဝန်ဦးထွန်း၏အစ်ကို ဦးရွှန်း၏သမီး ဖြစ်သည်။ ၁၁ ဖေဖော်ဝါရီ ၁၇၈၂ ခုနှစ်တွင် ဖောင်းကားစားမောင်မောင်နှင့်အတူ စီရင်လုပ်ကြံခြင်းခံခဲ့ရ၏။

အခြားမိဖုရားဟူ၍ မယ်ဘွားတစ်ဦးသာရှိပါသည်။ မယ်ဘွားသည် ဟံသာဝတီရောက်မင်း၏သမီး မင်းခဲပေါင်မှဖွားမြင်သူဖြစ်၏။ ဖောင်းကားစား မောင်မောင်တွင် မောင်ရိုက်ဟုခေါ်သော သားတစ်ဦးထွန်းကားပါသည်။ မိဖုရားရှင်မိုင်းတုတ်မှ ဖွားမြင်သည်ဟု မှတ်ယူရ၏။ မောင်ရိုက်သည် တောငယ် (တောကသူငယ်) ဟူ၍လည်း အမည်ထင်ရှားခဲ့ပြီး ဗဒုံမင်းလက်ထက် ၁၈၀၅ ခုနှစ်တွင် ကျွန်းလှဒေသ၌ လူသူစုဆောင်းကာ ဗဒုံမင်းကို ပုန်ကန်ခြားနားခဲ့သည်။ နောက်ဆုံးအရေးနိမ့်သွားကာ မောင်ရိုက်ကို ချင်းတွင်းမြစ်အနီး၌ ဖမ်းဆီးရမိသွားပါသည်။

### ခုနစ်ရက်ဖတ်လမ်းစုံ

၅ ဖေဖော်ဝါရီ ၁၇၈၂ ခုနှစ် ညတွင် ဖောင်းကားစားမောင်မောင်သည် မူးယစ်၍ ပြန်လာသည့် စဉ့်ကူးမင်းဟန်ဖြင့် မာန်အောင်တံခါးမှဝင်ရောက်ကာ ထီးနန်းသိမ်းပိုက်လိုက်၏။ နန်းတွင်းသို့ ရောက်သည်နှင့် ဘုရင်မင်းမြတ်အမိန့်ဆိုကာ မှူးမတ်အရာရှိအားလုံးကိုခေါ်ယူလျက် မြေနန်းတော်အရှေ့၌ ကြိုးဖြင့် ချည်နှောင်ထားလိုက်၏။ မဟာသီလဝနှင့် စန္ဒနရာတို့က မြို့တံခါးအသီးသီးကို ဝင်ရောက်စီးနင်းလိုက်ကြသည်။ ဖောင်းကားစားမောင်မောင်သည် ဖမ်းဆီးရမိသူအများကို သစ္စာရေတိုက်ကာ သစ္စာခံစေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ရုတ်ရုတ်သဲသဲဖြစ်နေစဉ် ဧတာဝန်ဆောင်တော်မြို့ မဲဇလီစားသည် နန်းတော်တွင်းမှ ထွက်ပြေးလွတ်မြောက်ကာ အညာဒေသသို့ ထွက်ခွာခဲ့၏။ ၆ ဖေဖော်ဝါရီ ၁၇၈၂ ခုနှစ်တွင် စဥ့်ကူမင်း ယာယီနန်းစံနေရာ ငါးပတ်ချောင်းသို့ ရောက်ရှိခဲ့ပြီး နန်းတွင်းသို့ ရန်သူ ဝင်ရောက်လျက်ရှိကြောင်းနှင့် ညဥ့်အချိန်ဖြစ်၍ မည်သူမည်ဝါဟု မသိရပါကြောင်း လျှောက်ထားခဲ့သည်။ စဥ့်ကူးမင်းသည် အင်းဝသို့ပြန်လည်ထွက်ခွာရန် စဥ့်ကူးမြို့သို့ ကူးစဉ် ကျိုဝန်၏ အမှုထမ်း ဦးမြတ်လေးထပ်မံရောက်ရှိလာကာ နန်းတွင်းသို့ ဝင်ရောက် ထီးနန်းသိမ်းပိုက်သူမှာ ဒီပဲယင်းမင်း၏သား ဖောင်းကားစား မောင်မောင်ဖြစ်ကြောင်း လျှောက်ထားလာ၏။ သို့ဖြင့် ၁၁ ဖေဖော်ဝါရီ ၁၇၈၂ ခုနှစ်တွင် စဥ့်ကူးမင်းနှင့်မိသားစု အင်းဝသို့ပြန်လည်ထွက်ခွာခဲ့ကြသည်။ လမ်းခရီးတွင် မင်းမှုထမ်းများ ရှောင်ရှားထွက်ပြေးသွားကြသဖြင့် နောက်ဆုံး ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်တို့ကိုယ်တိုင် ဘုရင့်သမ္မန်ကို ဆွဲငင်ကြရ၏။

အင်းဝမြို့တော်တွင်း ရောက်ရှိနေသည့် ဖောင်းကားစားမောင်မောင်သည် မြို့တံခါးအားလုံးကို ပိတ်လျက် လုံခြုံရေးအစီအစဉ်များကို စီမံခန့်ခွဲတော့၏။ အနီးမြို့ရွာ အသီးသီးသို့ စဥ့်ကူးမင်းလက်ထက်က ပို့ထားခဲ့သော ဘထွေးတော် ဗဒုံ၊ ပခန်း၊ ပင်းတလဲ၊ စည်သာမင်းသားများကို နေပြည်တော်အတွင်းရှိ အိမ်တော်များသို့ ပြန်လည်လာရောက်နေထိုင်ကြရန် ဆင့်ခေါ်လေသည်။ စစ်ကိုင်းသို့ အကျယ်ချုပ်ဖြင့် ရောက်ရှိနေသော ဝန်ကြီးဦးသာကိုလည်း ပြန်လည်ခေါ်ယူကာ ဝန်ကြီးရာထူးခန့်အပ်ခဲ့သည်။ မြင်းမူရွာသို့ အပို့ခံထားရသူ စာရေးကြီးစန္ဒဝေသော်ကိုလည်း နေပြည်တော်သို့ ပြန်လည်ခေါ်ယူကာ အရှေ့ရုံး၌ တာဝန်ထမ်းရွက်စေခဲ့၏။ မြို့ရိုး ပတ်လည်တွင် နေထိုင်သူများကို မြို့တွင်းသို့ပြောင်းရွှေ့နေထိုင်စေသည်။ ထို့နောက် မြို့ရိုးပတ်လည်၌ ဆင်ခလုတ်၊ မြင်းခလုတ်များကိုလည်း အရံသင့်စီရင်ထား၏။ မြို့တွင်း အစီအရင်များအားလုံးပြီးစီးသောအခါ ဝန်ကြီးဦးသာကို ရေတပ်အားကြီးကြပ်လျက် အညာသို့ ချီတက်သွားရောက်စေခဲ့လေသည်။

ဖောင်းကားစားမောင်မောင် အင်းဝနေပြည်တော်ကို သိမ်းပိုက်လိုက်ချိန်၌ ဗဒုံမင်းသားသည် ညီဖြစ်သူ ပင်းတလဲမင်းသား၊ စည်သာ



မင်းသားတို့နှင့်တိုင်ပင်ကာ လက်နက်လူသူ စုဆောင်းနေခဲ့၏။ ၁၁ ဖေဖော်ဝါရီ ၁၇၈၂ ခုနှစ်တွင် ရွှေးတော်ယူတံခါးမှဝင်ရောက်ကာ မြို့ဝန်ဦးရွှေရောင် အကူအညီဖြင့် အင်းဝထီးနန်းကိုသိမ်းပိုက်လိုက်လေတော့သည်။ ထိုစဉ်က နန်းကျစဥ့်ကူးမင်းသည် ဗန်းမော်စစ်ကဲဦးကံအား တရုတ်နိုင်ငံသို့စေလွှတ်၍ အင်းဝကိုပြန်လည် သိမ်းပိုက်နိုင်ရန်အတွက် စစ်ကူတောင်းခံရန်စီစဉ်နေဆဲဖြစ်ပါသည်။

## နတ်ရွာစံလွန်ခြင်း

ဗဒုံမင်းသည် အင်းဝထီးနန်းကို သိမ်းပိုက်ရမိသည်နှင့် ၁၁ ဖေဖော်ဝါရီ ၁၇၈၂ ခုနှစ်၌ပင် ဖောင်းကားစားမောင်မောင်အား လုပ်ကြံစီရင်ခဲ့လေသည်။ သို့ဖြင့် ဖောင်းကားစား မောင်မောင်သည် ထီးနန်း(၇)ရက်သာ စိုးစံခဲ့ရ၏။ နတ်ရွာစံချိန်၌ အသက် ၁၉ နှစ်သာရှိသေး၏။

www.burmeseclassic.com



## ၆။ ပဒုံမင်း

ဗဒုံမင်း၏အမည်ရင်းမှာ ဦးဝိုင်းဖြစ်သည်။ ၂၂ မတ် ၁၇၄၅ ခုနှစ်တွင် အလောင်းမင်းတရား နှင့် မိဖုရားခေါင် ခင်ယွန်းစံတို့မှ ဖွားမြင်ပါသည်။

**မျိုးရိုးဆက်နွယ်**

ဦးပုကြီး + ဒေါ်မှန် ဘုမ္မသာရ + စောလှမျိုး

(သမီး) (သား) (သမီး)

မင်းညိုစံ + စောငြိမ်းဦး ဦးဖြိုး + ဒေါ်ညက်

(သား) (သမီး) (သမီး) (သမီး)


အလောင်းမင်းတရား + ခင်ယွန်းစံ ခင်ကောင်းစံ ခင်နှိုင်းစံ

(သား)

ဗဒုံမင်း

ဗဒုံမင်း၏ မိခင်မှာ ခင်ယွန်းစံ ဖြစ်၏။ စည်ပုတ္တရာ ရွှေကာတစ်ထောင်မှူး ဦးဖြိုးနှင့်ဒေါ်ညက်တို့၏ ဒုတိယသမီးဖြစ်ပါသည်။ အစ်မကြီးဖြစ်သူ ခင်ကောင်းစံသည် စည်သာမင်းကြီး ဦးစည်းစိမ်နှင့် စုံဖက်ခဲ့၏။ ဦးစည်းစိမ်သည် ဟံသာဝတီရောက်မင်းလက်ထက် မင်းလှစည်သူဘွဲ့ခံ စည်သာမြို့စားဖြစ်ပြီး ၁၇၅၅ ခုနှစ်၊ ဇွန်လ သံလျင်တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ ဦးစည်းစိမ်နှင့် ခင်ကောင်းစံတို့မှ ရှင်ပြေ(အလောင်းမင်းတရား၏ မြောက်နန်းမိဖုရား)နှင့် ရှင်သူဋ္ဌေး (အိမ်ထောင်မရှိ)တို့ကို ဖွားမြင်ပါသည်။

ညီမ ခင်နှိုင်းစံသည် ရတနာသိင်္ဃမြို့ဝန် ဦးမြင့်နှင့် လက်ဆက်ကာ မယ်တလိုင်း၊ ခင်မင်းလှ၊ မောင်ဝင်း၊ မောင်မင်း၊ မယ်ရှင်ကလေးတို့ကို ဖွားမြင်သည်။ မယ်တလိုင်းသည် အသည်ဝန်ကြီးဦးသာ၏ ဝန်ကတော်ဖြစ်ပြီး ခင်မင်းလှမှာ မြေဒူးမင်း၏ မိဖုရားခေါင်ဖြစ်ပါသည်။ မောင်ဝင်းသည်



www.burmeseclassic.com



အလောင်းမင်းတရား၏ညီ သတိုးသိခ်သူ၏သမီး ရှင်ဝန်းနှင့် စုံဖက်ခဲ့၏။ မောင်မင်းမှာ မင်းရဲမင်းလှကျော်ဘွဲ့ခံ မင်းသားဖြစ်ပြီး မယ်ရှင်ကလေးမှာ မြဒူးမင်း၏ သီရိမဟာဒေဝီဘွဲ့ခံ မိဖုရားဖြစ်သည်။ ခင်နှိုင်းစံသည် ၂ ဇက်တင်ဘာ ၁၇၈၄ ခုနှစ်တွင် ကွယ်လွန်ခဲ့၏။

## မွေးချင်းများ

ဗဒုံမင်း၏ မွေးချင်း(၉)ယောက်မှာ ဒီပဲယင်းမင်းသား ဦးလှောက်၊ [illegible]မင်းသား ဦးရွှေ၊ ကနီမင်းသမီး မယ်သာ၊ အမြင့်မင်းသား ဦးပိုး၊ [illegible]ခင်းမင်းသမီး မယ်မြတ်လှ၊ ဗဒုံ မင်းသား ဦးဝိုင်း၊ စကုမင်းသမီး မယ်အိမ်၊ ပုခန်းမင်းသား ဦးဖိုး၊ ပင်းတလဲမင်းသား ဦးဘိုးရှင်တို့ ဖြစ်ကြ၏။

## ဘဝဖြစ်စဉ်အကျဉ်း

ဗဒုံမင်းသည် အင်းဝကို မွန်တပ်များဝိုင်းရံစဉ် မွေးဖွားသူဖြစ်သဖြင့် မောင်ဝိုင်းဟု အမည်တွင်၏။ ဖခင် အလောင်းမင်းတရား နတ်ရွာစံချိန်တွင် အသက်(၁၅)နှစ်အရွယ်သာ ရှိသေး၏။ ထို့နောက် နောင်တော်ဘုရင်နှစ်ပါး လက်ထက်တွင် မင်းသားကြီးအရာ အစီးအနင်း အဆောင်အရွက်များ ရရှိခဲ့သည်။ စဉ့်ကူးမင်းလက်ထက်တွင် မိသားစုနှင့်အတူ စစ်ကိုင်းသို့ အကျယ်ချုပ်နှင့် အပို့ခံခဲ့ရပြီး ဆင်းရဲပင်ပန်းစွာ နေထိုင်စားသောက်ခဲ့ရလေသည်။ စဉ်းကူးမင်းကို ဖောင်းကားစားမောင်မောင်က နန်းချကာ ထီးနန်းစိုးစံချိန်၌ ညီဖြစ်သူ ပင်းတလဲမင်းသား၊ စည်သာမင်းသားတို့နှင့် တိုင်ပင်ကာ ကုန်းဘောင်ထီးနန်းကို ရယူခဲ့၏။ မင်းဖြစ်စဉ် အသက် (၃၇)နှစ်ရှိပြီဖြစ်ပါသည်။ ထို့နောက် (၃၇)နှစ် ထီးနန်းစိုးစံကာ အသက်(၇၄)နှစ်အရွယ်တွင် နတ်ရွာစံလွန်ခဲ့၏။ ဗဒုံမင်းသည် ပုံပန်းသဏ္ဌာန်အားဖြင့် အရပ်ထောင်ထောင် မောင်းမောင်းရှိကာ မုတ်ဆိတ်မွေးလည်း အနည်းငယ်ထားတတ်သည်ဆို၏။

## မိသားစုရေးရာ

ဗဒုံမင်း၏မိဖုရားခေါင်မှာ သီရိပဝရမဟာဓိန္ဒာ မင်္ဂလာရတနာ ဒေဝီဘွဲ့ခံ ဒေါလွန်းမယ် ဖြစ်ပါသည်။ ဒေါလွန်းမယ်ကို အင်းဝမိုလိမ်မှူး

www.burmeseclassic.com

မင်းရဲကျော်ထင်(ဦးညွန့်)နှင့် ဒေါ်အိတို့မှ ဖွားမြင်ခဲ့သည်။ ၁၇၆၀ ခုနှစ်တွင် ဗဒုံမင်းသားနှင့်စုံဖက်ကာ ၂၄ ဖေဖော်ဝါရီ ၁၈၀၇ ခုနှစ်၌ ကွယ်လွန်ပါသည်။

အခြားထင်ရှားသော မိဖုရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကသာ - အသည်ဝန်ကြီး မင်းကြီးဇေယျသူ၏သမီး၊ ဘွဲ့-မြတ်စွာမဟေ

ဇရွှဲ - မွေးရင်းစော်ဘွားသမီး၊ ဘွဲ့- သီရိရဇာမဟေ၊ ၁၈၀၆ ခုနှစ်၊ ဩဂုတ်လ၌ကွယ်လွန်၊

တရုတ်မြော် - မိုးကောင်းစော်ဘွားသမီး၊ ဘွဲ့၊ သီရိမြတ်စွာမဟေ၊ စစ်ကိုင်းမင်းလက်ထက် ဥပုသ်သည်အဖြစ် မဟာမုနိဘုရားအနီး နေထိုင်ခဲ့။ ၁၈၅၂ ခုနှစ် ကွယ်လွန်၊

တောင်ဆောင်တော် - အမည်ရင်း ဒေါ်အောင်၊ ဘွဲ့- သီရိမဟာမင်္ဂလာဒေဝီ၊ စလေ၊ ခနေဖြူမြို့စား၊

ထရုံကာ - သိန္နီစော်ဘွားသမီး၊ ဘွဲ့- သီရိမြတ်စွာမဟေ၊

မိုးမိတ် - မိုးမိတ်စော်ဘွားသမီး၊ ဘွဲ့- သီရိတိလောကဒေဝီ၊ ဟန်လင်း၊ စကုမြို့စားဖြစ်ပြီး ၂ ဇွန် ၁၇၉၅ ခုနှစ်ကွယ်လွန်၊

မဏ္ဍရာ -အမည်ရင်း ရှင်မင်းလှ၊ ဘွဲ့- သီရိရတနာမဟေသီ၊ တလုပ်မြို့ ဇာတိဖြစ်ပြီး ဖခင်မှာ သီရိကျော်သူဖြစ်၊

မိတ္ထီလာ -အမည်ရင်းမှာ မင်းစီစီ၊ ဟံသာဝတီရောက်မင်း၏သား ရွှေတောင် မင်းသားနှင့် မင်းထိပ်ပန်တို့၏သမီး၊ ၂၈ နိုဝင်ဘာ ၁၇၈၄ ခုနှစ်တွင်ကွယ်လွန်၊

မြောက်နန်း(ပ) -အမည်ရင်း ဒေါ်လွန်းသူ၊ ၁၇၄၅ ခုနှစ်တွင် သပွတ်ကြေးတိုင် ဦးမြတ်ထွန်းနှင့် ဒေါ်ဖရုံတို့မှ ဖွားမြင်၊ ၄ ဇန်နဝါရီ ၁၈၀၇ ခုနှစ်တွင် ကွယ်လွန်၊

မြောက်နန်း(ဒု) - ရွှေဘိုမြို့ဆီးတောရွာမှ ဦးမိုးသမီး၊ ၁၇၆၅ ခုနှစ်တွင် ဖွားမြင်၊ ကျောက်မော်ကျောက်ပန်းတောင်းမြို့စားဖြစ်ပြီး ၁၀ ဇူလိုင် ၁၈၁၂ ခုနှစ်တွင် ကွယ်လွန်၊

မြောက်ရွှေရေးဆောင် - အမည်ရင်း ရှင်ဝက်၊ လှိုင်းတက်အမြင့် ကာမမြို့စားဖြစ်ပြီး ၂၂ ဇူလိုင် ၁၈၀၉ ခုနှစ်တွင် ကွယ်လွန်၊



ယင်းတော် -အမည်ရင်း မရွှေမြ၊ ဘွဲ့-သီရိသုစန္ဒာဒေဝီ၊ ၁၇၅၄ ခုနှစ်တွင် ဖွားမြင်၊

ရေနံချောင်း - ယိုးဒယားဝန် ကျော်ခေါင်ကျော်သူ၏သမီး၊ ဘွဲ့-သီရိစန္ဒာမဟေသီ၊ ၈ ဇန်နဝါရီ ၁၈၁၄ ခုနှစ်တွင်ကွယ်လွန်၊

ရှင်မင်းစီ -ရွှေဘိုမြို့မြောက်ဘက် ရွံ့စက်ရွာမှ ဦးပု၏သမီး၊ ဗဒုံမင်း ဘုရင်မဖြစ်မီ ကွယ်လွန်၊

ဝေသာလီ-အမည်ရင်း စွန်ပါဝတီ၊ ဘွဲ့-သီရိမဟာဝိမလာဒေဝီ၊ ဝေသာလီမင်း၏သမီး မအူလေးရွာစားဖြစ်ပြီး ၂၆ ဇွန် ၁၇၉၇ ခုနှစ်တွင် နန်းတွင်းသို့ရောက်ရှိ၊

သပြေ ၅ ရွာစား -သီပေါစော်ဘွားသမီး၊ ဘွဲ့-ရာဇဒေဝီ၊ ၁၇၈၅ ခုနှစ်တွင်ကွယ်လွန်

အလယ်နန်း -အမည်ရင်း ဒေါ်လွန်းပု၊ ကျီဝန်ဦးစံထွန်းသမီးဖြစ်ပြီး ၃ စက်တင်ဘာ ၁၇၈၉ ခုနှစ်တွင်ကွယ်လွန်၊

မိဖုရားခေါင်အပါအဝင် မိဖုရားအသီးသီးမှဖွားမြင်သော သားသမီး များမှာ အောက်ပါအတိုင်းဖြစ်ကြသည်။

ကနောင်မင်းသား -အမည်ရင်း သာထွန်းအောင်၊ ဘွဲ့-သီရိသုဓမ္မ ရာဇာ၊ တောင်ဆောင် တော်မှ ၂၃ ဖေဖော်ဝါရီ ၁၇၈၈ ခုနှစ်ဖွားမြင်၊ ၁၇၉၆ ခုနှစ် စက်တင်ဘာလတွင် ကနောင်မြို့စားအရာရ၊ ကွပ်ရွာမင်းသမီး နှင့် စုံဖက်၊

ကန္နီမင်းသမီး - အမည်ရင်း အမိကြီး၊ ဘွဲ့-သီရိမဟာမင်္ဂလာရတနာဒေဝီ၊ မိဖုရားခေါင်မှ ၁၇၆၁ ခုနှစ် ဖွားမြင်၊ ၃ နိုဝင်ဘာ ၁၇၉၄ ခုနှစ်တွင် အိမ်ရှေ့မင်းသားဦးပေါ်နှင့် စုံဖက်ပြီး ၂၀ မေ ၁၈၃၆ ခုနှစ်တွင် ကွယ်လွန်၊

ကျောက်မော်မင်းသမီး-အမည်ရင်း ရွှေနန်းမြင့်၊ မြောက်နန်း(ဒု)မှ ၁၇၉၇ ခုနှစ်တွင် ဖွားမြင်၊ မြစ်သားနှင့် စကုမြို့စားဖြစ်ပြီး ၁၈၂၆ ခုနှစ်၌ ကွယ်လွန်၊

ကွပ်ရွာမင်းသမီး - မိုးမိတ်မိဖုရားမှ ၁၇၉၁ ခုနှစ်ဖွားမြင်၊ ဘွဲ့-သီရိရတနာ မင်္ဂလာဒေဝီ၊ ၂၇ ဇန်နဝါရီ ၁၈၃၉ ခုနှစ်ကွယ်လွန်၊

www.burmeseclassic.com

www.burmeseclassic.com



တောင်ငူမင်းသား -အမည်ရင်း မောင်ရွှေပုံ၊ ဘွဲ့-မင်းရဲကျော်ခေါင်၊ မိဖုရား ရှင်မင်းစီ မှ ၂၉ အောက်တိုဘာ ၁၇၆၇ ခုနှစ်တွင် ဖွားမြင်၊ ၁၇၈၃ ခုနှစ် ဒီဇင်ဘာလတွင် ပဘာဒေဝီနှင့်စုံဖက်၊ ၁၉ ဇန်နဝါရီ ၁၇၉၁ ခုနှစ်တွင် တောင်ငူဘုရင်ခံဖြစ်လာပြီး ၁၀ ဇွန် ၁၈၁၉ ခုနှစ်၌ ကွယ်လွန်၊

တောင်တွင်းကြီးမင်းသမီး-အမည်ရင်း ဒေါ်ကေ၊ ဘွဲ့- သီရိမဟာတိလောက ရတနာဒေဝီ၊ မိဖုရားခေါင်မှဖွားမြင်၊ ၁၀ ဇူလိုင် ၁၇၈၃ ခုနှစ်တွင် အိမ်ရှေ့ မင်းသားဦးပေါ်နှင့်စုံဖက်ကာ (ပ)အိမ်ရှေ့မိဖုရားဖြစ်လာ။ ၂၅ နိုဝင်ဘာ ၁၇၉၃ ခုနှစ်ကွယ်လွန်၊

မနေဖြူမင်းသမီး-အမည်ရင်း မင်းရွှေတုတ်၊ ဘွဲ့-သီရိသုရတနာပဘာဒေဝီ၊ မိုးမိတ် မိဖုရားမှ ၁၇၉၃ ခုနှစ်တွင် ဖွားမြင်၊ မက္ခရာမင်းသား ဦးပျို့နှင့် စုံဖက်ခဲ့ပြီး ၂၇ ဇွန် ၁၈၂၇ ခုနှစ်၌ ကွယ်လွန်၊

ပတိမ်းမင်းသား- အမင်ရင်း မောင်ရွှေလွတ်၊ ဘွဲ့-မင်းရဲကျော်စွာကျော်၊ ရေနံချောင်း မိဖုရားမှ ၂၆ မေ ၁၇၈၃ ခုနှစ်တွင်ဖွားမြင်၊ ၁၈၂၂ ခုနှစ် ကောသာလီတွင် စစ်မှုထမ်းစဉ်ကွယ်လွန်၊

ပုခန်းမင်းသား - အမည်ရင်း မောင်ဖဲကြီး၊ မြောက်ရွှေရေးဆောင်မှ ၁၇၈၃ ခုနှစ်တွင် ဖွားမြင်၊ ၁ ဖေဖော်ဝါရီ ၁၇၉၈ ခုနှစ်တွင် ရွှေကူမင်းသမီးနှင့်စုံဖက်၊ ဂီတပညာရှင်တစ်ဦးဖြစ်ပြီး ပြည်မင်းသားအရေးတော်အတွင်း မဲဇာပို့ခံရ၊ ၂၃ နိုဝင်ဘာ ၁၈၁၁ ခုနှစ်တွင် ငှက်ဖျားရောဂါဖြင့်ကွယ်လွန်၊

ပုဂံမင်းသား-အမည်ရင်း မောင်ပေ၊ ဘွဲ့-သတိုးမင်းဖျား၊ တောင်ဆောင်တော်မှ ၁၇၇၆ ခုနှစ်ဖွား၊ ၁၇၉၁ ခုနှစ်တွင် မင်းရွှေနန်းနှင့်လက်ဆက်ကာ ယင်းနှစ် ဒီဇင်ဘာလ၌ ပုဂံဘုရင်ခံအဖြစ် ခန့်အပ်ခံရ၊ ၁၄ အောက်တိုဘာ ၁၈၁၄ ခုနှစ် ကွယ်လွန်၊

ပုသိမ်မင်းသား -အလယ်နန်းမှ ၁၇၇၈ ခုနှစ်တွင်ဖွားမြင်၊ ဘွဲ့-သုဓမ္မရာဇာ၊ ၃ မေ ၁၈၃၉ ခုနှစ်ကွယ်လွန်၊

ပြည်မင်းသား - အမည်ရင်း မောင်ရွှေမှုံ၊ မြောက်နန်းမှ ၅ မေ ၁၇၆၅ ခုနှစ်တွင် ဖွားမြင်၊ ၁၇၈၂ ခုနှစ်တွင် စကုမြို့စားအရာရ၊ ၂၂



အောက်တိုဘာ ၁၇၈၂ ခုနှစ်တွင် ရွှေတိုက်ဝန် မဟာမင်းလှကျော်စွာ သမီး ရှင်မင်းဦးနှင့်လက်ဆက်၊ ၁၇၈၇ ခုနှစ် မတ်လတွင် မြေဒူးမင်းသမီးနှင့် ထပ်မံစုံဖက်၊ ၂၃ ဇန်နဝါရီ ၁၇၉၁ ခုနှစ်တွင် ပြည်ဘုရင်ခံ အဖြစ် ခန့်အပ်ခံရ၊ စစ်ကိုင်းမင်းလက်ထက် ၁၆ ဇွန် ၁၈၁၉ ခုနှစ်တွင် ထောင်တွင်း၌ကွယ်လွန်၊

မကွေးမင်းသမီး - အမည်ရင်း မင်းရွှေမှုတ်၊ ဘွဲ့ - သီရိသီလဒေဝီ၊ မိုးမိတ်မိဖုရားမှ ၁၇၉၀ ခုနှစ်တွင်ဖွားမြင်၊ မက္ခရာမင်းသား၏ ကြင်ယာတော်ဖြစ်ပြီး ၂၄ ဇွန် ၁၈၁၅ ခုနှစ်တွင်ကွယ်လွန်၊

မိုးကောင်းမင်းသား - ဝေသာလီမိဖုရားမှ ၁၈၀၂ ခုနှစ်တွင် ဖွားမြင်၊ ဘွဲ့- သတိုးမင်းဖျားဖြစ်ပြီး ၂ ဇန်နဝါရီ ၁၈၄၀ ခုနှစ်တွင် ကွယ်လွန်၊

မိုးညှင်းမင်းသား-အမည်ရင်း မောင်ဆိုင်၊ မတ္တရာမိဖုရားမှ ၁၈၀၂ ခုနှစ်တွင် ဖွားမြင်၊ ၁၈၁၆ ခုနှစ်တွင် ရန်ကုန်မြို့ဝန် သမီး ရှင်ဆုံနှင့် လက်ဆက်ခဲ့ပြီး ၇ စက်တင်ဘာ ၁၈၄၁ ခုနှစ်တွင် ကွယ်လွန်၊

မိုးမိတ်မင်းသား - အမည်ရင်း မောင်ခန့်ကျော်၊ ဘွဲ့-မဟာဓမ္မရာဇာ၊ မိုးမိတ်မိဖုရားမှ ၈ ဇူလိုင် ၁၇၈၅ ခုနှစ်ဖွားမြင်၊ ကြင်ယာမှာ မင်းခင်းမင်းသမီးဖြစ်၊ ၂၉ ဇူလိုင် ၁၈၃၁ ခုနှစ်တွင်ကွယ်လွန်၊

မက္ခရာမင်းသား -အမည်ရင်း မောင်ပျို့၊ မြောက်နန်း(၃)မှ ၁၁ ဒီဇင်ဘာ ၁၇၉၁ ခုနှစ်တွင် ဖွားမြင်၊ သိပ္ပံပညာရပ်များကျွမ်းကျင်ပြီး ၃ ဩဂုတ် ၁၈၃၆ ခုနှစ်တွင် Asiatic Society of Bangle မှ ဂုဏ်ထူးဆောင် အဖွဲ့ဝင်အဖြစ် သတ်မှတ်ခံရ၊ ၁၈၄၁ ခုနှစ်တွင် မန္တလာချားလိန်း နှင့် အဘိဓာန်စာအုပ် ပူးတွဲပြုစု၊ ကြင်ယာ သုံးဦးမှာ မကွေး၊ ကြံညှပ်နှင့် မနေဖြူမင်းသမီးများဖြစ်ကြ၊ ၂၃ ဇူလိုင် ၁၈၄၈ ခုနှစ် ကွယ်လွန်၊

မင်းခင်းမင်းသမီး - အမည်ရင်း ရှင်မင်းနှစ်၊ ဘွဲ့- သီရိမင်္လာနန္ဒာဒေဝီ၊ မိတ္ထီလာမိဖုရားမှ ၁၇၈၅ ခုနှစ်ဖွားမြင်၊ ကြင်ယာမှာ မိုးမိတ်မင်းသားဖြစ်၊ ၉ ဇူလိုင် ၁၈၆၂ ခုနှစ်ကွယ်လွန်၊

မိတ္ထီလာမင်းသမီး -အမည်ရင်း ရွှေအိမ်ရှင်၊ ဘွဲ့- သီရိသုရတနာနန္ဒာဒေဝီ၊ မိတ္ထီလာ မိဖုရားမှ ၁၇၉၄ ခုနှစ်တွင် ဖွားမြင်၊ ကြင်ယာမှာ

www.burmeseclassic.com

www.burmeseclassic.com



နတ်မောက် မင်းသားဖြစ်၊ ၂၈ ဖေဖော်ဝါရီ ၁၈၄၁ ခုနှစ်တွင် ကွယ်လွန်၊

မြတောင်မင်းသမီး –အမည်ရင်း မင်းပတ္တမြား၊ ဘွဲ့– သီရိသုရတနာစန္ဒာဒေဝီ၊ မိုးမိတ်မိဖုရားမှ ၁၇၈၆ ခုနှစ်တွင် ဖွားမြင်၊ ကြင်ယာမှာ တောင်ငူမင်းသားဖြစ်၊ ၁၄ အောက်တိုဘာ ၁၈၄၇ ခုနှစ်တွင် ကွယ်လွန်၊

မြေဒူးမင်းသမီး –အမည်ရင်း မအုန်း၊ မိဖုရားခေါင်မှ ၁၇၆၄ ခုနှစ်တွင် ဖွားမြင်၊ ၁၇၈၆ ခုနှစ်တွင် စကုမင်းသား (နောင် ပြည်ဘုရင်ခံ)နှင့် စုံဖက်၊ ၂၈ နိုဝင်ဘာ ၁၈၁၉ ခုနှစ်တွင် ကွယ်လွန်၊

ယောမင်းသမီး – တောင်ဆောင်တော်မှ ၁၇၇၉ ခုနှစ်ဖွားမြင်၊ ဘွဲ့– သီရိမင်္ဂလာဒေဝီ၊ ၁၇၉၆ ခုနှစ်တွင် ပုသိမ်မင်းသားနှင့် လက်ဆက်၊ ၁၄ စက်တင်ဘာ ၁၈၁၅ ခုနှစ်၌ကွယ်လွန်၊

ရွှေကူမင်းသား – အမည်ရင်း မောင်ခိုင်၊ ဘွဲ့– မင်းရဲကျော်စွာ၊ မတ္တရာ မိဖုရားမှ ၁၇ ဩဂုတ် ၁၈၀၀ ပြည့်နှစ်ဖွား၊ ကြင်ယာမှာ သီရိမုတ္တာဖြစ်၊

ရွှေကူမင်းသမီး – အမည်ရင်း ရှင်မင်းစစ်၊ ဘွဲ့– သီရိရတနာဒေဝီ၊ မိတ္ထီလာ မိဖုရား မှ ၁၇၈၂ ခုနှစ်တွင်ဖွားမြင်၊ ကြင်ယာမှာ ပုခန်းမင်းသားဖြစ်၊ ၁၇ အောက်တိုဘာ ၁၈၁၁ ခုနှစ်တွင်ကွယ်လွန်၊

ရွှေတောင်မင်းသား– အမည်ရင်း ဦးပေါ်၊ အိမ်ရှေ့မင်းသား၊

လယ်ကိုင်းမင်းသား – အမည်ရင်း မောင်မှတ်၊ ဘွဲ့–မင်းရဲမင်းလှငယ်၊ မတ္တရာမိဖုရားမှ ၁ အောက်တိုဘာ ၁၇၆၇ ခုနှစ်တွင် ဖွားမြင်ပြီး ၁၇ ဇွန် ၁၈၁၉ ခုနှစ်တွင်ကွယ်လွန်၊

လှိုင်မင်းသား–အမည်ရင်း မောင်ရိုး၊ ဘွဲ့–သီရိဓမ္မရာဇာ၊ ၁၇၉၄ ခုနှစ်တွင် မြောက်နန်း(၃)မှဖွားမြင်၊ မက္ကရာမင်းသားကြီးဦးပျို၏ ညီအရင်း ဖြစ်ပြီး ၁၈၁၄ ခုနှစ် ဇန်နဝါရီလတွင် ကွယ်လွန်၊

ဝန်းသိုမင်းသား – အမည်ရင်း မောင်ရွှေအပ်၊ ဘွဲ့–မင်းရဲမြတ်စွာ၊ ကိုယ်လုပ်တော် ရှင်ဖရုံမှ ၈ ဒီဇင်ဘာ ၁၇၇၄ ခုနှစ်တွင် ဖွားမြင်၊ ကြင်ယာတော်မှာ သီရိပဘာဒေဝီဖြစ်၊ ၁ မေ ၁၈၁၉ ခုနှစ်တွင် ဝန်းသိုမင်းသား ကွယ်လွန်၊



သီပေါမင်းသား – အမည်ရင်း မောင်ဘဲကလေး၊ ဘွဲ့– သတိုးမင်းရဲစည်သူ၊ သပြေ ၅ ရွာစားမိဖုရားမှ ၁၇၈၅ ခုနှစ်တွင် ဖွားမြင်၊ ၁၈၁၉ ခုနှစ်တွင် သုံးပါးဝန်ကြီးဝင်းအတွင်း ကွယ်လွန်၊

သံတွဲမင်းသား – တရုတ်မြော်မိဖုရားမှ ၁၀ ဇူလိုင် ၁၈၀၀ ပြည့်နှစ်တွင် ဖွားမြင်၊ ဘွဲ့– မဟာသုဓမ္မရာဇာဖြစ်ပြီး ၁၄ စက်တင်ဘာ ၁၈၆၀ ခုနှစ်၌ကွယ်လွန်၊

## ထီးနန်းအရိုက်အရာ

ဗဒုံမင်းသည် ပထမဦးစွာ မြောက်နန်းမိဖုရား ဒေါ်လွန်းသူမှ ဖွားမြင်သောသား သတိုးဓမ္မရာဇာ(ဦးပေါ်)ကို ၁၀ ဇူလိုင် ၁၇၈၃ ခုနှစ်တွင် အိမ်ရှေ့နန်းလျာအဖြစ် ခန့်အပ်ခဲ့သည်။ သို့သော် ဦးပေါ်သည် ဖခင်ဗဒုံမင်း အုပ်ချုပ်စိုးစံစဉ်အတွင်း ၂၉ မတ် ၁၈၀၉ ခုနှစ်တွင် ကွယ်လွန်ခဲ့၏။ သို့ဖြင့် ဦးပေါ်၏နေရာတွင် ပထမအိမ်ရှေ့မိဖုရားဒေါ်ကေမှ ဖွားမြင်သူ စစ်ကိုင်းမင်းသား ဦးစိန်အား ၆ ဧပြီ ၁၈၀၉ ခုနှစ်တွင် အိမ်ရှေ့နန်းလျာအဖြစ် ထပ်မံခန့်အပ်ခဲ့သည်။ ဦးစိန်မှာ နောင်တွင် ဘုရင်ဖြစ်လာပါသည်။

အိမ်ရှေ့မင်းသားဦးပေါ်ကို ၁၅ ဇွန် ၁၇၆၂ ခုနှစ်တွင် ဖွားမြင်ပါသည်။ ၃ နိုဝင်ဘာ ၁၇၉၃ ခုနှစ်တွင် ပထမအိမ်ရှေ့မိဖုရားဒေါ်ကေနှင့် စုံဖက်ခဲ့၏။ ၁၇၉၄ ခုနှစ်တွင် ဒေါ်ကေ ကွယ်လွန်သောအခါ ဒေါ်ကေ၏အစ်မရင်း ဒေါ်အမိကြီးနှင့် စုံဖက်ခဲ့သည်။ အိမ်ရှေ့အရာကို ရရှိခဲ့ပြီးနောက် ရခိုင်ဒေသနှင့် ယိုးဒယားချီစစ်ပွဲများကို ဦးဆောင်ခဲ့ရသည်။ အိမ်ရှေ့မင်းသား ဦးပေါ်၏ အိမ်ရှေ့မိဖုရား၊ ကိုယ်လုပ်တော်များမှာ –

စိတ္တာဝတီ၊ မြောက်ဆောင်တော်၊ ရှင်မင်းဖြူ၊ ရှင်မြတ်ထွေး၊ ရှင်ရွှေမင်း၊ ရှင်ရွှေလုံး၊ ဝဏ္ဏကလျာဏီ၊ သီရိရစာ၊ အိမ်ရှေ့(ပ)၊ အိမ်ရှေ့(ဒု) တို့ဖြစ်ကြ၏။

ထင်ရှားသောသားသမီးများမှာ –

ခင်၊ ဦး – သာယာဝတီမင်းသား၊ စိန်၊ ဦး – စစ်ကိုင်းမင်းသား၊ မင်းစိန်ပွင့်၊ မင်းဘုန်းသစ်–မင်းခင်းမင်းသမီး၊ မင်းမြနွယ်–ရွှေဂူမင်းသမီး၊ မင်းမြရိုး–မြတောင်မင်းသမီး၊ မင်းမြတ်စု–မြို့သစ်မင်းသမီး၊ မင်းမြတ်စိုး–

www.burmeseclassic.com

www.burmeseclassic.com



တောင်တွင်းကြီးမင်းသမီး၊ မင်းရဲလှ- တောင်ခွင် မင်းသား၊ မြဘူး၊ ဦး - ဒွာရာဝတီမင်းသား၊ မှေး၊ ဦး - သီပေါမင်းသား၊ ရွှေတိုး၊ ဦး - မြင်းခုံတိုင် မင်းသား၊ ရွှေပို၊ ဦး - ဆောမင်းသား၊ ရွှေပြည့်၊ မောင် တို့ဖြစ်ကြသည်။

## နန်းတက်စအခြေအနေ

ဖောင်းကားစားမောင်မောင်ကို နန်းချကာ ကုန်းဘောင်ထီးနန်းကို ရယူခဲ့သည့် ဗဒုံမင်းအပေါ် ဖောင်းကားရွာသားအချို့က ကျေနပ်မှုမရှိပေ။ သို့ဖြင့် ဗဒုံမင်းနန်းတက်စ၌ ပေါ်ပေါက်ခဲ့သည့် မင်းမြတ်ဖုန်း၏ ပုန်ကန်မှုတွင် ပါဝင်ကူညီခဲ့ကြ၏။ မင်းမြတ်ဖုန်း၏ငယ်မည်ကို မောင်ရွှန်းဟုလည်း ဆိုကြပြီး မိုင်းခိုင်းမြို့ဇာတိဖြစ်သည် ဆိုပါသည်။ မောင်ဖုန်းသည် ဟံသာဝတီရောက်မင်း၏ သားဖြစ်သည်ဟု လုပ်ကြံပြောဆိုကာ နန်းတွင်းသို့ ဝင်ရောက်သောင်းကျန်းခဲ့၏။ ဗဒုံမင်းက ဖုန်း၏သောင်းကျန်းမှုကို ကောင်းစွာ နှိမ်နင်းနိုင်ခဲ့ပြီး ဖောင်းကားရွာသား ၁၁၈ ဦးကိုမူ အပြစ်မှ ခွင့်လွှတ်ကာ အောင်မြေလောကစေတီ၌ အရံစောင့်အဖြစ် လှူဒါန်းခဲ့သည်။

ဗဒုံမင်း၏ညီဖြစ်သူ စည်သာမင်းသားသည် ဝန်ကြီးမဟာသီဟသူရ(ဦးသာ)နှင့် ပူးပေါင်းကာ ဗဒုံမင်းအား လုပ်ကြံရန် ကြိုးပမ်းခဲ့သဖြင့် ၂၃ ဖေဖော်ဝါရီ ၁၇၈၂ ခုနှစ်တွင် ဝန်ကြီး မိသားစုနှင့် စည်သာမင်းသားတို့အား စီရင်အပြစ်ပေးခဲ့သည်။ ၁၇၈၃ ခုနှစ် ဒီဇင်ဘာလတွင်လည်း နန်းတွင်းအရေးအခင်းတစ်ခု ဖြစ်ပွားခဲ့ပြီး စလေမြို့စားနှင့် အင်းမကြီးစားတို့ကို ရာထူးမှထုတ်ပယ် အကျဉ်းချထားကာ အင်းယဉ်သိန်ကျော်ခေါင်ပျံချီ၊ ယက္ခရဲတို့အား ကွပ်မျက်ခဲ့၏။ ၁၇၈၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပင်းတလဲမင်းသားအရေးတော် ပေါ်ပေါက်ခဲ့သည်။ ဗဒုံမင်း၏ညီဖြစ်သူ ပင်းတလဲမင်းသားသည် ဗဒုံမင်းထီးနန်းရရှိရေးအတွက် ဖောင်းကားစား မောင်မောင်ကို လုပ်ကြံတိုက်ခိုက်ရာ၌ ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့၏။ ဗဒုံမင်းသည် ဖောင်းကားစား၏ရန်ကို ဖယ်ရှားနိုင်ပါက ပင်းတလဲမင်းသားအား အိမ်ရှေ့ဥပရာဇာအဖြစ် ခန့်အပ်မည်ဟု ကတိကဝတ်ပြုခဲ့၏။ သို့သော် အမှန်တကယ်ထီးနန်းရရှိလာပြီးနောက် ညီဖြစ်သူအား ရာထူးခန့်အပ်ရန် ငြင်းဆန်ခဲ့သည်။



သို့ဖြင့် ဗဒုံမင်း မြို့ပြင်သို့ ဆင်စီး၍ထွက်စဉ် ပင်းတလဲမင်းသားက ချောင်းမြောင်း၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့သည်ဆို၏။ ကျည်ဆံသည် ဗဒုံမင်းအား တိုက်ရိုက်ထိမှန်ခြင်းမရှိသဖြင့် အသက်ဘေးမှ လွတ်မြောက်သွားသော်လည်း ပင်းတလဲမင်းသားမှာမူ ၂၈ ဧပြီ ၁၇၈၄ ခုနှစ်တွင် လုပ်ကြံမှုဖြင့် အပြစ်ပေးခြင်းခံရလေသည်။ ဗဒုံမင်းသည် ညီတော်အား သက်ညှာစွာအပြစ်ပေးသည့်အနေဖြင့် မြင်းစုကြီးဝန်ခြံအတွင်း၌ နေထိုင်စေခဲ့ရာမှ ၂၈ စက်တင်ဘာ ၁၇၈၄ ခုနှစ်တွင် အိမ်ရှေ့မင်းသားဦးပေါ၏တပ်တွင် လိုက်ပါစစ်မှုထမ်းစေခဲ့သည်။ သို့သော် ထီးနန်းလုပ်ကြံရန် ထပ်မံကြိုးပမ်းမှုဖြင့် ၁၇၈၅ ခုနှစ် ဇူလိုင်လတွင် စီရင်ကွပ်မျက်လိုက်၏။

## အမရပူရမြို့တော်သစ်

"အင်းအိုင်လိုဏ်ဝ၊ အမရ၊ တည်ထမြို့နန်းတော်" လက်ာနှင့်အညီ မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် မြစ်ငယ်မြစ်၏မြောက်ဘက် ထီးပေါင်းကားအရပ်၌ အမရပူရမြို့တော်သစ်ကို တည်ဆောက်ခဲ့သည်။ မြို့တော်တည်ဆောက်ပြီးစီးပါက ပိဋကတ်တော်များအား တိုးရုပ်ရွှေဖောင်ဖြင့်တင်ကာ မင်းအို၊ မန်လည်၊ ဆုံတား၊ မင်းရွာဆရာတော်တို့ လိုက်ပါသီတင်းသုံးလျက် ဦးစွာပို့ဆောင်စေခဲ့၏။ ထို့နောက် ၁၇ မေ ၁၇၈၃ ခုနှစ်တွင် ဗဒုံမင်းနှင့် မိဖုရားခေါင် တို့ နန်းသိမ်းပွဲကျင်းပခဲ့လေသည်။ မြို့တံခါး(၁၂)ရပ်မှာ -

| အရှေ့ | အနောက် | တောင် | မြောက် |
|---|---|---|---|
| လေးကျွန်း | အာဠဝီ | ကျွန်းလုံးဝင် | ရန်မျိုးအောင် |
| ဦးနှိမ် | စည်ရှင် | ကုန်းမော် | လေးသိန်း |
| သိမ်းဆည်း | ရန်နှင် | နန္ဒမူ | မုခ်ဦး |

တို့ဖြစ်ကြသည်။ မြို့တော်ကို အမရပူရဟုလည်းကောင်း၊ နန်းမြို့တော်ကို မြနန်းဘုံစံဟု လည်းကောင်း၊ နန်းတော်ကို အောင်နန်းစံရာဟုလည်းကောင်း ခေါ်တွင်စေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## ရန်ကုန်အရေး

ဗဒုံမင်းနန်းတက်စ၌ပင် ရန်ကုန်မြို့တော်၌ ဆူပူလှုပ်ရှားမှုတစ်ခု ဖြစ်ပွားခဲ့၏။ သံလျင်မြို့ဝန်ဟောင်း ဦးစပ်၊ ဦးကွယ်နှင့် နောက်လိုက် အင်အား ၂၀၀ ကျော်တို့ ရန်ကုန်မြို့ကို ဝင်ရောက်ကာ ဆူပူသောင်းကျန်း ကြခြင်းဖြစ်သည်။ သောင်းကျန်းသူတို့သည် လှေ ၅၀ ကျော်ဖြင့်ရောက်ရှိ လာပြီး ရန်ကုန်မြို့ဝန် မဟာကျော်ထင်အိမ်သို့ ချီတက်ခဲ့ကြသည်။ ထို့နောက် ရန်ကုန်မြို့ဝန်အား လုပ်ကြံသတ်ဖြတ်လိုက်၏။ ပြည်သူအများမှာ ကြောက်ရွံ့ တုန်လှုပ်လျက် ပြေးလွှားအော်ဟစ်ကြသည်မှာ ဆူညံလျက်ရှိကြောင်း လက်ဝဲ နော်ရထာ၏ ဆင်ဖြူရှင်မင်းတရား (ဗဒုံမင်း)အရေးတော်ပုံပေမူ၌ ဖော်ပြပါ ရှိပါသည်။ ဤရန်ကုန်အရေးကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး အပါအဝင် အခြားရာဇဝင်ကျမ်းအသီးသီး၌ ဖော်ပြထားခြင်းမရှိပေ။ ရန်ကုန် အရေးဖြစ်ပွားခဲ့သည့်နေ့ရက်ကို လက်ဝဲနော်ရထာမှတ်တမ်း၌ ၁၁၄၅ ခု၊ ဝါခေါင်းလ ဆန်း ၈ ရက် (၅ ဩဂုတ် ၁၇၈၃)ဟူ၍ တွေ့ရှိရ၏။ B.R Pearn၏ "A History of Rangoon (Yangon) မှတ်တမ်းတွင်မူ ရန်ကုန်အရေး ဖြစ်ပွားသည့်ရက်မှာ ၈ စက်တင်ဘာ ၁၇၈၃ ခုနှစ် ဖြစ်ပြီး မွန်အင်အား ၃၀၀ ခန့်က ရန်ကုန်မြို့ဝန်နှင့် အကောက်ဝန်တို့ကို လုပ်ကြံသတ်ဖြတ် သွားကြောင်း၊ မြို့ဝန်အိမ်တော်ကိုလည်း မီးရှို့ဖျက်ဆီးသွားကြောင်း ဖော်ပြပါရှိသည်။

## စစ်တမ်း

ကုန်းဘောင်ခေတ်တွင် စစ်တမ်းများကို မြေဒူးမင်းလက်ထက်တွင် တစ်ကြိမ် ကောက်ခံခဲ့ဖူးသော်လည်း ဗဒုံမင်းလက်ထက် ကောက်ခံခဲ့သော စစ်တမ်းများကဲ့သို့ စုံလင်ခြင်းမရှိပေ။ ဗဒုံမင်းလက်ထက် စစ်တမ်းကို ၂ ဒီဇင်ဘာ ၁၇၈၃ ခုနှစ်တွင် ဒီပဲယင်းနယ်မှ စတင်ကောက်ခံခဲ့သည်။ ဒေသ ဆိုင်ရာ တိုင်(ရုံးများ) ဆောက်လုပ်၍ ထန်းဖူး၊ ပုရပိုက်တို့ဖြင့် စနစ်တကျ မှတ်တမ်းပြုကောက်ခံရာ တိုင်ပေါင်း (၅၀၀၀)ရှိခဲ့ပြီး ယခင်စစ်တမ်းဟောင်း ထက် တိုင် (၁၇၃၃-ဒိ)တိုးလာသည်ဟု ဆိုပါသည်။



ဗဒုံမင်းလက်ထက် ကောက်ခံသောစစ်တမ်းများကို လေ့လာကြည့် ပါက (၁) အရိုးဆက်ခံပုံ၊ (၂) နယ်မြေအကျယ်အဝန်း၊ (၃) ကောက်ရိုး၊ တားရိုး၊ စီရင်ရိုးတို့ ပါဝင်သည်ကို တွေ့ရှိရ၏။ စစ်တမ်းတွင် လူဦးရေစာရင်း၊ စီးပွားရေးဆိုင်ရာ စာရင်းအင်းများနှင့် အခွန်တော်ဇယားများ မပါရှိပေ။ ခြွင်းချက်အားဖြင့် မုတ္တမ ၃၂ မြို့စစ်တမ်းတွင် လူနေအိမ်ခြေစာရင်း၊ ရမ္မာ ဝတီစစ်တမ်းတွင် အခွန်တော်ကောက်ခံရရှိမှုစာရင်းအချို့ ပါဝင်သော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာ ကိန်းဂဏန်းများအား ဖော်ပြနိုင်ခြင်း မရှိပေ။ သို့သော် ယင်းစစ်တမ်းများမှ သာသနာ့မြေနှင့် အရိုးဆက်ခံမှုတို့ကိုမူ သိရှိ နိုင်ပေသည်။

## ရခိုင်စစ်ကြောင်း

၃ နိုဝင်ဘာ ၁၇၈၂ ခုနှစ်တွင် မြောက်ဦးမင်းဆက် ဓမ္မရာဇ် ရာဇာ၏အရိုက်အရာကို မဟာသမတမင်းက ဆက်ခံခဲ့၏။ ထိုမင်းလက် ထက်တွင် ရခိုင်ဒေသသည် ငြိမ်းချမ်းသာယာမှုမရှိဘဲ မြို့ရွာနယ်ပယ် အများအပြားမှ ခုခံပုန်ကန်ခဲ့သည်။ သို့ဖြင့် ဓမ္မရာဇ်ရာဇာ၏သား တစ်ဦး ဖြစ်သူ ဟရိသည် ဗဒုံမင်းထံ ရခိုင်ဒေသကို လာရောက်တိုက်ခိုက်သိမ်းပိုက်ရန် ပန်ကြားခဲ့သည်။

ဗဒုံမင်းသည် သားတော်အိမ်ရှေ့မင်းသားဦးပေါ်အား ဦးစီးအုပ်ချုပ် စေလျက် ၁၆ အောက်တိုဘာ ၁၇၈၄ ခုနှစ်တွင် ရခိုင်ဒေသသို့ ချီတက် တိုက်ခိုက်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ အမိန့်တော်အရ ရခိုင်သို့ စစ်ကြောင်း (၄)ကြောင်းခွဲ၍ ချီတက်ခဲ့ကြရာ ဥယျာဉ်ပု၊ လင်းပတော့၊ မင်းတုန်းနှင့် ရေကြောင်းစရိုးတို့ ဖြစ်ကြသည်။ စစ်အင်အားအဖြစ် တပ် ၃၃-တပ်၊ တိုက်ဆင် ၃၃၀၊ မြင်း ၃၃၀၀၊ စစ်သည် ၃၃၀၀၀ ပါဝင်သည်ဆို၏။

အိမ်ရှေ့မင်းသား၏တပ်မတော်သည် ၁ ဇန်နဝါရီ ၁၇၈၅ ခုနှစ်တွင် ရခိုင်ပြည် မြောက်ဦးမြို့တော်ကို အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။ ထွက် ပြေးတိမ်းရှောင်နေသော ရခိုင်ဘုရင် မဟာသမတမင်းနှင့် မိသားစုကိုလည်း ဖမ်းဆီးခေါ်ဆောင်ကာ မင်းကြီးမင်းခေါင်ကျော်ကို မြို့စောင့်ထား၍ နေပြည် တော်သို့ ပြန်လာခဲ့ကြ၏။ အိမ်ရှေ့မင်းသား၏တပ်များသည် ရခိုင် ဒေသမှ မဟာမုနိရုပ်ပွားတော်ကြီးကိုလည်း ခက်ခဲစွာပင့်ဆောင်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com





## ယိုးဒယားသို့

၁၇၈၂ ခုနှစ်တွင် ယိုးဒယားဘုရင် ဘယားတက်သေဉ်ကိုလုပ်ကြံလျက် ဘယားချက္ကရီ (Chao P'ya Chakri)သည် ပထမရာမဘွဲ့ခံကာ နန်းတက်လာသည်။ ထိုစဉ်က မြန်မာပိုင်နယ်မြေအချို့ကို ယိုးဒယားမင်းက သိမ်းပိုက်ထားသဖြင့် ဗဒုံမင်းသည် သားအိမ်ရှေ့မင်းကို မြို့စောင့်ထားကာ ယိုးဒယားသို့ချီတက်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သည်။

၁၂ နိုဝင်ဘာ ၁၇၈၅ ခုနှစ်တွင် ဗဒုံမင်းကိုယ်တိုင်လိုက်ပါသော စစ်ကြောင်းများ နေပြည်တော်မှ ထွက်ခွာခဲ့ကြရာ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မုတ္တမသို့ ရောက်ရှိခဲ့၏။ ထို့နောက် ဇင်းမယ်၊ မုတ္တမ၊ ထားဝယ်စစ် ၃ ကြောင်းခွဲ၍ ယိုးဒယားနိုင်ငံအတွင်း ဆက်လက် ချီတက်တိုက်ခိုက်ခဲ့သည်။ မြန်မာရှေ့ဦးချီ မြင်းဝန်မင်းကြီး မဟာမင်းခေါင်၊ မြောက်ဘက်မြင်းဝန် မင်းလှကျော်ထင်နှင့် တပ်များသည် ဆာဂတန်မြစ် အနောက်ဘက်ကမ်း တောင်တန်းများပေါ်တွင် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ကြ၏။ မြန်မာတပ်သားအများစုသည် ယိုးဒယားတို့ထားရစ်ခဲ့သည့် အစာများ စားသောက်ရာမှ အဆိပ်သင့်ခဲ့ကြသည်။ မြန်မာဘက်မှ ရိက္ခာအခက်အခဲကြောင့် အရေးနိမ့်ခဲ့ပြီး ဇင်းမယ်စစ်ကြောင်းမှ ချီတက်သော တပ်အချို့သာလျှင် အတန်အသင့် အောင်မြင်မှုရရှိခဲ့၏။ နောက်ဆုံးတွင် ယိုးဒယားတို့ ထားဝယ်မြို့တောင်ဘက်ရှိ နယ်မြေအချို့ကို လက်လွှတ်လိုက်သည့်နည်းတူ စားနပ်ရိက္ခာပြဿနာကြောင့် ဗဒုံမင်းသည်လည်း တပ်ဆုတ်ခွာရန် ဆုံးဖြတ်ခဲ့သည်။

သို့ဖြင့် ဗဒုံမင်းသည် ၆ ဖေဖော်ဝါရီ ၁၇၈၆ ခုနှစ်တွင် ထားရိက်သက္ကယ်ပြင် ယာယီနန်းမှ နေပြည်တော်သို့ ပြန်လည်ဆုတ်ခွာလာခဲ့ပြီး အပြန်ခရီးတွင် မိသားစုနှင့် ရန်ကုန်တွင် တွေ့ဆုံကာ ရွှေတိဂုံစေတီအား ဖူးမျှော်လျက် အမရပူရသို့ ပြန်ခဲ့လေသည်။

## ဆည်မြောင်းတာတမံ

ဗဒုံမင်းသည် စိုက်ပျိုးရေးလုပ်ငန်းမှာ ပင်မစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း ကောင်းစွာသိမြင်ခဲ့၏။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးခေတ်မီတိုးတက်စေရေးအတွက် ဆည်မြောင်း တာတမံများအား ပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့လေသည်။ ၂၅ မေ ၁၇၈၈ ခုနှစ်တွင် အောင်ပင်လယ်ကန်မွမ်းမံရေးလုပ်ငန်းကို ဗဒုံမင်းကိုယ်တိုင် လာရောက်ကြည့်ရှုအားပေးခဲ့၏။





အောင်ပင်လယ်ကန် တာပေါင်ရိုးကို အမြင့် ၃၇–ပေခွဲအထိ ဆည်ဖို့ကြရပြီး ရေထွက်ပေါက်ကိုလည်း အုတ်အင်္ဂတေဖြင့် ကောင်းမွန်သေသပ်စွာ လုပ်ဆောင်စေခဲ့သည်။ ရေတံခါးကိုလည်း စက်ယန္တရားဖြင့် ဖွင့်ပိတ်နိုင်အောင် စီစဉ်စေခဲ့၏။

၁၃ မတ် ၁၇၈၉ ခုနှစ်တွင်လည်း သရက္ခန်ဉယျာဉ်သို့ ဗဒုံမင်းကိုယ်တိုင် လာရောက် ကာ နန္ဒာကန်ဆည်ဖို့ရေးလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ နန္ဒာကန်ခေါ် မောင်းမကန်သည် ပုဂံခေတ် အလောင်းစည်သူမင်းလက်ထက်က ကန်ဟောင်းဖြစ်ပြီး အရေးပါသော ကန်တစ်ကန်ဖြစ်သဖြင့် ဆည်ဖို့ပြုပြင်ရန်လိုအပ်ကြောင်း ဗဒုံမင်းက ရှင်းလင်းပြောကြားခဲ့သည်။ သို့ဖြင့် နန္ဒာကန်ကိုလည်း ရေထွက်ပေါက်၊ ရေတံခါးများကောင်းမွန်သေသပ်စွာ လုပ်ဆောင်စေလျက် ကမ္ပည်းကျောက်စာတိုင် စိုက်ထူစေခဲ့သည်။

ဗဒုံမင်းသည် ကျောက်ဆည်(၉)ခရိုင် ဆည်တော်အချို့ မြောင်းတော်ပြွန်များ ပျက်စီးယိုယွင်းနေသည်ကို ပြင်ဆင်ရန် ၁၉ စက်တင်ဘာ ၁၈၀၆ ခုနှစ်တွင် ကျောက်ဆည်ဝန် သီဒ္ဓိ ဓေယျကျော်ထင်ကို တာဝန်ပေးအပ်ခဲ့သည်။ ထို့ပြင် ဘုန်းလွှတ်၊ မိုးကြိုးပစ်နှင့် နတ်မောက်ဆည်တော်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် ရွာဟိုင်းစားသားဗညားသေည်နှင့် ဦးကြဲ၊ ဦးခွေးတို့ လူ ၅၀ အား တာဝန်ပေးအပ်ကြောင်း ၁၀ စက်တင်ဘာ ၁၈၀၆ ခုနှစ် အမိန့်တော်၌ ဖော်ပြထား၏။

## မင်းကွန်း

ဗဒုံမင်းလက်ထက် ပြောစမှတ်တွင်ခဲ့သည့် လုပ်ဆောင်ချက်တစ်ခုမှာ မပြီးဆုံးသော မင်းကွန်းပုထိုးတော်ကြီး တည်ဆောက်ခြင်းပင် ဖြစ်သည်။ မင်းကွန်းပုထိုးကို မင်းရွာတွင် ၉ ဇန်နဝါရီ ၁၇၉၁ ခုနှစ်၌ စတင်အုတ်မြစ်ချတည်ထားခဲ့၏။ မင်းရွာကိုလည်း မင်းကွန်းဟူ၍ အမည်ပြောင်းလဲခေါ်ဝေါ်စေခဲ့သည်။ ၂၉ နိုဝင်ဘာ ၁၇၉၂ ခုနှစ်တွင် နေပြည်တော်၌ ဝန်ကြီး သတိုးသီရိမဟာဉဇနာကို အစောင့်ထားကာ ဗဒုံမင်းကိုယ်တိုင် ပုထိုးတော်ကြီးသို့လာရောက် ကြီးကြပ်ခဲ့၏။ သို့သော် "ဘုရားလည်းပြီး ပြည်ကြီးလည်း

www.burmeseclassic.com

www.burmeseclassic.com



ပျက်လတ္တံ့.”ဟူသော တဘောင် ပေါ်ပေါက်လာသည်ဆိုကာ ၁၈၁၁ ခုနှစ်မှ စ၍ ဆက်လက်တည်ဆောက်ခြင်းမပြုတော့ဘဲ ရပ်ဆိုင်းထားခဲ့လေသည်။ ယင်းအပြီးမသတ်သော မင်းကွန်းပုထိုးသည် ပေ ၄၅၀ ပတ်လည် ရှိပြီး အမြင့် ၁၆၂ ပေရှိ၏။ ၁၈၁၈ ခုနှစ် ငလျင်ဒဏ်ကြောင့် ယိုယွင်းပျက်စီး နေပေသည်။

မင်းကွန်းရှိ ခြင်္သေ့ရုပ်ထုကြီးနှစ်စီးကိုမူ ၂၀ ဇန်နဝါရီ ၁၇၉၄ ခုနှစ်တွင် ထုလုပ်ခဲ့သည်ဆို၏။ မင်းကွန်းဒေသတွင် ထင်ရှားသည့် ဗဒုံမင်း၏ ကုသိုလ်ကောင်းမှုတစ်ခုမှာ ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းကြီး ဖြစ်ပါသည်။ မင်းကွန်းခေါင်းလောင်းသည် ကြေးပိဿာချိန် ၅၅၅၅၅ ပိဿာ ရှိပြီး ၂၉ ဧပြီ ၁၈၀၈ ခုနှစ်တွင် စတင်သွန်းလုပ်ခဲ့၏။ မင်းဖြူမှန်မှန်ပြော ၅၅၅၅၅ ဟု မှတ်သားထားကြသည်။ မင်းကွန်းခေါင်းလောင်းသည် အမြင့် ၁၂ ပေ၊ အဝန်းအကျယ် ၁၆ ပေ ရှိပါသည်။

## ကျောက်စာစုလုပ်ငန်း

ဗဒုံမင်းသည် ၂၄ ဇူလိုင် ၁၇၉၃ ခုနှစ်တွင် အရပ်ရပ်မှ ကျောက်စာများအား စုဆောင်းရန်နှင့် ပျက်စီးယိုယွင်းနေပါက အသစ်လဲလှယ်စိုက်ထူရန် အမိန့်ထုတ်ပြန်ခဲ့၏။ ယင်းအမိန့်ကို ဆောင်ရွက်ရန် တွင်းသင်းတိုက်ဝန် ဦးထွန်းညိုနှင့် ရာဇဗလကျော်ထင်တို့အား တာဝန်ပေးအပ်ခဲ့သည်။ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုသည် ယင်းကျောက်စာစုလုပ်ငန်း လုပ်ဆောင်ရာမှ ကျောက်စာများစွာ ဖတ်ရှုဖြစ်ခဲ့ရာ “မဟာရာဇဝင်သစ်” ကို ရေးသားပြုစုနိုင်ခဲ့လေသည်။

## မိုက်ကယ်ဆိုင်းသံအဖွဲ့

အိန္ဒိယဘုရင်ခံချုပ် ဆာဂျွန်ရှိုး (Sir John Shore) က ဗဒုံမင်းထံ စေလွှတ်သည့် သံအဖွဲ့သည် အဖွဲ့ဝင် ၇၀ ကျော် လိုက်ပါလျက် ၂၁ မတ် ၁၇၉၅ ခုနှစ်တွင် ရန်ကုန်သို့ ရောက်ရှိလာခဲ့သည်။ ယင်းအဖွဲ့ကို မိုက်ကယ်ဆိုင်း (Michael Symes) က ဦးစီးပြီး အတွင်းရေးမှူးအဖြစ် မစ္စတာဝုဒ် (Mr. Wood)၊ ဆရာဝန် ဘုခနန် (Dr Buchanan)၊ ကပ္ပတိန်သောမတ်စ် (Capt. Thomas) တို့ လိုက်ပါခဲ့ကြသည်။



သံအဖွဲ့ ရန်ကုန်သို့ရောက်စဉ် ရန်ကုန်ရေဝန် နန္ဒကျော်စွာက ကောင်းမွန်စွာ ဆီးကြိုဧည့်ခံခဲ့၏။ ရန်ကုန်မြို့ဝန် ဦးကျော်ရွှေးမှာ ပဲခူးသို့ ရောက်ရှိနေသဖြင့် သံအဖွဲ့ ပဲခူးသို့ သွားရောက်ကြရာ ၃ ဧပြီ ၁၇၉၅ ခုနှစ်တွင် မြို့ဝန်ဦးကျော်ရွှေးနှင့် တွေ့ဆုံခွင့်ရခဲ့ကြသည်။ ပဲခူးတွင် ရွှေမော်ဓော စေတီသို့ တက်ရောက်ဖူးမျှော်ခြင်း၊ မီးကျည်လွှတ်ပွဲများကြည့်ရှုခြင်းနှင့် သင်္ကြန်ကာလ မြို့ဝန်မိသားစုနှင့်အတူ ရေကစားခြင်းများ ပြုခဲ့ကြ၏။ ဧပြီလ ၂၉ ရက်နေ့တွင် မိုက်ကယ်ဆိုင်းအဖွဲ့ ရန်ကုန်သို့ ပြန်လာခဲ့သည်။ ဗဒုံမင်းနှင့် တွေ့ဆုံခွင့် တောင်းခံနေစဉ် အတွင်း မေလ (၂၅)ရက်နေ့တွင် မြို့ဝန်ဦးကျော်ရွှေး၏မိသားစု ရန်ကုန်ပြန်ရောက်လာ၏။

မေ ၃၀ ရက်နေ့တွင် မြို့ဝန်ဦးကျော်ရွှေးမိသားစုနှင့်အတူ မိုက်ကယ်ဆိုင်း၏သံအဖွဲ့ အမရပူရနေပြည်တော်သို့ ထွက်ခွာကြသည်။ ဇွန်လ ၂၉ ရက်နေ့တွင် အမရပူရသို့ ရောက်ရှိခဲ့ကြ၏။ ဗဒုံမင်းသည် မင်းကွန်းသို့ ရောက်ရှိနေရာမှ သံအဖွဲ့နှင့်တွေ့ဆုံရန် နေပြည်တော်သို့ ပြန်လာခဲ့သည်။ သို့သော် ဩဂုတ်လ ၃၀ ရက်နေ့မှသာ မိုက်ကယ်ဆိုင်းတို့ ဗဒုံမင်းနှင့် တွေ့ဆုံခွင့်ရရှိခဲ့ပြီး အိန္ဒိယဘုရင်ခံချုပ်၏သဝဏ်လွှာကို လက်ခံရယူခဲ့သည်။ စက်တင်ဘာလ (၁၉)ရက်နေ့တွင် ဗြိတိသျှသံအဖွဲ့ဝင်များ မြန်မာလွှတ်တော် ထိပ်တန်းအရာရှိအချို့နှင့် ကုန်သွယ်ရေးကိစ္စများ ဆွေးနွေးတိုင်ပင်ခဲ့သည်။

စက်တင်ဘာလ (၃၀)ရက်နေ့တွင် မိုက်ကယ်ဆိုင်းသည် ဗဒုံမင်းနှင့် ထပ်မံတွေ့ဆုံခွင့်ရခဲ့၏။ ယင်းအခမ်းအနားတွင် ဗဒုံမင်းက အိန္ဒိယဘုရင်ခံချုပ်ထံပေးပို့မည့် သဝဏ်လွှာကိုပေးအပ်ခဲ့သည်။ ၎င်းသဝဏ်လွှာ၌ အင်္ဂလိပ်ကုန်သည်တို့ သတ်မှတ်ထားသော အခွန်အကောက်များကို ပေးဆောင်ပြီးပါက ရန်ကုန်ဆိပ်ကမ်း၌ ရောင်းဝယ်ဖောက်ကားခွင့် ရရှိမည်ဖြစ်ကြောင်း ဖော်ပြထား၏။ ထို့နောက် အောက်တိုဘာ(၂၉)ရက်နေ့တွင် မိုက်ကယ်ဆိုင်း၏ သံအဖွဲ့ အမရပူရမှ ပြန်လည်ထွက်ခွာသွားရာ နိုဝင်ဘာလ (၁၇)ရက်နေ့၌ ရန်ကုန်သို့ရောက်ရှိပါသည်။ ဗြိတိသျှသံအဖွဲ့သည် မြန်မာနိုင်ငံ၌ ရှစ်လကျော် နေထိုင်ခဲ့သည့်အတွင်း မြန်မာတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများမှအစ စီးပွားရေးဆိုင်ရာ အချက်အလက်အတော်များများကို လေ့လာမှတ်တမ်း ပြုခဲ့ကြ၏။ နိုဝင်ဘာလ(၂၇)ရက်နေ့တွင် မိုက်ကယ်ဆိုင်း၏သံအဖွဲ့ ရန်ကုန်မှ ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## တောင်ငူဒေသစည်းရုံးရေးခရီး

ဗဒုံမင်းသည် ၂၀ ဒီဇင်ဘာ ၁၇၉၈ ခုနှစ်တွင် သား အိမ်ရှေ့မင်းသား ဦးပေါ်ကို နေပြည်တော်၌ အစောင့်ထားကာ တောင်ငူဒေသသို့ စည်းရုံးရေးခရီးထွက်ခွာခဲ့၏။ ဗဒုံမင်းနှင့်အတူ မိသားစုလည်း လိုက်ပါခဲ့သည်။ ဗဒုံမင်းသည် လမ်းခရီးတစ်လျှောက်တွင် ဘုရားစေတီများ ပျက်စီးယိုယွင်းနေသည်ကို ပြုပြင်မွမ်းမံခဲ့သည်။ တောင်ငူ၌ရှိနေစဉ်အတွင်း သာသနာပြုဆရာတော်ရှင်ပဝရ အမှူးပြုသည့် သံဃာတော်များနှင့်တိုင်ပင်ကာ သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့၏။

ဗဒုံမင်းသည် တောင်ငူမြို့၌ရှိနေစဉ် ဝေသာလီမှ စွံပါဝတီနှင့် ညီမ ရွှတ်ပူရီ၊ ဥပေါတရာမင်းသမီးတို့အား ဆက်သလာခြင်းကို ခံယူခဲ့သည်။ ထို့နောက် တောင်ငူတွင် တစ်နှစ်မျှ ယာယီနန်းစံလျက် အနီးဝန်းကျင်ဒေသများအား စည်းရုံးသိမ်းသွင်းခဲ့၏။ ၈ ဒီဇင်ဘာ ၁၇၉၉ ခုနှစ်တွင် ဗဒုံမင်းနှင့် မိသားစု တောင်ငူမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ အပြန်ခရီးတွင်လည်း ပင်းယမြို့ အောင်စည်းခုံဘုရား၊ မင်းအိုချမ်းသာ၊ ရန်အောင်မြင်၊ မင်္ဂလာစေတီ စသည့် ဘုရားပုထိုးများကို ပြုပြင်မွမ်းမံလျက် ရွှေထီးတင်လှူခဲ့သေး၏။

## ဗြိတိသျှသံအဖွဲ့

မိုက်ကယ်ဆိုင်း (Michael Symes) သည် ဒုတိယအကြိမ်အဖြစ် ၃၁ မေ ၁၈၀၂ ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာ၏။ ထို့နောက် ဆက်လက် ထွက်ခွာသွားကြရာ ၁၁ ဩဂုတ် ၁၈၀၂ ခုနှစ်၌ အမရပူရသို့ ရောက်ရှိခဲ့သည်။ မိုက်ကယ်ဆိုင်းသည် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လုပ်ငန်းများညှိနှိုင်းဆောင်ရွက်ရန် လာရောက်ခဲ့ခြင်းဖြစ်၏။ သို့သော် မိုက်ကယ်ဆိုင်းအား ဗဒုံမင်းက သာမန်ကုမ္ပဏီကိုယ်စားလှယ်တစ်ဦးအဖြစ်သာ ဆက်ဆံခဲ့သည်။ မိုက်ကယ်ဆိုင်းသည် အမရပူရနန်းတော်မှ စာတစ်စောင် ရရှိခဲ့သော်လည်း စာတွင် ဗြိတိသျှတို့အား ယခင်ရရှိသော အခွင့်အရေးများ အတိုင်း ကူးသန်းရောင်းဝယ်နိုင်ကြောင်းဟူ၍သာ ပါရှိပါသည်။

မိုက်ကယ်ဆိုင်း၏သံအဖွဲ့မှာ ထူးခြားမှု တစ်စုံတစ်ရာ မရှိခဲ့သဖြင့် အိန္ဒိယဘုရင်ခံချုပ် ဝယ်လစ္စလီ (Wellesley) သည် ပိုမိုထိရောက်မှုရှိစေရန် သံအဖွဲ့တစ်ဖွဲ့ စီစဉ်ပြန်၏။ သံအဖွဲ့ခေါင်းဆောင်ကို မိုက်ကယ်ဆိုင်း၏ ထောက်ခံချက်အရ ဂျွန်ကင်းနင်း (John Canning) အား ရွေးချယ်ခဲ့သည်။ ကင်းနင်း၏သံအဖွဲ့သည် ၃၁ မေ ၁၈၀၃ ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာ၏။ ထိုစဉ်က မြို့ဝန်ဦးကျော်ရွှေးမှာ နေပြည်တော်သို့ရောက်ရှိနေပြီး ရန်ကုန်၌ ရေဝန်ကသာ အုပ်ချုပ်ရေးတာဝန်ယူထားရ၏။



ကင်းနင်းသည် ရန်ကုန်ရေဝန်နှင့် ဆက်ဆံရေး မပြေမပြစ်ဖြစ်ခဲ့သော်လည်း ပြင်သစ်– မြန်မာ ဆက်သွယ်မှုအခြေအနေကို အတော်အတန် သိရှိခွင့်ရခဲ့၏။

## ဆင်ဖြူတော်

မြန်မာဘုရင်များသည် ဆင်ဖြူတော်ကို အထွဋ်အမြတ်ထားကြစမြဲဖြစ်၏။ တစ်ခါတစ်ရံ ဆင်မဲပင်ဖြစ်သော်လည်း ဆင်ဖြူတော်၏အင်္ဂါရပ်များနှင့်ညီညွတ်မှုရှိပါက ဆင်ဖြူတော်အဖြစ် အသိအမှတ်ပြုကြသည်မှာ ထူးခြားလှပေသည်။ ဗဒုံမင်းသည်လည်း ဆင်ဖြူရှင်ဘွဲ့ခံနိုင်ရန် ဆင်ဖြူတော်ရရှိရေးအတွက် မျှော်လင့်တကြီး ရှာဖွေစေခဲ့၏။

၁၂ ဩဂုတ် ၁၈၀၄ ခုနှစ်တွင် လှိုင်မြို့၊ ကျေးမင်းလှအရပ်မှ ဆင်ဖြူတစ်ကောင်ရရှိခဲ့သည်။ ထိုစဉ်က ဗဒုံမင်းမှာ မင်းကွန်း၌ ယာယီနန်းစံနေချိန်ဖြစ်၏။ ဆင်ဖြူတော်ကို လှိုင်မြို့၌ တန်ဆောင်းဆောက်လုပ်ကျွေးမွေးထားကြောင်း ရန်ကုန်မြို့ဝန် ဦးကျော်ရွှေးက ဗဒုံမင်းထံ လျှောက်ထားတင်ပြခဲ့သည်။ ထို့နောက် ဗဒုံမင်းအမိန့်ဖြင့် ရေဝန် မဟာနော်ရထာကြီးကြပ်လျက် နေပြည်တော်သို့ ဆောင်ယူခဲ့၏။ စစ်ကိုင်းမြို့တွင် အများပြည်သူ၏ အဖူးမျှော်ခံယူပြီး မင်းကွန်းသို့ ဆက်လက်ဆောင်ယူစေခဲ့သည်။

ဗဒုံမင်းသည် ဆင်ဖြူတော်ကို "သီရိမလ္လာမဟာသုဘဗ္ဗာ"ဘွဲ့ပေးခဲ့၏။ စတင်တွေ့ရှိသူ ဦးထွားကိုလည်း ပြည်မြို့ မင်းကျောင်းရွာစားအဖြစ် ပေးသနားခဲ့သည်။ သို့သော် ဆင်ဖြူမှာ သုံးလအကြာ၌ သေဆုံးသွားခဲ့သဖြင့် ပုထိုးတော်ကြီးအနောက်မြောက်ဘက်၌ ဂူသွင်းသင်္ဂြိုဟ်ခဲ့၏။ ဆင်ဖြူတော် သေဆုံးသွားသဖြင့် ဗဒုံမင်းလည်း စိတ်ဓာတ်ကျဆင်းသွားဟန်ရှိ၏။ သို့သော် နှစ်နှစ်ခန့်အကြာတွင် ပဲခူးဒေသမှ ဆင်ဖြူတစ်ကောင် ရရှိခဲ့ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၈၀၆ ခုနှစ် ဇွန်လထဲတွင် ပဲခူးမှ မင်းမှုထမ်းလေးဦး ရန်ကုန်သို့ ထွက်ခွာလာစဉ် သနပ်ပင်မြို့နယ်ရှိ ကျိုက်မတ်ကော်စေတီကို ဝင်ရောက်ဖူးမြော်ခဲ့ကြ၏။ ထိုစဉ် ဆူညံသံများ ကြားရသဖြင့် ကုန်းပေါ်သို့ တက်ကြည့်ရာ ဆင်ဖြူငယ်တစ်ကောင်ကို ဆင်မဲအုပ်၏အလယ်၌ တွေ့ရလေသည်။ ဤတွင် တစ်ဦးအား အစောင့်ထားရစ်ကာ ကျန်သုံးဦးက ရန်ကုန်မြို့ဝန်ထံ အကြောင်းကြားခဲ့ကြ၏။ ထို့နောက် အင်အားဖြင့် ဖမ်းဆီးကာ ၃ အောက်တိုဘာ ၁၈၀၆ ခုနှစ်တွင် ရေဝန် နော်ရထာကျော်ခေါင် ကြီးကြပ်လျက် နေပြည်တော်သို့ ပို့ပေးခဲ့ရလေသည်။ ဗဒုံမင်းသည် မြစ်ကြောင်းမှ အဆင့်ဆင့် သယ်ဆောင်လာသော ဆင်ဖြူတော်အား ပုဂံမြို့အရောက် စုန်ဆင်းကြိုဆိုခဲ့၏။ ၂၈ နိုဝင်ဘာ ၁၈၀၆ ခုနှစ်တွင် ဆင်ဖြူတော် စစ်ကိုင်းသို့ ရောက်ရှိပါသည်။ ထို့နောက် ပွဲလမ်းသဘင်အခမ်းအနားဖြင့် စစ်ကိုင်းမှ အမရပူရသို့ ဆောင်ယူခဲ့သည်။ ဘွဲ့ကို "နိဗ္ဗာနပစ္စယနာဂရာဇာ"ဟု ပေးခဲ့၏။

ထိုနှစ်တွင်ပင် အမတ်ကြီး မဟာမင်းလှကို ဆဒ္ဒန်ဆင်မင်းဝန်၊ ရွှေတောင်နရာကျော်၊ ရွှေတောင်သီဟကျော်သူတို့ကို ဆင်ဝန်ထောက်အဖြစ် ခန့်ထားလိုက်၏။ ယင်းဆင်ဖြူတော်သည် မင်းတုန်းမင်းလက်ထက်တိုင် မင်း(၅)ဆက်ကို မီခဲ့ပြီး ၅ ဇွန် ၁၈၅၇ ခုနှစ်တွင် သေဆုံးခဲ့၏။

## မဇ္ဈိမဒေသ ကျမ်းစာစုခရီး

ဗဒုံမင်းသည် ၁၂ ဖေဖော်ဝါရီ ၁၈၀၇ ခုနှစ်တွင် ရမ္မာဝတီမြို့ဝန် ရွှေတောင်သာဂသူ (ဦးနု)ကို ပိဋကတ်နှင့် လောကီကျမ်းများ စုဆောင်းသယ်ယူရန် အိန္ဒိယသို့ စေလွှတ်ခဲ့၏။ မြို့ဝန်ဦးနုသည် ပေမူ(၁၆၀)၊ ကျမ်း ၁၇၇ ကျမ်းကို ယူဆောင်လျက် ၂၃ ဖေဖော်ဝါရီ ၁၈၀၈ ခုနှစ်တွင် အမရပူရမြို့တော် ဗဒုံမင်း၏ထံမှောက် ဆက်သခဲ့သည်။

၁၂ အောက်တိုဘာ ၁၈၀၈ ခုနှစ်တွင် ဗဒုံမင်းသည် ရမ္မာဝတီမြို့ဝန်ဦးနုကိုပင် အိန္ဒိယသို့ စေလွှတ်ပြန်၏။ သူနှင့်အတူ ဇေယျကျော်သူ၊ ဇေယျကျော်ထင်၊ ဇေယျကျော်စွာတို့ လိုက်ပါခဲ့ကြသည်။ မြို့ဝန်ဦးနုသည် ဤတစ်ကြိမ်တွင် သူရိယသိဒ္ဓန္တ ကဲ့သို့သော ဗေဒင်တွက်ရိုးကျမ်းများသာမက ဆေးကျမ်းများကိုပါ သယ်ဆောင်လာနိုင်ခဲ့၏။ ၁၈ မေ ၁၈၁၀ ခုနှစ်တွင် မြို့ဝန်ဦးနုတို့အဖွဲ့ စစ်ကိုင်းမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။



၁၃ စက်တင်ဘာ ၁၈၁၀ ခုနှစ်တွင် ရမ္မာဝတီစစ်ကဲ ဣန္ဒရာဇသူနှင့်အဖွဲ့ကို အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့သို့ စေလွှတ်ပြန်၏။ ယင်းအဖွဲ့သည် တာပေကျမ်းဂန် မည်မျှသယ်ယူလာနိုင်ခဲ့သည်ကို မသိရဘဲ ၂၂ ဇွန် ၁၈၁၂ ခုနှစ်၌ စစ်ကိုင်းမြို့သို့ရောက်ရှိရာ အိမ်ရှေ့မင်းသား ဦးပေါ်ကိုယ်တိုင် လာရောက်ကြိုဆိုကြောင်း သိရှိရ၏။ တစ်ဖန် ၂၀ အောက်တိုဘာ ၁၈၁၃ ခုနှစ်တွင် ဝတ်မြေဝန် သီရိပျံချီ ဦးဆောင်သည့် ကျမ်းဂန်သယ်အဖွဲ့ အိန္ဒိယနိုင်ငံ၊ ပူရန်မြို့သို့ သွားရောက်ခဲ့ပြန်၏။ ယင်းအဖွဲ့သည် ၁၆ ဖေဖော်ဝါရီ ၁၈၁၅ ခုနှစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိပါသည်။

## မဏိပူရ အာသံအရေး

မဏိပူရတွင် စော်ဘွား ဂျေဆင်း (Jay Sing)ကွယ်လွန်ပြီးနောက် သားနှစ်ဦးဖြစ်သူ မဟာရာဇာ (Chorjit Sing) နှင့် ရူပရာဇာ (Marjit Sing) တို့ နန်းလုခဲ့ကြ၏။ မဟာရာဇာ ထီးနန်းရခဲ့ပြီးနောက် ရူပရာဇာသည် ဗဒုံမင်းထံ လာရောက်ခိုလှုံခဲ့သည်။

ဗဒုံမင်းသည် မဏိပူရနန်းတွင်းရေးကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် ၁၅ ဖေဖော်ဝါရီ ၁၈၁၄ ခုနှစ်တွင် အတွင်းဝန် နေမျိုးမင်းလှမဟာနော်ရထာကို ဗိုလ်ချုပ်ခန့်ကာ တပ်ပေါင်း(၂၀)ဖြင့် ချီတက်ခဲ့သည်။ မဏိပူရစော်ဘွား မဟာရာဇာသည် ကက်စိန်အရပ်၌ မြေကတုတ်များပြုလုပ်ကာ မြန်မာတပ်များကို ခုခံရန် အသင့်ပြင်ဆင်ခဲ့၏။ မြန်မာတပ်သည် နတ်ကျွန်းအောင်မြေသို့ရောက်လျှင် မလိန်းချေးပူကြောင်းနှင့် တမူးပန်းသာကြောင်းဟူ၍ စစ်ကြောင်းနှစ်ကြောင်းခွဲကာ ချီတက်ခဲ့ကြသည်။ တမူးသို့ရောက်လျှင် အိမ်ရှေ့ဝန် နေမျိုးရာဇသူ၏တပ်ကို ဆူးပုံကြောင်းအဖြစ် ခွဲထွက်ချီတက်စေရာ အိုင်မွန်ချောင်းရွာအနီးတွင် မဏိပူရအမတ် "ဟာစာရီ"၏ တပ်နှင့်တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့သည်။ ယင်းပွဲဦးထွက်တိုက်ပွဲတွင် မြန်မာတို့အနိုင်ရရှိခဲ့၏။

ထို့နောက် ကက်စိန်တွင် စခန်းချထားသော စော်ဘွားမဟာရာဇာ၏တပ်ကို သွားရောက်တိုက်ခိုက်ရာ တိုက်ပွဲ ပြင်းထန်စွာဖြစ်ပွားပြီး မြန်မာတပ်များ အနိုင်ရရှိခဲ့ပြန်၏။ သို့ဖြင့် မဏိပူရကို သိမ်းပိုက်နိုင်ခဲ့ပြီး ရူပရာဇာကို စော်ဘွားအရာပေးအပ်ကာ နေပြည်တော်သို့ ပြန်ခဲ့ကြ၏။ မဟာရာဇာမှာမူ အင်္ဂလိပ်ပိုင်နက်အတွင်း ဝင်ရောက်ခိုလှုံသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အလားတူ အာသံဒေသတွင်လည်း နန်းတွင်းရေး အရှုပ်အထွေးကိစ္စတစ်ရပ် ပေါ်ပေါက်ခဲ့၏။ မြန်မာမင်းလက်အောက်ခံ ဝေသာလီစော်ဘွား စန္ဒရကန္တရှိန် (Chandra Kanta Singh) ကို အမတ်ကြီး ပူရာကောင်ဟယ် (Purnananda) ၏သား ဘော်ရော်ကနတ် (Ruchinath) က နန်းချကာ ဘင်္ဂလား၌ တိမ်းရှောင်နေသူ ပူရန္ဒာဆင်း (Purandar Sign) ကို နန်းတင်လိုက်၏။ စန္ဒရကန္တရှိန်သည် အခြေအနေအရပ်ရပ်ကို ဂေါဟတ္တိ (Gauhati) စားအား စေလွှတ်၍ ဗဒုံမင်းထံ အကူအညီတောင်းခံခဲ့သည်။ ဤသို့ဖြင့် ၂၃ နိုဝင်ဘာ ၁၈၁၆ ခုနှစ်တွင် ဗန်းမော်မြို့ဝန် ဦးစံတည် ဦးဆောင်သော မြန်မာတပ် အာသံသို့ သွားရောက်ကာ စန္ဒရကန္တရှိန်ကို နန်းတင်ပေးခဲ့လေသည်။

မြန်မာတပ်များ ပြန်လည်ဆုတ်ခွာသွားသည်နှင့် ပူရန္ဒာဆင်းကပင် ထီးနန်း ပြန်လည်ရယူပြန်၏။ စန္ဒရကန္တရှိန်မှာ ထိုစဉ်က အသက် ၁၄ နှစ်သာရှိသေးပြီး ဗာဒန်စန္ဒရ (Badan Chandra)ဆိုသူနှင့် ပူးပေါင်းကာ ပူရန္ဒာဆင်းကို လုပ်ကြံရန် ကြိုးပမ်းခဲ့သည်။ သို့သော် လုပ်ကြံမှုမှာ အောင်မြင်မှု မရှိခဲ့ဘဲ ဗာဒန်စန္ဒရသည် အင်္ဂလိပ်ပိုင်နက်အတွင်း ထွက်ပြေးတိမ်း ရှောင်ခဲ့ရ၏။ ထိုစဉ် ကာလကတ္တား၌ရောက်ရှိနေသူ မြန်မာဘုရင့်အမှုထမ်းတစ်ဦးနှင့် အဆက်အသွယ်ရရှိကာ ဗဒုံမင်းထံ လာရောက် အကူအညီတောင်းခံခဲ့လေသည်။

ဗဒုံမင်းသည် ၂၉ နိုဝင်ဘာ ၁၈၁၈ ခုနှစ်တွင် ဝန်ကြီးမဟာမင်းလှမင်းခေါင်ကို ဦးစီးအုပ်ချုပ်ကာ တပ်ပေါင်း ၃၄ တပ်နှင့်အတူ အာသံသို့ ချီတက်တိုက်ခိုက်စေခဲ့၏။ ယင်းစစ်ပွဲတွင် ပူရန္ဒာဆင်းကျဆုံးသွားပြီး အာသံတစ်ပြည်လုံးကို မြန်မာတို့သိမ်းပိုက်နိုင်ခဲ့သည်။ အာသံနိုင်ငံမြို့တော် ဂျိုရဟတ် (Jorhat)တွင် မြန်မာတပ်များ အောင်ပွဲခံကြပြီး စန္ဒရကန္တရှိန်ကို နန်းတင်ကာ ပြန်လည်ထွက်ခွာလာကြသည်။

## နတ်ရွာစံလွန်ခြင်း

၅ ဇွန် ၁၈၁၉ ခုနှစ်တွင် ဗဒုံမင်း နတ်ရွာစံလွန်ပါသည်။ နတ်ရွာစံစဉ် အသက် ၇၄-နှစ်ရှိပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com







## ၇။ စစ်ကိုင်းမင်း

စစ်ကိုင်းမင်း၏အမည်ရင်းမှာ ဦးစိန်ဖြစ်သည်။ ၂၃ ဇူလိုင် ၁၇၈၄ ခုနှစ်တွင် ဗဒုံမင်း၏သား အိမ်ရှေ့မင်းသားဦးပေါ်နှင့် အိမ်ရှေ့မိဖုရား သီရိမဟာတိလောကရတနာဒေဝီ(ဒေါ်ကေ)တို့မှ ဖွားမြင်၏။

### မျိုးရိုးဆက်နွယ်




ဦးပေါ်တွင် ဦးရွှေမှုံဆိုသူ မွေးချင်းညီတစ်ဦးရှိရာ နောင်တွင် ပြည်မင်းသားဟု ထင်ရှားခဲ့၏။ အိမ်ရှေ့မင်းသားဦးပေါ်၏ ဘိုးဘွားများသည် မြင်းစီး ဦးကုလားမှ ဆင်းသက်ခဲ့သူများ ဖြစ်သည်။ ဦးကုလား၏မြေး ဦးမြတ်ထွန်းသည် သပွတ်ကြေးတိုင်အဖြစ် အမှုထမ်းခဲ့၏။ ဇနီးရှင်ဖရုံမှာမူ လွှဲပါရွာဇာတိဖြစ်ကြောင်း သိရှိရသည်။ ဦးပေါ်၏မိခင် မြောက်နန်းမိဖုရား

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လွန်းသူသည် ၄ ဇန်နဝါရီ ၁၈၀၇ ခုနှစ်တွင် ကွယ်လွန်ခဲ့၏။ ဦးပေါ်သည် ဗဒုံမင်း၏ မိဖုရားခေါင် ဒေါ်လွန်းမယ်၏သမီး ဒေါ်ကေနှင့် စုံဖက်ကာ စစ်ကိုင်းမင်းကို ဖွားမြင်ပါသည်။

### မွေးချင်းများ

စစ်ကိုင်းမင်းတွင် မွေးချင်း ညီအစ်ကိုမောင်နှမ (၆)ဦးရှိပါသည်။

(၁) စစ်ကိုင်းမင်းသား ဦးစိန် (၁၇၈၄–၁၈၄၆)
(၂) တောင်ငူမင်းသား (၁၇၈၅–၁၈၂၅)
(၃) သာယာဝတီမင်းသား ဦးခင် (၁၇၈၇–၁၈၄၆)
(၄) တောင်တွင်းကြီးမင်းသမီး မမြတ်စိုး (၁၇၈၈–၁၈၄၁)
(၅) မြို့သစ်မင်းသမီး မမြတ်စု (၁၇၉၁–၁၈၄၂)
(၆) ပင်လယ်မင်းသမီး (၁၇၉၃–?)

တို့ဖြစ်ကြ၏။

### ငယ်စဉ်ဘဝ

စစ်ကိုင်းမင်းသားသည် ငယ်စဉ်ကပင် မင်းနန်းစည်းစိမ်ဖြင့် စပ်ဆိုင်ရသူ မင်းသားဖြစ်ပါသည်။ ပန်းချီ၊ ပန်းပု စသော လက်မှုပညာအရပ်ရပ်ကို ကိုယ်တိုင်ဝါသနာပါကာ တတ်မြောက်သူလည်း ဖြစ်သည်။ အသက် ၂၅ နှစ်အရွယ်တွင် အိမ်ရှေ့ရာထူးကို ရရှိခဲ့ပြီး အသက် ၃၅ နှစ်အရွယ်၌ ဘုရင်ဖြစ်လာပါသည်။ ပုံပန်းသဏ္ဍာန်အားဖြင့် အရပ်ခတ်ပြတ်ပြတ်၊ အသားမည်းမည်း၊ ကျောက်ပေါက်မာသဲ့သဲ့ရှိပြီး မျက်နှာလုံးလုံးဖြစ်သည်။

### မိသားစုရေးရာ

စစ်ကိုင်းမင်းသား၏ မိဖုရားခေါင်မှာ နန်းမတော်မယ်နုဖြစ်ပါသည်။ မယ်နုကို ရွှေဘိုခရိုင်၊ ရေဦးမြို့အနောက်မြောက်ဘက် လေးမိုင်အကွာ ဖလံခုံရွာတွင် ၆ ဇူလိုင် ၁၇၈၄ ခုနှစ် ၌ ဖွားမြင်ခဲ့သည်။ မိဘများမှာ ထောင်မှူးကြီး သီဟကျော်စွာဘွဲ့ခံ ဦးလတ်နှင့် ဒေါ်မှန်တို့ ဖြစ်ကြ၏။ မွေးချင်းအဖြစ် စလင်းမင်းသားကြီး ဦးအို တစ်ဦးသာ ရှိပါသည်။ မယ်နုသည် စစ်ကိုင်းမင်းသား အိမ်ရှေ့စံဘဝ ၁၈၁၃ ခုနှစ်တွင် အိမ်ရှေ့မိဖုရားဖြစ်လာပြီး ၁၈၁၉ ခုနှစ် စစ်ကိုင်းမင်း နန်းတက်လာသောအခါ မိဖုရားခေါင်ဖြစ်လာလေသည်။ ၁၂ မေ ၁၈၄၀ ခုနှစ်တွင် နန်းမတော်မယ်နု စီရင်ကွပ်မျက်ခြင်းခံခဲ့ရ၏။



### အခြားထင်ရှားသော မိဖုရားများမှာ

ဆင်ဖြူရှင်မယ်–ပြည်မင်းသားနှင့် မြေဒူးမင်းသမီးမှ ၇ ဇန်နဝါရီ ၁၇၈၉ ခုနှစ် ဖွားမြင်၊ ဘွဲ့ သီရိသုမာစန္ဒာဒေဝီ၊ ၃ နိုဝင်ဘာ ၁၈၁၂ ခုနှစ် ကွယ်လွန်။

ခနေဖြူ– အကောက်ဝန် မာလိန်ဖြူသမီး၊ ၁၈၂၃ ခုနှစ်တွင် အနောက်နန်းမိဖုရား ဖြစ်လာ၊ ၁၈၆၄ ခုနှစ် မတ်လ၌ ကွယ်လွန်။

မကွေး – လမိုင်းဝန် ဦးမှိုသမီး၊ ၁၈၁၉ ခုနှစ်တွင် မိဖုရားဖြစ်လာ။

မြောက်နန်း(ပ) – ပုဂံမင်းသားနှင့် မင်းရွှေနန်းတို့သမီး။

မြောက်နန်း(ဒု) –အမည်ရင်း မရွှေရည်၊ သံလျင်မင်းကြီး ဦးကျော်ခေါင်သမီး၊ ၁၈၂၂ ခုနှစ်တွင် မိဖုရားဖြစ်လာ။

အလယ်နန်း(ပ)–အမည်ရင်း ရွှေနန်းယု၊ ပုသိမ်မင်းသားနှင့် ယောမင်းသမီးတို့ သမီး။

အလယ်နန်း(ဒု)–မိုးကောင်းမြို့ဝန်ဦးစံသာသမီး၊ ၁၈၂၂ ခုနှစ်တွင် မိဖုရားဖြစ်လာပြီး သာယာဝတီမင်းလက်ထက်ကွယ်လွန်

တို့ဖြစ်ကြပါသည်။

### ထင်ရှားသော သားသမီးများမှာ အောက်ပါအတိုင်းဖြစ်၏။

ကျောက်ဆောက်မင်းသမီး– ကိုယ်လုပ်တော်ရှင်မိုး၏သမီး၊ ရန်ကုန်မြို့ဝန် ဦးကျော်ရွှေ၏သား မောင်ရွှေညိုနှင့် လက်ဆက်ခဲ့၊ ၁၈၂၄ ခုနှစ်တွင် ကွယ်လွန်။

ဆင်ဖြူမရှင် – အမည်ရင်း မယ်သဲ၊ မိဖုရားခေါင်မယ်နုမှ ၂၂ နိုဝင်ဘာ ၁၈၂၁ ခုနှစ်ဖွား၊ မင်းတုန်းမင်းလက်ထက် အလယ်နန်း၊ ၂၆ ဖေဖော်ဝါရီ ၁၉၀၀ ပြည့်နှစ်ကွယ်လွန်။

ညောင်ရမ်းမင်းသား–အမည်ရင်း ဖေခင်၊ ဆင်ဖြူရှင်မယ်မိဖုရားမှ ၂၇ အောက်တိုဘာ ၁၈၁၂ ခုနှစ်ဖွားမြင်၊ သာယာဝတီမင်းလက်ထက် ၁၅ ဧပြီ ၁၈၃၈ ခုနှစ်တွင် စီရင်ကွပ်မျက်ခံရ။

မကွေးမင်းသမီး – မကွေးမိဖုရားမှ ၁၈၂၄ ခုနှစ်တွင် ဖွားမြင်၊

www.burmeseclassic.com



## ထီးနန်းအရိုက်အရာ

စစ်ကိုင်းမင်း လက်ထက်တွင် ထီးနန်းအရိုက်အရာ ဆက်ခံမည့် အိမ်ရှေ့ဥပရာဇာရာထူး ခန့်အပ်နိုင်ခဲ့ခြင်း မရှိပေ။ (သားတော် ညောင်ရမ်းမင်းသားအား အိမ်ရှေ့အရာထားကြောင်း အဆိုရှိသော်လည်း တရားဝင် အထောက်အထား ရှာဖွေ မတွေ့ရပါ။) နန်းမတော်မယ်နု၏ အစ်ကိုဖြစ်သူ စလင်းမြို့စား ဦးအိုသည် လွှတ်တက်မင်းသားကြီးရာထူးကို ရယူထားပြီး အိမ်ရှေ့မင်းအရာရရှိရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ တစ်ချိန်တည်း၌ပင် စစ်ကိုင်းမင်းသား၏ညီ သာယာဝတီမင်းသားသည်လည်း လွှတ်တက် မင်းသားကြီးအဆင့်ရရှိခဲ့ပြီး စလင်းမင်းသားကြီးအုပ်စုနှင့် အင်အားပြိုင်ခဲ့ကြ၏။ နောက်ဆုံးတွင် သာယာဝတီမင်းသားသည် ရွှေဘိုသို့ ထွက်ခွာလျက် လူသူစုရုံးကာ စစ်ကိုင်းမင်းနှင့် မိဖုရားခေါင်တို့ကိုသာမက စလင်းမင်းသားကြီး ဦးအိုကိုပါ ရာထူးမှ ဖယ်ရှားပစ်ခဲ့လေသည်။

စလင်းမင်းသားကြီး ဦးအိုကို ထောင်မှူးသီဟကျော်စွာဘွဲ့ခံ ဦးလတ်နှင့် ဒေါ်မှန်တို့မှ ၁၇၈၂ ခုနှစ်ခန့်တွင် ဖွားမြင်သည်။ ဗဒုံမင်းလက်ထက်တွင် ညှိုးငယ်စွာနေခဲ့ရပြီး နှမဖြစ်သူမယ်နု မိဖုရားခေါင်ဖြစ်သောအခါမှ လွှတ်တက်မင်းသားကြီးအရာ ရရှိခဲ့သည်။ သာယာဝတီမင်း နန်းတက်စတွင် အကျဉ်းချထားခံရပြီး ၁၂ မေ ၁၈၄၀ ခုနှစ်တွင် စီရင်လုပ်ကြံခြင်းခံခဲ့ရ၏။ စလင်းမင်းသားကြီး၏ကြင်ယာမှာ ရေဦးမြို့နယ်၊ မြင်းပေါက်ရွာသူ သီရိရတနာသာမာဝတီဘွဲ့ရ ဒေါ်မင်းသာဖြစ်ပြီး သမီးနှစ်ဦးထွန်းကားခဲ့ကြောင်း သိရှိရ၏။

## နန်းတွင်းရေး

ဘုရင်တစ်ပါးနန်းတက်သည်နှင့် မကျေနပ်သော အသိုင်းအဝိုင်းမှ ပုန်ကန်ခြားနားကြခြင်းမှာ အစဉ်အလာတစ်ရပ်သဖွယ်ဖြစ်နေ၏။ စစ်ကိုင်းမင်း နန်းတက်ချိန်တွင် ဗဒုံမင်း၏သားတော်များဖြစ်သည့် တောင်ငူမင်းသားနှင့် ပြည်မင်းသားတို့ ပုန်ကန်မှုစတင်တော့၏။

တောင်ငူမင်းသားကြီးဦးရွှေပုံသည် ဗဒုံမင်း၏မိဖုရား ရှင်မင်းစိမှ ၁၇၆၇ ခုနှစ်တွင် ဖွားမြင်သူဖြစ်သဖြင့် စစ်ကိုင်းမင်းထက် အသက် ၂၀



နှီးပါးကြီး၏။ ထို့အတူ ပြည်မင်းသား ဦးရွှေမှုံသည်လည်း မြောက်နန်းမိဖုရားမှ ၁၇၆၅ ခုနှစ်တွင် ဖွားမြင်သူဖြစ်ရာ တောင်ငူမင်းသားထက် နှစ်နှစ်ကြီးလေသည်။ စစ်ကိုင်းမင်းသည် ဘထွေးတော်များ၏ပုန်ကန်မှုကို စစ်ကြောရာ၌ ဆိုင်ရာမင်းသားတို့၏ အကြီးတော်များမှတစ်ဆင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရ၏။ အထူးသဖြင့် တောင်ငူမင်းသားကြီးသည် ပုန်ကန်မှုကို ယခင်ကတစ်ကြိမ် ကျူးလွန်ခဲ့ဖူးသူဖြစ်သဖြင့် စီရင်ကွပ်မျက်ခဲ့၏။ ဘထွေးတော် ပြည်မင်းသားမှာမူ တစ်ကြိမ်တစ်ခါ မှားယွင်းမိခြင်းဖြစ်သဖြင့် စစ်ကိုင်းမင်းက အပြစ်မှခွင့်လွှတ်ခဲ့သည်။

## မဏိပူရသို့

စစ်ကိုင်းမင်းနန်းတက်သောအခါ မြန်မာဘုရင်က ထီးနန်းတင်ထားသော မဏိပူရစော်ဘွား ဇုပရာဇာ (Marjit Sing) သည် စစ်ကိုင်းမင်းထံ လာရောက်လက်ဆောင်ပဏ္ဍာဆက်၊ သစ္စာခံယူခြင်းမရှိခဲ့ပေ။ ဤသည်မှာ မရိုးဖြောင့်သောအကြံရှိ၍ဖြစ်မည်ဟု စစ်ကိုင်းမင်းက ယူဆခဲ့၏။ သို့ဖြင့် ၂ ဒီဇင်ဘာ ၁၈၁၉ခုနှစ်တွင် ရမ္မာဝတီမင်းသားအား တပ်(၁၅)တပ်ကို အုပ်ချုပ်ဦးစီးလျက် မဏိပူရသို့ မလိန်းချွေးပူစစ်ကြောင်းမှ ချီတက်ကာ စုံစမ်းလေ့လာစေခဲ့၏။ လေ့လာမှုများအရ မြန်မာဘုရင်ပိုင် ကဘော်ချိုင့်ဝှမ်း (Kabaw Valley)မှ သစ်ဝါးများကို မဏိပူရတို့ ထုတ်လုပ်ရောင်းချနေကြပြီး မြန်မာမင်းလက်အောက်၌ မနေလိုတော့ပြီဖြစ်၍ တိုက်ခိုက်လိုပါက ခုခံတိုက်ခိုက်ရန် အသင့်ရှိကြောင်းတို့ကို သိရှိခဲ့ရ၏။ သို့ဖြင့် စစ်ကိုင်းမင်းသည် မဏိပူရအား သိမ်းယူရန် တပ်များကို ထပ်မံစေလွှတ်ခဲ့သည်။

တပ်ပေါင်း(၅)တပ်ပါဝင်သော မြန်မာတပ်မတော်သည် ဆူးပုံနှင့် တမူးစစ်ကြောင်းများအဖြစ် ခွဲထွက်ကာ မဏိပူရကို စစ်ချီခဲ့ကြ၏။ စော်ဘွား ဇုပရာဇာသည် မြန်မာတပ်ကို ခုခံရန် ကက်စိန်ဒေသ၌ ခံတပ်ကတုပ်များ အနိုင်အမာစီမံထားလေသည်။ မင်းကြီးမဟာဗန္ဓုလကိုယ်တိုင် စစ်ကဲအဖြစ် ဦးစီးတိုက်ခိုက်ရသည့် ယင်းကက်စိန်တောင်တိုက်ပွဲသည် ပြင်းထန်လှပြီး အကျအဆုံးလည်း များပြားလှ၏။ စော်ဘွားဇုပရာဇာနှင့် မဏိပူရစစ်သည်တို့ ရှုပ်ရှုပ်ချွဲချွဲ ခုခံတိုက်ခိုက်ခဲ့သော်လည်း အရေးနိမ့်ကာ တောတွင်းဒေသသို့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လွတ်ထွက်ပြေးခဲ့ရ၏။ ဤသို့ဖြင့် မဏိပူရမြို့တော်ကို မြန်မာတို့ သိမ်းပိုက်နိုင်ခဲ့လေသည်။

## အင်းဝမြို့တော်သစ်

စစ်ကိုင်းမင်း နန်းတက်စကာလ၌ပင် လူပညာရှိ၊ ရဟန်းပညာရှိတို့က မြို့တော်သစ်တည်ရန် အချိန်အခါရောက်ပြီဖြစ်ကြောင်းဖြင့် စာဟောင်း စာတမ်းတို့နှင့်တကွ ဖတ်လျှောက် တင်ပြခဲ့ကြသည်။ သို့ဖြင့် စစ်ကိုင်းမင်းသည် ၁၈၂၁ ခုနှစ်၊ ဇူလိုင်လတွင် မြို့သစ်တည်ဆောက်မည့် နေရာကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှု လေ့လာခဲ့၏။ ၁၇ ဇွန် ၁၈၂၁ ခုနှစ်တွင် အင်းဝမြို့တော်သစ်ကို စတင်ပန္နက်ရိုက်ခဲ့သည်။ မြို့နန်းသစ် တည်ဆောက်ရေးလုပ်ငန်းအတွက် ဝန်ကြီးအဖွဲ့အား ငွေတော်ပိသာ (၁)သောင်း ထုတ်ယူသုံးစွဲစေခဲ့သည်။ မြို့တော်သစ်တည်ဆောက်မှုသည် ၂ နှစ်မျှကြာမြင့်ခဲ့ပြီး စစ်ကိုင်းမင်း မိဖုရားများနှင့်တကွ သားတော် သမီးတော်တို့ခြံရံလျက် ၃ မတ် ၁၈၂၄ ခုနှစ်တွင် မြို့သိမ်းပွဲသဘင် ကျင်းပခဲ့သည်။ စစ်ကိုင်းမင်းသည် အင်းဝမြို့တော်တည်ထောင်နန်းစိုက်ရာ၌ ဘုရားသခင်ဗျာဒိတ်တော်ရ မင်းတို့သာလျှင် မြို့တည်နန်းတည် လုပ်ဆောင်ရသည်ဟူသော ရှေးစာဟောင်း အဆိုကို ယုံကြည်သက်ဝင်ခဲ့ဟန်ရှိ၏။

အင်းဝမြို့တော်ကို သတိုးမင်းဖျား (၁၃၆၄-၁၃၆၇) က စတင်တည်ထောင်ခဲ့ပြီး၊ ဒုတိယအကြိမ်အဖြစ် ညောင်ရမ်းမင်း (၁၆၀၀-၁၆၀၆) ကလည်းကောင်း၊ တတိယအကြိမ်အဖြစ် မြေဒူးမင်း (၁၇၆၃-၁၇၇၆)က လည်းကောင်း တည်ဆောက်ခဲ့ကြပါသည်။ စစ်ကိုင်းမင်းသည် စတုတ္ထအကြိမ် တည်ထောင်သူဖြစ်သဖြင့် ရတနာပူရ စတုတ္ထမြို့တည်မင်းအဖြစ် ထင်ရှားခဲ့၏။

## အာသံစစ်ကြောင်း

အာသံ၌ မြန်မာတို့ နန်းတင်ထားသည့် စန္ဒရဂန္တရှိန် (Chandra Kanta Singh)သည် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ သွေးထိုးမှုဖြင့် ဗြိတိသျှတို့ထံမှ လက်နက်အမြောက်အမြား ဝယ်ယူကာ မြန်မာဘုရင်အား ပုန်ကန်ခြားနားရန် ပြင်ဆင်ခဲ့၏။ အင်္ဂလိပ်တို့သည် အိန္ဒိယတိုင်းသား ကြေးစား



စစ်ဗိုလ်များကို စေလွှတ်ပေးရုံမျှမက အာသံပြည်နယ် ဂျူရဟတ် (Jorhat) မြို့တော်အနီး၌ပင် တပ်များအခိုင်အမာချထားပေးလေသည်။

မြန်မာတို့၏ မြို့စောင့်တပ်မှူး အာသံဗိုလ်မှူး ရွှေတောင်လက်ဝဲကျော်သည် ဤကိစ္စကို နေပြည်တော်သို့ သတင်းပေးပို့ခဲ့သဖြင့် စစ်ကိုင်းမင်းက အာသံအား ချီတက်တိုက်ခိုက်ရန် မိန့်ကြားခဲ့၏။ ၁၄ ဖေဖော်ဝါရီ ၁၈၂၂ ခုနှစ်တွင် လက်ဝဲကြောင်း ဗိုလ်ရာဇာမင်းခေါင်၏ စစ်ဦးချီတပ်ထွက်ခွာပြီး ဖေဖော်ဝါရီလ(၁၇)ရက်နေ့တွင် ဗိုလ်မှူးမဟာဗန္ဓုလတပ်မ လိုက်ပါ ချီတက်ခဲ့သည်။ အာသံဗိုလ်မှူးဦးစီးသည့်တပ်များနှင့် ပွဲဦးထွက်တိုက်ပွဲတွင် အာသံဘက်မှ လက်နက်အင်အား သာလွန်သဖြင့် မြန်မာတို့ အကျအရှုံးများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ သို့သော် မင်းကြီးမဟာဗန္ဓုလ၏ တပ်များ ရောက်ရှိလာပြီးနောက် ဂျူရဟတ်မြို့တော်ကို ဝိုင်းဝန်းတိုက်ခိုက်ရာ စော်ဘွားစန္ဒရဂန္တရှိန် ဂေါဟတ္တိ (Ganhati) သို့ ထွက်ပြေးလွတ်မြောက်သွားလေသည်။

မြန်မာတပ်(၅)တပ်သည် ဂေါဟတ္တိသို့ ဆက်လက်သွားရောက်ရှာဖွေသော်လည်း စန္ဒရဂန္တရှိန် ဗြိတိသျှပိုင်နက်အတွင်း ဝင်ရောက်ခိုလှုံသွားကြောင်း သိရှိရ၏။ မင်းကြီး မဟာဗန္ဓုလသည် အာသံမင်းသမီး ဗန်းမော်မြို့စား သီရိအတုလရတနာဒေဝီ၏ မောင်အရင်းဖြစ်သော ဇော်ရဟိန် (Jogeswar Singh) ကို "သီရိစန္ဒြသီဟ မဟာဓမ္မရာဇာ" ဘွဲ့ဖြင့် အာသံစော်ဘွား ရာထူးပေးအပ်ကာ မဟာသီလဝ(ဦးသူ)ကို အာသံဗိုလ်မှူးခန့်လျက် နေပြည်တော်သို့ ပြန်လာခဲ့ကြ၏။ အပြန်ခရီး ၁ ဇန်နဝါရီ ၁၈၂၃ ခုနှစ်တွင် မင်းကြီးမဟာဗန္ဓုလ ဗန်းမော်မြို့သို့ လှည့်ဝင်ကာ ဗန်းမော်မြို့ဝန်နှင့် နိုင်ငံတော်လုံခြုံရေးကိစ္စရပ်များအား ဆွေးနွေးခဲ့၏။

## ရှင်မဖြူကျွန်းအရေး

ရခိုင်ဒေသ နတ်မြစ်ဝရှိ ရှင်မဖြူကျွန်း (Shapuee Island) တွင် ၁၈၂၂ ခုနှစ် ဒီဇင်ဘာလ၌ ဓညဝတီမြို့ဝန် မဟာမင်းကြီးကျော်စွာ(ဦးစံပျော်)က ဗိုလ်မောင်အေးနှင့် လက်ထောက် မောင်တောတို့ကို အစောင့်အနေချထားခဲ့၏။ ၁၈၂၃ ခုနှစ် ဇန်နဝါရီလတွင် စပါးတင်လှေ တစ်စင်းကို ကျွန်းပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်သဖြင့် လှေပေါ်၌ပါလာသူ ဆားပြင်ရှာသား ဂေါင်ဆောက်ကေ ကွယ်လွန်ခဲ့သည်။ ယင်းကိစ္စကို လှေသားတို့က နယ်မြေအုပ်ချုပ်ရေးမှူး သော်ဒလီ (Chowdhury) မောင်ညိုအား တိုင်ကြားခဲ့သည်။ ထို့နောက် အိန္ဒိယ ဘုရင်ခံချုပ်ထံ အဆင့်ဆင့် အစီရင်ခံတိုင်ကြားခဲ့ရာ ဘုရင်ခံချုပ်က ယင်းပြဿနာကို ဖြေရှင်းရန် ရောဘတ်ဆန် (Robertson)ဆိုသူကို တာဝန် ပေးအပ်ခဲ့၏။

၂၃ ဖေဖော်ဝါရီ ၁၈၂၃ ခုနှစ်တွင် ရောဘတ်ဆန်၏အစီအစဉ်ဖြင့် ဆူပဒါမာဒိုဝီ (Subadar Madowir)၏တပ်ခွဲတစ်ခွဲ ရှင်မဖြူကျွန်းသို့ ရောက်ရှိလာရာ ဗိုလ်မောင်အေးအဖွဲ့နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့သည်။ မြန်မာ တပ်သည် ဂျမဒါဟာရီဆင်း (Jemadar Hari Singh)နှင့် တပ်သား(၁၀)ဦးကို မြန်မာပိုင်နက်အတွင်း ခေါ်ဆောင်သွားကြ၏။ ရှင်မဖြူကျွန်းသည် ရခိုင် ဘုရင်ပိုင်ဖြစ်ပြီး ဗဒုံမင်းလက်ထက် မြန်မာတို့ ရခိုင်ကို သိမ်းစဉ်ကပင် မြန်မာလက်အောက်သို့ အလိုအလျောက်ကျရောက်ခဲ့ပြီးဖြစ်ကြောင်း မြန်မာ တို့က ပြန်ကြားသည်။ အရှေ့အိန္ဒိယကုမ္ပဏီကလည်း ရခိုင်ဘုရင်သည် မိမိ တို့အား မြန်မာတို့မသိမ်းပိုက်မီ ရှေးယခင်ကပင် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ဆိုကြ၏။ မည်သို့ဆိုစေကာမူ ၁၈၂၃ ခုနှစ် မေလဆန်းတွင် ဧည့်ဝတီမြို့ဝန် ဦးစံပျော်က ရှင်မဖြူကျွန်းမှာ မြန်မာပိုင်ဖြစ်ကြောင်း အတိအလင်းကြေညာ ခဲ့၏။ ၁ ဩဂုတ် ၁၈၂၃ ခုနှစ်တွင် မြန်မာအရာရှိတစ်ဦးကို စစ်တကောင်းသို့ စေလွှတ်ကာ အတည်ပြုပြောကြားခဲ့သေး၏။

အိန္ဒိယဘုရင်ခံချုပ်သည် ရခိုင်ဒေသအား သိမ်းပိုက်ရန် ဆုံးဖြတ် လိုက်ပြီး ၁၈၂၃ ခုနှစ် ဒီဇင်ဘာလတွင် ကာလကတ္တားမှတပ်များကို ရာမူး သို့ စေလွှတ်တပ်စွဲစေခဲ့သည်။ ၁၈၂၄ ခုနှစ် ဇန်နဝါရီလအတွင်းတွင် ရာသီ ဥတုဆိုးဝါးမှုကြောင့် ရှင်မဖြူကျွန်းပေါ်မှ မြန်မာတပ်ကို ပြန်လည်ရုပ်သိမ်း လိုက်ရသည်။ သို့သော် ဧည့်ဝတီမြို့ဝန် ဦးစံပျော်က အခြေအနေအရပ်ရပ်ကို နေပြည်တော်သို့ အစီရင်ခံတင်ပြကာ စစ်ကူတောင်းခံခဲ့၏။ ၁၃ ဖေဖော်ဝါရီ ၁၈၂၄ ခုနှစ်တွင် စစ်ကဲမြဝတီမင်းကြီးဦးစ၏တပ်များ ရောက်ရှိလာပြီး ဖမ်းဆီးထားသော ဗြိတိသျှအရာရှိ နှင့် နောက်ပါတို့ကို ပြန်လည်လွှတ်ပေး ခဲ့၏။ ယင်းသို့ဖမ်းဆီးမှုအတွက်လည်း ဧည့်ဝတီမြို့ဝန်ကို ပြစ်တင်ဝေဖန်



ခဲ့သည်။ မကြာမီ ဗိုလ်မှူးဝန်ကြီးမဟာဗန္ဓုလ ရောက်ရှိလာပြီး ၁၉ မတ် ၁၈၂၄ ခုနှစ်တွင် ရှင်မဖြူကျွန်းကို မြန်မာတို့ပြန်လည်သိမ်းပိုက်ကာ မြန်မာ အလံစိုက်ထူခဲ့သည်။

## အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲ

၅ မတ် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်က မြန်မာတို့အား စစ်ကြေညာ လိုက်၏။ အာသံ မဏိပူရစစ်မျက်နှာကို ဗြိတိသျှဗိုလ်မှူးချုပ် မက်မိုရင်း (Mac Morine) က အုပ်ချုပ်ပြီး ၂၈ မတ် ၁၈၂၄ ခုနှစ်တွင် ဂေါဟတ္တိရှိ မြန်မာခံတပ်ဟောင်းတစ်ခု၌ တပ်စွဲလိုက်ကြ၏။ ၁၅ ဧပြီ ၁၈၂၄ ခုနှစ် ဒေးဗစ်စကော့ (David Scott)၏တပ်များ နော်ဂေါင်းသို့ရောက်ရှိစဉ် မြန်မာ တပ်များ မာရမု (Mara Mukh) တွင် ခံတပ်ဆောက်လုပ်နေကြသည်ဆို၏။ ၁၆ မေ ၁၈၂၄ ခုနှစ်တွင် နာမည်ကျော် ပန်းဝါတိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ယင်းတိုက်ပွဲတွင် ဗြိတိသျှဘက်မှ အကျအဆုံး များစွာကြုံတွေ့ခဲ့ရ၏။

အာသံမဏိပူရစစ်မျက်နှာတွင် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားနေစဉ် အတွင်း ၁၁ မေ ၁၈၂၄ ခုနှစ်တွင် ဗိုလ်ချုပ်ကင်းဘဲလ် (Archibald Campbell)၏တပ်များ ရန်ကုန်မြို့သို့ ရေကြောင်းခရီးမှ ဝင်ရောက်လာခဲ့သည်။ ထိုစဉ်က ရန်ကုန်မြို့ဝန် မင်းလှမဟာမင်းခေါင်မှာ နေပြည်တော်သို့ ရောက် ရှိနေပြီး ရုတ်တရက်ကွယ်လွန်သွားသဖြင့် ရေဝန်ကသာ မြို့စောင့်အင်အားဖြင့် ခုခံတိုက်ခိုက်ခဲ့ရသည်။ မြန်မာတပ်သည် ကြည့်မြင်တိုင်၌ ခံတပ်ဆောက် လုပ်နေစဉ် မေလ ၁၆ ရက်နေ့၌ ဗိုလ်ကြီးဘတ်ချ် (Capt Richard Birch) ဦးစီးသောတပ် လာရောက်တိုက်ခိုက်ခဲ့သည်။ ထိုစဉ်အတွင်း ၂၄ မေ ၁၈၂၄ ခုနှစ်တွင် နေပြည်တော်မှ စကြာဝန်ကြီး ဦးမြတ်ရာ အုပ်ချုပ်သည့်တပ်မကို ရန်ကုန်သို့စေလွှတ်ခဲ့၏။

စကြာဝန်ကြီးဦးမြတ်ရာနှင့် ကျီဝန်ကြီးဦးရွှေညိုတို့၏တပ်များသည် ရန်ကုန်သို့ရောက်ရှိလာပြီးနောက် ကြည့်မြင်တိုင်ကို ဗဟိုပြုကာ ပုဇွန်တောင်၊ တာမွေ၊ ကံဘဲ့တို့သို့ တပ်စွဲထားခဲ့၏။ ၂၈ မေ ၁၈၂၄ ခုနှစ် ကြို့ကုန်းတိုက် ပွဲတွင် နှစ်ဦးနှစ်ဖက် အကျအဆုံးများစွာရှိခဲ့၏။ ၃ ဇွန် ၁၈၂၄ ခုနှစ်တွင် ကြည့်မြင်တိုင်ခံတပ်၌ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ဇွန်လ ၅ ရက်နေ့တွင်

www.burmeseclassic.com



စကြာဝန်ကြီးက ငြိမ်းချမ်းရေးအတွက် စကားကမ်းလှမ်းခဲ့သော်လည်း လက်မခံဘဲ ဇွန်လ ၁၀ ရက်နေ့တွင် ကြည့်မြင်တိုင်ခံတပ်ကို ထပ်မံတိုက်ခိုက်ခဲ့ရာ ပုသိမ်မြို့ဝန်နေမျိုးမဟာကျော်စွာ ကျဆုံးသွား၏။ ထိုအတောအတွင်း သုံးပါးဝန်ကြီးဦးရန်အောင်၏ စစ်ကူတပ်များ နေပြည်တော်မှ ရန်ကုန်သို့ရောက်ရှိလာခဲ့သည်။

၈ ဇူလိုင် ၁၈၂၄ ခုနှစ် ကမာရွတ်ခံတပ်တိုက်ပွဲတွင် သုံးပါးဝန်ကြီးဦးရန်အောင်နှင့် ဝန်ထောက် ဦးရွှေမင်းတို့ ကျဆုံးခဲ့ပြီးနောက် စစ်ကိုင်းမင်းသည် ဇူလိုင်လ ၁၀ ရက်နေ့၌ ညီ သာယာဝတီမင်းသား၏ စစ်ကူတပ်များကို ရန်ကုန်သို့စေလွှတ်ပြန်၏။ အောက်တိုဘာလ ၅ ရက်နေ့ ကျိုက္ကလို့တိုက်ပွဲတွင်မူ မြန်မာတို့ အောင်ပွဲခံနိုင်ခဲ့သည်။ နိုဝင်ဘာလကုန်ပိုင်းတွင် စစ်သူကြီးမဟာဗန္ဓုလ၏တပ်များ အာသံမဏိပူရစစ်မျက်နှာမှ ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာကြပြီး စစ်ကြောင်း ၅ ကြောင်းခွဲကာ ဗြိတိသျှတို့ကို ချီတက်တိုက်ခိုက်တော့၏။ ဒီဇင်ဘာ လ ၃ ရက်နေ့တွင် ရွှေတိဂုံကုန်းတော် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ရွှေတိဂုံစေတီခြေရင်း၌ပင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ပြန်၏။ ထို့နောက် ဒီဇင်ဘာ ၁၅ ရက် ကံဘဲ့တိုက်ပွဲဖြစ်ပွားပြီးနောက် မဟာဗန္ဓုလ၏တပ်များ ဓနုဖြူသို့ဆုတ်ခွာကြရသည်။

၁၁ ဖေဖော်ဝါရီ ၁၈၂၅ ခုနှစ်တွင် သံလျင်ရှိ မြန်မာတပ်ကို အင်္ဂလိပ်တို့ လာရောက် တိုက်ခိုက်ခဲ့ပြီး ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကင်းဘဲ၏တပ်များ သာရဝေါသို့ ကြည်းကြောင်းချီတက်တော့၏။ ဗိုလ်မှူးချုပ်ကော်တွန် (Cotton)၏တပ်များမှာမူ ရေကြောင်းမှ ဓနုဖြူအရောက် ချီတက်ကြ၏။ ၇ မတ် ၁၈၂၅ ခုနှစ်တွင် ကျိုက္ကလွန်ပွန်းဘုရားအနီး တိုက်ပွဲ ဖြစ်ပွားရာ ခံတပ်ကွပ်ကဲသူ နေမျိုးရဲထင်ကျဆုံးသွား၏။ သို့သော် ဗိုလ်မှူးချုပ်ကော်တွန်၏ တပ်များသည် ဓနုဖြူခံတပ်ကိုမူ ထိုးဖောက်နှိမ်နင်းနိုင်စွမ်းမရှိပေ။ ၁၃ မတ် ၁၈၂၅ ခုနှစ်တွင် သာရဝေါရောက် ကင်းဘဲ၏တပ်များ ဓနုဖြူသို့ ချီတက်ခဲ့ကြကာ မတ်လ ၂၅ ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားခဲ့၏။ ၁ ဧပြီ ၁၈၂၅ ခုနှစ်တွင် စစ်သူကြီးမဟာဗန္ဓုလ ခံတပ်အတွင်း ကျဆုံးခဲ့ပြီး ဧပြီလ ၂ ရက်နေ့၌ ခံတပ်ကြီးတစ်ခုလုံးကို ဗြိတိသျှတို့ သိမ်းပိုက်မိကြလေသည်။



၂၅ ဧပြီ ၁၈၂၅ ခုနှစ်တွင် ပြည်မြို့ကို အင်္ဂလိပ်တို့ သိမ်းပိုက်လိုက်သည်။ စစ်ကိုင်းမင်းသည် ဗြိတိသျှတို့ ပြည်မြို့ကို သိမ်းပိုက်ပြီးစီးကြောင်း ကြားသိသည်နှင့် ၁၀ ဇွန် ၁၈၂၅ ခုနှစ်တွင် ညီဝမ်းကွဲ မိုးနဲ့ဗိုလ်မှူးမင်းသား ဦးမြဘူးအုပ်ချုပ်သော မြန်မာတပ်ကို အောက်မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ဗြိတိသျှတို့သည် ယင်းသို့ မြန်မာတပ်များ ချီတက်လာခြင်းက စစ်ပွဲပိုမိုကြာရှည်နိုင်ကာ စစ်စရိတ် ပိုမိုကုန်ကျနိုင်သည်ဟု သဘောပိုက်မိပြီး ၆ ဩဂုတ် ၁၈၂၅ ခုနှစ်တွင် မလွန်မြို့၌တပ်စွဲထားသော ဗိုလ်မှူးမင်းသားထံ စစ်ပြေငြိမ်းရေးဆိုင်ရာကိစ္စအတွက် စာတစ်စောင်ပေးပို့ခဲ့သည်။ မြန်မာတို့က သဘောတူညီသဖြင့် ၆ စက်တင်ဘာ ၁၈၂၅ ခုနှစ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ကင်းဘဲနှင့် ဆွေးနွေးကြ၏။

ထို့နောက် ၂ အောက်တိုဘာ ၁၈၂၅ ခုနှစ်တွင် အဆင့်မြင့်အရာရှိများပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ညောင်ပင်ဆိပ်ရွာ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာဘက်မှ ကျီဝန်ကြီးဦးရွှေညိုတက်ရောက်ပြီး အင်္ဂလိပ်ဘက်မှ ဗိုလ်ချုပ်ကင်းဘဲ တက်ရောက်ခဲ့၏။ ထို့ နောက် အောက်တိုဘာလ ၃ ရက်နေ့တွင် ဆက်လက်ဆွေးနွေးကြရာ ဗြိတိသျှတို့၏ မတရား တောင်းဆိုချက်များကြောင့် ဆွေးနွေးပွဲကို ခေတ္တရပ်ဆိုင်းခဲ့ရ၏။ ထိုအတောအတွင်း ၁၅ နိုဝင်ဘာ ၁၈၂၅ ခုနှစ်တွင် ဝက်ထီးကန်၌ တပ်စွဲထားသော ဗိုလ်ချုပ်မဟာနေမျိုး၏တပ်ကို ဗိုလ်မှူးအီဗန် (Maj Even)တပ်က ဝင်ရောက် တိုက်ခိုက်ခဲ့၏။ ၁ ဒီဇင်ဘာ ၁၈၂၅ ခုနှစ်တွင် သင်ဘန်းခံတပ်တိုက်ပွဲဖြစ်ပွားရာတွင် မြန်မာဘက်မှ ဗိုလ်ချုပ်မဟာနေမျိုး ကျဆုံးခဲ့ရသည်။

ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် စစ်ပြေငြိမ်းရေးဆိုင်ရာ စည်းကမ်းချက်များပါဝင်သည့် စာလွှာကို ပုဏ္ဏားဆရာ ရာဇဂုရုမှတစ်ဆင့် ရောဘတ်ဆန်က မလွန်ခံတပ်သို့ ပေးပို့ခဲ့သည်။ ကောလင်းမင်းကြီးဦးအုပ်က ကမ်းလှမ်းချက်ကို လက်ခံသော်လည်း ထိုစည်းကမ်းချက်များနှင့် ပတ်သက်၍မူ သီးခြားဆွေးနွေးလိုပါကြောင်း ပြန်ကြားခဲ့၏။ သို့ဖြင့် ၃၀ ဒီဇင်ဘာ ၁၈၂၅ ခုနှစ်တွင် မြန်မာဘက်မှ ကောလင်းမင်းကြီးဦးအုပ်၊ ကျီဝန်ကြီး ဦးရွှေညို၊ ဗြိတိသျှဘက်မှ ကင်းဘဲ၊ ရောဘတ်ဆန်တို့ပါဝင်သောအဖွဲ့ ဆွေးနွေးပွဲကျင်းပကာ စစ်ပြေငြိမ်းရေးအတွက် သဘောတူ လက်မှတ်ရေးထိုးကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သာယာဝတီမင်းသားနှင့် မိုးနဲဗိုလ်မှူးမင်းသားတို့သည် စစ်ပြေငြိမ်း အညံ့ခံရန် လိုလားကြသူများမဟုတ်သဖြင့် ၁၉ ဇန်နဝါရီ ၁၈၂၆ ခုနှစ်တွင် စစ်ရပ်စဲရေးကာလကျော်လွန်ပြီဆိုကာ မလွန်ခံတပ်သို့ပစ်ခတ်သော ဗြိတိသျှ တို့ကို တွန်းလှန်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ကြ၏။

ဗိုလ်မှူးမင်းသား၏ မြန်မာတပ်မတော်သည် မလွန်မှဆုတ်ခွာပြီး ညောင်ဦး၌တပ်စွဲစဉ် နေပြည်တော်မှ ဗြိတိသျှတို့အား အလျှော့ပေး စစ်ပြေ ငြိမ်းရေးမှုကို ချမှတ်လိုက်၏။ စစ်အတွင်းက ထိန်းသိမ်းထားသူ အမေရိကန် သာသနာပြုဆရာ ပရိုက်စ် (Dr. Price) နှင့် အင်္ဂလိပ်တပ်မှ ဒေါက်တာဆင်ဖို့ (San Ford) တို့ကို စေလွှတ်ကာ ဗြိတိသျှတို့၏ ဆုံးဖြတ်ချက်ကို သဘော တူညီကြောင်း ပြောကြားခဲ့၏။ သို့ဖြင့် ဗြိတိသျှတပ်များ အထက်သို့ ဆက် လက်ဆန်တက်လာစဉ် သူ့ကျွန်မခံလိုသူ မြန်မာတပ်မှူး ဗိုလ်မှူးများက ခုခံတိုက်ခိုက်ခဲ့ရာ ၉ ဖေဖော်ဝါရီ ၁၈၂၆ ခုနှစ်တွင် ပုဂံ၌ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ သို့သော် မြန်မာတို့ အရေးနိမ့်ခဲ့ရပြီး ၂၄ ဖေဖော်ဝါရီ ၁၈၂၆ ခုနှစ်၌ မြင်းခြံခရိုင် ရန္တပိုရွာတွင် စစ်ပြေငြိမ်းစာချုပ် လက်မှတ်ရေး ထိုးလိုက်ရတော့၏။

## ကာလကတ္တားသွား မြန်မာသံအဖွဲ့

ရန္တပိုစစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုပြီးနောက် အင်းဝသို့ ကူးသန်း ရောင်းဝယ်ရေးစာချုပ် ချုပ်ဆိုရန် ဗြိတိသျှကိုယ်စားလှယ် ဂျွန်ကရော့ဖို့ဒ် (John Crawfurd) သည် ၃၀ စက်တင်ဘာ ၁၈၂၆ ခုနှစ်တွင် ဒိုင်ယာနာ သင်္ဘောဖြင့် အင်းဝသို့ ရောက်ရှိလာခဲ့၏။ ကရော့ဖို့၏ သံအဖွဲ့တွင် လက်ထောက်သံအရာရှိ ဗိုလ်ချက်စတာ (Lt. Chester) ဆေးအရာရှိ ဒေါက်တာ စတီးဝပ် (Dr. Steward)၊ ဗိုလ်ကောက် (Lt. Cox)၊ ဗိုလ်မောင့်မိုရီစီ (Lt. Mont Morency)၊ စကားပြန်ဆရာ ယုဒသန် (Dr. Judson) မြန်မာအမျိုးသား မောင်နီးနှင့် စစ်ဗာရီ (၅၀) လိုက်ပါလာ၏။ ကရော့ဖို့ဒ်သည် အောက်တို ဘာလ (၂၀) ရက်နေ့တွင် မြန်မာအတွင်းဝန် ၂-ဦးနှင့် ကြိုတင်ညှိနှိုင်း ဆွေးနွေးထားသော စာချုပ်မူကြမ်းကို စစ်ကိုင်းမင်း၏အား တင်ပြခဲ့သည်။ စာချုပ်မှာ အချက် ၂၂ ချက်ပါရှိသော်လည်း မြန်မာတို့က အချက် ၄ ချက် ကိုသာ သဘောတူညီကြပြီး နိုဝင်ဘာ ၂၄ ရက်နေ့တွင် မြန်မာဘက်မှ



သောအတွင်းဝန် ဦးရစ်၊ ကျီဝန် ဦးပါရောက်တို့ ပါဝင်လက်မှတ်ရေးထိုး ဖြစ်ကြ၏။ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် ကရော့ဖို့ဒ် အင်းဝမှ ပြန်လည် ထွက်ခွာသွားသည်။

၁၈၂၇ ခုနှစ် နှစ်ဦးပိုင်းတွင် သံတော်ဆင့်တံဆိပ်တော်မှူး မဟာ မင်းလှရာဇာနှင့် ရေဝန် နေမျိုးနန္ဒသူတို့ ဦးဆောင်သော မြန်မာသံအဖွဲ့ ကာလကတ္တားသို့ သွားရောက်ခဲ့ကြ ၏။ မြန်မာသံအဖွဲ့သည် ၅ ဧပြီ ၁၈၂၇ ခုနှစ်တွင် ကာလကတ္တားသို့ ချောမောစွာ ရောက်ရှိကြ၏။ ဧပြီလ(၁၁) ရက်နေ့တွင် မြန်မာသံတို့က အိန္ဒိယဘုရင်ခံချုပ်ထံ စာတစ်စောင် ပေးအပ်ခဲ့ ကြသည်။ ယင်းစာတွင် (၁) စစ်လျော်ကြေးများကို သုံးနှစ်ခန့်ဆိုင်းငံ့ထားရေး၊ (၂) မဏိပူရစော်ဘွားဂမ်ဘီယာဆင်းကို အသိအမှတ်ပြုရေးနှင့် (၃) အင်္ဂလိပ် ပိုင်နက် ရခိုင်ပြည်နယ်ကို ပုသိမ်ခရိုင် ဂွချောင်းအထိ ထည့်သွင်းထားခြင်းအား ကန့်ကွက်ရေးတို့ကို ဖော်ပြထားပါသည်။

အိန္ဒိယဘုရင်ခံချုပ်သည် ကိစ္စအဝဝကို မော်လမြိုင်ရှိ အာချီဘော ကင်းဘဲနှင့်သာ ဆွေးနွေးရန်ပြန်ကြားခဲ့သဖြင့် ဇွန်လ(၃)ရက်နေ့တွင် သံအဖွဲ့ မော်လမြိုင်သို့ Errand သင်္ဘောဖြင့် ရောက်ရှိဆွေးနွေးခဲ့၏။ ဆွေးနွေးပွဲမှာ အဆင်ပြေချောမွေ့ခြင်းမရှိသဖြင့် သံအဖွဲ့ နေပြည်တော်သို့ ပြန်လာခဲ့ကြရ လေသည်။

## မှန်နန်းမဟာရာဇဝင်တော်ကြီး

စစ်ကိုင်းမင်းသည် ၃ မေ ၁၈၂၉ ခုနှစ်တွင် အဖွဲ့ဝင်(၁၃)ဦးပါ မြန်မာ့သမိုင်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်းလိုက်၏။ ယင်းအဖွဲ့သည် ၁၈၂၉ ခုနှစ်မှ ၁၈၃၃ ခုနှစ်အထိ မှန်နန်းတော်ဦးတွင် ရာဇဝင်ကျမ်းကြီးတစ်စောင် ရေးသားပြုစုခဲ့ရာ ကမ္ဘာဦးကာလမှ ၁၈၂၁-ခုနှစ်၊ စစ်ကိုင်းမင်း လက်ထက် မဟာဗောဓိသို့ သံအဖွဲ့စေလွှတ်ကြောင်းအထိ ပါဝင်ပါသည်။

မှန်နန်းရာဇဝင်ပြုစုရေးအဖွဲ့ဝင်များမှာ -

(၁) မုံရွေးဆရာတော် ရှင်အာဒိစ္စရံသီ
(၂) သော်ကပင်ဆရာတော်
(၃) အမတ်ကြီး (ဦးမြတ်နေ)
(၄) မြင်းစုကြီးဝန် ဦးရောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



(၅) သောအတွင်းဝန် ဦးရစ်
(၆) စဥ့်ကူးအတွင်းဝန် ဦးအေး
(၇) သံတော်ဆင့် ဦးချိန်
(၈) ခြံတိုက်သံတော်ဆင့် ဦးရွှေ
(၉) စာရေးတော်ကြီး ဦးဖျော်
(၁၀) စာရေး ဦးလူကြီး
(၁၁) စာရေး ဦးအောင်သာ
(၁၂) ပုဏ္ဏား ရာဇဒေဝ
(၁၃) ပုဏ္ဏား ကုမုဒြာ

တို့ဖြစ်ကြသည်။

မှန်နန်းမဟာရာဇဝင်တော်ကြီးသည် ပေမူစာထုပ် ၅ ထုပ်၊ [စာတွဲ (၃၈)တွဲ]ရှိကြောင်း သိရှိရ၏။

## သံအပြန်အလှန်ထားရှိရေး

ရန္တပိုစာချုပ် သတ္တမခန်းတွင် အင်္ဂလိပ်မြန်မာ သံအပြန်အလှန်ထားရှိရန် အချက်တစ်ချက် ပါရှိပါသည်။ ယင်းဖော်ပြချက်အရ ၂၄ ဧပြီ ၁၈၃၀ ခုနှစ်တွင် မေဂျာ ဟင်နရီဘာနေး၏သံအဖွဲ့ အင်းဝသို့ ရောက်ရှိလာ၏။ ဘာနေးသည် ၁၈၃၂ ခုနှစ်၊ ဧပြီလအထိ အင်းဝတွင် နေထိုင်ခဲ့သည်။ ထိုစဉ်အတွင်း ကဘော်ချိုင့်ဝှမ်းကိစ္စ၊ စစ်လျော်ကြေး စတုတ္ထရစ်၊ ရခိုင်နှင့် မော်လမြိုင်နယ်စပ်ပြဿနာ၊ တနင်္သာရီနယ်အား ပြန်လည်လွှဲပြောင်းပေးရေး၊ မြန်မာနယ်မြေ အတွင်းရှိ ဗြိတိသျှကုန်သည်တို့အား အကာအကွယ်ပေးရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ၉ ဧပြီ ၁၈၃၂ ခုနှစ်တွင် ကျန်းမာရေး ချို့တဲ့မှုကြောင့် ဆေးကုသမှုခံယူရန် ဘာနေး ရန်ကုန်သို့ထွက်ခွာသွား၏။

မြန်မာနိုင်ငံမှ အပြန်အလှန်အဖြစ် ဘင်္ဂလားသို့ စေလွှတ်ခဲ့သည့် သံအဖွဲ့တွင် အဖွဲ့ဝင် ၈၄ ဦးပါဝင်၏။ ထိပ်တန်းသံအရာရှိများမှာ –

မိုးတားဝန်ထောက်မင်းကြီး မဟာစည်သူဦးရွှေ
စာရေးတော်ကြီး မင်းလှနန္ဒကျော်ထင် ဦးဖျော်



| | |
|---|---|
| စကားပြန် | သီရိဂုဏ္ဏရတ် |
| | သီရိစေတရတ် |
| စာရေး | ရွှေတောင်နရာ |
| စာရေး | ရာဇရွှေတောင် |
| | ရွှေတောင်နော်ရထာ (ဦးရွှေ၏သား) |

တို့ဖြစ်ကြသည်။

**သံအဖွဲ့၏ ခရီးစဉ်အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်၏။**

| | | |
|---|---|---|
| ၉ အောက်တိုဘာ | ၁၈၃၈ | – အင်းဝမှထွက် |
| ၂၆ အောက်တိုဘာ | ၁၈၃၀ | – စကုမှဆက်လက်ထွက်ခွာ |
| ၂၁ နိုဝင်ဘာ | ၁၈၃၀ | – စစ်တွေသို့ရောက်ရှိ၊ ၁၂ ရက်နား |
| ၂ ဒီဇင်ဘာ | ၁၈၃၀ | – ဇရာဝတီသင်္ဘောဖြင့် စစ်တွေမှထွက် |
| ၆ ဒီဇင်ဘာ | ၁၈၃၀ | – ကာလကတ္တားရောက်၊ ၁၀ လကျော်နားရ |
| ၁၁ အောက်တိုဘာ | ၁၈၃၁ | – ဆင်းမလားသို့ထွက်ခွာ |
| ၃၁ မတ် | ၁၈၃၂ | – ဘရက္ကာဘတ်မြို့သို့ရောက်ရှိ၊ ၇ လနား |
| ၄ နိုဝင်ဘာ | ၁၈၃၂ | – ဘရက္ကာဘတ်မြို့မှထွက်ခွာ |
| ၁၆ နိုဝင်ဘာ | ၁၈၃၂ | – အာဂရမြို့သို့ရောက် |
| ၂၃ နိုဝင်ဘာ | ၁၈၃၂ | – အိန္ဒိယဘုရင်ခံချုပ်နှင့်တွေ့ဆုံ |
| ၂၈ နိုဝင်ဘာ | ၁၈၃၂ | – အာဂရမှ ကာလကတ္တားသို့ပြန်၊ ၃ လနေ |
| ၂၇ ဇွန် | ၁၈၃၃ | – Swallow သင်္ဘောဖြင့် ဗောဓိပင်ပင့်ဆောင်ကာ မြန်မာပြည်ပြန်လာ |
| ၁၂ ဇူလိုင် | ၁၈၃၃ | – ရန်ကုန်ရောက် |
| ၂၁ စက်တင်ဘာ | ၁၈၃၃ | – အင်းဝသို့ သံအဖွဲ့ပြန်လည်ရောက်ရှိ။ |

www.burmeseclassic.com

www.burmeseclassic.com



## နန်းတွင်းရေးအရှုပ်အထွေး

စစ်ကိုင်းမင်းသည် ၁၈၃၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ စိတ်ဝေဒနာ ခံစားနေရရာ မိဖုရားခေါင်၏မောင်ဖြစ်သူ စလင်းမင်းသားကြီးဦးအိုကသာလျှင် တိုင်းပြည်အုပ်ချုပ်ရေး တာဝန်ယူထား၏။ စလင်းမင်းသားကြီးသည် စစ်ကိုင်း မင်း၏သားတော် အသက် ၂၅ နှစ် အရွယ်ရှိ ညောင်ရမ်းမင်းသား မောင်ဖေ ခင်သို့လည်း ထီးနန်းလွှဲအပ်ပေးခြင်းမရှိသဖြင့် သာယာဝတီမင်းသားသည် လက်နက်လူသူစုဆောင်းလျက် သတိကြီးစွာ စောင့်ကြည့်နေ၏။ သာယာ ဝတီမင်းသား၏နှစ်မရင်း ပုဂံမင်းသမီးအိမ်၌ စလင်းမင်းသားကြီးအမိန့်နှင့် ၂၁ ဖေဖော်ဝါရီ ၁၈၃၇ ခုနှစ်တွင် လက်နက်များ ရှာဖွေသိမ်းဆည်းခဲ့ပြီး မင်းသမီး၏အကြီးတော် ဦးရေးကိုပါ ပေးအပ်ရန် တောင်းဆိုခဲ့သည်။

ထို့နောက် သာယာဝတီမင်းသား၏အိမ်ကို ဆက်လက်ဝင်ရောက် ကြရာ မင်းသား၏ အိမ်တော်စောင့်များက ပစ်ခတ်သဖြင့် ရဲမက်တစ်ဦး ကျဆုံးခဲ့၏။ ၂၄ ဖေဖော်ဝါရီ ၁၈၃၇ ခုနှစ်တွင် သာယာဝတီမင်းသားနှင့် မိသားစု သေနတ်ကိုင် ၅၀၀ ခန့်ဖြင့် စစ်ကိုင်းဘက်ကူးသွားရာ မင်းသား၏ နေအိမ်ကို စလင်းဦးအို၏အုပ်စုက သွားရောက်ဖျက်ဆီးခဲ့ကြသည်။ သို့ဖြင့် သာယာဝတီမင်းသားသည် စစ်ကိုင်းမှတစ်ဆင့် ရွှေဘိုသို့သွားရောက်ပြီး လက်နက် လူသူ စုဆောင်းခဲ့၏။ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် သာယာ ဝတီမင်းသား၏တပ်များ ရွှေဘိုသို့ရောက်ရှိကြသည်။

ဗြိတိသျှသံကိုယ်စားလှယ် ဘာနေးသည် မတ်လ(၄)ရက်နေ့တွင် စစ်ကိုင်းမင်းနှင့်တွေ့ဆုံကာ စေ့စပ်ဆွေးနွေးကြရန် အကြံပေးခဲ့သည်။ ညနေ ပိုင်းတွင် ဘာနေးသည် သူ၏အကြံပေးချက်ကို စာဖြင့်ရေးသားကာ ဝန်ကြီး များအား တင်ပြခဲ့ပြန်၏။ စာတွင် အခြေအနေမှာ သာယာဝတီမင်းဘက်မှ သာလွန်နေသဖြင့် စေ့စပ်ညှိနှိုင်းဆွေးနွေးကြရန်၊ စကြာမင်းသားအား အိမ်ရှေ့ မင်းသားအဖြစ်ကြေညာရန်၊ ယခင်က သဘောတူညီရင်းစွဲရှိသော သာယာဝတီ မင်း၏ သားနှင့် စလင်းမင်းသားကြီးဦးအို၏သမီးတို့ လက်ဆက်ကြမည့် ကိစ္စကို အမြန်ဆုံးအကောင်အထည်ဖော်ရန် စသည်ဖြင့် ဖော်ပြပါရှိပါသည်။ သို့သော် ဝန်ကြီးအဖွဲ့က ဘာနေး၏အကြံပေးချက်ကို လက်မခံဘဲ ပယ်ချခဲ့၏။



မတ်လ ၁၁ ရက်နေ့တွင် ဘာနေးက သူ၏အကြံပေးချက်ကို လက်မခံပါက အင်းဝနေပြည်တော်မှ ထွက်ခွာသွားမည်ဟု ခြိမ်းခြောက်ခဲ့သည်။

သာယာဝတီမင်းသည် သား မင်းရဲကျော်ထင်နှင့် မင်းရဲသီဟကျော် တို့ကို စစ်ကြောင်းနှစ်ကြောင်းဖြင့် အင်းဝသို့ ချီတက်တပ်စွဲစေခဲ့၏။ နေပြည်တော်မှလည်း ကင်းဝန်မင်းကြီး ဦးကြွယ်ဝ အပါအဝင် နတ်စု လက်ျာဗိုလ်၊ နတ်စုလက်ဝဲဗိုလ်၊ ဘုန်းတော်ဖြစ်ဗိုလ်၊ ပဥ္စလမြို့ဝန်တို့၏ တပ်(၅)တပ်ကို စေလွှတ်ချေမှုန်း တိုက်ခိုက်စေခဲ့သည်။ မတ်လ(၂၁)ရက် နေ့တွင် စလင်းမင်းသားကြီးဦးအိုက ဘာနေးထံ စေ့စပ်ဆောင်ရွက်ပေးပါရန် စာရေးသားပေးပို့ခဲ့သဖြင့် မတ်လ(၂၃)ရက်နေ့တွင် ဘာနေး ရွှေဘိုသို့ထွက်ခွာ သွား၏။

မတ်လ(၂၅)ရက်နေ့တွင် သာယာဝတီမင်းသားနှင့် ဘာနေးတို့ ဆွေးနွေးခဲ့ကြသည်။ သာယာဝတီမင်းသား၏သားနှင့် စလင်းမင်းသားကြီး သမီးတို့ လက်ထပ်ရေးကိစ္စကို တင်ပြရာ၌ ယခင်က မိမိအနေဖြင့် စေ့စပ်ကြောင်းလမ်းဖူးသော်လည်း ငြင်းပယ်ခဲ့ကြကြောင်း၊ ယခု မိမိရော မိမိသားတော်ကပါ ဤကိစ္စကို စိတ်မဝင်စားတော့ကြောင်း ဖြေကြားခဲ့၏။ စကြာ မင်းသားမောင်ဖေခင်အား အိမ်ရှေ့ရာထူးပေးအပ်ရေးနှင့်ပတ်သက်၍ ပြောကြားရာ၌လည်း မိမိတို့ဖခင်အိမ်ရှေ့မင်းရှိစဉ်ကပင် သားများ ကြီးစဉ် ငယ်လိုက် နန်းတက်ကြရန် ပြောကြားခဲ့ဖူးသဖြင့် စကြာမင်းသားကို မိမိ လက်မခံကြောင်း ဖြေကြားခဲ့သည်။ စေ့စပ်ရေးကိစ္စအတွက်မူ နန်းမတော် မယ်နုနှင့် စလင်းမင်းသားကြီးတို့အား စီရင်ကွပ်မျက်ပြီးမှသာ စေ့စပ်နိုင်မည် ဟု ဆို၏။

ဘာနေးသည် အလွယ်တကူလက်နက်ချအညံ့ခံပါက စစ်ကိုင်းမင်း နှင့်တကွ အားလုံးအား စီရင်လုပ်ကြံခြင်းမပြုပါဟူသော ကတိစကားကို ရရှိခဲ့ပြီးနောက် မတ်လ(၂၇)ရက်နေ့တွင် အင်းဝသို့ပြန်ခဲ့၏။ မတ်လ ၂၈ရက် နေ့တွင် ဝန်ကြီးအဖွဲ့၏ သဘောတူညီမှုရရှိခဲ့သဖြင့် စာရေးကြီးအက်ဒွပ်ကို စာရေးကာ ရွှေဘိုသို့စေလွှတ်အကြောင်းကြားခဲ့၏။ ဧပြီ ၁၈၃၇ ခုနှစ်တွင် သာယာဝတီမင်းသား စစ်ကိုင်းသို့ရောက်ရှိလာပြီး နောက်တစ်နေ့တွင်ပင် အင်းဝကို သိမ်းပိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## နန်းကျခြင်းနှင့် နတ်ရွာစံလွန်ခြင်း

စစ်ကိုင်းမင်းသည် ညီတော်သာယာဝတီမင်းသားအား ၃၀ ပြေ ၁၈၃၇ ခုနှစ်တွင် တရားဝင် ထီးနန်းလွှဲပြောင်းပေးအပ်ခဲ့ရ၏။ သာယာဝတီမင်းသည် စစ်ကိုင်းမင်းအား ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ထားခဲ့ရာ ၁၅ အောက်တိုဘာ ၁၈၄၆ ခုနှစ်တွင် နတ်ရွာစံလွန်ပါသည်။ နတ်ရွာစံချိန်၌ အသက် ၆၂ နှစ်ရှိပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com






## ၈။ သာယာဝတီမင်း

သာယာဝတီမင်း၏ အမည်ရင်းမှာ ဦးခင်ဖြစ်ပါသည်။ ၁၄ မတ် ၁၇၈၇-ခုနှစ်တွင် အိမ်ရှေ့မင်းသားဦးပေါ်နှင့် အိမ်ရှေ့မိဖုရား သီရိမဟာတိလောကရတနာဒေဝီ (ဒေါ်ကေ)တို့မှ ဖွားမြင်ခဲ့၏။

**မျိုးရိုးဆက်နွယ်**

မယ်ညက် + သီရိရဇ္ဇ ဓ(ဦးဖြိုး) + မယ်ဘက်

(သမီး) (သမီး)

အလောင်းမင်းတရား + ခင်ယွန်းစံ ဦးညွန့် + ဒေါ်အိ

(သား) (သမီး) (သမီး)

ဗဒုံမင်း + ဒေါ်လွန်းသူ ဗဒုံမင်း + ဒေါ်လွန်းမယ်

(သား) (သမီး) (သမီး)

ဦးပေါ် + ဒေါ်ကေ ဒေါ်အမိကြီး

(သား)

သာယာဝတီမင်း

သာယာဝတီမင်း၏မယ်တော် အိမ်ရှေ့မိဖုရား ဒေါ်ကေကို ၁၇၆၃ ခုနှစ်တွင် ဗဒုံမင်းနှင့် မိဖုရားခေါင် ဒေါ်လွန်းမယ်တို့မှ ဖွားမြင်ပါသည်။ ဒေါ်ကေသည် ၁၀ ဇူလိုင် ၁၇၅၃-ခုနှစ်တွင် အိမ်ရှေ့မင်းသားဦးပေါ်နှင့် စုံဖက်ခဲ့၏။ သားသမီး (၆)ဦး ထွန်းကားခဲ့ပြီး ၂၅ နိုဝင်ဘာ ၁၇၉၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

ဒေါ်ကေတွင် မွေးချင်းညီအစ်မ သုံးဦးရှိရာ အစ်မကြီးဒေါ်အမိကြီးသည် အိမ်ရှေ့မင်း ဦးပေါ်၏ ပထမအိမ်ရှေ့မိဖုရားဖြစ်ပြီး ညီမငယ် ဒေါ်အုန်းမှာမူ ပြည်မင်းသား၏ ကြင်ယာတော်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မွေးချင်းများ

သာယာဝတီမင်း၏ မွေးချင်း(၆)ဦးမှာ စစ်ကိုင်းမင်းသား၊ တောင်ငူမင်းသား၊ သာယာဝတီမင်း၊ တောင်တွင်းကြီးမင်းသမီး မမြတ်စိုး၊ မြို့သစ်မင်းသမီး မမြတ်စုနှင့် ပင်လယ်မင်းသမီးတို့ဖြစ်ကြသည်။

## ငယ်စဉ်ဘဝ

သာယာဝတီမင်းသည် ငယ်စဉ်ကပင် စစ်ရေးစစ်ရာ ကျွမ်းကျင်သူဖြစ်သည်။ မင်းသား ဘဝတွင်ပင် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲ ရန်ကုန်စစ်မျက်နှာကို ဦးစီးခဲ့ရသူဖြစ်၏။ ဗြိတိသျှလူမျိုး ကုန်သည်တစ်ဦးဖြစ်သူ ဟင်နရီဂူဂျာ (Henry Gouger)ကမူ သာယာဝတီမင်းသား သည် ခွေးအလှမွေးဝါသနာပါကြောင်း ဆိုပါသည်။ ဂူဂျာသည် မင်းသား၏အိမ်တော်သို့ သွားရောက်စဉ် အင်္ဂလိပ်အိမ်စောင့်ခွေးကြီးတစ်ကောင်အား အိမ်ငယ်ဖြင့် ထည့်ထားသည်ကိုတွေ့ခဲ့ရသည်ဆို၏။ သာယာဝတီမင်း ဘုရင်ဖြစ်ချိန်၌ အသက်(၅၀)နှစ် ရှိပြီဖြစ်သည်။ သာယာဝတီမင်းသည် နန်းသက် (၉)နှစ်ကြာ အုပ်စိုးခဲ့ပြီး အသက် (၅၉)နှစ်အရွယ်၌ နတ်ရွာစံခဲ့၏။

## မိသားစုရေးရာ

သာယာဝတီမင်း၏ မိဖုရားခေါင်မှာ ပုဂံမင်းသားကြီး ဦးပေနှင့် မင်းရွှေနန်းတို့၏ သမီးတော် ကျပင်းမင်းသမီးဖြစ်ပါသည်။ ဘွဲ့အမည်မှာ သီရိပဝရတိလောကမဟာရတနာ ပဒုမာဒေဝီဖြစ်ပြီး အမည်ရင်းကိုမူ မသိရပေ။ မိဖုရားခေါင်သည် ၁၇၄၉–ခုနှစ်တွင် ဖွားမြင်ပြီး မင်းတုန်းမင်းလက်ထက် ၄ စက်တင်ဘာ ၁၈၇၀–ခုနှစ်တွင် ကွယ်လွန်ပါသည်။

အခြားထင်ရှားသော မိဖုရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကသာ– တောင်ငူမင်းသားနှင့် မြတောင်မင်းသမီးတို့၏ သမီး (၁၈၁၁–၁၈၇၃)

ကျပင်း– အမည်ရင်းဒေါ်မျော်၊ တရုတ်မြော်မင်းသား၏ မိခင်ဖြစ်ပြီး ပုဂံမင်းလက်ထက် ၁၈၅၀–ခုနှစ်တွင် စီရင်လုပ်ကြံခံရ၊



ကျောက်မော်– ပုဂံမြို့သူကြီးသမီး၊ မင်းတုန်းနှင့် ကနောင်မင်းသားများ၏ မိခင်၊ ၈ ဇူလိုင် ၁၈၄၆–ခုနှစ်တွင် ကွယ်လွန်

ခေါင်းတုံး– ဘွဲ့– သီရိစိတ္တာမဟေ

ဗန်းမော်– ၁၈၁၆–ခုနှစ်တွင် ဆက်သသည့် စန္ဒရဂန္ဓရှိန်၏ နှမ၊ ဘွဲ့– သီရိအတုလဝတီ၊ ၁၈၆၁–ခုနှစ်တွင် ကွယ်လွန်

မင်းခင်း– အိမ်ရှေ့မင်းသား ဦးပေါ်နှင့် ရှင်အူချာတို့မှ ၁၇၉၉–ခုနှစ်တွင် ဖွားမြင်၊ ၁၈၃၇–ခုနှစ်တွင် ကွယ်လွန်

မိတ္ထီလာ– တောင်ရွှေရေးဆောင် မိဖုရားလည်းဖြစ်ပြီး ဘွဲ့မှာ သီရိရတနာစန္ဒာမဟေဖြစ်

မြောက်ဆောင်တော်– အမည်ရင်း ခင်မင်းအိ၊ ဟသ်ာတမြို့စားဖြစ်ပြီး ၁၇၉၇–ခုနှစ်တွင် ဖွားမြင်၊ သာယာဝတီမင်း ရန်ကုန်၌ စံနေစဉ် ၁၉ ဇန်နဝါရီ ၁၈၄၂–ခုနှစ်တွင် ကွယ်လွန်၊

မြောက်နန်း– အမည်ရင်း ဒေါ်ရွှေပုံ၊ ကျီဝန်ဦးမြဘူး၏သမီးဖြစ်ပြီး ၁၈၆၂–ခုနှစ်တွင် ကွယ်လွန်၊

မြန်အောင်– ဘွဲ့ သီရိအာသာဝတီ (၁၈၂၇– ၁၈၄၀)

အနောက်နန်း– အမည်ရင်းမမြကြူတ်၊ ၂၅ စက်တင်ဘာ ၁၈၀၉–ခုနှစ်တွင် ဟသ်ာတမြို့၌ ခုံမင်းပုံချို (ဦးမောင်ဦး)နှင့် ဒေါ်အိတို့မှ ဖွားမြင်၊ ပြည်မင်းသားအရေးနှင့် ပတ်သက်၍ ၁၃ အောက်တိုဘာ ၁၈၄၅–ခုနှစ်တွင် စီရင်ကွပ်မျက်ခံရ၊

အလယ်နန်း– အမည်ရင်း မရွှေဦး၊ ပုဂံမင်းလက်ထက် ရာထူးကျပြီး ၁၈၄၆–ခုနှစ်တွင် ကွယ်လွန်၊

မိဖုရားခေါင်အပါအဝင် ထင်ရှားသော မိဖုရားများမှ ဖွားမြင်သူသားသမီးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကနောင်မင်းသား– အမည်ရင်း မောင်ကောက်၊ ကျောက်မော်မိဖုရားမှ ဖွားမြင်ပြီး မင်းတုန်းမင်း လက်ထက် အိမ်ရှေ့မင်းသားဖြစ်လာ၊

ကောလင်းထိပ်ခေါင်တင်– ခေါင်းတုံးမိဖုရားမှ ဖွားမြင်၊

စကြာဒေဝီမင်းသမီး– မိဖုရားခေါင်မှ ဖွားမြင်ပြီး ပုဂံမင်း၏ နှမရင်းဖြစ်၊ မင်းတုန်းမင်း လက်ထက် မိဖုရားခေါင်ဖြစ်လာ၊

www.burmeseclassic.com

www.burmeseclassic.com

ညောင်အုပ်မင်းသမီး– ကိုယ်လုပ်တော်ခေါင်းတုံးမြို့စားမှ ဖွားမြင်ပြီး ဘွဲ့မှာ သီရိသာမာဝတီ ဖြစ်၊

တရုတ်မြော်မင်းသား– အမည်ရင်း မောင်တုတ်၊ ကျပင်းမိဖုရား ဒေါ်မှော်မှ ဖွားမြင်၊

ပုခန်းမင်းသား – အမည်ရင်းဖေဖြူ၊ ဘွဲ့– သီရိသီဟသူ မဟာဓမ္မရာဇာ၊ အလယ်နန်းမိဖုရားမှ ၁၈၁၂–ခုနှစ်တွင် ဖွားမြင်၊ ဇနီးမှာ ခင်အုန်းပွင့် ဖြစ်၊ ၁၈၄၃–ခုနှစ်တွင် ပုခန်း မင်းသား ကွယ်လွန်၊

ပုဂံမင်းသား– အမည်ရင်း ဦးလူကလေး၊ မိဖုရားခေါင်မှဖွားမြင်ပြီး ဘုရင်ဖြစ်လာ

ပင်းတလဲမင်းသမီး– မင်းတုန်းမင်းလက်ထက် အနောက်နန်းမိဖုရား (၁၈၁၉–၁၈၅၅)

ပြည်မင်းသား– အမည်ရင်း ဖေပု၊ ဘွဲ့– မဟာသီရိသီဟသူရ ဓမ္မရာဇာ၊ ၁၈၀၉–ခုနှစ်တွင် အလယ်နန်းမှဖွားမြင်၊

မင်းတုန်းမင်းသား– အမည်ရင်းမောင်လွင်၊ ကျောက်မော်မိဖုရားမှဖွားမြင်ပြီး ဘုရင်ဖြစ်လာ

လှိုင်ထိပ်ခေါင်တင်– အမည်ရင်း မဖွား၊ အနောက်နန်းမမြကလေးမှ ဖွားမြင်၊

လှိုင်မင်းသား– အမည်ရင်း မောင်ထောင်း၊ ယိုးဒယားနန်းတွင်းသူ နှမ်အီပူမှ ဖွားမြင်၊ ပုဂံမင်း လက်ထက် အိမ်ရှေ့မင်းသားဖြစ်လာ၊

ဟင်္ကမော်မင်းသမီး– ကိုယ်လုပ်တော် ဒေါ်ရွှေသားမှ ဖွားမြင် (၁၈၁၂–၁၈၇၁)

## ထီးနန်းအရိုက်အရာ

သာယာဝတီမင်းလက်ထက်တွင် အိမ်ရှေ့ဥပရာဇာအဖြစ် ခန့်အပ်ခြင်း ခံရသူမှာ မိဖုရားခေါင်မှ ဖွားမြင်သူ ပုဂံမင်းသားဖြစ်သည်။ သာယာဝတီမင်းသည် သားတော် ပုဂံမင်းကို နန်းတက်စကာလ ၄ နိုဝင်ဘာ ၁၈၄၅–ခုနှစ်တွင် ထီးနန်းအရိုက်အရာ ဆက်ခံမည့် အိမ်ရှေ့မင်းသားရာထူး အပ်နှင်းခဲ့၏။



## ရန်စွယ်ဟူသမျှကို ရှင်းလင်းဖယ်ရှားခြင်း

သာယာဝတီမင်းသားသည် ၈ ဧပြီ ၁၈၃၇–ခုနှစ်တွင် အင်းဝနန်းတော်ကို ခုခံမှု တစ်စုံတစ်ရာမရှိဘဲ သိမ်းပိုက်ခဲ့ပြီးနောက် နန်းတွင်းရေးအရှုပ်အထွေးတွင် ပါဝင်ခဲ့သူများ အားလုံးကို ဖမ်းဆီးခဲ့၏။ နန်းမတော်မယ်နုနှင့် စလင်းမင်းသားကြီး ဦးအိုတို့အား အကျဉ်းချ ထားခဲ့သည်။ စလင်းမင်းသားကြီး ဦးအိုသည် ထောင်တွင်း၌နှစ်နှစ်ခန့်နေခဲ့ရပြီးမှ စီရင် ကွပ်မျက်ခံရ၏။ ပင်းတလဲမင်းသားကို စားကျေးမြို့ရွာ အဆောင်အယောင်များ ရုတ်သိမ်း၍ သားသတိုးမင်းစောထံ အပ်နှံထားခဲ့သည်။

မြဝတီမင်းကြီးဦးစ၊ မြို့လပ်ဝန်ဦးရေး၊ ကင်းဝန်ဦးကြွယ်ဝ၊ ကျီဝန်အတွင်းဝန် ဦးပါရောက်တို့လည်း အကျဉ်းချထားခံခဲ့ရ၏။ မြဝတီမင်းကြီးဦးစသည် ထောင်တွင်း၌ နှစ်နှစ်နေခဲ့ရပြီး သာယာဝတီမင်း၏သမီးတော် စကြာဒေဝီ၏ အသနားခံမှုဖြင့် လွတ်မြောက် ခဲ့သည်။ ကင်းဝန်ဦးကြွယ်ဝမှာ ထောင်တွင်း၌ပင် ကွယ်လွန်ခဲ့ဟန်ရှိ၏။ ကျီဝန်အတွင်းဝန် ဦးပါရောက်သည် နန်းကျဘုရင် စစ်ကိုင်းမင်းထံပါးတွင် ဆေးဝါးကုသနေရသူ ဖြစ်သဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ရရှိခဲ့၏။ သို့သော် နောက်ပိုင်းတွင် မြို့လပ်ဝန်ဦးရေးနှင့်အတူ စီရင်ကွပ်မျက်ခြင်း ခံခဲ့ရသည်။

ဆောမြို့စား အတွင်းဝန် ဦးရစ်၊ မိုးတားဝန်ထောက် ဦးရွှေတို့ကို စလင်းမင်းသားကြီး အုပ်စုမှ မဟုတ်သဖြင့် ပြန်လည်လွှတ်ပေးခဲ့သည်။ ဝန်ထောက်ဦးကံရေး၊ မင်းကြီးဦးကွန်၊ ဦးကံပေါ်၊ ဦးဘူး၊ ဦးနှင်းနှင့် ဒလဗိုလ်တို့ကိုမူ စလင်းစားနှင့် ကြံရာပါ တိုင်ပင်ဆွေးနွေးဖက်များဖြစ်၍ စီရင်ခဲ့၏။

သာယာဝတီမင်း နန်းတက်စ၌ပင် နန်းကျဘုရင် စစ်ကိုင်းမင်း၏ သားဖြစ်သူ ညောင်ရမ်းမင်းသား မောင်ဖေခင်က တော်လှန်ပုန်ကန်ရန် ကြံစည်ခဲ့၏။ သာယာဝတီမင်းသည် သတင်းကြားလျှင်ကြားချင်း ညောင်ရမ်းမင်းသားအား ကြေးတိုက်အတွင်း အကျဉ်းချထားကာ ပါဝင်ပတ်သက်သူအားလုံးကို တောင်ဥယျာဉ်တော်အတွင်း၌ စစ်ဆေးမေးမြန်းခဲ့သည်။ ထို့နောက် ပြစ်မှုထင်ရှားသဖြင့် အမှုတွင်ပါဝင်သူဦးချမ်းငြိမ်းရာ၊ ညောင်ရမ်းမင်းသား ဦးဖေခင်၊ ဦးဘူး၊ မြတောင်မင်းသမီး၊ တောင်ကြီးဗိုလ်ဦးမြတ်ရာ၊ လက်ဝဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမှူးဟောင်း ဆံရှည်ဗိုလ်ဦးရေး၊ ဦးရွဲ၊ ဦးယန်းတို့ကို ၁၅ ဧပြီ ၁၈၃၈-ခုနှစ်တွင် စီရင်အပြစ်ပေးလိုက်လေသည်။

## ရွှေဓားမင်းသားၢ ပုန်ကန်မှု

ရွှေဓားမင်းသားအမည်ခံ ဗိုလ်ဝင်းငယ်၊ ဗိုလ်ခန့်ကျော်နှင့် ဗိုလ်ရွှေမောင်တို့သည် မတ္တရာကျော်စဉ်တိုက်နယ်အတွင်း ကျေးရွာများ၌ ၂၇ မတ် ၁၈၄၀-ခုနှစ်မှစတင်၍ ပုန်ကန် ထကြွကာ မတ္တရာမြို့ကို မီးရှို့ဖျက်ဆီးခဲ့၏။ ကျော်စဉ်တိုက်ဝန် မင်းကျော်သီဟသည် အခြေ အနေကို နေပြည်တော်သို့ သတင်းပေးပို့ခဲ့ရာ နတ်စုလကျာ်သေနတ်ဗိုလ်၊ နတ်ရှင်ရွှေးဗိုလ် နှင့် အင်အား သုံးရာခန့်ကို မတ္တရာနယ်သို့ စေလွှတ်ခဲ့သည်။ ရွှေဓားမင်းသားနှင့်အဖွဲ့သည် တောင်ပြုံးကြီးသို့ ဆုတ်ခွာရစဉ် အရှေ့ဝင်းမှူး မင်းကြီးမဟာမင်းထင်မင်းခေါင် အုပ်ချုပ်လျက် မတ္တရာကြောင်း၊ သုံးဆယ်ကြောင်းအဖြစ် စစ်ကြောင်းနှစ်ကြောင်းဖြင့် မတ်လ (၂၉) ရက်နေ့တွင် ထပ်မံစေလွှတ် တိုက်ခိုက်ခဲ့သည်။

လွန်တောင်းရပ်၌ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားပြီးနောက် ရွှေဓားမင်းသား ဗိုလ်ဝင်းငယ်၊ လေးပင်ရွာမှ ဦးရွှေထွေး၊ ဦးထွန်းလှ၊ ရေဖြူရွာမှ ဆရာဦးအိ၊ အမြောက်အမှုထမ်းဦးရွှေပြား၊ ကချင်ပလောင်မောင်ပုညတို့ကို လက်ရဖမ်းဆီးရမိခဲ့၏။ ဧပြီလ (၂၄)ရက်နေ့တွင် သီပေါ အမတ်ဦးဗိုးနှင့် အင်အားတစ်ရာတို့က ဖမ်းဆီးရမိသူအားလုံးကို နေပြည်တော်သို့ ကြီးကြပ်ပို့ဆောင်ရသည်။ မေလ (၄)ရက်နေ့တွင် ရွှေဓားမင်းသားနှင့် အပေါင်းပါတို့ကို စစ်ဆေး မေးမြန်းရာ နန်းကျာဘုရင် စစ်ကိုင်းမင်း၏သံတော်ဆင့်ဦးရွှေသားက နောက်ကွယ်မှ ကြိုးကိုင်နေကြောင်း တွေ့ရတော့၏။ သို့ဖြင့် မေလ(၅)ရက်နေ့တွင် ရွှေဓားမင်းသားနှင့် အပေါင်းပါတို့ကို စီရင်ကွပ်မျက်ခဲ့သည်။

တောင်ဥယျာဉ်အတွင်း၌ သံတော်ဆင့်ဦးရွှေသားကို ဆက်လက်စစ်ဆေးရာ၌ နန်းမတော် မယ်နု၏ အစီအစဉ်ဖြစ်ကြောင်း သိရှိရလေသည်။ ရွှေဓားမင်းသား၏ အဖွဲ့သည် သာယာဝတီမင်း ရန်ကင်းတောင်သို့ ထွက်တော်မူစဉ် နန်းတော်ကို ဝင်ရောက်တိုက်ခိုက် စီးနင်းရန် စီစဉ်ထား၏။ သို့ဖြင့် ၁၂ မေ ၁၈၄၀-ခုနှစ်တွင် အောက်ပါပုဂ္ဂိုလ်များအား အပြစ်အလျောက် စီရင်ခဲ့သည်။



ကူး၊ ဦး၊ တောင်ငူဝန်
ထွန်းညို၊ ဦး၊ အဆောင်မြဲ
နု၊ မယ်၊ နန်းမတော်
ပါရောက်၊ ဦး၊ အတွင်းဝန်
ပျို၊ ဦး၊ စာရေးကြီး
မင်းသာ၊ မ၊ စလင်းမင်းသား၏ဇနီး
ရေး၊ ဦး၊ မြို့လပ်ဝန်
ရန်မင်း၊ ဦး၊ ပုခန်းဗိုလ်
ရွှေသား၊ ဦး၊ သံတော်ဆင့်
အို၊ ဦး၊ စလင်းမင်းသားကြီး

## အမရပူရမြို့တော်သစ်

သာယာဝတီမင်း နန်းတက်သည်နှင့် အမရပူရမြို့တော်သစ်ကို စတင်ဆောက်လုပ်ခဲ့သည်။ ဗဒုံမင်းသည် ၁၇၈၃-ခုနှစ်တွင် အမရပူရကို ပထမအကြိမ် နန်းမြို့တော်အဖြစ် တည်ထောင်ခဲ့ပြီး သာယာဝတီမင်းက ဒုတိယအကြိမ် တည်ထောင်ခြင်းဖြစ်ရာ သာယာဝတီမင်းကို အမရပူရ ဒုတိယမြို့တည်မင်းဟု ခေါ်ဆိုကြ၏။ သာယာဝတီမင်းသည် ၃ ဖေဖော်ဝါရီ ၁၈၃၉-ခုနှစ်တွင် နန်းမြို့တော်ကို စတင်တည်ဆောက်ခဲ့၏။ ၂၁ မတ်၊ ၁၈၃၉-ခုနှစ်တွင် ငလျင်ပြင်းထန်စွာ လှုပ်မှုကြောင့် တည်ဆောက်ပြီးစီးစ မြို့ရိုးများ ပြိုကျပျက်စီးခဲ့သေးသည်။ သို့သော် ၁၈၃၉-ခုနှစ် နှိဝင်ဘာလအတွင်း နန်းတော်သစ်ကို ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့ပြီး ၉ ဇူလိုင် ၁၈၄၀-ခုနှစ်တွင် နန်းသိမ်းပွဲကျင်းပခဲ့၏။

သာယာဝတီမင်းသည် နန်းမြို့တော်ကို အောင်မြေစံရာဟုလည်းကောင်း၊ နန်းတော်ကို အောင်နန်းစံရာဟုလည်းကောင်း ခေါ်တွင်စေခဲ့၏။ မြို့တံခါးတို့၏ အမည်များမှာမူ ယခင် ဗဒုံမင်းလက်ထက်မှ အမည်ဟောင်းများအတိုင်းပင် ထားရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရန်ကုန်ခရီးစဉ်

သာယာဝတီမင်းသည် ရန်ကုန်သို့ ရေကြောင်းခရီးသွားရောက်ရန် အတွက် ကြိုတင် ပြင်ဆင်မှုများကို အချိန်ယူဆောင်ရွက်ခဲ့၏။ အထူးသဖြင့် ရန်ကုန်တွင် ယာယီစံနန်းတော် တည်ဆောက်နိုင်ရန် ဝန်ထောက်မဟာ စည်သူနှင့်အဖွဲ့ကို ၁၈၄၅-ခုနှစ်၊ ဇန်နဝါရီတွင် ရန်ကုန်သို့ ကြိုတင်စေလွှတ် ခဲ့သည်။ ထို့နောက် ၁၅ ဖေဖော်ဝါရီ ၁၈၄၁-ခုနှစ်တွင် စံနန်းတော်ကို ယခုမြို့မကျောင်းအနီးရှိ ကွင်းပြင်၌ စတင်ဆောက်လုပ်စေခဲ့၏။

၆ စက်တင်ဘာ ၁၈၄၁ တွင် သာယာဝတီမင်း၏ တပ်ပေါင်းစု အမရပူရမှ ရန်ကုန်သို့ ရေကြောင်းခရီးဖြင့် စတင်ထွက်ခွာပါသည်။ သာယာ ဝတီမင်းသည် ပြည်ကြီးမွန်ဖောင်တော်ဖြင့် လိုက်ပါခဲ့၏။ ခရီးစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

၆ စက်တင်ဘာ ၁၈၄၁ - အမရပူရမှထွက်
၇ စက်တင်ဘာ ၁၈၄၁ - ငန်းဇွန်ရွာ လောင်သာစခန်း
၈ စက်တင်ဘာ ၁၈၄၁ - တလုပ်မြို့၊ မြင်းခြံစခန်း
၉ စက်တင်ဘာ ၁၈၄၁ - ညောင်ဦး (၂ညအိပ်) ပုဂံဘုရားဖူး
၁၂ စက်တင်ဘာ ၁၈၄၁ - ပုခန်းငယ်
၁၆ စက်တင်ဘာ ၁၈၄၁ - မြေထဲမြို့၊ သာဝတ္ထိရွာ
၂၀ စက်တင်ဘာ ၁၈၄၁ - ရွှေတောင်မြို့၊ ကျီးသဲဟသာ်ဆိပ်
၂၂ စက်တင်ဘာ ၁၈၄၁ - သာယာဝတီမြို့၊ မင်းကြီးရွာ
၂ အောက်တိုဘာ ၁၈၄၁ - ရန်ကုန်စံနန်းတော်သို့ရောက်

သာယာဝတီမင်းနှင့်အဖွဲ့သည် ၇ အောက်တိုဘာ ၁၈၄၁-ခုနှစ်တွင် ရွှေတိဂုံစေတီတော်၊ သံလျှင်ကျိုက်ခေါက်ဘုရား စသည်တို့သို့ သွားရောက် ဖူးမြော်ခဲ့သည်။ ထူးခြားမှုတစ်ရပ်မှာ ယင်းသို့ ဘုရားဖူးသွားရောက်သည့် နေရာတိုင်းတွင် နန်းကျဘုရင်စစ်ကိုင်းမင်းအား အတူတကွခေါ်ဆောင်လာ ခြင်းဖြစ်၏။ သာယာဝတီမင်း ရန်ကုန်၌ရှိစဉ်အတွင်း ရွှေတိဂုံစေတီတော် တွင် ရွှေသင်္ကန်းကပ်လှူခြင်း၊ ခေါင်းလောင်းသွန်းလုပ် လှူဒါန်းခြင်း၊ အနောက်နန်းမိဖုရား မမြကလေးကလည်း ဇောင်းတန်းဆောက်လုပ် လှူဒါန်း ခြင်း စသည့်ကုသိုလ်ကောင်းမှုများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက်



၂၂ ဇန်နဝါရီ ၁၈၄၂-ခုနှစ်တွင် အမရပူရနေပြည်တော်သို့ ပြန်လည် ထွက်ခွာသွား၏။ ရွှေတိဂုံစေတီ၌တင်လှူရန် သွန်းလုပ်သည့် "မဟာတိဿဒ္ဒ ဃဏ္ဍာ" ခေါင်းလောင်းမှာ မပြီးပြတ်ခဲ့ဘဲ ၁၉ ဖေဖော်ဝါရီ ၁၈၄၃-ခုနှစ် တွင်မှ ရင်ပြင်တော် တနင်္ဂနွေထောင့်၌ ချိတ်ဆွဲနိုင်ခဲ့သည်။

## တရုတ်နိုင်ငံသွား မြန်မာသံအဖွဲ့

သာယာဝတီမင်းလက်ထက် တရုတ်နိုင်ငံသွား မြန်မာသံအဖွဲ့သည် ၁၈ ဧပြီ ၁၈၄၃-ခုနှစ်တွင် နေပြည်တော်မှ စတင်ထွက်ခွာခဲ့ကြ၏။ လိုက်ပါကြသူများမှာ-

အတွင်းတော်မြဲ မင်းလှနော်ရထာ - သံကြီး
နေမျိုးနရာရွှေတောင် - သံလတ်
နေမျိုးသူရသံတိုင်
နေမျိုးသီရိနော်ရထာ
နေမျိုးကျော်ခေါင်

တို့ဖြစ်ကြသည်။ မြန်မာသံအဖွဲ့ဝင်များသည် နေပြည်တော်သို့ ရောက်ရှိ နေသော တရုတ်သံအဖွဲ့အပြန်၌ လိုက်ပါသွားကြခြင်းဖြစ်၏။ ယင်းသံအဖွဲ့ နှင့်အတူ တရုတ်ဧကရာဇ်အား ပေးပို့သော ချစ်ကြည်ရေးသဝဏ်လွှာကို ယူဆောင်သွားကြလေသည်။

လက်ဆောင်ပဏ္ဏာအဖြစ် ရွှေချိန် (၁၃)မူး၊ ပတ္တမြားကျောက် လုံးရေ (၉၆)လုံးတို့အား ရတနာစီချယ်သော သေတ္တာတွင် ထည့်သွင်း ပေး အပ်ခဲ့သည်။

## ပြည်မင်းသားအရေးတော်ပုံ

ပြည်မင်းသားသည် သာယာဝတီမင်းနှင့် အလယ်နန်းမိဖုရားမှ ၁၈၀၉-ခုနှစ်တွင် ဖွားမြင်သော သားဖြစ်သည်။ အမည်ရင်းမှာ မောင်ဖေပု ဖြစ်၏။ ပြည်မင်းသားသည် သာယာဝတီမင်း၏ ရန်ကုန်ချီခရီးစဉ်တွင် တပ်ဦးဗိုလ်ချုပ်အဖြစ် လိုက်ပါခဲ့ရ၏။ သာယာဝတီမင်းသည် ရန်ကုန် နေပြည်တော်၌ (၅)လခန့် နေထိုင်ပြီး အမရပူရသို့ ပြန်လည်ထွက်ခွာခဲ့သည်။ အပြန် ခရီးစဉ်အတွင်း ၂၆ ဖေဖော်ဝါရီ ၁၈၄၂-ခုနှစ်၊ မင်းဘူးမြို့၊ ရွာသာ

www.burmeseclassic.com

www.burmeseclassic.com



တဲနန်း၌ ဆိုက်ကပ်နားနေစဉ် ပြည်မင်းသားသည် ရွှေစက်တော်ဘုရားသို့ သွားရောက်ဖူးမြော်ရာမှ တပ်တော်သို့ အချိန်မီ ပြန်လည်မရောက်ရှိခဲ့ပေ။

သာယာဝတီမင်းသည် ပြည်မင်းသားအပေါ် အမျက်ရှကာ ရာထူးမှ ရုတ်သိမ်းလျက် အကျယ်ချုပ်ချထားလိုက်၏။ ရေကြောင်းကွပ်ကဲရေး တာဝန်ကိုလည်း ကောင်းတုံဝန်ကြီး ဦးရွှေသာသို့ လွှဲပြောင်းပေးအပ်လိုက်သည်။ ထိုစဉ်အတွင်း စာပေဂီတ ဝါသနာထုံသူ ပြည်မင်းသားသည် စာဆိုတော် အနောက်နန်းမတော်မမြကလေးနှင့် ရင်းနှီးစွာ ပြောဆိုဆက်ဆံ လေ့ရှိသည်ကိုလည်း မလိုသူတို့က သာယာဝတီမင်းအား ချဲ့ကားလျှောက်တင်ကြ၏။ (၁၄)မတ်၊ ၁၈၄၂–ခုနှစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြပြီးနောက် ပြည်မင်းသားအား အကျယ်ချုပ်မှ ကင်းလွတ်ခွင့်ပေးခဲ့သည်။ သို့သော် လွှတ်တော်မင်းသားကြီးအရာကိုမူ ပြန်မရတော့ပေ။

ထိုအတောအတွင်း မက္ခရာမင်းသားကြီးနှင့် ကောင်းတုံဝန်ကြီးတို့ လွှတ်တော်၌ စီမံအုပ်ချုပ်နေရစဉ် မြို့တော်ဝန်နှင့် မြင်းစုကြီးဝန်တို့၏ လာဘ်စားမှုတွင် ပြစ်ဒဏ်လျှော့ပေါ့ချထားမှုဖြင့် မင်းသားကြီးနှင့် ဝန်ကြီးနှစ်ဦးစလုံးကို ရာထူးမှထုတ်ပယ်လိုက်၏။ ထို့နောက် အရည်အချင်းကင်းမဲ့သူ ပုဂံမင်းသားသည် လွှတ်တက်မင်းသား ဖြစ်လာခြင်းနှင့်အတူ နိုင်ငံတော်အတွင်း မငြိမ်မသက်မှုများလည်း ပေါ်ပေါက်ခဲ့သည်။ ဇင်းမယ်သားတို့ ကျိုင်းတုံနယ်အား ဝင်ရောက် နှောက်ယှက်မှု၊ ဗန်းကျီတိုက်ဝန် ဦးထောင်ပို၏ ပုန်ကုန်ခြားနားမှု စသဖြင့် ဖြစ်ပွားခဲ့သည်။ ဤသို့သောအခြေအနေတွင် ယင်းတောဝန်ကြီး၊ ဆင်ဝန်၊ အင်းဝမြို့ဝန်၊ ဆောအတွင်းဝန်ဟောင်း စသည့် ထိပ်တန်းအရာရှိများသည် ပြည်မင်းသားထံ မကြာခဏဝင်ရောက်ကာ တိုင်းရေးပြည်ရာများကို ဆွေးနွေးတိုင်ပင်လေ့ရှိခဲ့သည်။

သာယာဝတီမင်းသည် ၁၈၄၃–ခုနှစ်မှစ၍ စိတ္တဇဝေဒနာ ခံစားခဲ့ရသည်ဆို၏။ ယင်းနှစ် နှိုဝင်ဘာလအတွင်း သားဖြစ်သူ မိုးနဲဗိုလ်မှူး ပုခန်းမင်းသား၊ တူဖြစ်သူ ထိပ်တင်ဘိုးရောင်၊ မက္ခရာမင်းသားကြီး၏ သမီးတော်နှင့် မင်းခင်းမြို့စား မိဖုရားတို့ ဆက်တိုက်ဆိုသကဲ့သို့ ကွယ်လွန်ခဲ့ကြရာ သာယာဝတီမင်း၌ စိတ်ပိုင်းဆိုင်ရာထိခိုက်မှု ရှိလာပါသည်။ သို့ဖြင့် သားတော် ပြည်မင်းသားထံ နိုင်ငံရေးရာကိစ္စများ ဝင်ရောက်ဆွေးနွေးနေသူတို့ကို မိမိအား



ဆန့်ကျင်ရန် အားပေးအားမြှောက်ပြုနေသူများအဖြစ် ထင်မြင်ကာ စာရင်းနှင့်တကွ ဖမ်းဆီး စစ်ဆေးစေခဲ့၏။ ၁၈၄၅–ခုနှစ် ဇူလိုင်လတွင် ဆောအတွင်းဝန်ဟောင်းဦးရစ်နှင့် သံတော်ဆင့် လက်ဝဲတို့အား ပြစ်မှုထင်ရှားသည်ဆိုကာ စီရင်ကွပ်မျက်ခဲ့၏။ တစ်ဖန် ၂၄ ဩဂုတ် ၁၈၄၅–ခုနှစ်တွင် ယင်းတောဝန်ကြီးအား ကွပ်မျက်လိုက်၏။

ပြည်မင်းသားသည် အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ကာ ယင်းနေ့ည၌ပင် စံအိမ်တော်ကို ဝန်းရံထားသည့် သာယာဝတီမင်း၏ တပ်များအကြားမှ ဆင်ဖြင့်ဖောက်ထွက်ကာ မိုင်းလုံဘက်သို့ ထွက်ခွာသွားတော့၏။ ပြည်မင်းသားထွက်ခွာသည်နှင့် အမှုစစ်ဆေးဆဲ ဖြစ်သည့် အင်းဝမြို့ဝန်၊ ညောင်ပင်ကြီးဗိုလ်၊ ဆင်ဝန် စသူတို့ကို စီရင်ကွပ်မျက်လိုက်၏။ ထို့ပြင် လိုက်လံတိုက်ခိုက်ရန် စေလွှတ်သူ တောင်တွင်းကြီးမြို့ဝန်ကိုလည်း ချီတက်ရာ၌ နှေးကွေးလေးလံမှုဖြင့် အပြစ်ပေးခဲ့သည်။ (၁၇)ရက်အကြာ ၉ စက်တင်ဘာ ၁၈၄၅–ခုနှစ်တွင် ပြည်မင်းသားနှင့်မိသားစုကို ပြန်လည်ဖမ်းမိခဲ့သည်။

ဤတစ်ကြိမ်တွင် ပြည်မင်းသားအား အားပေးကူညီမှုပြုခဲ့သူများ အားလုံးကိုပါ ဖမ်းဆီးစစ်ဆေးခဲ့၏။ ၁၈၄၅–ခုနှစ်၊ အောက်တိုဘာလအတွင်းတွင် အပြစ်ထင်ရှားသည်ဟု စွပ်စွဲခံရသည့် ပြည်မင်းသားနှင့်မိသားစု၊ အနောက်နန်းမတော် မမြကလေးနှင့် မိခင်ဒေါ်အိတို့ကို စီရင်ကွပ်မျက်လိုက်လေသည်။

## နတ်ရွာစံလွန်ခြင်း

သာယာဝတီမင်းသည် နတ်ရွာစံလွန်လုနီးအချိန်တွင် စိတ္တဇဝေဒနာကို ပြင်းထန်စွာ ခံစားခဲ့ရသည် ဆိုပါသည်။ ထိုစဉ်အတွင်း သားဖြစ်သူ မင်းတုန်းမင်းသားသည် မိဖုရားခေါင်နှင့်အတူ သာယာဝတီမင်းအား ဆေးဝါးကုသရေး၌ စီစဉ်ကြီးကြပ်ပေးခဲ့ရ၏။ သို့သော် ရောဂါဝေဒနာမှာ မသက်သာဘဲ ၁၇ နိုဝင်ဘာ ၁၈၄၆–ခုနှစ်တွင် သာယာဝတီမင်း နတ်ရွာစံလွန်ပါသည်။ နတ်ရွာစံချိန်၌ အသက် (၅၉)နှစ် ရှိပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



# (၉) ပုဂံမင်း

ပုဂံမင်း၏အမည်ရင်းမှာ ဦးလူကလေးဖြစ်သည်။ ၂၁ ဖွန် ၁၈၁၁-ခုနှစ်တွင် သာယာဝတီမင်းနှင့် မိဖုရားခေါင် သီရိပဝရတိလောက မဟာရတနာ ပဒုမာဒေဝီတို့မှ ဖွားမြင်ပါသည်။

## မျိုးရိုးဆက်နွယ်

အလောင်းမင်းတရား + ခင်ယွန်းစံ

(သား) ဗဒုံမင်း + မယ်အောင် — (သား) မြေဒူးမင်း + ဒေါ်လှ

ဗဒုံမင်း + မယ်အောင် → (သမီး) စဉ့်ကူးမင်း + ယောမင်းသမီး; (သား) ဦးပေ

မြေဒူးမင်း + ဒေါ်လှ → (သမီး) မင်းရွှေနန်း

ဦးပေ + မင်းရွှေနန်း → (သမီး) ကျပင်းမင်းသမီး

သာယာဝတီမင်း + ကျပင်းမင်းသမီး → (သား) ပုဂံမင်း

ပုဂံမင်းသား၏ မိခင်မှာ ဗဒုံမင်းသား၏သားတော် ပုဂံဘုရင်ခံ ဦးပေနှင့် ကြင်ယာတော် မင်းရွှေနန်းတို့မှ ဖွားမြင်သူ ကျပင်းမင်းသမီး ဖြစ်ပါသည်။

## ငယ်စဉ်ဘဝ

ပုဂံမင်းသည် တိုင်းပြည်အုပ်ချုပ်ရေးတွင် ဝါသနာပါသူမဟုတ်ပါ။ ငယ်စဉ် မင်းသားဘဝကပင် ချိုးတည်၊ ကြက်တိုက်ဖြင့် အချိန်ကုန်နေလေ့ရှိသည်ဟု ဆို၏။ စစ်ရေးအတွေ့အကြုံဟူ၍လည်း ရှိလှသူမဟုတ်ပေ။




www.burmeseclassic.com

www.burmeseclassic.com



## ဓိသားစုရေးရာ

ပုဂံမင်း၏ မိဖုရားခေါင်မှာ သီရိတိလောကမဟာရတနာဒေဝီဘွဲ့ခံ ခေါ်ရွှေကြူ ဖြစ်ပါသည်။ ခေါ်ရွှေကြူကို မက္ခရာမင်းသားကြီး ဦးပျို့နှင့် ကြည့်ပ်မင်းသမီး ခေါ်ရွှေရုပ် တို့မှ ၂၄ ဖေဖော်ဝါရီ ၁၈၂၁–ခုနှစ်တွင် ဖွားမြင်ပါသည်။ ၁၈၃၈–ခုနှစ်တွင် ပုဂံမင်းနှင့်စုံဖက်ခဲ့၏။ ခေါ်ရွှေကြူတွင် မွေးချင်းအစ်မတစ်ဦးရှိရာ သီရိမဟာရတနာဒေဝီဘွဲ့ခံ ပန်းတောင်းမင်းသမီး ခေါ်ရွှေမြင့် ဖြစ်ပါသည်။ မိဖုရားခေါင် ခေါ်ရွှေကြူသည် ပုဂံမင်းနန်းကျစဉ် ပုဂံမင်းနှင့်အတူ နေထိုင်ခဲ့ပြီး အင်္ဂလိပ်အစိုးရလက်ထက် ၂၃ ဇူလိုင် ၁၈၉၂–ခုနှစ်တွင် ကွယ်လွန်ခဲ့၏။

ပုဂံမင်း၏ အခြားထင်ရှားသော မိဖုရားအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ညောင်ရမ်း– အမည်ရင်းမသိ။ အင်္ဂလိပ်အစိုးရလက်ထက်၊ ၁၈၈၆–ခုနှစ်တွင် လစဉ် ထောက်ပံ့ကြေး (၅၀)ကျပ် ရရှိခဲ့ပြီး ၁၃ မတ် ၁၉၁၂–ခုနှစ်၌ ကွယ်လွန်၊

မြောက်နန်း– အမည်ရင်း ခေါ်ရွှေမိ၊ လက်စွဲတော် အင်းဘဲမြို့စားနှင့် ခေါ်ရွှေအောင်တို့မှ ၁၈၂၄–ခုနှစ်တွင်ဖွားမြင်၊ သီပေါမြို့ကို မြို့စား အရာရရှိခဲ့ပြီး ၁၈၈၆–ခုနှစ်က ထောက်ပံ့ကြေး (၅၀)ကျပ်ရရှိ

အနောက်နန်း – အမည်ရင်းမမြမယ်၊ မိုးညှင်းမင်းသား ဦးမြဘူးနှင့် ခေါ်စိန် ပွင့်တို့မှ ဖွားမြင်၊ မြတောင်မြို့ကို မြို့စားအရာရရှိခဲ့ပြီး ၁၈၅၇–ခုနှစ်၌ ကွယ်လွန်၊

အလယ်နန်း– အမည်ရင်း ခေါ်ရွှေအုံ၊ အင်းဝမြို့ မြစ်သာရွာတွင် ဦးသာ ထွန်းအောင်နှင့် ခေါ်မင်းသူတို့မှ ၁၈၂၅–ခုနှစ်တွင် ဖွားမြင်ပြီး ၁၈၅၂–ခုနှစ် ကွယ်လွန်၊

ပုဂံမင်းတွင် မိဖုရားခေါင်အပါအဝင် အခြားမိဖုရားများမှ သားသမီး တစ်ဦးမျှ မထွန်းကားပါ။

## ထီးနန်းအရိုက်အရာ

ပုဂံမင်းတွင် သားသမီးမထွန်းကားသောကြောင့် ထီးနန်းအရိုက် အရာကို ဆက်ခံရန် ညီဖြစ်သူ လှိုင်မင်းသား သတိုးမင်းရဲကျော်စွာကိုသာ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဥပရာဇာအဖြစ် ခန့်အပ်ခဲ့၏။ လှိုင်မင်းသား၏ အမည်ရင်းမှာ မောင်ထောင်းဖြစ်ပြီး သာယာဝတီမင်းနှင့် ယိုးဒယားနန်းတွင်းသူ နှမ်အိပူ တို့မှ ဖွားမြင်သူဖြစ်သည်။ သာယာဝတီမင်း နန်းတက်စတွင် မင်းတပ်မြို့စား အဖြစ် လည်းကောင်း၊ ပုဂံမင်းလက်ထက်တွင် သီရိမဟာဓမ္မရာဇာဘွဲ့ဖြင့် လှိုင်မြို့စားအဖြစ် လည်းကောင်း ချီးမြှင့်ခံခဲ့ရ၏။ ၁၈၅၂–ခုနှစ် မင်းတုန်း ကနောင် မင်းသားများ အရေးတော်ပုံ မတိုင်မီကာလတွင် လှိုင်မင်းသား မောင်ထောင်းကို အိမ်ရှေ့ဥပရာဇာအဖြစ် ခန့်အပ်ခဲ့သည်။ သို့သော် အိမ်ရှေ့စံ လှိုင်မင်းသားသည် ၁၇ ဖေဖော်ဝါရီ ၁၈၅၃–ခုနှစ် အမရပူရမြို့တော် နန်းမှ တံခါးတိုက်ပွဲ၌ ကျဆုံးခဲ့၏။

## အိမ်တော်ရာဘုရား

သာယာဝတီမင်းသည် နာတာရှည်စိတ္တဇရောဂါ ဝေဒနာကို ခံစားရ ပြီးနောက် နတ်ရွာမစံလွန်မီ (၂)နှစ်ခန့်က ယတြာချေသည့်အနေဖြင့် အမရ ပူရမြို့တော်မြောက်ဘက်ရှိ မန္တလေး မတဲဒေးဝန်းရပ် ယာယီနန်းတော်သို့ ပြောင်းရွှေ့စံနေခဲ့၏။ ထိုစဉ်က သားဖြစ်သူ ပုဂံမင်းသားသည်လည်း အတူ လိုက်ပါနေထိုင်ခဲ့သည်။ ပုဂံမင်းနန်းတက်လာပြီးနောက် မိမိနေထိုင်ခဲ့ရာ အိမ်နေရာတွင် အိမ်တော်ရာဘုရားတည်ရန် စီစဉ်ဆောင်ရွက်ခဲ့၏။

၁၀ နိုဝင်ဘာ ၁၈၄၇–ခုနှစ်တွင် ပန်းပဲအတွင်းဝန်ဦးမှို ကြီးကြပ်၍ စေတီတော်ကို ပန္နက်ချခဲ့သည်။ နိုဝင်ဘာလ (၁၈)ရက်နေ့တွင် ပုဂံမင်း ကိုယ်တိုင် လာရောက်၍ ရွှေအုတ်၊ ငွေအုတ်ချသည်။ ယင်းအခမ်းအနားသို့ မိဖုရားခေါင်အပါအဝင် မင်းညီမင်းသားများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။ ၁၈ မတ် ၁၈၄၈–ခုနှစ်တွင် ပုဂံမင်းဦးစီး၍ ဌာပနာသွင်းပွဲ ပြုလုပ်ခဲ့၏။ အိမ်တော်ရာဘုရားကို ၁၆ နိုဝင်ဘာ ၁၈၄၈–ခုနှစ်တွင် ထီးတင်ခဲ့သည်။ ယင်းအခမ်းအနားနေ့တွင် သူပုန်မှုဖြင့် အကျဉ်းချခံထားခံနေရသည့် ဦးညာ နှင့် (၂၈)ဦးတို့ကို အလုပ်အကျွေးအဖြစ် လှူဒါန်းခဲ့သည်။ စေတီတော်တည် ရာ၌ အုတ်ဝန်မင်းဦးဘိုးကြီးက အနီးကပ်ကြီးကြပ်ရေးတာဝန်ယူခဲ့ရ၏။



## ဦးပိန်တံတား

အမရပူရမြို့စာရေး ဦးပိန်သည် ၁၈၄၉–ခုနှစ်တွင် တောင်သမန် အင်းကို ဖြတ်သန်းသွားလာနိုင်မည့် သစ်သားတံတားတစ်စင်းကို ဆောက် လုပ်ခဲ့၏။ ဦးပိန်သည် မူစလင်ဘာသာဝင် ဖြစ်သော်လည်း မြန်မာဘုန်းတော် ကြီးကျောင်းထွက်ဖြစ်သည်။ တံတားဆောက်လုပ်ရန် သစ်များကို ပုဂံမင်း၏ အမိန့်အရ ဘုန်းတော်ကြီးကျောင်းဟောင်းများဖျက်ခြင်းဖြင့်ရရှိခဲ့၏။ တံတား ဆောက်လုပ်သောနှစ်ကို “အင်းကအော်အာ” ဆောက်လုပ်ခါ (၁၂၁၁)ဟု လည်းကောင်း၊ ပြီးစီးသည့်နှစ်ကို “အင်းကအော်ညီး” ဆောက်လုပ်ပြီး (၁၂၁၃)ဟုလည်းကောင်း မှတ်သားထားကြသည်။

တံတားပြီးစက တိုင်ပေါင်း (၉၈၄)တိုင် (နဝ အင္ဂဇယမောင်ပိန်) အခန်းပေါင်း (၄၈၂) ခန်းရှိခဲ့၏။ တံတားအရှည်မှာ (၃၉၆၇)ပေ ရှည်၏။ နားနေရန်ဇရပ် (၄)ဆောင်ရှိပြီး ဘုရင့်ဖောင်တော်များ လွယ်ကူစွာ ဖြတ် သန်းသွားနိုင်ရန် ဖောင်ကြောင်း(၉)ခုကိုလည်း စီစဉ်ထားရှိပေသည်။ ဒုတိယ ကမ္ဘာစစ်အပြီးတွင် မြစ်ရေကြီးမှုကြောင့် တံတားရေမြုပ်ကာ အခန်းအချို့ ပျက်စီးသွားခဲ့သည်။ အမရပူရအမတ် ဦးဘသီက ပြန်လည်ပြင်ဆင်ခဲ့၏။ ၁၉၇၃–ခုနှစ် ကလည်း အခန်းရှစ်ဆယ်ကျော် ရေမျောသွားဖူး၏။ ထိုစဉ်က မဟာဂန္ဓာရုံဆရာတော်နှင့် အမရပူရမြို့နယ် ပြည်သူ့ကောင်စီတို့မှ ကြီးမှူး ပြုပြင်ခဲ့သည်။

## တရုပ်မြော်မင်းသားအရေး

တရုပ်မြော်မင်းသားကို သာယာဝတီမင်းနှင့် ကျပင်းမြို့စား မိဖုရား ဒေါ်မှော်တို့မှ ဖွားမြင်ခဲ့သည်။ အမည်ရင်းမှာ မောင်တုတ်ဖြစ်၏။ မင်းတုန်း မင်းလက်ထက် မကွေးမိဖုရားအဖြစ် ထင်ရှားခဲ့သူ ခင်မင်းကောက်မှာ တရုပ်မြော်မင်းသား၏ နှမရင်းဖြစ်၏။

တရုပ်မြော်မင်းသားသည် ပုဂံမင်းနန်းတက်ပြီး ၁၈၅၀–ခုနှစ်၊ မေလတွင်ပင် ပုဂံမင်းအား တော်လှန်ပုန်ကန်ခဲ့၏။ ပုဂံမင်းသည် ယင်း ပုန်ကန်မှုကို ထိရောက်အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့ပြီး တရုပ်မြော်မင်းသား အားလည်း အဆောင်အရွက်နှင့် စားကျေးမြို့ရွာများကို ရုပ်သိမ်းကာ လက်ယာဝင်းမှူးကို ထိန်းသိမ်းစောင့်ရှောက်စေခဲ့သည်။ သို့သော် တရုပ်မြော်

www.burmeseclassic.com

www.burmeseclassic.com



မင်းသားသည် လက်ယာဝင်းမှူးထံမှ မိသားစုနှင့်အတူ တိတ်တဆိတ် ထွက်ပြေးလွတ်မြောက်သွားခဲ့သဖြင့် လက်ယာဝင်းမှူးအား ပုဂံမင်းက ရာထူးမှထုတ်ပယ်ကာ ထောင်သွင်းအကျဉ်းချထားခဲ့၏။

တရုပ်မြော်မင်းသားကို လိုက်လံဖမ်းဆီးရန် နေပြည်တော်မှ မင်းလှမင်းထင်ကျော်၊ မင်းရဲကျော်သူနှင့် လက်ဝဲကြောင်းဗိုလ်၏သား မောင်ရွှေဂုံတို့ကို အင်အား ၃၀၀ ဖြင့် စေလွှတ်ခဲ့သည်။ မင်းလှမင်းထင်ကျော်နှင့်အဖွဲ့ လိုက်လံဖမ်းဆီးကြရာ တရုပ်မြော်မင်းသားကို သိန္နီနယ် အုံ့မရွာအရှေ့မြောက်ဘက်တွင် ခြေရာခံမိကြလေသည်။ သို့ဖြင့် တရုပ်မြော်မင်း သားနှင့် တကွ ပုန်ကန်မှုတွင် ပါဝင်ကူညီသူအားလုံးကို ဖမ်းဆီးရမိခဲ့၏။ ဖမ်းဆီးခံရသူများမှာ–

ကြာအင်း၊ ဦး
ချင်းတုတ်၊ ဦး၊ တောင်ပိုင်မြို့ဝန်
ခွန်နောင်ဆိုင်၊ မိုင်းတုံစော်ဘွားဟောင်း
စံမယ်၊ ဒေါ်၊ တရုပ်မြော်မင်းသား၏အဘွား
တရုပ်မြော်မင်းသား
တူ၊ ဦး
ပေါက်၊ ဦး
မှော်၊ ဒေါ်– တရုပ်မြော်မင်းသား၏အမေ
သိုင်း၊ ဦး– ဒေါ်မှော်၏မောင်

တို့ဖြစ်ကြသည်။ ပုဂံမင်းသည် ပုန်ကန်မှုတွင် ပါဝင်ပတ်သက်နေသူ ၈၃ ဦးကို ၂၈ မေ၊ ၁၈၅၀–ခုနှစ်တွင် စီရင်ကွပ်မျက်ခဲ့၏။

## ချန်ပီယံသင်္ဘောကပ္ပတိန်၏အမှု

ပုဂံမင်းလက်ထက် ၁၈၅၁–ခုနှစ်၊ စက်တင်ဘာလအတွင်း ဗြိတိသျှပိုင် ချန်ပီယံ(Champion)သင်္ဘောကပ္ပတိန် ဟာရိုးလူးဝစ် (Harold Lewis) ၏ အမှုပေါ်ပေါက်ခဲ့သည်။



ချန်ပီယံသင်္ဘောသည် မဒရပ်မှရန်ကုန်သို့ လာရောက်စဉ် သီလဝါ မီးပြအနီး ဟတ္တိညောင်ပင်၌ လူသေမှုတစ်ခု ဖြစ်ပွားခဲ့၏။ ကပ္ပတိန် လူးဝစ်သည် အိန္ဒိယလူမျိုး အမည်ရတင် နှင့် ရာဇဘာလီဆိုသူ ညီအစ်ကို နှစ်ဦးကို သင်္ဘောအလုပ်ကြမ်းသမားများအဖြစ် ငှားရမ်း ခေါ်ဆောင်လာခဲ့သည်။ ရာဇဘာလီဖျားနာ၍ အလုပ်မဆင်းနိုင်သည်ကို နိုကပ်သည်ဆိုကာ လူးဝစ်က လက်သီးဖြင့်ထိုးသဖြင့် နှစ်နာရီအကြာ၌ သွေးအံ့ပြီး သေဆုံးသွားကြောင်း အစ်ကို အမည်ရတင်က ရန်ကုန်ဆိပ်ကမ်းအရောက်တွင် မြို့ဝန်ထံ တိုင်ကြားခဲ့သည်။ ၁၂ စက်တင်ဘာ ၁၈၅၁–ခုနှစ်တွင် ရန်ကုန် မြို့ဝန်ဦးအုပ်က အမှုကို လက်ခံစစ်ဆေးခဲ့၏။

သက်ဆိုင်ရာ သက်သေအသီးသီးကို စစ်ဆေးမေးမြန်းပြီးနောက် ၂၂ စက်တင်ဘာ၊ ၁၈၅၁–ခုနှစ်တွင် အမှုဆုံးဖြတ်ချက်ချခဲ့ရာ သက်သေ တစ်ဝက်ခန့်ကသာ လူးဝစ်အပေါ် အပြစ်မရှိကြောင်း ထွက်ဆိုကြသဖြင့် မြန်မာတရားစီရင်ထုံးအရ ဒင်္ဂါး ၁၅၀ ပေးလျော်ရန် အမိန့်ချ မှတ်ခဲ့သည်။ ထို့နောက် နှစ်ဦးသဘောတူ လက်ဖက်စားလျက် အမှုကျေအေးခဲ့ကြသည်။ ရန်ကုန်မြို့ဝန်သည် အမှုကို (၁၀)ရက်အတွင်း နှစ်ဖက်သက်သေများအား စစ်ဆေးမေးမြန်းလျက် စီရင်ချက်ချမှတ်ပေးခဲ့ခြင်းဖြစ်၏။

သို့သော် ချန်ပီယံသင်္ဘော ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာသွားပြီး နောက် အိန္ဒိယသို့ ရောက်ရှိသောအခါ ရန်ကုန်မြို့ဝန်သည် မတရားသဖြင့် ဆုံးဖြတ်ခဲ့သောကြောင့် ပေးဆောင်ရသည့် ဒင်္ဂါးငွေအပါအဝင် နစ်နာကြေး (၁၉၂၀)ပေါင် ရယူလိုကြောင်း တောင်းခံခဲ့၏။ ဤအမှုကို ရန်ကုန်မြို့ဝန်ရုံး မှတ်တမ်း၌ “ခလာသီအမည်ရတင်နှင့် ကပ္ပိတန်လွိတို့အမှု ပြီးချက်ဖြတ်စာ” ဟူ၍ စနစ်တကျ မှတ်တမ်းတင်ထားရှိပါသည်။

## ရေနန်းယဉ်သာ

မြန်မာမြို့ဝန်၏ မတရားပြုမှုချက်များကို ဖြေရှင်းရန်ဟူ၍ စေလွှတ်ခဲ့သည့် လင်းဘက် (Lambert) သည် ၂၅ နိုဝင်ဘာ ၁၈၅၁–ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာ၏။ (၂၈) နိုဝင်ဘာ ၁၈၅၁–ခုနှစ်၌ ရန်ကုန်မြို့နေ

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှကုန်သည်တို့က မြို့ဝန်ဦးအုပ်သည် မိမိတို့အပေါ် မတရားပြုမူ ဆက်ဆံပါကြောင်း အမှု(၃၈)ခုဖြင့် တင်ပြစွပ်စွဲခဲ့ကြသည်။ မည်သို့ ဆိုစေ ကာမူ ပုဂံမင်းသည် ရန်ကုန်မြို့ဝန်ဦးအုပ်အား အင်္ဂလိပ်တို့အလိုကျ နေပြည် တော်သို့ ပြန်လည်ခေါ်ယူကာ ပြည်ရွှေတောင်မြို့ဝန် ဦးမှုံကို အစားထိုးခန့် အပ်ပေးခဲ့၏။

(၄) ဇန်နဝါရီ၊ ၁၈၅၂–ခုနှစ်တွင် မြို့ဝန်သစ်ဦးမှုံ ရန်ကုန်သို့ ရောက်ရှိလာသောအခါ ဗြိတိသျှကုန်သည်တို့က လင်းဘတ်အားကိုးဖြင့် မြန်မာမြို့ဝန်အပေါ် မထီမဲ့မြင်ပြုကြ၏။ ကုန်သည် ဘီရယ် (Birrell) ဆိုသူ၏ နေအိမ်အတွင်း၌ ယူနီယံဂျက်အလံကိုပင် လွှင့်ထူထားရာ မြို့ဝန် ဦးမှုံက ရုပ်သိမ်းစေသောအခါ လင်းဘတ်၏ခွင့်ပြုချက်အရ စိုက်ထူပါကြောင်း မောက်မာစွာ ပြန်ကြားခဲ့သည်။ ၆ ဇန်နဝါရီ ၁၈၅၂–ခုနှစ်တွင် လင်းဘတ်၏ ရာဇသံကို ရန်ကုန်မြို့ဝန်ဦးမှုံထံ လာပို့ကြ၏။

စာပို့အဖွဲ့မှာ–

Edwards စကားပြန်

Fishbourne ကပ္ပတိန်

Latter ကပ္ပတိန်

Lawrence, Lt. ဒုဗိုလ်

Mc Leod ဒေါက်တာ

တို့ငါးဦးဖြစ်ကြသည်။ ထိုသူတို့သည် ဗြိတိသျှအလံ စိုက်ထူထားသည့် "ဘီရယ်" ၏အိမ်မှ မြင်းများ ယူသွားကာ အရက်သေစာ သောက်စား မူးယစ်လျက် မြို့ဝန်ဦးမှုံအိမ်အတွင်းသို့ မြင်းစီးဝင်ခဲ့ကြ၏။

မြို့ဝန်၏ စကားပြန်ဦးဖိုးကံက မြို့ဝန်အိပ်ပျော်နေသဖြင့် မစောင့် နိုင်ပါက စာထားရစ်ရန် ပြောကြားရာ စကားအချေအတင်ဖြစ်ပြီး ပြန် သွားကြသည်။ ထိုညဉ့်၌ပင် မြန်မာဘုရင်ပိုင် ရေနန်းယာဉ်သာသင်္ဘောကို ဟားမီးစ် (Hermes) တိုက်သင်္ဘောဖြင့်တွဲကာ ပင်လယ်ဝသို့ ဆွဲယူသွား ခြင်းဖြင့် ရန်စခဲ့ကြသည်။ ရန်ကုန်မြို့ဝန်ဦးမှုံသည် ဤသို့ အမျိုးမျိုး မထီ မဲ့မြင်ပြုနေသူ ဗြိတိသျှတို့အား စိတ်ရှည်သည်းခံစွာ ဆက်ဆံခဲ့၏။ ၇ ဇန်နဝါရီ ၁၈၅၂–ခုနှစ် တွင် ဒလမြို့ဝန် ဦးပသီအား လင်းဘတ်ထံစေလွှတ်ကာ



မြန်မာဘုရင့်သင်္ဘောကို ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့သည်။ သို့သော် လင်းဘတ်က ငြင်းဆိုခဲ့၏။

## အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲ

၁၈ ဖေဖော်ဝါရီ ၁၈၅၂–ခုနှစ် ရက်စွဲပါ အိန္ဒိယဘုရင်ခံချုပ် ဒါလဟိုဇီ၏ တောင်းဆို ချက်ရာဇသံကို မော်လမြိုင်ရှိ တနင်္သာရီနယ် ဝန်ရှင်တော်မင်းကြီး ဘောဂဲလ် (Col. Bogale) ထံသို့ ပို့ပေးလိုက်သဖြင့် မုတ္တမစစ်ကဲက သွားယူကာ နေပြည်တော်သို့ ၁၅ မတ် ၁၈၅၂–ခုနှစ်တွင် အရောက်ပို့ပေးခဲ့သည်။ ယင်းရာဇသံတွင် ရန်ကုန်မြို့ဝန်က စာလာပို့သူ အရာရှိတို့ကို စော်ကားသဖြင့် တောင်းပန်ရန်၊ ဗြိတိသျှကုန်သည်တို့အတွက် လျော်ကြေးငွေ (၁)သန်းပေးရန်၊ ရန္တပိုစာချုပ်အရ ဗြိတိသျှကိုယ်စားလှယ်ကို လက်ခံရန်၊ လက်ရှိ ရန်ကုန် မြို့ဝန်ကို ဖယ်ရှားရန်တို့ ပါဝင်သည်။ ဧပြီလ (၁)ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားမှုမပြုပါက စစ်ရေးဖြင့်ဖြေရှင်းရန် ကိုလည်း ဖော်ပြထား၏။

မြန်မာဘုရင်ကလည်း စစ်ရေးအရ တိုက်ခိုက်ချေမှုန်းနိုင်ရန် မုတ္တမ၊ ပုသိမ်၊ ဟံသာဝတီ နှင့် ဧရာဝတီစစ်ကြောင်းများကို စေလွှတ်ခဲ့သည်။ ၅ ဧပြီ ၁၈၅၂–ခုနှစ်တွင် ကာနယ်ရေးနိုး (Col. Reignolds) ၏တပ် မုတ္တမ ကိုရောက်ရှိကာ မြန်မာမြို့စောင့်တပ်နှင့် တိုက်ပွဲဖြစ်ပွားကြ၏။ ထိုစဉ်က တောင်တွင်းကြီးမြို့ဝန် ဦးကျောက်လုံး ဦးစီးသော မုတ္တမစစ်ကြောင်းမှာ လမ်းခရီး၌သာရှိသေး၏။ လမ်းပြ Serpent ဦးစီးသော စစ်သင်္ဘောများသည် ၁၁ ဧပြီ ၁၈၅၂–ခုနှစ်တွင် မြန်မာတပ်နှင့်တွေ့ဆုံကာ ရန်ကုန်တိုက်ပွဲဖြစ် ပွားသည်။ ထိုနေ့တွင်ပင် ဒလခံတပ်ကို ဗြိတိသျှတို့ သိမ်းပိုက်လိုက်ကြ၏။

၁၂ ဧပြီ ၁၈၅၂–ခုနှစ်တွင် သိမ်ဖြူခံတပ်တိုက်ပွဲ ဖြစ်ပွားသည်။ ယင်းတိုက်ပွဲတွင် ဗိုလ်ဒေါ်နယ်ဆင် (Lt. Donaldson) ကျဆုံးခဲ့၏။ မြန်မာဘက်မှလည်း ကျဆုံးမှု အများအပြားရှိကာ ခံတပ်မှ ဆုတ်ခွာခဲ့ကြ ရသည်။ မြန်မာတို့သည် သိမ်ဖြူခံတပ်မှ တစ်မိုင်ခန့်အကွာ ရှာ၌ ပြန်လည် စုရုံးခဲ့ကြ၏။ ၁၄ ဧပြီ ၁၈၅၂–ခုနှစ် ရွှေတိဂုံခံတပ်တိုက်ပွဲတွင် ရန်ကုန်မြို့ဝန် နှင့် အဖွဲ့က ရဲဝံ့စွာ တိုက်ခိုက်ခဲ့၏။ နှစ်ဦးနှစ်ဖက် အကျအဆုံး အများအပြား

www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့၏။ သိမ်ဖြူခံတပ် နှင့် ရွှေတိဂုံကုန်းတော် ခံတပ်တိုက်ပွဲများအပြီးတွင် ရန်ကုန်မြို့ဝန် ဦးမှုံ၏ တပ်များ စနစ်တကျ ဆုတ်ခွာသွားကြလေသည်။

၁၉ မေ ၁၈၅၂–ခုနှစ်တွင် ပုသိမ်သို့ ဗြိတိသျှတပ်ရောက်ရှိစဉ် မြန်မာခံတပ် နှင့် တိုက်ပွဲဖြစ်ပွားခဲ့၏။ ယင်းတိုက်ပွဲ၌ စစ်ကဲမင်းလှ မင်းထင်ကျော်၊ လင်းဇင်းတပ်အုပ် ဗိုလ်လင်းတို့ ကျဆုံးခဲ့ရ၏။ ၄ ဇွန် ၁၈၅၂–ခုနှစ်တွင် ပဲခူးမြို့၌ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ၎င်းတိုက်ပွဲ အပြီးတွင် ဗြိတိသျှတပ်များ ရန်ကုန်သို့ ပြန်လည်ချီတက်သွားကြ၏။ ဇူလိုင်လဆန်းတွင် ရေတပ်ဗိုလ်ကြီး တာလီတန် (Tarleton) ခေါင်းဆောင်၍ ဗြိတိသျှတပ်များ ပြည်မြို့သို့ ချီတက်ခဲ့ကြ၏။ ၈ ဇူလိုင် ၁၈၅၂–ခုနှစ်တွင် ပြည်မြို့အနီး အကောက်တောင်ခံတပ်မှ သုံးဆယ်ဝန်ကြီး ဦးကြီး၏တပ်များ ဆီးကြိုပစ်ခတ်ခဲ့သော်လည်း ပြည်မြို့ကို ဗြိတိသျှတို့ အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့၏။ သို့သော် ဇူလိုင်လ ၁၀ ရက်နေ့၌ပင် ဗြိတိသျှတပ်များ ရန်ကုန်သို့ ပြန်ဆန်တက်ခဲ့ကြရာ အကောက်တောင်အနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြန်၏။

၁၄ ဩဂုတ် ၁၈၅၂–ခုနှစ်တွင် ပုဇွန်တောင်ရှိ ရန်ကုန်မြို့ဝန်ဦးမှုံ၏ အိမ်ကို သစ္စာဖောက်မြန်မာများ၊ ဗြိတိသျှစစ်သည်များနှင့် ပူးပေါင်းကာ လာရောက်တိုက်ခိုက်ခဲ့ကြသည်။ သို့သော် မြို့ဝန်၏တပ်များက ပြန်လည်ခုခံခဲ့ကြသဖြင့် ပြန်လည်ဆုတ်ခွာသွားကြပြီး မြို့ဝန်မှာလည်း ဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့သည်။ ထိုအတောအတွင်း ဗြိတိသျှဘပ်များသည် ပြည်မြို့တွင် တပ်စွဲထားသည့် မြန်မာတပ်မတော်ကို ချေမှုန်းတိုက်ခိုက်နိုင်ရန် စီစဉ်ခဲ့ကြ၏။ ၂၅ စက်တင်ဘာ ၁၈၅၂– ခုနှစ်တွင် ဗိုလ်ချုပ်ဂေါ်ဒွင် (Godwin) ဦးစီးသော ဗြိတိသျှတပ်ပေါင်းစု ပြည်မြို့သို့ ဦးတည်ချီတက်ခဲ့ကြသည်။ အောက်တိုဘာလ (၇)ရက်နေ့တွင် ရေကြောင်းဗိုလ်ချုပ် အော်စတင် (Asten) မှားနာ သေဆုံးခဲ့ပြီး အောက်တိုဘာ (၉)ရက်နေ့တွင် ပြည်ရွှေဆံတော်ကုန်းတော် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ မြန်မာတပ်သည် ကျဆုံးမှုအနည်းငယ်ဖြင့် ဆုတ်ခွာခဲ့ရကာ ပြည်မြို့ကို ဗြိတိသျှတို့ သိမ်းပိုက်နိုင်ခဲ့၏။

၁၉ နိုဝင်ဘာ ၁၈၅၂–ခုနှစ် အကောက်တောင်တိုက်ပွဲတွင် အင်္ဂလိပ်တပ်မှ ဗိုလ်မှူး ဂတ်နာ (Maj Gardner) ကျဆုံးခဲ့၏။ ဒီဇင်ဘာလ (၆) ရက်နေ့ ဖိုးဦးတောင်တိုက်ပွဲ၌မူ မြန်မာတို့ ဆုတ်ခွာခဲ့ရ၏။ ၂၁ နိုဝင်ဘာ



၁၈၅၂–ခုနှစ်တွင်ပင် ပဲခူးမြို့တိုက်ပွဲ စတင်ခဲ့သည်။ ပဲခူးမြို့သိမ်းတိုက်ပွဲမှာ ပြင်းထန်လှပြီး အကျအဆုံးလည်းများပြားလှ၏။ ဗြိတိသျှတို့သည် ရွှေမော်ဓော ကုန်းတော်ရှိ မြန်မာခံတပ်ကို သိမ်းပိုက်နိုင်ခဲ့သော်လည်း နိုဝင်ဘာလ (၂၇)ရက်နေ့ညတွင် မင်းရဲမင်းခေါင်ကျော်ဦးစီးသည့် မြန်မာတပ်ဖွဲ့၏ တိုက်ခိုက်မှုကို ခံခဲ့ရသေး၏။

၆ ဒီဇင်ဘာ ၁၈၅၂–ခုနှစ်တွင် မြန်မာတပ်မကြီးက ရွှေမော်ဓောတွင် တပ်စွဲထားသည့် ဗြိတိသျှတပ်ကို လာရောက်တိုက်ခိုက်ခဲ့သည်။ ဤတိုက်ပွဲမှာ ပြင်းထန်သော တိုက်ပွဲတစ်ပွဲ ဖြစ်သည်။ ဒီဇင်ဘာလ (၁၇)ရက်နေ့တွင် ဗိုလ်ချုပ်ဂေါ်ဒွင်၏တပ်များ မြန်မာတပ်များရှိရာ ပဲခူးမြို့မြောက်ဘက်သို့ ချီတက်ခဲ့ကြသည်။ သို့သော် မြန်မာတပ်များ တပ်ဖျောက်လျက် ရှိကြပြီးဖြစ်သဖြင့် မတွေ့ရတော့ပေ။ တစ်ချိန်တည်းလိုလိုတွင် ပြည်မြို့ရှိ ဗြိတိသျှတပ်များကို မြန်မာတပ်က ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ သို့သော် ထိုအတောအတွင်း ပုဂံမင်းကို ညီဖြစ်သူ မင်းတုန်းနှင့် ကနောင်မင်းသားတို့က တော်လှန်ပုန်ကန်နေသဖြင့် မြန်မာတပ်များ အားလုံးကို နေပြည်တော်သို့ ပြန်လည်ခေါ်ယူခဲ့သည်။ ၂၀ ဒီဇင်ဘာ ၁၈၅၂–ခုနှစ်တွင် မြန်မာ ဘုရင်ပိုင်နယ်မြေဖြစ်သော ပဲခူးနယ်ကို အင်္ဂလိပ်ပိုင်နက်အဖြစ် သတ်မှတ်လိုက်၏။

## နန်းကျခြင်းနှင့် နတ်ရွာစံလွန်ခြင်း

ပုဂံမင်းသည် ၁၇ ဖေဖော်ဝါရီ ၁၈၅၃–ခုနှစ်တွင် ညီဖြစ်သူ မင်းတုန်းမင်းအား ထီးနန်း တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ရ၏။ သို့သော် မင်းတုန်းမင်းက နောင်တော်ပုဂံမင်းအား ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ထားခဲ့သည်။ သီပေါမင်းနန်းတက်စ ၁၄ မတ် ၁၈၈၀–ခုနှစ်တွင်မှ ပုဂံမင်း ကျောက်ရောဂါဖြင့် နတ်ရွာစံလွန်ပါသည်။ နတ်ရွာစံချိန်၌ အသက် (၆၉)နှစ် ရှိပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ မင်းတုန်းမင်း

မင်းတုန်းမင်း၏ အမည်ရင်းမှာ ဦးလွင် ဖြစ်ပါသည်။ ၅ ဇူလိုင် ၁၈၁၄ ခုနှစ်တွင် သာယာဝတီမင်းနှင့် ပဒေသာတိုက်စား မိဖုရားသီရိသုစန္ဒာ မလ္လာဒေဝီတို့မှ ဖွားမြင်ခဲ့၏။

### မျိုးရိုးဆက်နွယ်

အလောင်းမင်းတရား + ခင်ယွန်းစံ

(သား)

ဒေါ်လွန်းသူ + ဗဒုံမင်း + ဒေါ်လွန်းမယ်

(သား) (သမီး)

ဦးပေါ် + ဒေါ်ကေ  ပုဂံမြို့သူကြီး + ဓနီး

(သား) (သမီး) (သမီး)

သာယာဝတီမင်း + ပဒေသာတိုက်စား မိဖုရား  အာလကပ္ပမြို့စား + လေးမိုလ်ဦးဆိုင်

(သား) (သမီး) (သား)

မင်းတုန်းမင်း + စိန်တုန်းမိဖုရား  တပယ်မင်းသားဦးဘ

မင်းတုန်းမင်း၏ မယ်တော် သာယာဝတီမင်း၏ ပဒေသာတိုက်စား မိဖုရားသည် ပုဂံမြို့သူကြီး၏ သမီး ဖြစ်ပါသည်။ မွေးချင်းညီမမှာ မှန်နန်း အပျိုတော် စလေမြို့စား (နောင် အာလကပ္ပမြို့စား)ဖြစ်၏။

သာယာဝတီမင်းသည် မင်းသားဘဝကပင် ပုဂံမြို့သူကြီး၏ သမီးနှင့် စုံဖက်ခဲ့၏။ ထို့နောက် ဘုရင်ဖြစ်လာသောအခါ တောင်ဆောင်တော်၊ ပဒေသာတိုက်စား မိဖုရားအဖြစ်မြှောက်စားခဲ့၏။ ၃၁ မေ ၁၈၃၇ ခုနှစ်တွင် ကျောက်မော်မြို့ကို မြို့စားအရာ ပေးအပ်ခဲ့သည်။ ကျောက်မော်မြို့စား မိဖုရားမှ မင်းတုန်းနှင့် ကနောင်မင်းသားနှစ်ပါးကို ဖွားမြင်ခဲ့ပြီး ၈ ဇူလိုင် ၁၈၄၆ ခုနှစ်တွင် ကျောက်မော်မိဖုရား ကွယ်လွန်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



## မွေးချင်းများ

မင်းတုန်းမင်းတွင် မွေးချင်းညီဟူ၍ ကနောင်မင်းသားတစ်ဦးသာ ရှိပါသည်။ ကနောင်မင်းသား၏ အမည်ရင်းမှာ ဦးကောက်ဖြစ်ပြီး ၅ စက်တင်ဘာ ၁၈၁၉ ခုနှစ်တွင် ဖွားမြင်ပါသည်။ ဖခင် သာယာဝတီမင်းနှင့် နောင်တော်ပုဂံမင်းလက်ထက်တွင် သတိုးမင်းရဲကျော်ထင် ဘွဲ့ဖြင့် သာယာဝတီ၊ ကနောင်မြို့တို့ကို မြို့စားအရာ ရရှိခဲ့၏။ ကနောင်မင်းသားသည် မြန်မာနိုင်ငံကို ခေတ်မီတိုးတက်သော စက်မှုနိုင်ငံအဖြစ် ထူထောင်ရန် ကြိုးပမ်းနေစဉ်အတွင်း ၂ ဩဂုတ် ၁၈၆၆ ခုနှစ်တွင် လုပ်ကြံခံခဲ့ရသည်။

## ငယ်စဉ်ဘဝ

မင်းတုန်းမင်းသည် ငယ်စဉ်က မဟာဇောတိကာရာမတိုက် ရတနာဘုံစံ စံကျောင်းဆရာတော် ဦးစန္ဒိမာထံ၌ ပညာသင်ကြားခဲ့သည်။ ဆရာတော်က လောကီ၊ လောကုတ္တရာစာပေတို့ကို မင်းသားအား ကောင်းစွာ သင်ကြားပို့ချခဲ့၏။ မြကေတု၏ "မင်းတုန်းမင်း နှင့် ငါးခြောက်ပြား" ဇာတ်လမ်းသည် ပါးစပ်ရာဇဝင်ဟု ဆိုရမည်ဖြစ်သော်လည်း မင်းတုန်းမင်း၏ ဘဝတစ်စိတ်တစ်ဒေသ ပေါ်လွင်ထင်ဟပ်လျက်ရှိပါသည်။ ငယ်စဉ်ကပင် မယ်တော်မိဖုရား ပွဲတော်တည်ရန် ထည့်ထားသည့် မုံလာချဉ်အိုးမှ အပင် ပေါက်လာသဖြင့် သားဖြစ်သူမှာ ဇော်ဘုရင်ဖြစ်လာပါလိမ့်မည်ဟု နိမိတ် ဖတ်ခဲ့ဖူးသည်ဆို၏။

## မိသားစုရေးရာ

မင်းတုန်းမင်း၏ မိဖုရားခေါင်မှာ သီရိပဝရမဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ (စကြာဒေဝီမင်းသမီး) ဖြစ်ပါသည်။ စကြာဒေဝီကို သာယာဝတီမင်းနှင့် မိဖုရားခေါင်တို့မှ ၁၈၁၃ ခုနှစ်တွင် ဖွားမြင်ခဲ့၏။ ပိဋကတ်ဗေဒင်ကျွမ်းကျင်သူဟု အဆိုရှိပါသည်။ စကြာဒေဝီသည် ၂၇ မတ် ၁၈၅၃ ခုနှစ်တွင် မိဖုရားခေါင်အဖြစ် တင်မြှောက်ခံရပြီး ၁၂ နိုဝင်ဘာ ၁၈၇၆ ခုနှစ်၌ ကွယ်လွန်ပါသည်။ မင်းတုန်းမင်းတွင် မိဖုရားခေါင် စကြာဒေဝီနှင့် သားသမီးမထွန်းကားပါ။

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းတွင် မိဖုရားခေါင်အပြင် မိဖုရားများစွာ ရှိပါသေးသည်။ နန်းဆောင်ရ(၁၂)ပါး၊ မြို့စားရွာစား(၄၄)ပါးဟု အမှတ်အသားရှိ၏။ ထင်ရှားသော မိဖုရားအချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကုက္ကိုလ်လှ –အမည်ရင်း မနီ၊ ၁၉ နိုဝင်ဘာ ၁၈၈၈ ခုနှစ်တွင် ကွယ်လွန်။

ကျောက်တလုံး– မြောင်လှမင်းသမီး၏ မိခင်ဖြစ်ပြီး ၉ အောက်တိုဘာ ၁၈၈၈ ခုနှစ်တွင် ကွယ်လွန်။

ကြေးမြင့် –အမည်ရင်း မခင်၊ ရေနံချောင်းဝန်ကြီး ဦးရွှေစိုနှင့် ဝန်ကတော် ဒေါ်ချိုတို့မှဖွားမြင်၊ မွေးချင်းနှစ်ဦးရှိပြီး မောင်ဖြစ်သူ မောင်မောင်ကလေးမှာ မြေနန်းဝန်ဖြစ်၊ ၁၉၂၃ ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်။

ခုနစ်ရွာ –သုံးဆယ်မင်းသား၏မိခင်။

ငန်းဇွန် –အမည်ရင်း မဖွားဖြူ၊ ပါဠိသက္ကဋကျမ်းဂန်စာပေ တတ်မြောက်ကျွမ်းကျင်သူ၊ ပါတော်မူပြီးနောက် သမီးထရံကာမင်းသမီးနှင့်အတူ အိန္ဒိယနိုင်ငံ Allahabadသို့သွားနေ၊ ၁၉၃၈ ခုနှစ်တွင်ကွယ်လွန်။

စားပွဲတောင်– မင်းတုန်းမင်းနှင့် မင်းသားဘဝက စုံဖက်ခဲ့ပြီး ၁၆ ဇွန် ၁၈၅၄ ခုနှစ်တွင် သီရိမင်္ဂလာရာဇာမဟောဘွဲ့ရ၊ ၁၇ အောက်တိုဘာ ၁၈၅၇ ခုနှစ်တွင်ကွယ်လွန်။

စိန်တုံး– သာယာဝတီမင်းနှင့် အာလကပ္ပမိဖုရားတို့သမီး၊ မွေးချင်းနှစ်ဦးရှိရာ မောင်ဖြစ်သူမှာ တပယ်မင်းသား မောင်ဘဖြစ်၊ ၁၈၉၉ ခုနှစ်တွင် စိန်တုံးမိဖုရား မော်လမြိုင်၌ကွယ်လွန်။

ဆယ်ရွာ –သီပေါမင်းပါတော်မူပြီးနောက် ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်စဉ် ၇ ဇန်နဝါရီ ၁၈၉၀ ခုနှစ်တွင်ကွယ်လွန်။

ဆင်ဖြူမရှင်– အမည်ရင်း မသဲ၊ စစ်ကိုင်းမင်းနှင့် နန်းမတော်မယ်နုတို့မှ ၂၂ နိုဝင်ဘာ ၁၈၂၁ ခုနှစ်တွင်ဖွားမြင်၊ ၁၈၇၇ ခုနှစ်တွင် ဆင်ဖြူမရှင်ဘွဲ့ရပြီး ၂၆ ဖေဖော်ဝါရီ ၁၉၀၀ ပြည့်နှစ်ကွယ်လွန်။

တံတိုင်းရှည်– မြောင်ရွှေရေးဆောင်မိဖုရား၊ ညောင်ရမ်း မင်းသား၏ မိခင်။

တောင်ဆောင်တော် – ၁၁ နိုဝင်ဘာ ၁၈၉၂ ခုနှစ်ကွယ်လွန်။

တောင်ပြုး – အမည်ရင်း မထောက်၊ ၃ ဇွန် ၁၈၉၃ ခုနှစ်တွင်ကွယ်လွန်။



တောင်ဆောင်တော် – မြင်းကွန်းမြင်းခုန်တိုင်မင်းသားများ၏မိခင်။

ထနောင်းတိုင် – ဘွဲ့စန္ဒာမဟော၊ ၁၄ အောက်တိုဘာ ၁၈၉၂ ခုနှစ်တွင်ကွယ်လွန်။

ထီးလှိုင် – လောင်းရှည်ဝန်ကြီး ဦးမောင်ကလေးသမီး၊ ၂၅ ဩဂုတ် ၁၈၅၇ ခုနှစ် မီးဖွားစဉ်ကွယ်လွန်။

နန်းဦး – သိင်္ဂါမဟောဘွဲ့ရ အိမ်တော်ပါမိဖုရား၊ ၁၈ မေ ၁၈၉၂ ခုနှစ်တွင် ကွယ်လွန်။

ပြုကန်–အမည်ရင်း မတုတ်၊ ၂၈ အောက်တိုဘာ ၁၈၉၀ ခုနှစ်တွင်ကွယ်လွန်။

ပြင်စည် – အမည်ရင်း မချိန်၊ ၁၂ ဇန်နဝါရီ ၁၈၉၀ ခုနှစ်တွင် ကွယ်လွန်။

မကွေး – အမည်ရင်း ခင်မင်းကောက်၊ သာယာဝတီမင်းနှင့် ကျပင်းမိဖုရား ဒေါ်မှော်တို့မှ ၁၈၂၂ ခုနှစ်တွင်ဖွားမြင်၊ နောင်တွင် မင်းတုန်းမင်း ထံ ခွင့်ပန်၍ ကွာရှင်းပြတ်စဲပြီး မောင်လှော်ဆိုသူနှင့် ထပ်မံလက်ဆက်၊ ၂၅ ဩဂုတ် ၁၈၈၈ ခုနှစ်တွင် မကွေးမိဖုရားကွယ်လွန်။

မိကျောင်းတက် – အမည်ရင်း မအိ၊ ဦးမောင်မောင်အိုး၊ ဒေါ်ခင်ခင်ထားတို့၏ သမီး။

မြောက်နန်း – အမည်ရင်း ခင်သဲ၊ စစ်ကိုင်းမင်းလက်ထက် ကနောင်မြန်အောင် နှစ်မြို့ဝန်ဦးသာဖြူ နှင့် ဝန်ကတော်တို့မှ ၁၈၁၃ ခုနှစ်တွင်ဖွားမြင်၊ မွေးချင်းအစ်မတစ်ဦးမှာ နောက်တော်ပါမြင်းဝန်ကတော် ကျောက်တလုံးသခင်ဖြစ်၊ ၃ မေ ၁၈၇၂ ခုနှစ်တွင် မြောက်နန်းမိဖုရား ကွယ်လွန်။

ရှာဘာလဲ – အမည်ရင်း မအုံ၊ ၁၂ ဩဂုတ် ၁၈၂၇ ခုနှစ်တွင် ဖွားမြင်ပြီး ၁၅ ဇူလိုင် ၁၉၀၄ ခုနှစ်တွင်ကွယ်လွန်၊ ဘွဲ့သီရိသုရတနာမဟော။

လက်ပံစဉ် – အမည်ရင်း မချို၊ ၁၅ နိုဝင်ဘာ ၁၈၈၃ ခုနှစ်တွင် ကွယ်လွန်။

သင်ပန်း –စစ်ကိုင်းမင်းလက်ထက် ကနောင်မြန်အောင်နှစ်မြို့ဝန် ဦးသာဖြူ၏ သမီး၊ သက်ပန်းမိဖုရား၏ညီမရင်း၊ ၁၆ နှစ်အရွယ်တွင် မင်းတုန်းမင်းနှင့်စုံဖက်ခဲ့၊ ၃ ဒီဇင်ဘာ ၁၈၉၃ ခုနှစ်တွင် ကွယ်လွန်။

လောင်းရှည် – သီပေါမင်း၏မိခင်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းကျွန်း – အမည်ရင်း မရွှေဝ၊ သာယာဝတီမင်းလက်ထက် သံတော်ဆင့် ဦးရွှေကြူနှင့် ဒေါ်ရွှေအိတို့မှ စစ်ကိုင်းနယ် ပဒူရွာတွင် ၁၈၃၅ ခုနှစ်၌ဖွားမြင်၊ မိဖုရားခေါင်၏ အပျိုတော်အဖြစ် အမှုထမ်းစဉ် ၁၆ ဇွန် ၁၈၅၄ ခုနှစ်တွင် မိဖုရားဖြစ်လာ။

သနဗရစ် – ကောလင်းမင်းသား၏မိခင်၊ သီပေါမင်းပါတော်မူပြီးနောက် ၉ မတ် ၁၈၈၆ ခုနှစ်တွင် မြိတ်မြို့သို့အပို့ခံရ။

သရစိမ်း – ပုဂံမင်းလက်ထက် ကျောက်ပန်းတောင်းဝန်ကြီး ဦးရွှေကြည်၏ သမီး၊ မွေးချင်း(၃)ဦးအနက် အကြီးဆုံးဖြစ်၊ မောင်နှစ်ဦးရှိရာ မောင်လေးငယ်၊ မောင်သူတော်တို့ဖြစ်ကြ၊ ၁၇ နှစ်အရွယ်တွင် သရစိမ်းရွာ စား မိဖုရားဖြစ်လာပြီး ၁၃ ဧပြီ ၁၉၄၅ ခုနှစ်၌ကွယ်လွန်။

သက်ပန်း – စစ်ကိုင်းမင်းလက်ထက် ကနောင် မြန်အောင် နှစ်မြို့ဝန် ဦးသာဖြူ၏ သမီး၊ မွေးချင်းသုံးဦးရှိရာ လင်ပန်းမိဖုရား၊ သက်ပန်းမိဖုရားနှင့် ကသဲမြင်းဝန် ဦးရွှေမောင်တို့ဖြစ်ကြ၊ အသက်(၁၉)နှစ် အရွယ်တွင် မိဖုရားဖြစ်လာ၊ ၅၇ နှစ်အရွယ်၌ ရန်ကုန်သို့ပြောင်းရွှေ့ နေထိုင်ခဲ့ရပြီး ၁၂ ဇန်နဝါရီ ၁၉၀၀ ပြည့်နှစ်၌ကွယ်လွန်။

အနောက်နန်း(ပ) – သာယာဝတီမင်းနှင့် ဟသ်ာတမိဖုရား ခင်မင်းအိတို့မှ ၁၈၁၉ ခုနှစ်တွင်ဖွားမြင်၊ ၁၈၅၅ ခုနှစ်တွင်ကွယ်လွန်။

အနောက်နန်း(ဒု) – အနောက်နန်း(ပ)၏ညီမရင်း။

မင်းတုန်းမင်းနှင့် မိဖုရားအသီးသီးတို့မှ ဖွားမြင်သော သားသမီး များမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

ကောလင်းမင်းသား–သနဗရစ်မိဖုရား၏သား၊ ဘွဲ့–သတိုးမင်းရဲကျော်၊ ၁၈၇၈ ခုနှစ် နန်းတွင်းလုပ်ကြံမှုတွင် ကံကောင်းစွာကျန်ရစ်သူဖြစ်၊ သီပေါ မင်း ပါတော်မူပြီးနောက် ၉ မတ် ၁၈၈၆ ခုနှစ်တွင် မိခင်မိဖုရားနှင့် အတူ မြိတ်မြို့သို့အပို့ခံရ၊ ထို့နောက် ရန်ကုန်ပြန်လာ နေထိုင်ရာ ၃၀ ဇန်နဝါရီ ၁၉၂၃ ခုနှစ်တွင် မိုင်းလုံမင်းသမီးနှင့်စုံဖက်၊ ယင်း နှစ်၌ပင် ကောလင်းမင်းသားကွယ်လွန်။

ကျပင်းမင်းသား – လင်ပန်းမိဖုရား၏သား၊ ဘွဲ့–သတိုးဗညားကျန်း၊



ပါတော်မူပြီးနောက် မိခင်နှင့်အတူ ရန်ကုန်၌နေထိုင်။

လင်းစုဖုရား–လင်ပန်းမိဖုရားမှ ၁၈၄၇ ခုနှစ်ဖွား၊ ၂၅ နိုဝင်ဘာ ၁၈၅၄ ခုနှစ်တွင် စလင်းမြို့စားရ၊ ၁၈၇၈ ခုနှစ် ဇူလိုင်လတွင် သီလရှင် ဝတ်ခဲ့ပြီး ၁၈၇၉ ခုနှစ် ဒီဇင်ဘာလ၌ သီလရှင်ဘဝဖြင့် ကံကုန်။

ညောင်ရမ်းမင်းသား – အမည်ရင်း မောင်မျိုးပုံ၊ တံတိုင်းရှည် (မြောက်ရွှေရေး ဆောင်) မိဖုရား၏သား၊ ၂၆ ဇွန် ၁၈၈၆ ခုနှစ်တွင် ကလကတ္တား၌ ကွယ်လွန်။

ညောင်အုပ်မင်းသား – အမည်ရင်း မောင်မျိုးယုံ၊ ဘွဲ့–သုသီရိဓမ္မရာဇာ၊ တံတိုင်းရှည် မိဖုရား၏သားငယ်။

တောင်ညိုမင်းသား –သက်ပန်းမိဖုရားမှဖွား၊ သီပေါမင်းနန်းတက်စ လုပ်ကြံ ခံရ။

တိုင်တားထိပ်ခေါင်တင် – သရစိမ်းမိဖုရား၏သမီး၊ ပါတော်မူပြီးနောက် မိခင်နှင့်အတူ ရန်ကုန်လိုက်နေခဲ့၊ ၁၁ ဇူလိုင် ၁၉၅၆ ခုနှစ်တွင် ကွယ်လွန်။

ထရံကာထိပ်ခေါင်တင် – ငန်းခွန်မိဖုရားမှ ၂၉ ဇန်နဝါရီ ၁၈၇၄ ခုနှစ်တွင် ဖွားမြင်၊ ၂၅ မတ် ၁၉၀၂ ခုနှစ်၌ ပျဉ်းမနားမင်းသားနှင့် စုံဖက် ခဲ့ပြီး ၂ ဇွန် ၁၉၆၃ ခုနှစ်၌ ကွယ်လွန်။

နောင်မွန်းထိပ်ခေါင်တင်– သရစိမ်းမိဖုရား၏သမီး၊ အသက်(၈၁)နှစ် အရွယ်၌ ကွယ်လွန်။

ခန်းကြီးစုဖုရား –လောင်းရှည်မိဖုရား၏သမီး၊ သီပေါမင်း၏အစ်မရင်း။

င်းထိပ်ခေါင်တင် –စားပွဲတောင်မိဖုရား၏သမီး၊ ၁၈၅၄ ခုနှစ် ဇွန်လတွင် သီရိသုကေသာဝတီဘွဲ့ရ၊ ၁၈၅၇ ခုနှစ် နိုဝင်ဘာလတွင် ပင်းမြို့စား အရာရ၊ ၁၈၈၂ ခုနှစ်၌ကွယ်လွန်။

ဉ်းမနားမင်းသား –ကြေးမြင်မိဖုရားမှ ၂၅ ဖေဖော်ဝါရီ ၁၈၇၂ ခုနှစ်တွင် ဖွားမြင်၊ ပါတော်မူစဉ် လူထွက်ပြီး အဖိုး ရေနံချောင်းဝန်ကြီးအိမ်၌ သွားနေ၊ သံတဲကျောင်း ဘုန်းကြီးကောလ်ဗတ်ထံ အင်္ဂလိပ်စာသင်၊ ၁၈၈၈ ခုနှစ်တွင် အိန္ဒိယသို့ ပညာတော်သင်သွားရောက်၊ ဒေရဒွန်း ဘုရင့် သစ်တောကောလိပ်မှ အောင်မြင်၍ သစ်တောဝန်ထောက် အဖြစ် အမှုထမ်း၊ ထို့နောက် ရဲဝန်ထောက်အဖြစ် အမှုထမ်းပြန်၊

www.burmeseclassic.com

www.burmeseclassic.com



၁၉၀၂ နှစ်တွင် ထရံကာထိပ်ခေါင်တင်နှင့်လက်ဆက်၊ ၁၉၀၇ ခုနှစ် မြန်မာပြည်ပြန်လာနေထိုင်၊ ၆ ဇွန် ၁၉၆၃ ခုနှစ်တွင်ကွယ်လွန်။

ပြင်စည်မင်းသား –မြောက်ဆောင်တော်(ပ)မှ ဖွားမြင်၊ ဘွဲ့–သတိုးမင်းရဲ၊ ၁၈၆၆ ခုနှစ် မြင်းကွန်းမြင်းခွန်တိုင်အရေး၌ ကွယ်လွန်။

ပြင်စည်မင်းသမီး – မကျေးမိဖုရားမှဖွားမြင်၊ ဘွဲ့–သုပဘာဝတီ။

မလွန်မင်းသား – အမည်ရင်း မောင်မျိုးရင်း၊ ဘွဲ့–သုသီရိမဟာဓမ္မရာဇာ၊ မြောက် ဆောင်တော်(ပ)မှ ဖွားမြင်၊ ၁၈၆၆ ခုနှစ်တွင်လုပ်ကြံခံရ။

မိုးလှိုင်မင်းသား – သက်ပန်းမိဖုရားမှဖွား၊ သီပေါမင်းနန်းတက်စတွင် လုပ်ကြံခံရ။

မက္ကရာမင်းသား –အမည်ရင်း မောင်မျိုးတူ၊ မြောက်ရွှေရေးဆောင်မိဖုရား နန္ဒာဒေဝီမှ ၁၄ ဇူလိုင် ၁၈၄၇ ခုနှစ်ဖွား၊ ၁၈၆၃ ခုနှစ်တွင် စားပွဲတောင်တိုက်စား မိဖုရားမင်းသမီး ပင်းမင်းသမီးနှင့်လက်ဆက်၊ သီပေါမင်းနန်းတက်စ ၁၆ ဖေဖော်ဝါရီ ၁၈၇၉ ခုနှစ်တွင်စီရင်ခံရ။

မင်းခင်းမင်းသမီး –မကျေးမိဖုရား၏သမီး၊ သီပေါမင်းလက်ထက်တွင် မိခင် မကျေးမိဖုရား၏ အကြီးတော်အိမ်မှ အခိုင်းအစေ မောင်တုနှင့် ဖောက်ပြန်သည်ဆိုကာ အကျဉ်းချထားခဲ့ပြီး ၂၆ ဧပြီ ၁၈၈၄ ခုနှစ်တွင် စီရင်အပြစ်ပေးခံရ။

မင်းတပ်ထိပ်ခေါင်တင်– ၁၈၆၅ ခုနှစ်ဖွား၊ ပါတော်မူပြီးနောက် ဆွေတော် မျိုးတော်များ အသင်း နာယက၊ ၅ ဇွန် ၁၉၆၆ ခုနှစ် အသက် ၁၀၁ နှစ်အရွယ် တွင် ကွယ်လွန်။

မိုင်းနောင်စုမိဖုရားကြီး –အလယ်နန်း ဆင်ဖြူမရှင်မိဖုရားမှ ၂၆ ဖေဖော်ဝါရီ ၁၈၅၄ ခုနှစ် ဖွားမြင်၊ စာပေကျွမ်းဂန် တတ်မြောက်ကျွမ်းကျင်သူ ဖြစ်ပြီး ၂၅ နိုဝင်ဘာ ၁၈၉၈ ခုနှစ်တွင် မင်းကွန်း၌ သီလရှင်ဘဝဖြင့် ကွယ်လွန်။

မိုင်းလုံထိပ်ခေါင်တင်– သရစိမ်းမိဖုရား၏သမီး၊ ကောလင်းမင်းသား၏ဇနီး ဖြစ်ပြီး ၁၈၉၈ ခုနှစ်၌ ကွယ်လွန်။

မြတောင်စုဖုရား – အလယ်နန်း ဆင်ဖြူမရှင်မိဖုရား၏ သမီး၊ သီပေါမင်း၏ မိဖုရားခေါင် ဖြစ်လာ။



မြင်းကွန်းမင်းသား –အမည်ရင်း မောင်မျိုးအေး၊ ဘွဲ့–သီရိဓမ္မရာဇာ၊ (ပ) ရွှေရေးဆောင်မိဖုရားမှ ၁၇ဖေဖော်ဝါရီ ၁၈၄၄ ခုနှစ်တွင် ဖွားမြင်၊ ၅ ဇူလိုင် ၁၈၆၄ခုနှစ်တွင် ကနောင်မင်းသားကြီး၏သမီး တောင်ညို မင်းသမီး နှင့်လက်ဆက်၊ ၂၃ စက်တင်ဘာ ၁၉၂၁ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဆေးရုံမြို့၌ကွယ်လွန်။

မြင်းခုန်တိုင်မင်းသား–အမည်ရင်း မောင်မျိုးထင်၊ ဘွဲ့–သတိုးမင်းလှဇေယသူ၊ (ပ) ရွှေရေးဆောင် မိဖုရား၏သား၊ မြင်ကွန်းမင်းသား၏ညီရင်း။

မြောင်လှမင်းသမီး –ကျောက်တလုံးမိဖုရားမှ ၁၈၆၄ ခုနှစ် စက်တင်ဘာ လတွင်ဖွားမြင်၊ သီလရှင်ဝတ်နေစဉ် ၁၉၂၀ ခုနှစ် မတ်လတွင် တုပ်ကွေးရောဂါဖြင့် ကံကုန်။

ရနောင်မင်းသား –လင်ပန်းမိဖုရား၏သား၊ ဘွဲ့–သတိုးဗညားဒေါ၊ ကြံညှပ် ထိပ်ခေါင်တင်နှင့် စုံဖက်ခဲ့၊ သီပေါမင်းနန်းတက်စတွင် ကြင်ယာ တော်နှင့်အတူ စီရင်ခံရ။

ရမည်းသင်းစုဖုရား– အလယ်နန်း ဆင်ဖြူမရှင်မိဖုရား၏သမီး၊ ၁၈၆၂ ခုနှစ်တွင် မန္တလေးမြို့၌ ဖွားမြင်၊ စုဖုရားလတ်၏ ညီမရင်းဖြစ်ပြီး သီပေါမင်းက ပါတော်မူခါနီးတွင် လက်ဆက်ခဲ့၊ ၂၅ ဇန်နဝါရီ ၁၉၁၂ ခုနှစ်တွင် ရတနာဂီရိ၌ ကွယ်လွန်။

ရွှေကူမင်းသား – သက်ပန်းမိဖုရားမှဖွား၊ သီပေါမင်းနန်းတက်စတွင် လုပ်ကြံခံရ။

လယ်ကိုင်းမင်းသား–မကျေးမိဖုရား၏သား၊ မင်းခင်းမင်းသမီး၏အစ်ကို၊ ၉ ဖေဖော်ဝါရီ ၁၈၅၈ ခုနှစ်တွင် ကွယ်လွန်။

သီပေါမင်းသား–လောင်းရှည်မိဖုရား၏သား၊ ၁၈၇၉ ခုနှစ်တွင် ကုန်းဘောင် မင်းဆက်၏ နောက်ဆုံးဘုရင်ဖြစ်လာ။

သုံးဆယ်မင်းသား –အမည်ရင်း မောင်မျိုးထွေး၊ ခုနစ်ရွာတိုက်စား မိဖုရားမှ ၁၅ ဇွန် ၁၈၆၂ ခုနှစ်တွင်ဖွားမြင်၊ ဘွဲ့–မဟာသုသီရိဓမ္မရာဇာ၊ ကနောင်မင်းသားကြီး၏သမီး ရန်အောင်မြင်မင်းသမီးနှင့် လက် ဆက်ခဲ့ပြီး ၁၆ ဖေဖော်ဝါရီ ၁၈၇၉ ခုနှစ်တွင် လုပ်ကြံစီရင်ခံရ။

www.burmeseclassic.com

www.burmeseclassic.com



## ထီးနန်းအရိုက်အရာ

မင်းတုန်းမင်းသည် မိမိနှင့်အတူ ရွှေဘိုမြို့သို့ထွက်ခွာ၍ နောင်တော် ပုဂံမင်းထံမှ ထီးနန်းပြန်လည်သိမ်းပိုက်ရာ၌ စွမ်းစွမ်းတမံ ပါဝင်ခဲ့သူ ညီ ကနောင်မင်းသားအား ၁၇ ဖေဖော်ဝါရီ ၁၈၅၃ ခုနှစ် နန်းတက်သောနေ့၌ပင် အိမ်ရှေ့နန်းလျာအဖြစ် ခန့်အပ်ခဲ့၏။

ကနောင်မင်းသား၏ အမည်ရင်းမှာ ဦးကောက်ဖြစ်ပြီး ၅ စက်တင်ဘာ ၁၈၁၉ ခုနှစ်တွင် သာယာဝတီမင်းနှင့် ကျောက်မော်မိဖုရားတို့မှ ဖွားမြင်ခဲ့သည်။ အိမ်ရှေ့ဥပရာဇာရာထူး ရရှိပြီးနောက် သာယာဝတီမင်းနှင့် အနောက်နန်းမိဖုရား မမြကလေးတို့မှ ဖွားမြင်သူ လှိုင်ထိပ်ခေါင်တင်နှင့် စုံဖက်ခဲ့သည်။ ကနောင်မင်းသားကြီးသည် မြန်မာနိုင်ငံကို ခေတ်မီ တိုးတက်သော နိုင်ငံတော်အဖြစ် တည်ထောင်ရန် ကြိုးပမ်းနေစဉ်အတွင်း ၂ ဩဂုတ် ၁၈၆၆ ခုနှစ်တွင် မြင်းကွန်းမင်းသားအုပ်စု၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရ၏။

ကနောင်မင်းသားကြီး၏ ထင်ရှားသော အိမ်ရှေ့မိဖုရား ကိုယ်လုပ်တော်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေး၊ ရှင်၊ မြောက်နန်းတော်
ခင်ကောက်ကြီး၊ ကျောက်ဆည်သခင်
ခင်ခင်ကြီး
ခင်စော
ခင်ညှာ
ခင်ပု
ခင်ပွင့်
ခင်ဖူး၊ ဥယျာဉ်တော်သခင်
ခင်ဖဲ
ခင်ဖွား၊ ရွှေလုံ
ခင်မြင့်၊ ဆောင်ရသခင်ကြီး
ခင်သဲအူ
ခင်အေး



ခင်အစ်
ရှမ်း၊ သခင်
ဥ၊ သခင်၊ ညောင်ဇင်၊ ညောင်ဇင်မြင်းခေါင်းသမီး

သားသမီးများအနက် ထင်ရှားသူများမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

ကောင်းတုံမင်းသမီး
ကျွန်းညွန့်မင်းသား မောင်မြကြိုင်
ကြေးမြင့်မင်းသား ကိုသက်
စမွယ်နဂိုရ်မင်းသမီး
ဆားလင်းကြီးမင်းသမီး
ဆောက်တောင်းမင်းသား မောင်စစ်အောင်
ညောင်ဇင်ထိပ်ခေါင် တင်ထွဋ်
တောင်ဆင်မင်းသား မောင်မြင့်
တောင်ညိုမင်းသမီး
တိုင်းတားမင်းသား
ထိန်းသာထိပ်ခေါင်တင်
ပတိမ်းမင်းသား
မင်းပြင်ထိပ်ခေါင်တင်
မြင်းမှုထိပ်ခေါင်တင်
မြင်းဝမ်းပိုက်မင်းသား မောင်စစ်နိုင်
ရနောင်မင်းသမီး
ရန်အောင်မြင် မင်းသမီး
လင်းပင်မင်းသား

## စစ်ပြေငြိမ်းရေး

မင်းတုန်းနှင့် ကနောင်မင်းသားများသည် ၁၇ ဒီဇင်ဘာ ၁၈၅၂ ခုနှစ်တွင် ရွှေဘိုသို့ ထွက်ခွာကာ လူသူစုရုံး၍ ပုဂံမင်းအား တော်လှန်ပုန်ကန်ခဲ့၏။ ၁၇ ဖေဖော်ဝါရီ ၁၈၅၃ ခုနှစ်တွင် မင်းတုန်းမင်းသားသက်က

www.burmeseclassic.com

www.burmeseclassic.com



အနိုင်ရရှိကာ မင်းတုန်းမင်းနန်းတက်လာ၏။ မင်းတုန်းမင်းသည် နန်းရသည်နှင့် အင်္ဂလိပ်နှင့် ဖြစ်ပွားလျက်ရှိသည့် စစ်ပွဲကို အပြီးသတ်နိုင်ရန် ကြိုးပမ်းတော့၏။ ၂၂ မတ် ၁၈၅၃ ခုနှစ်တွင် ကျောက်မော်ဝန်ကြီး ဦးကြာဥကို ပြည်မြို့သို့စေလွှတ်ပြီး မတ်လ (၃၁)ရက်နေ့၌ လင်းဘတ်၊ ဂေါ်ဒွင်ဖယ်ရာ (Arthur Phayre)တို့နှင့် တွေ့ဆုံစေခဲ့သည်။

ဗြိတိသျှတို့သည် မြေထဲမြို့မြောက်ဘက် ၆ မိုင်ကွာထိ သိမ်းပိုက်ထားရှိပြီး ဝန်ကြီး ဦးကြာဥအား စစ်ပြေငြိမ်းရေးစာချုပ်ကို သဘောတူညီကြောင်း လက်မှတ်ရေးထိုးစေရာ ဝန်ကြီးက ငြင်းဆန်ခဲ့၏။ အိန္ဒိယဘုရင်ခံချုပ် ဒါလဟိုဇီသည် အကယ်၍ မြန်မာဘုရင်က မြေထဲမြို့အထက်အထိ မယူဘဲ ပြည်မြို့အထိသာ သိမ်းပိုက်ခြင်းကို သဘောတူညီကြောင်း လက်မှတ်ရေးထိုးပေးလျှင်လည်း လက်ခံရန် ဗြိတိသျှအရာရှိတို့အား မှာကြားခဲ့ပြီးဖြစ်သည်။ သို့သော် မြန်မာဘုရင်သည် အင်္ဂလိပ်တို့ နယ်မြေလုယူခြင်းကို အသိအမှတ်မပြုသော်လည်း တရားဝင် ကန့်ကွက်ခြင်းမရှိသဖြင့် စစ်ပြေငြိမ်းသွားခဲ့သည်။

## ဗြိတိသျှသံအဖွဲ့

၂၀ စက်တင်ဘာ ၁၈၅၄ ခုနှစ်တွင် နန်းမတော်ဝန် ဦးပသီဦးဆောင်သော သံအဖွဲ့ က သိမ်းယူထားသောနယ်မြေများ ပြန်လည်ပေးအပ်ရန် အိန္ဒိယနိုင်ငံရှိ ဘုရင်ခံချုပ်ထံ သွားရောက်တောင်းဆိုခဲ့သည်။ ၂၆ ဇန်နဝါရီ ၁၈၅၅ ခုနှစ်တွင် ဘုရင်ခံချုပ် ဒါလဟိုဇီက နေမင်းထွန်းပနေသ၍ ဤနယ်မြေများကို ပြန်လည်ပေးအပ်မည်မဟုတ်ကြောင်း ပြန်ကြားခဲ့သဖြင့် မြန်မာသံအဖွဲ့ပြန်လာရာ ၁၄ ဖေဖော်ဝါရီ ၁၈၅၅ ခုနှစ်တွင် ရောက်ရှိကြ၏။ ဗြိတိသျှတို့ဘက်မှလည်း မြန်မာနိုင်ငံနှင့်ပတ်သက်၍ အခြေအနေအရပ်ရပ်ကို လေ့လာရန် သံအဖွဲ့ကို စေလွှတ်ရာ ၁ စက်တင်ဘာ ၁၈၅၅ ခုနှစ်တွင် အမရပူရသို့ ရောက်ရှိလာသည်။

ဗြိတိသျှသံအဖွဲ့ကို အာသာဖယ်ရာ (Arthur Phayre)က ဦးဆောင်ကာ အောက်ပါပုဂ္ဂိုလ်များ လိုက်ပါခဲ့ကြသည်။

Coleswothy Grant - ပန်းချီဆရာ



Grant Allan - ဗိုလ်မှူး၊ စစ်ရေးစစ်ရာနှင့် ခရီးစဉ်မှတ်

Henry Yule - ကပ္ပတိန်၊ မြန်မာခံတပ်ကို အကဲဖြတ်ရန်

John Forsyth - ရာသီဥတုနှင့် သဘာဝထွက်ကုန် စုံစမ်းရန်

Linaeus Tripe - ဓာတ်ပုံဆရာ

Rennie - ကပ္ပတိန်၊ ဖြစ်စဉ်အပြောင်းအလဲကို ၁၈၂၆ ခုနှစ် အခြေအနေနှင့် ယှဉ်နှိုင်းတင်ပြရန်

T. Oldham - ဘူမိဗေဒပညာရှင်

၁၃ စက်တင်ဘာ ၁၈၅၅ ခုနှစ်တွင် မင်းတုန်းမင်းနှင့် ဖယ်ရာတို့ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ကြ၏။ ဖယ်ရာနှင့်သံအဖွဲ့ဝင်များသည် လွှတ်တော်ဝန်ကြီးများနှင့်ပါ တွေ့ဆုံကာ စာချုပ်လက်မှတ်ထိုးနိုင်ရန် ကြိုးပမ်းခဲ့ကြ၏။ ၁၅ အောက်တိုဘာ ၁၈၅၅ ခုနှစ်တွင် မကွေး မင်းကြီးက စက္ကူစာလဲလှယ်ပြီးဖြစ်၍ စာချုပ်လက်မှတ်ထိုးရန် မလိုတော့ကြောင်း ပြောကြားခဲ့သည်။ ၂၂ အောက်တိုဘာ ၁၈၅၅ ခုနှစ်တွင် သံအဖွဲ့ ပြန်လည်ထွက်ခွာသွား၏။

## မန္တလေး

မင်းတုန်းမင်းသည် မန္တလေးမြို့သစ်တည်ရန်အမိန့်ကို ၂၉ ဒီဇင်ဘာ ၁၈၅၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။ ၁ ဖေဖော်ဝါရီ ၁၈၅၇ ခုနှစ်တွင် မြို့နေရာ၌ တောခုတ်ရှင်းလင်း၍ ဖေဖော်ဝါရီ (၁၃)ရက်နေ့တွင် နန်းနှင့်ကျုံးတို့ကို ပန္နက်ရိုက်ခဲ့၏။ ၂၇ နိုဝင်ဘာ ၁၈၅၇ ခုနှစ် တွင် နန်းမြို့ပန္နက်ချခဲ့၏။ မြို့သစ်တည်ရာ၌ ဗားကရာဆရာတော်၊ မိုးထိဆရာတော် စသည့် ဆရာတော်ကြီးများက ကန့်ကွက်ခဲ့ကြသည်။ အမရပူရတွင် ဆက်လက်စံနေပါလျှင် သတ္တဝါအများ ချမ်းသာကြလိမ့်မည်ထင်ကြောင်း အကြောင်းပြခဲ့ကြ၏။ လူပုဂ္ဂိုလ်များထဲမှ ထင်ရှားသော ကန့်ကွက်သူမှာ အဝေးကျိုဝန် ဆီမီးခုံရွာစား ဖြစ်၏။

နန်းမြို့တော်တွင် ၁ မိုင် ၂ ဖာလုံအကျယ် စတုရန်းပုံမြို့ရိုးရှိပြီး တံခါးပေါက် (၁၂) ရပ် ထားရှိ၏။ ယင်းတံခါးများမှာ–

www.burmeseclassic.com

www.burmeseclassic.com



| အရှေ့ | အနောက် | တောင် | မြောက် |
|---|---|---|---|
| လွန်ကဲ | ထင်ရှား | ကျွန်းလုံးယူ | မန်းဦး |
| ဦးထိပ် | စည်ရှည် | ကျော်မိုး | လေးသိန်း |
| သောင်းညွှတ် | ကြေးမုံ | ရန်နှည် | စည်သာ |

တို့ ဖြစ်ကြသည်။ မင်းတုန်းမင်းသည် ၁၆ ဇူလိုင် ၁၈၅၈ ခုနှစ်တွင် နန်းတော်အား "မြနန်းစံကျော်"၊ နန်းမြို့အား "လေးကျွန်းအောင်မြေ"၊ မြို့တော်အား "ရတနာပုံမ်"ဟု အမည်ပေးခဲ့၏။

## သီဟိုဠ်စွယ်တော်

၁၈၅၉ ခုနှစ် ဆန်းစကာလတွင် သီဟိုကျွန်း ကဏ္ဍတိက္ကမြို့မှ ရဟန်းတော်များဖြစ်ကြသော ရှင်ဓမ္မက္ခန္ဓနှင့် ရှင်ဓဏ္ဍာယတနတို့ သိမ်အယူဝါဒကွဲပြားမှုနှင့် ပတ်သက်၍ မန္တလေးသို့ လာရောက်လျှောက်ထား အဆုံးအဖြတ်ခံယူခဲ့ကြသည်။ ဆရာတော်များအပြန်တွင် အဆောင်တော်မြဲ ဦးကျီး၊ ဥပုသ်တော် ဦးမြမွေး၊ အဆောင်တော်မြဲဝန် ဦးအောင်ထွန်းတို့ကို လက်ဆောင်ပဏ္ဏာ၊ လျှုဒါန်းဖွယ်ရာတို့ဖြင့် သီဟိုဠ်သို့ လိုက်ပါစေခဲ့သည်။ သီဟိုဠ်တွင် ထေရ်ကြီးဝါကြီး ရဟန်းတို့အား ဝင်ရောက်ဖူးမျှော်ကြသောအခါ မင်းတုန်းမင်းအတွက် စွယ်တော်တစ်ဆူ၊ ဗောဓိပင်နှင့် ဗောဓိဒက္ခိဏာသာခါဘုရားတို့ကို ပေးအပ်ချီးမြှင့်လေသည်။

အဆောင်တော်မြဲ ဦးကျီးနှင့်အဖွဲ့သည် ၁၈၅၉ ခုနှစ် ဇွန်လတွင် ပုသိမ်ဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိလာရာ ပုသိမ်အကောက်ဝန် ဦးရာက နေပြည်တော်သို့ သတင်းပို့ပေးခဲ့၏။ မလွန်သို့ရောက်ရှိသောအခါ စွယ်တော်မြတ်အား မလွန်၌ရောက်ရှိနေသည့် ရေနံချောင်းအတွင်းဝန်က ကြီးကြပ်ပင့်ဆောင်ပါသည်။ လမ်းခရီးတစ်လျှောက် ဖူးမျှော်ပူဇော်စေပြီးမှ ပင့်ဆောင်ခဲ့ကြရာ ၁၄ ဇွန် ၁၈၅၉ ခုနှစ်တွင် ဗဟိုစင်နောက်ဘက် စွယ်တော်ကျောင်းသို့ ရောက်ရှိခဲ့ ၏။ ၃ ဒီဇင်ဘာ ၁၈၆၀ ခုနှစ်တွင် ဗောဓိပင်စိုက် အခမ်းအနားဆင်ယင်ကျင်းပသည်။ ယင်းအခမ်းအနားသို့ မင်းတုန်းမင်းကိုယ်တိုင် တက်ရောက်ခဲ့ပြီး တိုင်တားဝန်ကြီး ဦးကြီးက ကြီးကြပ်လုပ်ဆောင်ခဲ့ရသည်။ မင်းမိဖုရားနှင့် သားတော်၊ သမီးတော်များသည် ဗောဓိပင်ကို ဗောဓိကုန်းရပ်သို့ ပင့်ဆောင်စိုက်ပျိုးခဲ့ကြလေသည်။



## အင်္ဂလိပ်မြန်မာစာချုပ်

၇ အောက်တိုဘာ ၁၈၆၂ ခုနှစ်တွင် ဖယ်ရာ၏သံအဖွဲ့ မန္တလေးသို့ ရောက်ရှိခဲ့သည်။ ယင်းသံအဖွဲ့တွင်-

အာသာဖယ်ရာ (Authur Phayre)

နယူးမတ် (Newmarch)

အကောက်ဝန်အက်ဒွပ် (R.S Edwards)

ခရစ်ယာန်ဘုန်းတော်ကြီး ဘီဂန်ဒေ( Bishop Bigandet) စသူတို့ပါဝင်ကြ၏။

မင်းတုန်းမင်းသည် ၁၆ အောက်တိုဘာ ၁၈၆၂ ခုနှစ်တွင် သံအဖွဲ့အား လက်ခံတွေ့ဆုံခဲ့သည်။ ဖယ်ရာသည် မင်းတုန်းမင်းအတွက် တူမီးသေနတ်တစ်လက်ကို အသုံးပြုပုံ ပုံနှိပ်စာနှင့်တကွ ယူဆောင်ကာ လက်ဆောင်အဖြစ် ပေးအပ်ခဲ့၏။ ထို့ပြင် မကွေးမင်းကြီး ဦးကြာဥအတွက် အထူးလက်ဆောင်အဖြစ် သံလိုက်အိမ်မြှောင်လည်း ပါရှိလေသည်။ ၁၀ နိုဝင်ဘာ ၁၈၆၂ ခုနှစ်တွင် အင်္ဂလိပ်မြန်မာစာချုပ်ချုပ်ဆိုရန် မင်းတုန်းမင်းက မကွေးမင်းကြီးဦးကြာဥအား အခွင့်အာဏာပေးအပ်ခဲ့သည်။ သို့ဖြင့် အချက် (၉)ချက်ပါသော သဘောတူညီ ချက်စာချုပ်ကို ချုပ်ဆိုခဲ့သည်။ စာချုပ်ပါ အချက်အလက်များမှာ-

၁။ မဟာမိတ်အဖြစ် အစွန့်ရှည်စွာဆက်ဆံရန်

၂။ ဗြိတိသျှနယ်အတွင်းရှိ မြန်မာများကို စောင့်ရှောက်ကာကွယ်ရန်

၃။ မြန်မာနယ်အတွင်း ရောက်ရှိနေသော ဗြိတိသျှလူမျိုးများကို အလားတူ စောင့်ရှောက် ကာကွယ်ရန်

၄။ ရန်ကုန်ဆိပ်ကမ်းရောက် သွင်းကုန်အပေါ် ၁ ရာခိုင်နှုန်းသာ အခွန်ငွေကောက်ခံရန်

၅။ မြန်မာဘက်မှလည်း အလားတူဆောင်ရွက်ရန်

၆။ ဗြိတိသျှပိုင်နက်အတွင်း မြန်မာများအား လွတ်လပ်စွာ ခရီးသွားခွင့်၊ ကုန်ဝယ်ခွင့်နှင့် ကုန်ရောင်းရန်ဆောက်လုပ်ခွင့် ပေးရန်

၇။ မြန်မာဘက်မှလည်း အလားတူဆောင်ရွက်ရန်

၈။ စာချုပ်သက်တမ်း ၁ နှစ်အကြာတွင် အခွန်ကောက်ခံမှုကို ပြန်လည်ဆန်းစစ်ရန်

www.burmeseclassic.com

www.burmeseclassic.com



၉။ နှစ်ဦးနှစ်ဖက်အနေဖြင့် မည်သည့်နိုင်ငံသားမဆို လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုကြရန်

တို့ဖြစ်၏။ ဖယ်ရာ၏သံအဖွဲ့သည် ၁၄ နိုဝင်ဘာ ၁၈၆၂ ခုနှစ်တွင် ပြန်လည်ထွက်ခွာခဲ့၏။

## ဒင်္ဂါးသွန်းစက်ရုံ

မင်းတုန်းမင်းသည် ဒင်္ဂါးသွန်းစက်ရုံကို ၁၈၆၅ ခုနှစ် နိုဝင်ဘာလအတွင်း ပြီးစီးအောင် လုပ်ဆောင်စေခဲ့၏။ ဒင်္ဂါးသွန်းစက်ကို ဗြိတိသျှကုန်သည် ဝီလျံဝါလစ်မှတစ်ဆင့် ပြင်သစ်တို့ထံမှ ဝယ်ယူခဲ့သည်။ ၁၁ နိုဝင်ဘာ ၁၈၆၅ ခုနှစ်တွင် ဒင်္ဂါးများ စတင်သွန်းခတ်ပါသည်။ ဒေါင်းတံဆိပ် ကျပ်သုံးဒင်္ဂါးကို မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်ဟု ခတ်နှိပ်ထားလေသည်။ စက်ရုံ၏ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကို နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်မပါဘဲ မြန်မာလူမျိုးများဖြင့်သာ စီမံဆောင်ရွက်ခဲ့၏။

ဒင်္ဂါးသွန်းစက်ရုံသည် ၁၈၇၀ ခုနှစ်ခန့်တွင် ပုံမှန်လည်ပတ်မှုရှိနေပြီဖြစ်သည်။ ၁၈၇၃ ခုနှစ် မေလအတွင်း ကာနယ်ဘရောင်းနှင့်အဖွဲ့ မန္တလေးသို့ရောက်ရှိခဲ့ရာ ဒင်္ဂါးသွန်းစက်ရုံကိုလည်း ဝင်ရောက်လေ့လာခဲ့ကြ၏။ ၎င်းတို့၏မှတ်တမ်းအရ ထိုစဉ်က တစ်နေ့လျှင် ဒင်္ဂါး ကျပ် ၁ သောင်းမှ ၁ သောင်းခွဲခန့်အထိ ထုတ်လုပ်လျက်ရှိသည် ဆိုပါသည်။ မင်းတုန်းမင်းသည် တစ်ကျပ်သုံး ဒေါင်းဒင်္ဂါးကို အိန္ဒိယနိုင်ငံသုံးဒင်္ဂါးနှင့် အလေးချိန် အရည်အသွေးတူ ဖြစ်စေရန် ထုတ်လုပ်စီမံခဲ့၏။ ယင်းသို့ စီစဉ်ဆောင်ရွက်ခြင်းမှာ ဗြိတိသျှမြန်မာနိုင်ငံနှင့် ကုန်သွယ်ရေး အဆင်ပြေချောမွေ့စေရန် ဖြစ်ဟန်တူပါသည်။

## မြင်ကွန်းမြင်းခုန်တိုင်အရေး

မြင်ကွန်းနှင့်မြင်းခုန်တိုင်မင်းသားများသည် မင်းတုန်းမင်း၏ ပထမ ရွှေရေးဆောင် မိဖုရားမှ ဖွားမြင်ကြသူများဖြစ်၏။ မြင်ကွန်းမင်းသားသည် အရည်အချင်းထက်မြက်သူဖြစ်ပြီး ဖခင် မင်းတုန်းမင်း၏ ထီးနန်းအရိုက်အရာကိုလည်း ခံယူလိုသူဖြစ်သည်။ သို့သော် အိမ်ရှေ့မင်းသားရာထူးကို



ဖခင်၏ညီဖြစ်သူ ကနောင်မင်းသားကြီးက ရယူထားပြီးဖြစ်ရာ ကနောင်မင်းသား နန်းရပါက သူ၏သားများဖြစ်သော ပတိမ်းမင်းသားနှင့် ထန်းတပင်မင်းသားများကိုသာ အိမ်ရှေ့ရာထူး ခန့်အပ်လိမ့်မည်ဟု ကြိုတင်တွက်ဆမိလေသည်။ သို့ဖြင့် ကနောင်မင်းသားအား လုပ်ကြံအောင်မြင်နိုင်မည့်အချိန်ကို ဗေဒင်ပညာရှင် ဦးပုညအား တွက်ချက်လျှောက်ထားစေခဲ့၏။

၂ ဩဂုတ် ၁၈၆၆ ခုနှစ်တွင် နန်းမြေဘုံသာ စံနန်းတော်အနီးတဲကြီးထဲတွင်ရှိနေသည့် ကနောင်မင်းသားထံသို့ မြင်ကွန်းမြင်းခုန်တိုင် ညီအစ်ကိုတို့ ရန်ဖြစ်လာဟန်ဖြင့် ပြေးလွှား ဝင်ရောက်ခဲ့သည်။ အခြေအနေရုတ်ရုတ်သဲသဲဖြစ်နေစဉ် မြင်ကွန်းမင်းသား၏လူယုံ ငဖြူသီးက ကနောင်မင်းသားကို ဓားဖြင့်ခုတ်သတ်လိုက်၏။ မြတောင်ဝန်ကြီး ဦးမှိုလည်း ကျဆုံးသွားပြီး လောင်းရှည်ဝန်ကြီး ဦးမောင်ကလေး၊ မြေဒူးမြို့စား လယ်ဝန်သံတော်ဆင့်၊ ခေါ်သန္တိ မြို့အုပ်တို့ ဒဏ်ရာပြင်းထန်စွာ ရရှိကြသည်။

မြင်ကွန်းညီအစ်ကိုသည် မင်းတုန်းမင်းအား ထပ်မံလုပ်ကြံရန်သွားရောက်သောအခါ မင်းတုန်းမင်းနှင့် ရုပ်ချင်းဆင်တူသူ စားတော်ဝန်ဦးခဲအား ထီးမိုးစေ၍ အရှေ့တံခါးမှဝင်စေခဲ့၏။ မင်းတုန်းမင်းကိုယ်တိုင်မှာမူ သားတော်မက္ခရာမင်းသား၏ အစီအစဉ်ဖြင့် မြောက်တံခါးမှ မြင်းစီးဝင်ရောက်ခဲ့လေရာ အသက်ဘေးမှ လွတ်မြောက်ခဲ့ရသည်။ မြင်ကွန်းမင်းသား၏ အုပ်စုသည် အိမ်ရှေ့စံကနောင်မင်းသားတပ်မှ မြောက်ထားဝယ်ဗိုလ်မောင်မာတို့ အုပ်စုနှင့် တိုက်ပွဲငယ်တစ်ခု ဖြစ်ပွားခဲ့ပြီး အရေးနိမ့်ကာ ထွက်ခွာသွားကြသည်။ ထို့နောက် လူသူ ပြန်လည် စုရုံးလျက် အနောက်တံခါးသို့ လာရောက်တိုက်ခိုက်ပြန်သဖြင့် သံတော်ဆင့်ဦးယံနှင့် တောင်ထားဝယ်ဗိုလ် မဟာမင်းခေါင်နော်ရထာတို့ ခုခံတိုက်ခိုက်ကြသည်။ မကြာမီ မြင်ကွန်း အုပ်စု ဖရိုဖရဲဖြစ်သွားကာ ရန်နည်တံခါးမှ မြို့ပြင်သို့ထွက်ပြေးသွားကြ၏။

မြင်ကွန်းမင်းသားနှင့်အဖွဲ့သည် ဧရာဝတီမြစ်ဆိပ်၌ ဆိုက်ထားသည့် ရေနန်းစကြာ မီးသင်္ဘောဖြင့် စုန်ဆင်းခဲ့ကြသည်။ ၆ ဩဂုတ် ၁၈၆၆ ခုနှစ်တွင် မြင်ကွန်းမင်းသားအုပ်စုမှ အကြီးအကဲဖြစ်သူ မင်းသား၏ ဦးရှိုးတော် ဆင်ဝန်ဦးရွှေအို၊ သူရဲစာရေးဟောင်းဦးကြီးတို့ကို မက္ခရာနယ်၌ မြို့သူကြီးက ဖမ်းဆီးရမိ၏။ ၁၃ ဩဂုတ် ၁၈၆၆ ခုနှစ်တွင် ဗေဒင်ပညာဖြင့်

www.burmeseclassic.com



တွက်ချက်အကြံဉာဏ်ပေးခဲ့သူ ဦးပုညကို ဣသိနာရုံကျောင်းတိုက်အတွင်း ဖမ်းဆီးမိကာ မြို့ဝန်ဦးသာအိုထံ အပ်နှံထားလိုက်၏။ မြင်ကွန်းမင်းသားနှင့် အုပ်စုမှာမူ သဘော်ဖြင့် မြစ်ကြောင်းတစ်လျှောက် စုန်ဆင်းသွားရာ ၁၉ စက်တင်ဘာ ၁၈၆၆ ခုနှစ်တွင် ရေနံချောင်း မြို့စားမြစ်စဉ် အတွင်းဝန်၏တပ် လိုက်လံနှိမ်နင်းစဉ် ဗြိတိသျှပိုင်နက်တွင်းသို့ ဝင်ရောက်သွားခဲ့သည်။

## ပတိမ်းမင်းသားပုန်ကန်မှု

ပတိမ်းမင်းသားသည် အိမ်ရှေ့စံကနောင်မင်းသားနှင့် သာယာကုန်းသခင် ရှင်ကျေးတို့မှ ဖွားမြင်သူဖြစ်၏။ မြင်းကွန်းမင်းသားနှင့်အဖွဲ့ ကနောင်မင်းသားအား ဝင်ရောက်လုပ်ကြံစဉ်က ပတိမ်းမင်းသားမှာ မထင်မရှားထွက်ပြေး လွတ်မြောက်သွားခဲ့သည်။ ပတိမ်းမင်းသားသည် ဦးရှီးတော်စားတော်ကွမ်း ရေကိုင် ဦးပေတလူနှင့်အတူ လက်နက်စက်ရုံသို့ သွားရောက်ကာ လက်နက်လူသူစုရုံးလျှက် ညီဖြစ်သူ ကြေးမြင့်၊ တိုင်တားနှင့် တောင်ဆင်းမင်းသားများနောက်သို့ လိုက်ပါသွားသည်။ မင်းသားများနှင့် မတ္တရာတွင် တွေ့ဆုံခဲ့ပြီးနောက် ရွှေဘိုသို့ချီတက်ခဲ့ကြ၏။

ရွှေဘိုတွင် အင်အားဖြည့်စည်း၍ ၆ ဩဂုတ် ၁၈၆၆ ခုနှစ်တွင် ဒီပဲယင်းမြို့ဝန် ဦးမှန်း၊ ပဉ္စာလမြို့ဝန် ဦးအောင်မြတ်တို့ ဦးစီးလျှက် နေပြည်တော်သို့ ချီတက်ခဲ့သည်။ ထိုစဉ်အတွင်း တောင်တွင်းကြီးနယ်မှ သွေးသောက်ကြီးဗိုလ်သောနှင့် သားဗိုလ်ထိုက်တို့ကလည်း မိမိတို့မြို့၏ မြို့စား ကနောင်မင်းသားကြီးအား မင်းတုန်းမင်းက လုပ်ကြံလိုက်သည်ထင်၍ နေပြည်တော်သို့ အင်အားသုံးထောင်ခန့်ဖြင့် ချီတက်ခဲ့ကြ၏။ ပလိပ်မြို့၌ နေပြည်တော်မှတပ်များနှင့် တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားကြသည်။ မင်းတုန်းမင်းသည် တူဖြစ်သူ ပတိမ်းမင်းသားအား မိမိ၏သမီး ကန္နီမင်းသမီးနှင့် ထိမ်းမြားလက်ထပ်ခဲ့ပြီးဖြစ်သဖြင့် ပတိမ်းမင်းသား၏ ပုန်ကန်မှုကို သတိကြီးစွာထား၍ ဖြေရှင်းခဲ့ရ၏။

ဦးစွာ မောင်းထောင်ဆရာတော်၊ စလင်းဆရာတော်တို့ကို ရွှေဘိုရှိ မင်းသားထံကြွရောက်စေကာ အပြစ်မှခွင့်လွှတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့၏။ ဆရာတော်များက ၈ ဩဂုတ် ၁၈၆၆ ခုနှစ်တွင် မင်းသားများနှင့်



တွေ့ဆုံကြသည်။ မင်းသားများက ညှိနှိုင်းမှုကို လက်မခံသဖြင့် ဆရာတော်များ နေပြည်တော်သို့ ပြန်ကြွသွားရ၏။ နောက်သုံးရက်အကြာတွင် အိမ်ရှေ့အတွင်းဝန် ဦးသင်၊ အိမ်ရှေ့ သံတော်ဆင့် ဦးဘိုးမောင်၊ ပဉ္စာလမြို့ဝန် ဦးအောင်မြတ်၏နမ အိမ်ရှေ့ကိုယ်လုပ်တော် ခင်သိုက်တို့ကို ရွှေဘိုသို့စေလွှတ်ကာ ညှိနှိုင်းခေါ်ယူစေပြန်၏။ ပတိမ်းမင်းသားသည် ဆက်လက်ငြင်းဆန်မြဲဖြစ်၏။

ဤသို့ဖြင့် မင်းတုန်းမင်းသည် ၃ အောက်တိုဘာ ၁၈၆၆ ခုနှစ်တွင် ပတိမ်းမင်းသား ပုန်ကန်မှုကို အင်အားသုံး နှိမ်နင်းရတော့၏။ တပ်(၁၆)တပ်ကို သားဖြစ်သူ ညောင်ရမ်းမင်းသားအား အုပ်ချုပ်စေကာ ချီတက်တိုက်ခိုက်ခဲ့သည်။ သခ်တောရွာအနီး၌ ပတိမ်းမင်းသား နှင့်အဖွဲ့ ဖမ်းဆီးရမိကာ ထောင်သွင်းအကျဉ်းချခံခဲ့ရ၏။

## ဒုတိယမဟာရာဝင်တော်ကြီး

၂ စက်တင်ဘာ ၁၈၆၇ ခုနှစ်တွင် အဖွဲ့ဝင်(၅)ဦးပါ မြန်မာရာဇဝင်ပြုစုရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင်များမှာ–

ကန္နီအတွင်းဝန် ဦးပိုက်
မိုင်းနိုင်းအတွင်းဝန် ဦးယံ
အိမ်ရှေ့အတွင်းဝန်ဟောင်း မဟာမင်းလှသခ်ယာ
စာရေးတော်ကြီး ဦးခြိမ့်
အမှာတော်ရေး ဦးကျော်

တို့ဖြစ်ကြ၏။ ယင်းအဖွဲ့ဝင်များသည် မှန်နန်းတော်ရှေ့ ဇေတဝန်ဆောင်တွင် စစ်ကိုင်းမင်းလက်ထက်က မပြီးပြတ်သေးသည့် မှန်နန်းရာဇဝင်ကို ဆက်လက်ရေးသားပြုစုခဲ့ကြသည်။ မင်းတုန်းမင်းသည် ယင်းရာဇဝင်ကို ဒုတိယမဟာရာဇဝင်တော်ကြီးဟု အမည်တွင်စေခဲ့၏။

ဒုတိယမဟာရာဇဝင်တော်ကြီးမှာ စာတွဲ(၁၀)တွဲရှိပြီး အကြောင်းအရာအားဖြင့် ၁၈၂၁ ခုနှစ် စစ်ကိုင်းမင်းလက်ထက် ယိုးဒယား၊ အာသံတိုက်ပွဲများမှ ၁၈၅၃ ခုနှစ် မင်းတုန်းမင်း ရွှေဘိုမှ အမရပူရသို့ ပြောင်းရွှေ့နန်းစံခြင်းအထိ ပါဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဘင်္ဂလားသွား ပညာတော်သင်များ

၂၅ စက်တင်ဘာ ၁၈၆၈ ခုနှစ်တွင် ပုခန်းဝန်ကြီး ဦးရန်ဝေးသည် အိန္ဒိယ ဘုရင်ခံချုပ်၏ ကိုယ်စားလှယ် အယ်လ်ဘတ်ဖိုက်ချ် (Albert Fytche) ထံ မြန်မာလူငယ်များကို သေနတ် လက်နက်ဆိုင်ရာ ပညာရပ်များ သင်ယူရန် စေလွှတ်လိုကြောင်း စာရေးသားပေးပို့ခဲ့သည်။ သို့ဖြင့် အိန္ဒိယ ဘုရင်ခံချုပ်၏ သဘောတူညီချက်ရရှိကာ ၁၈၆၉ ခုနှစ် မတ်လတွင် မြန်မာ ပညာတော်သင် (၁၈)၊ အကြပ်(၂)တို့ အိန္ဒိယနိုင်ငံမှ ကလကတ္တားမြို့သို့ ထွက်ခွာခဲ့ကြ၏။

ပညာတော်သင်များမှာ–

**အကြပ်**

ကြံသီး – အင်္ဂလိပ်စကားတတ်သူ

မောင်သန်း – ဟိန္ဒူစကားတတ်သူ

**ပညာသင်**

ကံရေး

ကြာ၊ မောင်

ခွေး၊ မောင်

ဆောင်း၊ မောင်

ညို၊ မောင်

ညိုရောင်

ပန်းခဲ

ဘိုးကောင်း

မို၊ မောင်

ရာနှန်း

ရှင်း၊ မောင်

ရွှေကြွင်း

ရွှေရိုး

လူလု



လူသာ

သာကံ

သာဒူး

သောင်း၊ မောင်

တို့ ဖြစ်ကြသည်။

၁၈၆၉ ခုနှစ် ဧပြီလ၌ ကိုစီပူ (Cossipoor) သေနတ်စက်ရုံနှင့် ဖို့ဝီလျံ (Fort William) လက်နက်တိုက်တို့တွင် ပညာသင်ကြားကြရသည်။ မြန်မာပညာတော်သင်များ ၂ နှစ်ကြာ ပညာသင်ကြားခဲ့ကြပြီး ၁၈၇၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြသည်။ ပညာတော်သင်များသည် အခြေခံအားနည်းမှု နှင့် ဘာသာစကား အခက်အခဲတို့ကြောင့်လည်းကောင်း၊ သင်တန်းပျက်ရက်များလွန်းသဖြင့်လည်းကောင်း ထူးချွန်စွာ တတ်မြောက်ကြခြင်းမရှိကြောင်း မှတ်ချက်ပြုထား၏။

စင်စစ်အားဖြင့် ပညာသင်ကြားရာတွင် ဌာနဟူသည် အလုပ်ရုံမျှသာဖြစ်ပြီး ကောင်းမွန်စွာ သင်ကြားပြသနိုင်သော ဆရာလည်း မရှိပေ။ ဗြိတိသျှအစိုးရအနေဖြင့် စေတနာထား သင်ကြား ပေးလိုစိတ်လည်း မရှိရုံမျှမက ပညာတော်သင်များ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်ကိုပင် မသိခဲ့ချေ။

## ရွှေတိဂုံစေတီတော် ထီးတင်ပွဲ

ရွှေတိဂုံ စေတီတော်၌ တင်ထားသည့် ထီးတော်မှာ မြေဒူးမင်း လက်ထက်က ထီးတော်ဖြစ်သဖြင့် ဟောင်းနွမ်းနေပြီဖြစ်၍ အသစ်တင်လှူရန် ၁၁ နိုဝင်ဘာ ၁၈၆၉ ခုနှစ်တွင် ဘုန်းတော်ကြီး ဦးပြားနှင့် ရဟန်းရှင်လူတို့ ဆုံးဖြတ်ခဲ့ကြ၏။ ထို့နောက် အလှူတော်ငွေ ကောက်ခံကြရာ ငွေသုံးသောင်း နှစ်ထောင်ကျော် ရရှိခဲ့သည်။ အထက်မြန်မာနိုင်ငံ မင်းတုန်းဘုရင်အားလည်း လျှောက်ထားလိုသဖြင့် ကိုယ်စားလှယ်ဦးထွန်းအောင်ကို မန္တလေးသို့ စေလွှတ်ခဲ့၏။ မင်းတုန်းမင်းသည် ၂၆ ဒီဇင်ဘာ ၁၈၆၉ ခုနှစ်တွင် ခွင့်ပြုကာ သံချက်ဝန် ပညာသိဒ္ဓိကျော်သူကို ထီးတော်သစ်ပြုလုပ်စေခဲ့၏။ ၂ အောက်တိုဘာ ၁၈၇၂ ခုနှစ်တွင် ပြီးစီးသဖြင့် ပုပ္ပားဝန်ထောက်ဦးမှူးနှင့် အရာရှိ ၉ ဦးပါ ရေနန်းစကြာသဘောဖြင့် ရန်ကုန်သို့ သယ်ဆောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၃ အောက်တိုဘာ ၁၈၇၁ ခုနှစ်တွင် ထီးတော်တင်အဖွဲ့ မန္တလေးမှ စတင်ထွက်ခွာကြ၏။ အောက်တိုဘာ(၂၂)ရက်နေ့၌ ရန်ကုန်သို့ ဆိုက်ရောက်ကြပြီး ယာယီမဏ္ဍပ်ဖြင့် ခေတ္တ အပူဇော်ခံလေသည်။ နိုဝင်ဘာလ (၁၉)ရက်နေ့တွင် ဝန်ချီစက်ဖြင့် ထီးတော်တင်ကြရာ ငြမ်းကြိုးပြတ်ကျသဖြင့် ရပ်နားလိုက်ရပြီး နိုဝင်ဘာလ(၂၁)ရက်နေ့တွင်မှ အောင်မြင်စွာ တင်လှူနိုင်ခဲ့သည်။ မင်းတုန်းမင်း၏ထီးတော်မှာ ဘုံ(၇)ဆင့်ရှိပြီး ရွှေချိန် ၂၀၂၂၉ ကျပ် ၄ မူး ပါဝင်ပါသည်။ ထိုစဉ်က ကာလတန်ဖိုး ၁၄ သိန်းကျော်ရှိ၏။ နိုဝင်ဘာလ (၂၇)ရက်နေ့ တွင် ပုပ္ပားဝန်ထောက်နှင့်အဖွဲ့ ပြန်လာခဲ့ကြ၏။

## ပဉ္စမသင်္ဂါယနာ

မင်းတုန်းမင်းသည် ၁၅ ဧပြီ ၁၈၇၁ ခုနှစ်တွင် သာသနာပြု သုဓမ္မာဆရာတော်တို့အား လျှောက်ထားကာ ပဉ္စမသင်္ဂါယနာတင်စေခဲ့၏။ ယင်းအခမ်းအနားသို့ ဘုရင်နှင့်မိဖုရား ကိုယ်တိုင် လာရောက်ခဲ့၏။ သင်္ဂါယနာဟူသည် ပိဋကတ်တော်တို့အား စိစဉ်စစ်ဆေးကာ ရှင်းလင်းကျနအောင် စုပေါင်းရွတ်ဆိုခြင်း၊ အက္ခရာတင်ခြင်းတို့ ပြုလုပ်မှုပင်ဖြစ်၏။ ယခင်က သင်္ဂါယနာတင်ခြင်းကို အိန္ဒိယနိုင်ငံ ရာဇဂြိုလ်၊ ဝေသာလီ၊ ပါတလိပုတ်နှင့် သီဟိုဠ်တို့၌ လေးကြိမ်ကျင်းပခဲ့ပြီးဖြစ်ရာ ယခု မင်းတုန်းမင်းလက်ထက် ကျင်းပခြင်းသည် ပဉ္စမအကြိမ် ဖြစ်သည်။ ထို့ကြောင့် မင်းတုန်းမင်းအား ပဉ္စမသင်္ဂါယနာတင်မင်းဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ သံဃာတော် ၂၄၀၀ တို့သည် ၃ ဧပြီ ၁၈၇၂ ခုနှစ် မြန်မာနှစ်ဆန်း(၁)ရက်နေ့မှ စတင်၍ ဝိနည်းမှအစ ပိဋကတ်တော်တို့ကို ရွတ်ဆိုခဲ့ကြရာ ၅ လအကြာ ၁၂ စက်တင်ဘာ ၁၈၇၁ ခုနှစ်တွင် ပြီးစီးအောင်မြင်လေသည်။

## ဥရောပသွားမြန်မာသံအဖွဲ့

ဥရောပသွား မြန်မာသံအဖွဲ့တွင် ပါဝင်ကြသူများမှာ–

ကင်းဝန်မင်းကြီး ဦးကောင်း – သံကြီး

ပန်းတည်းဝန်ထောက် ဦးရွှေဘင် – သံလတ်

ဖန်ချက်ဝန်ထောက် ဦးရွှေအိုး – သံလတ်



စာရေးကြီး ဦးမြိမ့် – သံငယ်

စာရေး – မောင်ရွှေအေး

စာရေး – မောင်ဘိုးသာ

တို့ဖြစ်ကြ၏။ မြန်မာသံအဖွဲ့သည် ၁၈ ဖေဖော်ဝါရီ ၁၈၇၂ ခုနှစ်တွင် မန္တလေးမှ စကြာယဉ်မွန်သင်္ဘောဖြင့် စတင်ထွက်ခွာကြသည်။ မတ်လ(၈) ရက်နေ့တွင် မြန်မာနယ်ခြား သရက်မြို့သို့ လည်းကောင်း၊ မတ်လ (၁၃) ရက်တွင် ရန်ကုန်သို့လည်းကောင်း ရောက်ရှိကြသည်။ ကင်းဝန်မင်းကြီးနှင့် အဖွဲ့သည် ရန်ကုန်တွင် တနင်္သာရီသင်္ဘောပြောင်းစီးလျှက် ၂၄ မတ် ၁၈၇၂ ခုနှစ်၌ ထွက်ခွာခဲ့ကြ၏။ ခရီးစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

၂၄ မတ် ၁၈၇၂ – ရန်ကုန်မှထွက်

၁၀ ဧပြီ ၁၈၇၂ – ဧဒင်မြို့ရောက်

၁၉ ဧပြီ ၁၈၇၂ – စူးအက်တူးမြောင်းဖောက်လုပ်သူ အင်ဂျင်နီယာ ဖာဒီနန်ဒီလက်ဆက်(Ferdinand Delessps)နှင့် ကင်းဝန်မင်းကြီးတွေ့ဆုံ

၂၉ ဧပြီ ၁၈၇၂ – အလက်ဇန္ဒရီးယားရောက် မြန်မာသင်္ဘော စကြာယဉ်မွန်သို့ ကင်းဝန်မင်းကြီးအဖွဲ့ ပြောင်းရွှေ့ကြ

၈ မေ ၁၈၇၂ – အီတလီတွင် ပုပ်ရဟန်းမင်း၏ တိုက်နန်းကို သွားကြည့်

၂၅ မေ ၁၈၇၂ – တူရင်းမြို့ (Turin)လက်နက် စက်ရုံကြည့်

၆ ဇွန် ၁၈၇၂ – လန်ဒန်ရောက်ရှိ၊ နန်းတော်အနီး ဂရိုဗနာဟိုတယ် (Grovernor Hotel)၌တည်းခို

၁၀ ဇွန် ၁၈၇၂ – ဖယ်ရာမြန်မာသံအဖွဲ့နှင့်လာရောက်တွေ့ဆုံ

၂၁ ဇွန် ၁၈၇၂ – ဝိတိုရိယဘုရင်မနှင့်တွေ့ဆုံ

၂၃ ဇူလိုင် ၁၈၇၂ – ဂရင်းနစ် (Greenwich) မျှော်စင်သွားကြည့်

၁၄ ဩဂုတ် ၁၈၇၂ – ဗာမင်ဂမ်မြို့တွင်းလေ့လာ

၁၂ စက်တင်ဘာ ၁၈၇၂ – အီဒင်ဗရာ (Edinburgh) ခံတပ်ကို ကြည့်ရှု

၈ အောက်တိုဘာ ၁၈၇၂ – အနီးအနားမြို့များ လေ့လာရေးခရီး ပြီးဆုံး၍ လန်ဒန်သို့ ပြန်လည်ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



၂၈ အောက်တိုဘာ ၁၈၇၂ – ပို့စမောက် (Ports Mouth)သို့ ထွက်ခွာ

၉ နိုဝင်ဘာ ၁၈၇၂ – ဒိုဗာ (Dover)သို့ရောက်ရှိ

၂၂ နိုဝင်ဘာ ၁၈၇၂ – ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးနှင့်တွေ့ဆုံ

၁၁ ဒီဇင်ဘာ ၁၈၇၂ – ပြင်သစ်သမ္မတနှင့် ကင်းဝန်မင်းကြီးတို့ တွေ့ဆုံ

၂၄ ဇန်နဝါရီ ၁၈၇၃ – ပြင်သစ်မြန်မာ ကူးသန်းရောင်းဝယ်ရေး စာချုပ်ချုပ်ဆို

၅ ဖေဖော်ဝါရီ ၁၈၇၃ – အင်္ဂလန်ဘုရင်မနှင့် ထပ်မံတွေ့ဆုံခွင့်ရ

၁၃ ဖေဖော်ဝါရီ ၁၈၇၃ – အင်္ဂလန်မှ ပြန်လည်ထွက်ခွာရာ အမြောက် ၉ ချက်ဖောက်၍နှုတ်ဆက်

၁၃ ဧပြီ ၁၈၇၃ – ရန်ကုန်သို့ သံအဖွဲ့ရောက်ရှိ

– မန္တလေးသို့ သံအဖွဲ့ပြန်ရောက်

ကင်းဝန်မင်းကြီး ဦးကောင်းနှင့်အဖွဲ့သည် နိုင်ငံခြားခရီးမှ ပြန်လည်ရောက်ရှိလာပြီး မကြာမီ၌ပင် ပြင်သစ်နိုင်ငံသို့တစ်ဖန် သွားရောက်ရပြန်၏။ ဤခရီးစဉ်တွင် လိုက်ပါကြသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ကင်းဝန်မင်းကြီး ဦးကောင်း | – | သံကြီး |
| ဦးခြိမ့် | – | သံလတ် |
| ဦးအောင်သူ | – | သံငယ် |
| စာရေးတော်ကြီး ဦးမြဲ | – | သံငယ် |

မြန်မာသံအဖွဲ့သည် ၁၄ မတ် ၁၈၇၄ ခုနှစ်တွင် မန္တလေးမြို့ သံလျှက်မော်ဆိပ်ကမ်း မှ စတင်ထွက်ခွာကြပြီး ၈ အောက်တိုဘာ ၁၈၇၄ ခုနှစ်တွင် ပြန်လည်ရောက်ရှိခဲ့ကြ၏။ ခရီးစဉ်အသေးစိတ်မှာ အောက်ပါ အတိုင်းဖြစ်သည်။

၂၀ မတ် ၁၈၇၄ – သရက်မြို့၊ အရေးပိုင်ဘရောင်း (Brown)ကြိုဆို

၃၀ မတ် ၁၈၇၄ – ရန်ကုန်မှတစ်ဆင့် မော်လမြိုင်ရောက်၊ သစ်စက်၊ ဆန်စက်များ လေ့လာ



၇ ဧပြီ ၁၈၇၄ – မလေးကျွန်းဆွယ်

၉ ဧပြီ ၁၈၇၄ – စင်္ကာပူရောက်

၁၇ ဧပြီ ၁၈၇၄ – စင်္ကာပူမှထွက်

၂၃ ဧပြီ ၁၈၇၄ – သီဟိုဠ်ကျွန်းဂါလုဆိပ်ကမ်းသို့ရောက်

၂၁ မေ ၁၈၇၄ – အေဒင်မြို့ရောက်

၇ မေ ၁၈၇၄ – ဆူးအက်တူးမြောင်းကိုဖြတ်

၁၃ မေ ၁၈၇၄ – အီတလီနိုင်ငံ နေပယ် (Naples)သို့ ရောက်ရှိ၊ ရေလမ်းခရီးစဉ်ပြီးဆုံး

၁၉ မေ ၁၈၇၄ – အီတလီမှ ပြင်သစ်သို့ကူးရာ မီးရထားဖြင့် ပါရီမြို့တော်ရောက်လာ

၃၁ မေ ၁၈၇၄ – ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ

၁၀ ဇွန် ၁၈၇၄ – ပြင်သစ်သမ္မတနှင့်တွေ့ဆုံ

၉ ဇူလိုင် ၁၈၇၄ – ပါရီမြို့မှထွက်ခွာ

၁၇ ဇူလိုင် ၁၈၇၄ – မော်နကို (Monaco)သို့ဝင်

၁၇ စက်တင်ဘာ ၁၈၇၄ – ရန်ကုန်ပြန်ရောက်

၈ အောက်တိုဘာ ၁၈၇၄ – မန္တလေးပြန်ရောက်

## ရတနာပုံနေပြည်တော်သတင်းစာ

ရတနာပုံနေပြည်တော်သတင်းစာကို ၂၀ မတ် ၁၈၇၅ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည်။ သတင်းစာကို တစ်လလျှင် (၄)ကြိမ်ထုတ်ဝေပြီး အယ်ဒီတာမှာ ဘိုးဝဇီရဖြစ်သည်။ နိုင်ငံခြားသတင်း ဘာသာပြန်ရန်အတွက် ဘာသာစကား(၆)မျိုး ကျွမ်းကျင်သူ သံတော်ဆင့် နေမျိုးသီဝသိဒ္ဓိ (တရုတ်ကပြား ဦးအဟီး)က တာဝန်ယူဆောင်ရွက်၏။ ဦးအဟီး၏လစာမှာ ဒေါင်းဒင်္ဂါး ၁၅၀ ဖြစ်ပြီး ဘိုးဝဇီရမှာ ၆၀ ကျပ်ရရှိလေသည်။

ရတနာပုံနေပြည်တော် သတင်းစာသည် မင်းတုန်းမင်းနတ်ရွာစံလုနီးအချိန်တွင် ခေတ္တရပ်နားခဲ့ပြီး သီပေါမင်းလက်ထက် တစ်လျှောက် ပါတော်မူချိန်အထိ ဆက်လက် ထုတ်ဝေခဲ့သည်။ သတင်းစာ၏ ထူးခြားချက်မှာ မင်းတုန်းမင်းက ငါမကောင်းလျှင်ငါ့ကိုရေး၊ ငါ့မိဖုရား မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ငါ့မိဖုရားကိုရေး စသည်ဖြင့် လွှတ်လပ်ခွင့် ၂၆ ချက်ပေးထားခြင်းပင် ဖြစ်ပါသည်။ သတင်းစာအတွက် သတင်းထောက်ဟူ၍ စံမောင်နှင့် မောင်နိုဆိုသူနှစ်ဦးကို ထားရှိလေသည်။

## နတ်ရွာစံလွန်ခြင်း

၁ အောက်တိုဘာ ၁၈၇၈ ခုနှစ်တွင် မင်းတုန်းမင်း နတ်ရွာစံလွန်ပါသည်။ နတ်ရွာစံချိန်၌ အသက် ၆၄ နှစ်ရှိပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com






## ၁၁။ သီပေါမင်း

သီပေါမင်းသည် ကုန်းဘောင်မင်းဆက်၏ (၁၁)ဆက်မြောက် နောက်ဆုံးဘုရင် ဖြစ်ပြီး အမည်ရင်းမှာဦးမျိုးဆက် ဖြစ်ပါသည်။ ၁ ဇန်နဝါရီ ၁၈၅၉ ခုနှစ်တွင် မင်းတုန်းမင်း နှင့် လောင်းရှည်မြို့စားမိဖုရား သီရိမဟာ မင်္ဂလာသုပဘာဒေဝီတို့မှ ဖွားမြင်သည်။

မျိုးရိုးဆက်နွယ်

ဆင်ကြားရှင်
|
(သမီး)

သီပေါစော်ဘွား
စောမြတ်သန္ဒေ + စော်ဘွားကတော် ... ပုတ္တကျော် + ရှင်အောင်လံ
|
(သမီး) ... (သမီး)
ဦးပေါ် + နန်းမွေခန်း ... ဦးမြတ်ရာ + ရှင်ပုဖွန့်
|
(သား) မောင်ရွှေပြည့် | (သမီး) မစိန်ပွင့် | (သား) ဦးမေး ... (သမီး) မယ်အိ
(ဦးမေး + မယ်အိ)
|
(သမီး) လောင်းရှည်မိဖုရား | (သား) ဦးဖိုးကြီး | (သား) ဂါမဏိ

မင်းတုန်းမင်း + လောင်းရှည်မိဖုရား
|
(သား)
သီပေါမင်း

www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်း၏ မယ်တော် လောင်းရှည်မြို့စားမိဖုရားကို မိုးနဲဗိုလ်မှူး ဦးမှေးနှင့် မယ်အိတို့မှ ၁၈၁၅ ခုနှစ်တွင် ဖွားမြင်ပါသည်။ မွေးချင်းများမှာ လောင်းရှည်မိဖုရား၊ ခေါင်းတုံးမြို့စား ဦးဖိုးကြီးနှင့် မင်းဂါမဏိတို့ ဖြစ်ကြ၏။

လောင်းရှည်မိဖုရား၏ဖခင် ဦးမှေးကို ဗဒုံမင်း၏သား အိမ်ရှေ့မင်းသား ဦးပေါ်နှင့် သီရိသူဇာဘွဲ့ခံနန်းမွေးခန်းတို့မှ ၂၆ နိုဝင်ဘာ ၁၇၉၆ ခုနှစ်တွင် ဖွားမြင်သည်။ ဦးမှေးသည် စစ်ကိုင်းမင်းလက်ထက်တွင် သတိုးမင်းရဲကျော်စွာဘွဲ့ဖြင့် ရမ္မာဝတီမြို့စား အရာရရှိခဲ့ပြီး အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီး၌ သီပေါမြို့စားဖြစ်လာ၏။ မင်းတုန်းမင်းလက်ထက်တွင် ချွန်းတောင်မြို့စား မိုးနဲဗိုလ်မှူးဖြစ်လာကာ ၂၂ ဇွန် ၁၈၆၃ ခုနှစ်၌ ကွယ်လွန်ပါသည်။

လောင်းရှည်မိဖုရား၏ မိခင်မှာ ဟံသာဝတီဘုရင် ဆင်ကြားရှင်၏ အဆက်အနွယ် ဖြစ်သည်။ ဆင်ကြားရှင်သည် တောကစားသွားရာမှ ဇင်းမယ်သို့ ရောက်ရှိခဲ့၏။ မြေဒူးမင်းလက်ထက် ဇင်းမယ်ကို တိုက်ခိုက်အောင်မြင်စဉ် ဆင်ကြားရှင် နေပြည်တော်သို့ ပြန်လည်လိုက်ပါလာခဲ့သည်။ သူ၏သမီး ရှင်အောင်ပံသည် စစ်သူကြီး ဒလပန်း၏ ညီ ပုတ္တကျော်နှင့် စုံဖက်ရာမှ ရှင်ပုဇွန်ကို ဖွားမြင်သည်။ တစ်ဖန် ရှင်ပုဇွန်သည် ညောင်ရမ်းမြို့စား စကြာဝန်ကြီး ဦးမြတ်ရာနှင့် လက်ဆက်ကာ လောင်းရှည်မိဖုရား၏ မိခင် မယ်အိကို ဖွားမြင်ပါသည်။

လောင်းရှည်မိဖုရားသည် ၁၈၈၁ ခုနှစ် ဇွန်လတွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့၏။

## မွေးချင်းများ

သီပေါမင်း၏မွေးချင်းညီအစ်ကို မောင်နှမသုံးဦးမှာ အစ်မ ပခန်းကြီးမြို့စား စုဖုရားကြီး၊ သီပေါမင်းနှင့် ညီမ မိတ္ထီလာမြို့စား စုဖုရားတို့ ဖြစ်ကြသည်။

ပခန်းကြီး စုဖုရားကို ၁၈၅၇ ခုနှစ်ခန့်တွင် ဖွားမြင်ပါသည်။ ပခန်းကြီးစုဖုရားသည် သီပေါမင်း ပါတော်မူပြီးနောက် သီပေါစော်ဘွားစောခွန်ဆိုင်နှင့် စုံဖက်ကာ မန္တလေးမြို့ ဆိုင်းတန်းရပ်၌ နေထိုင်ခဲ့၏။ ထို့နောက် ၇ မတ် ၁၉၁၁ ခုနှစ်တွင် ကွယ်လွန်ပါသည်။



ညီမငယ် မိတ္ထီလာစုဖုရားကို ၁၉ မေ ၁၈၆၀ ခုနှစ်တွင် ဖွားမြင်ပါသည်။ ဘွဲ့မှာ သီရိသူဇာ ရတနာဒေဝီဖြစ်ပြီး ဦးကျော်လိမ်းမောင်မောင်နှင့် စုံဖက်ကာ သမီးတစ်ဦး ဖွားမြင်ခဲ့သည်။ မိတ္ထီလာစုဖုရားသည် ၁ ဇွန် ၁၈၉၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

## ငယ်စဉ်ဘဝ

သီပေါမင်းသည် ငယ်စဉ်ကပင် အေးဆေးစွာ နေထိုင်တတ်သူဖြစ်၏။ ဗုဒ္ဓ ဘာသာစာပေကို စိတ်ပါဝင်စားသူဖြစ်ပြီး ပါဠိဘာသာကိုလည်း ကျွမ်းကျင်ပိုင်နိုင်ပါသည်။ သာသနာပြုဆရာမှတ်ကြီး( Dr. J.E Marks)၏ သင်္ချိုင်းကျောင်းတွင် ကျောင်းဝင် အမှတ်(၂၇)ဖြင့် တက်ရောက် ပညာသင်ကြားခဲ့သည်။ အင်္ဂလိပ်ဘာသာစကားကိုလည်း အနည်းငယ် တတ်ကျွမ်း၏။ ခရစ်ကက်ရိုက်ရာတွင်လည်း ကျွမ်းကျင်သူဟု ဆိုပါသည်။ သီပေါမင်းသား အသက်(၁၆)နှစ်အရွယ်တွင် ရှင်သာမဏေဝတ်ခဲ့ပြီး တောင်တော် ဆရာတော် ဦးမာလာထံ၌ ပညာသင်ကြားခဲ့သည်။ ပထမကျော်စာမေးပွဲကိုလည်း ဖြေဆို အောင်မြင်ခဲ့သည် ဆို၏။

## မိဿားစုရေးရာ

သီပေါမင်း၏မိဖုရားခေါင်မှာ သုသီရိပဘာရတနာဒေဝီဘွဲ့ခံ စုဖုရားလတ်ဖြစ်၏။ စုဖုရားလတ်ကို မင်းတုန်းမင်းနှင့် အလယ်နန်းဆင်ဖြူမရှင် မိဖုရားတို့မှ ၁၃ ဒီဇင်ဘာ ၁၈၅၉ ခုနှစ်တွင် ဖွားမြင်ပါသည်။ စုဖုရားလတ်သည် သီပေါမင်းနန်းတက်စ အသက် (၁၉)နှစ်အရွယ်တွင် မိဖုရားခေါင်ဖြစ်လာခဲ့၏။ ပါတော်မူစဉ် သီပေါမင်းနှင့်အတူ အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ လိုက်ပါခဲ့ရပြီး သီပေါမင်း နတ်ရွာစံပြီးနောက်ပိုင်း၌ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ နေထိုင်ခဲ့သည်။ ၂၄ နိုဝင်ဘာ ၁၉၂၅ ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ပါသည်။

သီပေါမင်း၏ အခြားထင်ရှားသော မိဖုရားနှစ်ပါးမှာ စုဖုရားလတ်၏ အစ်မရင်း မိုင်းနောင်စုဖုရားကြီးနှင့် ညီမရင်း ရမည်းသင်းစုဖုရားတို့ ဖြစ်ကြ၏။ မိုင်းနောင်စုဖုရားကြီးကို ၂၆ ဖေဖော်ဝါရီ ၁၈၅၄ ခုနှစ်တွင် ဖွားမြင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၈ နိုဝင်ဘာ ၁၈၇၈ ခုနှစ်တွင် သီပေါမင်းသည် မိုင်းနောင်မြို့စား သုသီရိရတနာမင်္ဂလာဒေဝီဘွဲ့ခံ စုဖုရားကြီးနှင့် လက်ဆက်စဉ် ညီမ စုဖုရားလတ်က စုဖုရားကြီး၏အနီးတွင် ရဲဝံ့စွာ ဝင်ထိုင်ကာ မိဖုရားခေါင်အရာကို ရယူခဲ့၏။ သို့ဖြင့် သီပေါမင်းသည် မိုင်းနောင်စုဖုရားကြီးနှင့် လက်ဆက်ခဲ့သော်လည်း မြတောင်စုဖုရားခေါ် စုဖုရားလတ်ကသာလျှင် တရားဝင်မိဖုရားခေါင် ဖြစ်လာ၏။ မိုင်းနောင်စုဖုရားကြီးသည် သီပေါမင်း ပါတော်မူပြီးနောက် မိခင်ဆင်ဖြူမရှင်နှင့်အတူ ထားဝယ်မြို့သို့ လိုက်ပါခဲ့ရပြီး မကြာမီ သီလရှင်ဝတ်သွား၏။ ၂၅ နိုဝင်ဘာ ၁၈၉၈ ခုနှစ်တွင် မိုင်းနောင်စုဖုရားကြီး သီလရှင်ဝတ်ဖြင့်ပင် ကံကုန်ခဲ့သည်။

ရမည်းသင်းစုဖုရား ခေါ် စုဖုရားကလေးကို ၁၈၆၂ ခုနှစ်တွင် မန္တလေးမြို့၌ ဖွားမြင်ပါသည်။ သီပေါမင်းသည် ပါတော်မူခါနီး၌ ရမည်းသင်းစုဖုရားနှင့် လက်ဆက်ခဲ့သည်။ ရမည်းသင်း စုဖုရားမှာ အိန္ဒိယနိုင်ငံရတနာဂီရိ၌ ၂၅ ဇန်နဝါရီ ၁၉၁၂ ခုနှစ် တွင် ကွယ်လွန်သွားပါသည်။ သီပေါမင်းနှင့် ပတ်သက်ခဲ့ဖူးသူ အခြားမိဖုရားငယ် တစ်ပါးမှာ ဒိုင်းခင်ခင်ဖြစ်၏။ သို့သော် မိဖုရားကြီး စုဖုရားလတ်၏ သြဇာအာဏာ မလွန်ဆန်နိုင်မှုကြောင့် ၁၈၈၂ ခုနှစ်ခန့်တွင် ဒိုင်းခင်ခင် စီရင်လုပ်ကြံခံခဲ့ရသည်။

သီပေါမင်းတွင် မိဖုရားခေါင်စုဖုရားလတ်မှ သမီး(၄)ဦး ဖွားမြင်ပြီး အခြားမိဖုရားများနှင့် သားသမီး မထွန်းကားပါ။ သမီးလေးဦးမှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

(၁) ထိပ်စုမြတ်ဖုရားကြီး – ၂၇ အောက်တိုဘာ ၁၈၈၂ ခုနှစ်တွင် မန္တလေးမြို့၌ ဖွားမြင်၊ ပါတော်မူစဉ် လေးနှစ်အရွယ်မျှသာ ရှိသေးပြီး ရတနာဂီရိ၌ အိန္ဒိယနိုင်ငံသား ဂိုပယ်ဘာရိုးဆဝန့်(Gopal Bhaurao Sawant) နှင့် စုံဖက်ကာ သမီးတစ်ဦးကို ဖွားမြင်ခဲ့၊ ထိပ်စုမြတ်ဖုရားကြီးသည် ၃ ဇွန် ၁၉၄၇ ခုနှစ်တွင် ရတနာဂီရိ၌ ကွယ်လွန်၊

(၂) ထိပ်စုမြတ်ဖုရားလတ် – ၄ အောက်တိုဘာ ၁၈၈၃ ခုနှစ်တွင် မန္တလေး၌ ဖွားမြင်၊ အိန္ဒိယနိုင်ငံ၌ နေထိုင်စဉ်အတွင်း ၁၁ အောက်တိုဘာ ၁၉၁၆ ခုနှစ်တွင် ဦးခင်မောင်လတ်



(လတ်သခင်) နှင့် စုံဖက်ခဲ့၊ သားသမီး မထွန်းကား၊ မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ခြင်း မရှိတော့ဘဲ ၄ ဧပြီ ၁၉၅၆ ခုနှစ်၌ အိန္ဒိယနိုင်ငံ ကလင်ပုံမြို့တွင် ကွယ်လွန်၊

(၃) ထိပ်စုမြတ်ဖုရား – ၇ မတ် ၁၈၈၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ မဒရပ်မြို့၌ ဖွားမြင်၊ သီပေါမင်းနတ်ရွာစံပြီး မိဖုရားကြီး စုဖုရားလတ် ရန်ကုန်သို့ ပြန်လာစဉ် မိခင်နှင့်အတူ လိုက်ပါနေထိုင်၊ ၁၉၂၂ ခုနှစ်တွင် ကနောင်မင်းသားကြီး၏မြေး တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ ထိပ်တင်ကိုယ်တော်ကြီး နှင့် လက်ဆက်၊ သို့သော် နိုင်ငံရေးပယောဂကြောင့် ကွာရှင်းပြတ်စဲကာ ဝတ်လုံ ဦးမြဦးနှင့် ထပ်မံလက်ဆက်၊ ပထမအိမ်ထောင်နှင့် သမီးထိပ်စုကြီးဖုရားကို ဖွားမြင်၊ ၂၁ ဇူလိုင်လ ၁၉၆၂ ခုနှစ်တွင် ထိပ်စုမြတ်ဖုရား မေမြို့၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်၊

(၄) ထိပ်စုမြတ်ဖုရားကလေး– ၂၅ မတ် ၁၈၈၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ရတနာဂီရိ၌ ဖွားမြင်၊ မိခင်စုဖုရားလတ်နှင့်အတူ မြန်မာနိုင်ငံသို့ ပြန်လည် လိုက်ပါခဲ့ပြီး ၁၉၂၁ ခုနှစ်တွင် ဦးကိုကိုနိုင်နှင့် စုံဖက်ကာ သား သမီး(၆)ဦး ဖွားမြင်၊ ၃ မတ် ၁၉၃၆ ခုနှစ်တွင် မော်လမြိုင်မြို့၌ ကွယ်လွန်ခဲ့။

## ထီးနန်းအရိုက်အရာ

သီပေါမင်းနှင့် မိဖုရားခေါင် စုဖုရားလတ်တို့မှ ၁၈၇၉ ခုနှစ် စက်တင်ဘာလတွင် သားတစ်ဦး ဖွားမြင်ခဲ့ရာ 'ရွှေကိုယ်တော်လေး'ဟု အမည်ပေးခဲ့၏။ သို့သော် ထီးနန်းအရိုက်အရာကို ဆက်ခံခွင့်ရရှိနိုင်မည့် ယင်းသားငယ်သည် ၁၇ မတ် ၁၈၈၀ ခုနှစ်တွင် ကျောက်ရောဂါဖြင့် ကွယ်လွန်သွားပါသည်။

## မင်းညီမင်းသားတို့အား လုပ်ကြံသတ်ဖြတ်ခြင်း

၂ အောက်တိုဘာ ၁၈၇၈ ခုနှစ်တွင် သီပေါမင်း ထီးနန်းရရှိခဲ့ပြီးနောက် များမကြာမီ၌ပင် မင်းညီမင်းသားများအား လုပ်ကြံသတ်ဖြတ်မှု ဖြစ်ပွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံမှု သည် ၁၅ ဖေဖော်ဝါရီ ၁၈၇၉ ခုနှစ် ညပိုင်း၌ စတင် ဖြစ်ပွားခဲ့ပြီး သုံးရက်မျှ ကြာညောင်းခဲ့၏။ မင်းတုန်းမင်းမှ ဖွားမြင်သူ သားများအနက် မြင်ကွန်း၊ မြင်းခုန်တိုင်၊ ညောင်ရမ်းနှင့် ညောင်အုပ်မင်းသားများမှာ နိုင်ငံ ရပ်ခြားသို့ ထွက်ပြေး လွတ်မြောက်သွားခဲ့ကြပြီး ကျန်သားသမီးအများစုမှာ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရ၏။

လုပ်ကြံခံရသူများမှာ ကသာမင်းသား၊ ကနီမင်းသမီး၊ ကြံညှပ်မင်းသမီး၊ ခေါ သန္တိမင်းသား၊ ငရန်မင်းသား၊ ဆင်ရှင်မင်းသမီး၊ တောင်ညိုမင်းသား၊ ထန်းတပင်မင်းသား၊ ပင်လယ်မင်းသား၊ ပင်းယမင်းသား၊ မဘဲ မင်းသမီး၊ မိုးလှိုင်းမင်းသား၊ မက္ခရာမင်းသား၊ မိုင်းတုံမင်းသား၊ ရနောင်မင်းသား၊ ရွှေကူမင်းသား၊ ဝန်းသိုမင်းသား၊ သာဂရမင်းသား၊ သုံးဆယ်မင်းသားတို့ ဖြစ်ကြ၏။

အသက်ရှင်ကျန်ရစ်သူအချို့မှာ စိတ္တဇရောဂါရှင် ကျမိုင်းမင်းသားနှင့် အရွယ်မရောက်ကြသေးသော ကောလင်း၊ ပျဉ်းမနား၊ မြင်စိုင်းနှင့် လဲချား မင်းသားများ ဖြစ်ကြလေသည်။ သုံးဆယ်မင်းသားနှင့် မက္ခရာမင်းသား တို့သည် ကြောက်ရွံ့မှု မရှိဘဲ ရဲဝံ့စွာ ရင်ဆိုင်ခဲ့ကြသည်။ သီပေါမင်းသည် ဤလုပ်ကြံသတ်ဖြတ်မှု၌ မိမိမသိကြောင်း ငြင်းဆိုခဲ့သော်လည်း သီပေါ မင်း၏ တာဝန်သာ ဖြစ်ပါသည်။

## ထီရုံများ

သီပေါမင်းလက်ထက်တွင် စီးပွားရေး ဆုတ်ယုတ်ကျဆင်းခဲ့သဖြင့် အခွန်အကောက် ရရှိမှုလည်း လျော့နည်းခဲ့၏။ တစ်ဖက်မှလည်း တိုင်းပြည် ဘဏ္ဍာငွေကို အလွဲသုံးစားပြုမှုများ ရှိခဲ့ရာ အဘက်ဘက်မှ ယိုယွင်းပျက်စီး လာခဲ့လေသည်။ သီပေါမင်း နှင့် စုဖုရားလတ်တို့သည် သားရွှေကိုယ်တော် လေး၏ ပုခက်တင်မင်္ဂလာ အခမ်းအနားအတွက် တိုင်းပြည်ဘဏ္ဍာမှ ငွေ ၂ ကုဋေကျော် သုံးစွဲခဲ့၏။ တိုင်းပြည် စီးပွားရေး ကျပ်တည်းလာသောအခါ ထီရုံ ဖွင့်လှစ်၍ ရန်ပုံငွေ ရှာရန်ကြံပမ်းတော့သည်။ ၃၀ စက်တင်ဘာ ၁၈၇၉ ခုနှစ်တွင် မန္တလေး၌ ထီရုံများ စတင်ဖွင့်လှစ်သည်။

ပထမတွင် ထီလက်မှတ်တစ်စောင်လျှင် ၅ကျပ် သတ်မှတ်ပြီး လက်မှတ်ပေါင်း ၁၂၀၀၀ ရောင်းချ၍ ငွေ ၆သောင်း ရရှိတိုင်း ထီတစ်ကြိမ် ဖွင့်၏။ ငွေ ၆သောင်းအနက် တစ်သောင်းကို အစိုးရက ရယူ၍ ထီပေါက်သူ တစ်ဦးအား ၅သောင်းကျပ် ပေးကာ သူ့ဌေးဘွဲ့ကိုပါ ပေးအပ်လေသည်။ ပထမဆုံး ထီပေါက်သူမှာ ကွမ်းရေတန်းရပ်မှ စာရေး မောင်ဦး၏သမီး မယ်အုံဖြစ်၏။ ၁၈၈၀ ခုနှစ် ဧပြီလတွင် ထီရုံ(၁၀)ရုံ ဖွင့်လှစ်၍ ထီ လက်မှတ်နှုန်းကို ၂ကျပ်သို့ လျှော့ချလိုက်သည်။ တစ်လတွင် ထီ(၁၀)ကြိမ် ဖွင့်လှစ်သဖြင့် သီပေါမင်းအဖို့ ထီဖွင့်ခြင်းမှ အခွန်ငွေ ၂သိန်း ရရှိပေသည်။ သို့သော် ပြည်သူ ပြည်သားများ တစ်စတစ်စ အကျင့်စာရိတ္တ ပျက်ပြားလာပြီး ခိုးဆိုးတိုက်ခိုက်မှုများလည်း များပြားလာခြင်းကြောင့် ၁၈၈၁ ခုနှစ် ဒီဇင်ဘာ လတွင် ထီရုံများကို ပိတ်လိုက်ရတော့သည်။



## ညောင်ရမ်း၊ ညောင်အုပ် အရေး

ညောင်ရမ်းနှင့် ညောင်အုပ်မင်းသားများသည် မင်းတုန်းမင်း၏ တံတိုင်း ရှည်မိဖုရားမှ ဖွားမြင်ကြသူများ ဖြစ်၏။ သီပေါမင်းနန်းတက်စ နန်းတွင်း လုပ်ကြံမှု ဖြစ်ပွားစဉ် ဗြိတိသျှသံရုံးဝင်းအတွင်း ဝင်ရောက်ခိုလှုံ လွတ်မြောက် ခဲ့ကြသူများ ဖြစ်သည်။ ညောင်ရမ်း မင်းသားညီနောင်တို့သည် ဗြိတိသျှ ပိုင်နက်အတွင်း နေထိုင်ရာမှ ၁၈၈၀ ခုနှစ် ဇွန်လတွင် နယ်ခြားကျောက် တိုင်ကို ကျော်လွန်ကာ မြန်မာပိုင်နယ်မြေများကို ဝင်ရောက်တိုက်ခိုက် ခဲ့သည်။

မင်းသား၏တပ်များ မြေထဲမြို့သို့ ဝင်ရောက်စဉ် မြေထဲမြို့ဝန် ဦးဆိပ်သည် ခုခံတိုက်ခိုက်ခြင်းမပြုဘဲ တောင်တွင်းကြီးသို့ တိမ်းရှောင်ခဲ့၏။ အောက်မြစ်စဉ်ဝန်သည် ဤကိစ္စကို နေပြည်တော်သို့ သတင်းပေးပို့ခဲ့ရာ နေပြည်တော်မှ ပင်းအတွင်းဝန် ဦးစံငြိမ်း၊ လေသင်းအတွင်းဝန် ဦးရွှေမောင် တို့အား လက်နက်အင်အား အပြည့်အစုံနှင့် အောက်မြစ်စဉ်စစ်ကြောင်းအတိုင်း သွားရောက်ချီတက် တိုက်ခိုက်စေခဲ့၏။ မြေထဲမြို့သူကြီး နေမျိုးသမန္တ ရာဇာသည်လည်း မြစ်စဉ်ဝန်၏ အမိန့်အရ ဒဂုံမော်ကြေးနန်းရုံကို လာရောက် ဖျက်ဆီးတိုက်ခိုက်သူ ညောင်အုပ်မင်းသားနှင့် နောက်ပါတို့အား လိုက်လံ တိုက်ခိုက်ရာ ဗြိတိသျှပိုင်နက်နယ်မြေအတွင်း ဝင်ရောက်ခဲ့ကြသည်။ ညောင်ရမ်း၊ ညောင်အုပ်မင်းသားများအရေးမှာ တိုက်ခိုက်မှု အနည်းငယ်မျှ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပွားပြီးနောက် အဆုံးသတ်သွားလေသည်။ မြေထဲမြို့သူကြီး နေမျိုးသမန္တရာဇာကိုလည်း မြို့ဝန် ဦးဆိပ်၏နေရာ၌ မြေထဲမြို့ဝန်အဖြစ် အစားထိုးခန့်အပ်လိုက်၏။

## ဘုရင်ခံချုပ်နှင့် တွေ့ဆုံရန် ကြိုးပမ်းချက်

သီပေါမင်း နန်းတက်စတွင် အင်္ဂလိပ်–မြန်မာ ဆက်ဆံရေး အခြေအနေများ ပြောင်းလဲမှု ရှိခဲ့၏။ ၁၃ ဇွန် ၁၈၇၉ ခုနှစ်တွင် သံကိုယ်စားလှယ် မစ္စတာရှော(Mr. Shaw)ကွယ်လွန်ခဲ့ပြီး ပဲခူးဝန်ရှင်တော်မင်းကြီး ကာနယ်ဘရောင်း (Col Brown)က ယာယီ သံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။ တစ်ဖန် ကာနယ်ဘရောင်းရာထူးမှ နုတ်ထွက်သွားသောအခါ မစ္စတာ စန့်ဘဇ် (Mr. St. Barbe)က သံမှူးတာဝန်များ ထမ်းဆောင်ခဲ့ပြန်သည်။ နောက်ဆုံး အစစအရာရာ အဆင်မပြေမှုများကြောင့် ၆ အောက်တိုဘာ ၁၈၇၉ ခုနှစ်၌ ဗြိတိသျှသံရုံးကို မန္တလေးမှ လုံးဝရုပ်သိမ်းခဲ့၏။

သီပေါမင်းသည် နန်းတွင်းရေးအခြေအနေများ ငြိမ်သက်စပြုလာသောအခါ အင်္ဂလိပ်–မြန်မာ ဆက်ဆံရေး ပိုမို ကောင်းမွန်လာရန် ကြိုးပမ်းတော့၏။ ၂၈ ဒီဇင်ဘာ ၁၈၈၁ ခုနှစ်တွင် အောက်မြန်မာနိုင်ငံသို့ တိုင်းခန်းလှည့်လည်လာသည့် အိန္ဒိယ ဘုရင်ခံချုပ်အား သွားရောက် တွေ့ဆုံရန် လွှတ်တော်အရာရှိ မဟာမင်းထင်ကျော်သူကို ရန်ကုန်သို့ စေလွှတ်ခဲ့သည်။ မဟာမင်းထင်ကျော်သူသည် ပြည်မြို့အထိ သင်္ဘောနှင့် စုန်ဆင်းလာရာ ကိုမှတစ်ဆင့် ရန်ကုန်သို့ ရထားဖြင့် အလျင်အမြန် လာရောက်ခဲ့၏။ သို့သော် ဘုရင်ခံချုပ်မှာ ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွားပြီဖြစ်သဖြင့် မတွေ့လိုက်ရတော့ပေ။ ဗြိတိသျှမဟာဝန်ရှင်တော်မင်းကြီးနှင့်သာ တွေ့ဆုံခွင့်ရရှိခဲ့သည်။

၁၈၈၂ ခုနှစ် ဇန်နဝါရီလ (၂) ရက်နေ့နှင့် (၃) ရက်နေ့များတွင် လွှတ်တော်အရာရှိ မဟာမင်းထင်ကျော်သူသည် ဗြိတိသျှအရေးပိုင် မဟာဝန်ရှင်တော်မင်းကြီးတို့ လိုက်ပါလျက် ရန်ကုန်မြို့တွင်းသို့ အလည်အပတ်သွားရောက်ခဲ့၏။ လွတ်လပ်စွာ စကားပြောဆိုနိုင်ရန် အခြေအရုံများ ခေါ်ဆောင်ခဲ့ခြင်း မရှိသော်လည်း အခြေအနေ ထူးခြားတိုးတက်မှု မရှိပေ။



ဆွေးနွေးချက်များအရ ဗြိတိသျှမဟာဝန်ရှင်တော်မင်းကြီးသည် မြန်မာနိုင်ငံသို့ လက်နက်ခဲယမ်း ရောင်းချမှု မပြုလုပ်လိုကြောင်း ပေါ်လွင်ထင်ရှားခဲ့၏။

သီပေါမင်းသည် မဟာမင်းထင်ကျော်သူ၏ ခရီးစဉ်၌ ထူးခြားမှုတစ်စုံတစ်ရာ မရှိခဲ့သဖြင့် ဗြိတိသျှ မြန်မာ ဆက်ဆံရေး ပိုမို ကောင်းမွန်လာစေရန်အတွက် အိန္ဒိယနိုင်ငံသို့ သံအဖွဲ့တစ်ဖွဲ့ စေလွှတ်ရန် ဆုံးဖြတ်ခဲ့သည်။

## ဆင်းမလားသွား မြန်မာသံအဖွဲ့

သီပေါမင်းလက်ထက်တွင် အိန္ဒိယနိုင်ငံသို့ သံအဖွဲ့တစ်ဖွဲ့စေလွှတ်ရာ ၁၈၈၂ ခုနှစ် ဧပြီလတွင် ဆင်းမလားမြို့၌ ဗြိတိသျှအစိုးရနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ ကို ဆွေးနွေးခဲ့ကြသည်။ သံအဖွဲ့ဝင်များမှာ –

ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုး

ဝက်မစွတ်ဝန်ထောက် ဦးလတ်

သံချက်ဝန်ထောက် ဦးမြူ

တောင်တစ်ရာ့ငါးဆယ်မှိုလ် ဦးကျော်ခေါင်

စာရေးတော်ကြီး ဦးမြတ်

စာရေးတော်ကြီး ဦးပေါ်ထွန်း

တို့ဖြစ်ကြ၏။ သံအဖွဲ့သည် မေ ၁၈၈၂ ခုနှစ်တွင် ကျင်းပသော ဆွေးနွေးပွဲမှာ ထိရောက် အောင်မြင်မှု မရှိသဖြင့် အမိန့်တော်အရ ၃၁ ဩဂုတ် ၁၈၈၂ ခုနှစ်၌ မန္တလေးသို့ ပြန်လာခဲ့ကြလေသည်။ ဗြိတိသျှတို့ဘက်မှ လက်မခံနိုင်သော အချက်များမှာ –

(က) ကုန်တော် တိုးချဲ့ရန်

(ခ) အကောက်တော်ကို ၅ %မှ ၁၀ %အထိ တိုးမြှင့်ရန်

(ဂ) အထက်မြန်မာနိုင်ငံနေ ဗြိတိသျှတိုင်းရင်းသားအားလုံးတို့ကို မှတ်ပုံတင်ရန်

(ဃ) လက်နက်အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုရန်

(င) နိုင်ငံရေးအပြစ်ရှိသူများကို လွှဲပြောင်းပေးအပ်ရန်တို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ပြင်သစ်နိုင်ငံသွား မြန်မာသံအဖွဲ့

ဆင်မလားသို့ သွားရောက်ခဲ့သည့် သံအဖွဲ့သည် ဗြိတိသျှတို့နှင့် ဆက်ဆံရေး မပြေပြစ်ဘဲ ညှိနှိုင်းဆွေးနွေးပွဲ မအောင်မြင်ခဲ့သဖြင့် သီပေါမင်းသည် ပြင်သစ်နိုင်ငံနှင့် ဆက်သွယ်ရန် ထပ်မံကြိုးပမ်းပြန်၏။ ပြင်သစ်နိုင်ငံသွား သံအဖွဲ့ဝင်များမှာ –

မြို့သစ်အတွင်းဝန် ဦးဘိ – သံကြီး

သံချက်ဝန်ထောက် ဦးမြူ – သံလတ်

စာရေးကြီး ဦးပေါ်ထွန်း – သံငယ်

လက်ဖက်ရည်တော် မောင်ဘိုးအံ့

နိုင်ငံခြားသားအရာရှိ ထရေဗီလက်( M-de Trevelec)တို့ ဖြစ်ကြ၏။

၃၀ ဧပြီ ၁၈၈၃ ခုနှစ်တွင် သံအဖွဲ့ဝင်များ မန္တလေးမှ တုလွတ်ယဉ် ကျော်သင်္ဘောဖြင့် ထွက်ခွာကြသည်။ မေလ(၁၈) ရက်နေ့တွင် ရန်ကုန်မှ ထွက်ခွာကြပြန်ရာ ပြင်သစ် နိုင်ငံ ပါရီမြို့သို့ ၁၃ ဩဂုတ်လ ၁၈၈၃ ခုနှစ်တွင် ရောက်ရှိကြ၏။ ၅ ဧပြီ ၁၈၈၄ ခုနှစ် တွင် မြန်မာသံအဖွဲ့သည် ယခင်၂၄ ဇန်နဝါရီ ၁၈၇၃ခုနှစ်က ကင်းဝန်မင်းကြီးဦးကောင်း ချုပ်ဆိုခဲ့သည့်စာချုပ် ပြင်ဆင်ချက်များအား အတည်ပြုကာ လက်မှတ်ရေးထိုးခဲ့သည်။ သံအဖွဲ့သည် ၂၃ မေ ၁၈၈၅ ခုနှစ်တွင်မှ မန္တလေးသို့ ပြန်လည်ရောက်ရှိပါသည်။

## မှန်နန်း ဒုတိယ မဟာရာဇဝင်တော်

သီပေါမင်းသည် ၁၁ ဇူလိုင် ၁၈၈၃ ခုနှစ်တွင် မြန်မာရာဇဝင်ပြုစုရေး အဖွဲ့ကို ဖွဲ့စည်းလိုက်၏။ ယင်းအဖွဲ့တွင် အဖွဲ့ဝင်(၁၂)ဦး ပါဝင်ပါသည်။ အဖွဲ့ဝင်များမှာ –

(၁) လယ်ကိုင်းဝန်ကြီး ဦးကောင်း
(၂) တောင်ခွင်ဝန်ကြီး ဦးသိုင်း
(၃) တိုင်းတားဝန်ကြီး ဦးဖိုး
(၄) ပင်းအတွင်းဝန် ဦးစံငြိမ်း
(၅) လေသင်းအတွင်းဝန် ဦးရွှေမောင်
(၆) ရွှေတိုက်အတွင်းဝန် ဦးလှဘူး



(၇) ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုး
(၈) မိုင်းခိုင်းအတွင်းဝန် ဦးယံ
(၉) ဝက်မစွတ်ဝန်ထောက် ဦးလတ်
(၁၀) သံတော်ဆင့် နေမျိုးမင်းထင်သိခ်သူ
(၁၁) အမှာတော်ရေး ဦးညို
(၁၂) မင်းခမ်းတိုက်စိုး နေမျိုးမင်းလှကျော်သူတို့ ဖြစ်ကြ၏။

ယင်းရာဇဝင်မှာ ယနေ့တိုင် ပေမူအဖြစ်သာ ရှိသေးပြီး 'သီပေါမင်းနန်းတက်ကစ၍ ရှိသည့်ရာဇဝင်'ဟူ၍ မှတ်တမ်းတင်ထားပါသည်။ 'ဓာတိပုညဂုဏမဟာတ္တဖြစ်သော' ဖြင့် အစချီထားလျှက် သီပေါမင်းနန်းတက်ကြောင်းမှ စတင်ဖော်ပြပါသည်။ ဤရာဇဝင် ကျမ်းကို တိုင်းပြည်မငြိမ်မသက်မှုကြောင့် ဆုံးခန်းတိုင် ရေးသားပြုစုနိုင်ခြင်း မရှိခဲ့ပေ။

## ဆယ်ခရိုင်အုပ်ချုပ်ရေးသစ်

သီပေါမင်းသည် တစ်စတစ်စ ယိုယွင်းလာသော အခြေအနေများကို ပြုပြင်ပြောင်းလဲနိုင်ရန် ၁၈၈၄ ခုနှစ် မတ်လတွင် (၁၀)ခရိုင်အုပ်ချုပ်ရေးသစ်ကို သတ်မှတ်ခဲ့၏။ ယင်း (၁၀)ခရိုင်၌ သက်ဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား ကြီးကြပ်အုပ်ချုပ်စေ၏။ ခရိုင်အလိုက် တာဝန်ကျ အရာရှိများမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

(၁) မန္တလေးတစ်ဝိုက် – ခရိုင်ဝန် သီးခြားမရှိ
(၂) အင်းဝတောင်ဘက်(၉)ခရိုင် – ပင်းတလဲဝန်ထောက် ဦးထွန်းလှ
(၃) မိတ္ထီလာ၊ ရမည်းသင်း၊ တောင်ငူ – မိုးတားဝန်ထောက် ဦးပုလေး
(၄) ကျောက်ပန်းတောင်း၊ ပင်း၊ နတ်မောက် – မြို့တော်ဝန် ဦးပေစော
(၅) အောက်မြစ်စဉ်ဝဲယာ – မင်းလက်ဝါး (ဦးလတ်)
(၆) ပခန်းကြီး၊ ယော၊ ဆော၊ လောင်းရှည်၊ ထီးလင်း – သူရဲဝန်လက်ဝဲဝင်းမှူး ဟောင်း
(၇) ချင်းတွင်းမြစ်ဝဲယာ – ညောင်ဝန်းဝန်ထောက် ဦးဘိုးအို

www.burmeseclassic.com

www.burmeseclassic.com



(၈) အမြင့်(၅)မြို့၊ စစ်ကိုင်း၊ အလုံ၊ ဒီပဲယင်း – ဦးယံ

(၉) ရွှေဘို၊ မြေဒူး၊ ကောလင်း၊ ဝန်းသိုတစ်ပိုက် – ဦးရွှေပြင်

(၁၀) အညာမြစ်စဉ်ဝဲယာ – မလွန်ဝန်ထောက် ဦးဘိုးလတ်တို့ ဖြစ်ကြ၏။

## ဘုံဘေဘားမားပြဿနာ

၁၈၈၅ ခုနှစ် ဩဂုတ်လတွင် တောင်ငူမြို့မှ သစ်ခေါင်း(၉)ဦးက ဘုံဘေဘားမား (Bombay Burma)သစ်ကုမ္ပဏီသည် သစ်လုံးရေ ထိန်ချန်ကာ အလုပ်သမားတို့ကို လုပ်ခကုန်စင်အောင် မပေးကြောင်း နေပြည်တော်သို့ တိုင်ကြားခဲ့သည်။ သစ်ခေါင်းများ ဖြစ်ကြသည့် ကျောက်မော်မြို့စာရေး ဦးပို၊ လယ်မမြို့အုပ် ဦးရွှေမောင်၊ လယ်မ မြို့သူကြီး ဦးပေါက်တို့၏ စာရင်းမှာ –

| | | | | | |
|---|---|---|---|---|---|
| ၁၈၈၃ သစ်လုံးရေ | = | ၄၂၂၃၃ | စာရင်းပြ | = | ၁၈၂၅၉ |
| ၁၈၈၄ သစ်လုံးရေ | = | ၄၇၅၆၇ | စာရင်းပြ | = | ၁၃၈၆၉ |
| ပေါင်း | = | ၈၉၈၀၀ | ပေါင်း | = | ၃၂၁၂၈ |
| စာရင်းပြသစ် | = | ၃၂၁၂၈ | | | |
| ထိန်ချန်သစ် | = | ၅၇၆၇၂ ဟူ၍ ဖြစ်ပါသည်။ | | | |

လွှတ်တော်က တောင်ငူသစ်တောရုံးစာရင်းကို ကူးယူစစ်ဆေးရာ သစ်လုံးရေ ၅၆၁၇၇ မှာ စာရင်းပျောက်နေကြောင်း တွေ့ရှိရ၏။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဘုံဘေဘားမားသစ်ကိုယ်စားလှယ် JA. Bryce, H. Maxewll နှင့် G. Andreino တို့ကို လွှတ်တော်သို့ ခေါ်ယူခဲ့သည်။ ထို့နောက် ပြစ်မှုထင်ရှားသဖြင့် သစ်ဖိုးငွေ ၁၁၄၉၅၃၃ကျပ်၏ ၂ဆအဖြစ် ဒင်္ဂါးငွေ ၂၃ သိန်း ပေးဆောင်ရန် ၁၂ ဩဂုတ်လ ၁၈၈၅ ခုနှစ်တွင် လွှတ်တော်မှ အမိန့်ချလိုက်၏။

ဘုံဘေဘားမားကိုယ်စားလှယ်အဖွဲ့သည် ဒင်္ဂါးငွေပေးဆောင်ခြင်း မရှိရုံမျှမက အမှုကို အိန္ဒိယဘုရင်ခံချုပ်ထံ တိုင်ကြားခဲ့၏။ ၂၀ ဩဂုတ် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှ အစိုးရက အမှုကိစ္စကို ခေတ္တ ဆိုင်းငံ့ထားပါရန် မေတ္တာရပ်ခံခဲ့သည်။ မြန်မာလွှတ်တော် အခွန်ဌာနတာဝန်ခံ ပေါက်မြို့ အတွင်းဝန် ဦးလှဘူးကမူ ဒင်္ဂါးငွေကိုသာ ပေးဆောင်ရမည် ဖြစ်ပြီး တစ်လ



တစ်ကြိမ်ဖြင့် (၄)လအတွင်း (၄)ကြိမ် ခွဲ၍ အရစ်ကျပေးသွင်းနိုင်ပါကြောင်း ၂၃ ဩဂုတ် ၁၈၈၅ ခုနှစ်တွင် ပြန်ကြားခဲ့သည်။

ဘုံဘေဘားမားကုမ္ပဏီသည် အမိန့်တော်ကို လေးစားလိုက်နာခြင်း မရှိသဖြင့် ဒင်္ဂါးငွေ၏ပထမရစ်ကို အချိန်မီ ပေးဆောင်ခြင်း မရှိပါက ကုမ္ပဏီပိုင် ဆင်နှင့် သစ်တောထွက်ပစ္စည်းများကို သိမ်းယူမည်ဖြစ်ကြောင်း ၁၀ စက်တင်ဘာ ၁၈၈၅ ခုနှစ်တွင် လွှတ်တော်က ထပ်မံ အမိန့်ထုတ်ပြန်ခဲ့၏။ ၂၄ စက်တင်ဘာ ၁၈၈၅ ခုနှစ်တွင် သံတော်ဆင့် မောင်စံပု ဦးစီးလျက် သစ်ဖောင်နှင့် ဆင်များကို သိမ်းဆည်းခဲ့သည်။ ဤတွင် ဗြိတိသျှတို့က ကျန်ရှိနေသော အထက်မြန်မာနိုင်ငံကို အပြီးသတ် သိမ်းပိုက်ရန် ဆုံးဖြတ်လိုက်တော့၏။

## အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲ

အိန္ဒိယဘုရင်ခံချုပ် လော့ဒပ်ဖရင် (Lord Dufferin) သည် ၂၂ အောက်တိုဘာ ၁၈၈၅ ခုနှစ်တွင် အချက်(၆)ချက်ပါ ရာဇသံကို မန္တလေးသို့ ပို့လိုက်၏။ ယင်းရာဇသံတွင် နိုဝင်ဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ အကြောင်းပြန်ရန် ပါရှိသည်။ အောက်တိုဘာလ(၃၀)ရက်နေ့တွင် ရာဇသံစာ မန္တလေးသို့ ရောက်လာ၏။ သီပေါမင်းသည် ဝန်ကြီးများ ပါဝင်သည့် အရေးပေါ်အစည်းအဝေးကို ချက်ချင်းခေါ်ယူခဲ့ပြီးနောက် နိုဝင်ဘာ (၆) ရက်နေ့တွင် ပြန်ကြားစာကို ပေးပို့ခဲ့သည်။ ယင်းစာအရ မြန်မာဘုရင်သည် ဗြိတိသျှတို့ တောင်းဆိုချက်များကို လိုက်လျောခြင်းမရှိဟု မှတ်ယူကာ ၁၅ နိုဝင်ဘာ ၁၈၈၅ခုနှစ်တွင် အထက်မြန်မာနိုင်ငံအား ချီတက်တိုက်ခိုက်ရန် အမိန့်ပေးလိုက်၏။ သို့သော် နိုဝင်ဘာလ(၇)ရက်နေ့ကတည်းကပင် မန္တလေးသို့ ချီတက်တိုက်ခိုက်ရမည့် ပရင်ဒါဂတ်စ်၏တပ်များ ရန်ကုန်သို့ ကြိုတင်ရောက်ရှိနေကြပြီ ဖြစ်ပေသည်။

သီပေါမင်းသည် အင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်ရန် စစ်ကြောင်း (၃)ကြောင်း ခွဲလျက် ၁၁ နိုဝင်ဘာ ၁၈၈၅ ခုနှစ်တွင် ချီတက်စေခဲ့သည်။ စစ်ကြောင်းများမှာ –

(၁) အောက်မြစ်စဉ် – လှေသင်းအတွင်းဝန် ဦးရွှေမောင်

(၂) တောင်တွင်းကြီး – မြို့တော်ဝန် ဦးချို

www.burmeseclassic.com



(၃) တောင်ငူ– ရွှေလုံဗိုလ် ဦးချက်

တို့ ဖြစ်ကြသည်။ ထို့ပြင် ခံတပ်အသီးသီး၌ ကွပ်ကဲခဲ့ကြသူအရာရှိများမှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

ဆင်ပေါင်ဝဲ (စစ်အောင်ခန်း) – မြေဒူးဝန်

ထူးပေါက် – ဖောင်ဝန်

ပန်းတော်ပြင်ခံကတုတ် – စက်ဝန်ယွန်းစုယွန်

ငွေးချောင်း – ပြည်လုံးအုံ့လှေသင်းဗိုလ်

မင်းလှ – လက်ရွေးကြီး လှေသင်းဗိုလ်

တို့ ဖြစ်ကြပြီး မင်းလက်ဝါးက နောက်ကြောင်း အင်အားဖြည့် အရံတပ်အဖြစ် မင်းလှခံတပ်တစ်ပိုက်တွင် နေရာယူခဲ့၏။

၁၃ နိုဝင်ဘာ ၁၈၈၅ ခုနှစ်တွင် ပရင်ဒါဂတ်စ်၏အဖွဲ့ သရက်မြို့သို့ ရောက်ရှိ စုရုံးခဲ့၏။ သမ္ဘာရာဒိုင်၊ ရွှေမြို့၊ သူရိယ၊ ယူနန်စသည် ရေဝတီ ဖလုတ်တီးလား ကုမ္ပဏီပိုင်သင်္ဘောများဖြင့် နိုဝင်ဘာလ (၁၄)ရက်တွင် စတင် ဆန်တက်ကြသည်။ ထိုနေ့၌ပင် စစ်အောင်ခန့် ခံကတုတ်၌ တိုက်ပွဲ ဖြစ်ပွားခဲ့၏။ ထိုစဉ် မြန်မာဘုရင့်သင်္ဘောဖြစ်သော တုလွတ်ယဉ်ကျော်နှင့် ရေကြောင်းပိတ်ဆို့ရန်ကြိုးပမ်းနေသူ အီတလီအင်ဂျင်နီယာ ကိုမိုတို အင်္ဂလိပ် လက်အောက်သို့ ကျရောက်သွားခဲ့၏။

နိုဝင်ဘာ (၁၆)ရက်နေ့တွင် ထူးပေါက်ခံတပ်ကို ဗြိတိသျှတို့ လာ ရောက်တိုက် ခိုက်သည်။ ဗြိတိသျှကမ်းတက်တပ်က ချီတက်တိုက်ခိုက်ခြင်း ဖြစ်ရာ တိုက်ပွဲဖြစ်ပွားနေကြောင်းကို ဆင်ပေါင်ဝဲမြို့ဝန်က မင်းလှရှိ မင်းလက်ဝါးထံသို့ ကြေးနန်းရိုက် သတင်းပေးပို့ခဲ့၏။ မင်းလက်ဝါး၏ အမိန့်အရ ထူးပေါက်ကတုတ်မှ ဖောင်ဝန်နှင့် လက်သစ်လှေသင်းဗိုလ်တို့ ပန်းတော်ပြင်ကတုတ်နှင့် ပူးပေါင်းလိုက်ကြသည်။ ဗြိတိသျှတို့က ထူးပေါက် ခံတပ်ကို သိမ်းပိုက်လိုက်ကြသည်။ နိုဝင်ဘာလ (၁၇)ရက်တွင် ပတ္တနဂိုရ်ရွာ အနီး ရောက်ရှိကြပြီးနောက် ငွေးချောင်းခံတပ်၌ တိုက်ပွဲဖြစ်ပွားကာ ခံတပ် ဗြိတိသျှလက်အောက်သို့ ကျရောက်သွား၏။ ထိုနေ့တွင် ဗြိတိသျှတို့ မင်းလှခံတပ်ကိုပါ ချီတက် တိုက်ခိုက် သိမ်းပိုက်လိုက်ကြသည်။ မင်းလှ ခံတပ်တိုက်ပွဲ ပြင်းထန်လှပြီး နှစ်ဦးနှစ်ဖက် အကျအဆုံးများစွာရှိခဲ့၏။



နိုဝင်ဘာလ(၁၉)ရက်နေ့တွင် ဗြိတိသျှသင်္ဘောများ အထက်သို့ ဆန်တက်သွားကြ၏။ ညောင်ဦးမြို့အနီးတွင် မြန်မာခံကတုတ်နှင့် အပြန် အလှန် ပစ်ခတ်မှုအချို့ ရှိခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်လည်း ရက်အနည်းငယ် ရပ်ဆိုင်းကာ နိုဝင်ဘာ (၂၄)ရက်တွင် ဗြိတိသျှတပ် ဆက်လက်ချီတက်လာ၏။ မြင်းခြံအနီးတွင် လှေသင်းအတွင်းဝန်၏ တပ်နှင့် တွေ့ဆုံကာ တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ မြင်းခြံတွင် မြန်မာတို့ အရေးနိမ့်ခဲ့ကြောင်း နေပြည်တော်မှ ကြေးနန်းသတင်း ရရှိခဲ့ပြီးနောက် ၂၅ နိုဝင်ဘာ ၁၈၈၅ ခုနှစ်တွင် သီပေါမင်းက အရေးပေါ်ညီလာခံ ခေါ်ယူကာ အခြေအနေကို မည်သို့ တုန့်ပြန်သင့်ကြောင်း တိုင်ပင်ဆွေးနွေးခဲ့သည်။

နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဗိုလ်ချုပ်ပရင်ဒါဂတ်ရှိရာ ရွာသစ် ကြီးသို့ ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးနှင့် ဝက်မစွတ်ဝန်ထောက် ဦးလတ်တို့ကို စေလွှတ်ကာ ကင်းဝန်မင်းကြီး လက်မှတ်ရေးထိုးသောစာကို ပေးအပ်စေခဲ့၏။ စာတွင် အပစ်အခတ် ရပ်စဲ၍ မဟာမိတ်စာချုပ် ချုပ်ဆိုကာ ယခင်ကကဲ့သို့ ချစ်ကြည်စွာ ဆက်ဆံကြရန် ဖော်ပြပါရှိ၏။ ပရင်ဒါဂတ်ကမူ မိမိ၌ မန္တလေးအထိ ချီတက်တိုက်ခိုက်ရန် အမိန့်ပါ ရှိသဖြင့် မြန်မာဘုရင် နှင့်တကွ မြန်မာ့တပ်မတော်က လက်နက်ချရန်အတွက် လက်ခံခြင်းရှိ မရှိ နိုဝင်ဘာလ(၂၇)ရက် နံနက်(၄)နာရီအရောက် အကြောင်းပြန်ရန် ပြောကြား ခဲ့သည်။

နိုဝင်ဘာလ(၂၇)ရက်နေ့ နံနက် အထိ မြန်မာဘုရင်၏ ပြန်ကြား ချက်ကို မရရှိသဖြင့် အင်္ဂလိပ်ရေတပ်စု ဆက်လက် ချီတက်ခဲ့ကြသည်။ အင်းဝ၊ သပြေတန်းနှင့် စစ်ကိုင်းခံတပ်တို့သည် လက်နက်ချရန် ငြင်းဆန်ခဲ့ ကြသဖြင့် လွှတ်တော်မှ ဘုရင့်အမိန့်တော် ကြေးနန်းစာ ပို့ပေးခဲ့ရ၏။ ဤသို့ဖြင့် ဗြိတိသျှတပ်များ မန္တလေးသို့ ချီတက် ဝင်ရောက်လာကြတော့သည်။

## ပါတော်မူခန်း

ဗြိတိသျှအင်အားစု မန္တလေးမြို့ရိုးအနီး ချဉ်းကပ်လာချိန်၌ပင် ကင်းဝန်မင်းကြီးက ဆင်စီး၍ ကာနယ်စလေဒင်နှင့် လာရောက်တွေ့ဆုံသည်။ ထို့နောက် နန်းတွင်းသို့ အတူဝင်ရောက်ခဲ့ကြ၏။ ကာနယ်စလေဒင်သည်

www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်း လက်နက်ချအညံ့ခံကြောင်း သဘောတူညီချက် ရရှိပြီးနောက် ပရင်ဒါဂတ်ထံ အကြောင်းကြားခဲ့သည်။ သို့ဖြင့် နိုဝင်ဘာလ(၂၉)ရက်တွင် ဗြိတိသျှတပ်များ စစ်ကြောင်း(၃)ကြောင်းခွဲ၍ နန်းတွင်းသို့ ဝင်ရောက်နေရာယူကြ၏။ သီပေါမင်းသည် နန်းတော်တောင်ဘက်ဥယျာဉ်ရှိ ‌ရွှေရာသီစံနန်းတော်တွင် နေထိုင်လျက်ရှိပြီး ဟမ်ရှိုင်းယားတပ်က လုံခြုံရေးတာဝန်ယူထားလေသည်။

ထို့နောက် ညနေ(၃)နာရီခွဲခန့်တွင် ဘီရိလှည်းနှစ်စင်းဖြင့် သီပေါမင်းနှင့်မိသားစုကို ဂေါဝိန်ဆိပ်၌ ဆိုက်ကပ်ထားသော သူရိယသင်္ဘောပေါ်သို့ ခေါ်ဆောင်သွား၏။ နိုဝင်ဘာလ(၃၀)ရက်နေ့တွင် ရန်ကုန်သို့ စတင်ထွက်ခွာသွားသည်။

## နန်းကျခြင်းနှင့် နတ်ရွာစံလွန်ခြင်း

သီပေါမင်းနှင့်မိသားစု လိုက်ပါလာသော သူရိယသင်္ဘောသည် ဒီဇင်ဘာလ(၅) ရက်နေ့တွင် ရန်ကုန်သို့ ရောက်ရှိလာ၏။ ဒီဇင်ဘာလ(၁၀)ရက်တွင် 'ကင်းနင်း' ပင်လယ်ကူးသင်္ဘောဖြင့် ရန်ကုန်ဆိပ်ကမ်းမှ မဒရပ်သို့ ဦးတည်ထွက်ခွာခဲ့၏။ သီပေါမင်းနှင့်အတူ မန္တလေးမှ လိုက်ပါလာကြသော ဆင်ဖြူမရှင်၊ ကင်းဝန်းမင်းကြီး၊ မြို့သစ် အတွင်းဝန် ဦးဘိ၊ ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးတို့မှာ ရန်ကုန်၌ နေကျန်ရစ်ကြသည်။ စုဖုရားကြီး၊ ဆင်ဖြူမရှင်နှင့် အပျိုတော်(၁၂)ဦးကို ထားဝယ်သို့ စေလွှတ်ခဲ့၏။

၁၅ ဒီဇင်ဘာ ၁၈၈၅ ခုနှစ်တွင် သီပေါမင်းမိသားစု အိန္ဒိယနိုင်ငံ မဒရပ်မြို့သို့ ရောက်ရှိကြသည်။ သီပေါမင်းသည် မဒရပ်စံအိမ်တော်၌ (၁၅)နှစ်ခန့် နေထိုင်ခဲ့ပြီး ၁၃ နိုဝင်ဘာ ၁၉၁၀ ခုနှစ်တွင် ရတနာဂီရိသို့ ပြောင်းရွှေ့ခဲ့ရ၏။ ၁၂ ဒီဇင်ဘာ ၁၉၁၆ ခုနှစ် တွင် ရတနာဂီရိစံအိမ်၌ သီပေါမင်း နတ်ရွာစံလွန်သည်။



## ကျမ်းကိုးစာရင်း

ကိုပညာ(အမရပူရ) — **တောင်သမန်ဝန်းကျင်သမိုင်းဝင်နေရာများ**
ရန်ကုန်၊ စာပေလောက၊ ၁၉၉၆ ဖေဖော်ဝါရီ

ကျော်၊ ဦး — "ခလာသီအမည်ရတင်နှင့် ကပ္ပိတန်လွှိတ်ဲ့အမှု"
**သမိုင်းဂျာနယ်** အတွဲ ၁၊ အမှတ် ၂၊ ၁၉၈၄ ဒီဇင်ဘာ

ကြန်၊ ဒေါ် (မဟာဝိဇ္ဇာ) — **ပဒေသရာဇ်မြန်မာနိုင်ငံ၏ စာတ်သိမ်း**ရန်ကုန်
စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၈၁

ကြန်၊ ဒေါ် (မဟာဝိဇ္ဇာ) — "ကုန်းဘောင်နှောင်းခေတ် (၁၈၅၂–၈၅)"
မြန်မာပညာတော်သင်များ၊ **ယဉ်ကျေးမှုမဂ္ဂဇင်း**
အတွဲ ၄၊ အမှတ် ၁၀၊ ၁၉၆၁၊ စက်တင်ဘာ

ကြန်၊ ဒေါ် (မဟာဝိဇ္ဇာ) — **ဘင်္ဂလားသွားစာတမ်း**၊မြန်မာနိုင်ငံ သမိုင်း
ကော်မရှင် ကျမ်းစဉ် ၂

ခင်မြကြူ (ဒေါက်တာ) — **ကုန်းဘောင်ခေတ် ပြင်သစ်–မြန်မာ ဆက်ဆံရေးသမိုင်း**၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊
၁၉၇၆

စစ်ကိုင်းဟန်တင် — **ဗုဒ္ဓဂယာမဟာဗောဓိကျောက်စာ**

စိန်တင်၊ တက္ကသိုလ် — **အကျဉ်းခံသီပေါ**
ရန်ကုန်၊ လုပ်အားပုံနှိပ်တိုက်၊ ၁၉၁၆၊ မေ၊
(တ–ကြိမ်)

ဆုရှင်၊ မောင် — **မြတ်ဘုရားရွှေတိဂုံ**

တိုးလှ၊ ဒေါက်တာ — **ကုန်းဘောင်ရွှေပြည်**
ရန်ကုန်၊ အောင်ဥက္ကလာပုံနှိပ်တိုက်၊ ၁၉၉၃

တိုက်စိုး — **မင်းတုန်းမင်း**
ရန်ကုန်၊ ကုမာရပုံနှိပ်တိုက်၊ ၁၉၇၂

ထိပ်တင်ဒွေး၊ နဂါးဗိုလ် — **ရတနာသိင်္ကကုန်းဘောင်မဟာရာဇဝင် အကျဉ်း**
ရန်ကုန်၊ အနော်ရထာပုံနှိပ်တိုက်၊ ၁၉၆၇

www.burmeseclassic.com

ဒဂုန်ခင်ခင်လေး
**ကျွန်းဦးတည့် သန်လျက်ခုံ**
ရန်ကုန်၊ စည်ပင်သာယာပုံနှိပ်တိုက်၊ ၁၉၇၂

ဒဂုန် နတ်ရှင်
**ရတနာပုံနိဒါန်း**
ရန်ကုန်၊ ဂုဏ်ရောင်ပုံနှိပ်တိုက်၊ ၁၉၇၆

နတ်မောက်ဘုန်းကျော်
**အင်္ဂလိပ်-မြန်မာစစ်သမိုင်း**

မောင်မောင်တင်၊ ဦး (KSM, ATM)
**ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (ပထမတွဲ)** ရန်ကုန်၊ ရတနာမွန်ပုံနှိပ်တိုက်၊ ၁၉၈၉

မောင်မောင်တင်၊ ဦး (KSM, ATM)
**ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (ဒုတိယတွဲ)** ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၇

မောင်မောင်တင်၊ ဦး (KSM, ATM)
**ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (တတိယတွဲ)** ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၈

မောင်မောင်တင်၊ ဦး (မဟာဝိဇ္ဇာ)
**မှန်ရှည်တပ် ဆွေတော်စည်**
ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၆

မောင်မောင်သိုက် စာစဉ်
**တိုင်းရင်းသားယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ ကွင်းဆင်း စာတမ်းများ**
ရန်ကုန်၊ တို့တာဝန်ပုံနှိပ်တိုက်၊ ၁၉၈၅

မြန်၊ စာ၊ ပြန့်
**မင်းလက်ဝဲနော်ရထာ**
ရန်ကုန်၊ ပုသိမ်ပုံနှိပ်တိုက်၊ ၁၉၇၄

မော်ပီဆရာသိန်း
**ပါးစပ်ရာဇဝင်**
(ပ+ဒု နှစ်တွဲပေါင်း)၊ ရန်ကုန်၊ အေးအေး စာပုံနှိပ်တိုက်၊ ၁၉၆၇ (ဒု-ကြိမ်)

ရာကျော်၊ ဦး
**မြန်မာမဟာမင်္ဂလာမင်းခမ်းတော်**
စာရေးတော်ကြီး ရန်ကုန်၊ အနော်ရထာပုံနှိပ်တိုက်၊ ၁၉၆၈

ရဲထွန်းလှ၊ ဝိဇ္ဇာဘွဲ့ရ
**သားများသို့**
ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်၊ ၁၉၇၉၊ ဩဂုတ်



လှထွန်းဖြူ၊ ဦး
**မဈေမဒေသအရေးတော်ပုံကျမ်း**
ရန်ကုန်၊ ရတနာမဉ္ဇူပုံနှိပ်တိုက်၊ ၁၉၉၈

သော်၊ မောင် သန်းထွန်း၊ ဒေါက်တာ
**ကုန်းဘောင်ခေတ်စစ်တမ်း နယ်လှည့်ရာဇဝင် (ဒုတိယတွဲ)**
ရန်ကုန်၊ နေစိုးရှိန်ပုံနှိပ်တိုက်၊ ၁၉၆၈

သိန်းမောင်၊ ဦး (သတင်းစာဆရာ)
**စစ်သူကြီး မဟာဗန္ဓုလ**
ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၉၀

အိမ်မဲဒေါင်းပြာ
**တို့ဘိုးဘွားသူရဲကောင်းများ**
ပထမတွဲ၊ ဒုတိယတွဲ၊ ရန်ကုန်၊ မြဝတီပုံနှိပ်တိုက်၊ ၁၉၉၀